# ဓမ္မစကူးလ်ဖောင်ဒေးရှင်း

# ဗုဒ္ဓဘာသာသင်ခန်းစာ

## အဋ္ဌမတန်း

## Grade 8

## ကျောင်းသားကိုင်

ပထမအကြိမ် ပုံနှိပ်ခြင်း

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၂၀၀၀၀

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူပိုင်ဖြစ်သည်။

ရွှေနိုင်ငံပုံနှိပ်တိုက် (01-400 890, 548 042) တွင်ပုံနှိပ်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျမ်းညွှန်းသင်္ကေတများ | က |
| | **ရတနာသုံးပါးကဏ္ဍ** | |
| သင်ခန်းစာ (၁) | ဒီဃနိကာယ်မိတ်ဆက် | ၁ |
| | **ဗုဒ္ဓဝင်ကဏ္ဍ** | |
| သင်ခန်းစာ (၂) | မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူခြင်း | ၄ |
| သင်ခန်းစာ (၃) | မြတ်စွာဘုရား တန်ခိုးပြတော်မူခြင်း | ၈ |
| သင်ခန်းစာ (၄) | အာဠဝကဘီလူးကို အောင်မြင်တော်မူခြင်း | ၁၂ |
| သင်ခန်းစာ (၅) | လက္ခဏာတော် ၃၂ ပါး (ပထမပိုင်း) | ၁၅ |
| သင်ခန်းစာ (၆) | လက္ခဏာတော် ၃၂ ပါး (ဒုတိယပိုင်း) | ၁၉ |
| | **မင်္ဂလာတရားတော်ကဏ္ဍ** | |
| သင်ခန်းစာ (၇) | ပူဇော်ထိုက်သူကို ပူဇော်ခြင်း မင်္ဂလာ | ၂၃ |
| သင်ခန်းစာ (၈) | ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း မင်္ဂလာ | ၂၆ |
| | **ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘာသာရေးလုပ်ငန်းစဉ်ကဏ္ဍ** | |
| သင်ခန်းစာ (၉) | ရောဟိဏီ မင်းသမီး | ၃၀ |
| သင်ခန်းစာ (၁၀) | သံဃာနုဿတိဘာဝနာ ပွားများခြင်း | ၃၄ |
| သင်ခန်းစာ (၁၁) | ကျောင်းအမကြီး ဝိသာခါ | ၃၈ |
| သင်ခန်းစာ (၁၂) | သတိဖြင့် နေထိုင်ခြင်း | ၄၃ |
| သင်ခန်းစာ (၁၃) | ရေစက်ချ၊ အမျှဝေ | ၄၆ |
| | **ဗုဒ္ဓဘာသာသမိုင်း၊ ပုဂ္ဂိုလ်ထူးများနှင့် နေ့ထူးနေ့မြတ်များကဏ္ဍ** | |
| သင်ခန်းစာ (၁၄) | အရှင်မဟာမောဂ္ဂလာန် | ၄၉ |
| သင်ခန်းစာ (၁၅) | တတိယသင်္ဂါယနာ | ၅၃ |
| သင်ခန်းစာ (၁၆) | ဂုရုဓမ္မအခါတော်နေ့ | ၅၆ |
| သင်ခန်းစာ (၁၇) | ပျူခေတ်ဗုဒ္ဓဘာသာ | ၅၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| သင်ခန်းစာ (၁၈) | သျှစ်သောင်းပုထိုးတော်ကြီး | ၆၂ |
| သင်ခန်းစာ (၁၉) | သာသနာနှင့် သီလရှင် | ၆၇ |
| သင်ခန်းစာ (၂၀) | အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် | ၇၀ |
| သင်ခန်းစာ (၂၁) | ဒေါက်တာအမ်ဘေဒကာ | ၇၄ |
| သင်ခန်းစာ (၂၂) | ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် | ၇၈ |
| | **ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူမှုရေးကျင့်ဝတ်များကဏ္ဍ** | |
| သင်ခန်းစာ (၂၃) | တရားတော်ကို ဖတ်ရှုလေ့လာနာကြားခြင်း | ၈၃ |
| သင်ခန်းစာ (၂၄) | လောကနီတိ မိတ်ဆက် | ၈၆ |
| သင်ခန်းစာ (၂၅) | အခွင့်အလမ်းကို ထိရောက်စွာ အသုံးချခြင်း | ၉၀ |
| သင်ခန်းစာ (၂၆) | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး | ၉၃ |
| | **ဗုဒ္ဓဝါဒကဏ္ဍ** | |
| သင်ခန်းစာ (၂၇) | သမ္မပ္ပဓာန်တရား လေးပါး | ၉၅ |
| သင်ခန်းစာ (၂၈) | အံ့ဖွယ်ရှစ်ဖြာ သာသနာ | ၁၀၀ |
| သင်ခန်းစာ (၂၉) | သာသနာကွယ်ကြောင်း (၅) ပါး | ၁၀၄ |
| သင်ခန်းစာ (၃၀) | ဂုဏ်တော်ရည်စူး ပုံတော်ဖူး | ၁၀၇ |
| | **အဘိဓမ္မာကဏ္ဍ** | |
| သင်ခန်းစာ (၃၁) | စိတ် ၈၉ ပါး (ပထမပိုင်း) | ၁၁၁ |
| သင်ခန်းစာ (၃၂) | စိတ် ၈၉ ပါး (ဒုတိယပိုင်း) | ၁၁၅ |
| သင်ခန်းစာ (၃၃) | စိတ် ၈၉ ပါး (တတိယပိုင်း) | ၁၁၈ |
| သင်ခန်းစာ (၃၄) | စိတ် ၈၉ ပါး (စတုတ္ထပိုင်း) | ၁၂၁ |
| သင်ခန်းစာ (၃၅) | စေတသိက် (ပထမပိုင်း) | ၁၂၅ |
| သင်ခန်းစာ (၃၆) | စေတသိက် (ဒုတိယပိုင်း) | ၁၂၇ |
| သင်ခန်းစာ (၃၇) | စေတသိက် (တတိယပိုင်း) | ၁၂၉ |
| | **ရွတ်ဖတ်ပူဇော်ဖွယ်ရာ ဓမ္မရတနာကဏ္ဍ** | |
| သင်ခန်းစာ (၃၈) | ခန္ဓသုတ် ပရိတ်တော် | ၁၃၂ |
| သင်ခန်းစာ (၃၉) | ဓမ္မစကြာတရားတော် | ၁၃၅ |
| သင်ခန်းစာ (၄၀) | ဓမ္မစက္ကပဝတ္တနသုတ် | ၁၃၈ |
| | **မှီငြမ်းကျမ်းများ** | ၁၄၃ |

# ကျမ်းညွှန်းသင်္ကေတများ

## ပါဠိတော်ကျမ်းများ

| | | |
|---|---|---|
| ၁။ | အပ၊၂။ | အပဒါနပါဠိ (ဒုတိယော ဘာဂေါ) |
| ၂။ | အံ၊၁။ | အင်္ဂုတ္တရပါဠိ (ပဌမော ဘာဂေါ) |
| ၃။ | အံ၊၃။ | အင်္ဂုတ္တရပါဠိ (တတိယော ဘာဂေါ) |
| ၄။ | ဝိ၊၃။ | မဟာဝဂ္ဂပါဠိ |
| ၅။ | ဝိ၊၄။ | စူဠဝဂ္ဂပါဠိ |
| ၆။ | သံ၊၁။ | သဂါထာဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ |

## အဋ္ဌကထာကျမ်းများ

| | | |
|---|---|---|
| ၁။ | အံ၊ဋ္ဌ၊၁။ | အင်္ဂုတ္တရအဋ္ဌကထာ (ပဌမော ဘာဂေါ) |
| ၂။ | ခုဒ္ဒကာ၊ဋ္ဌ။ | ခုဒ္ဒကပါဌအဋ္ဌကထာ |
| ၃။ | ဇာ၊ဋ္ဌ၊၁။ | ဇာတကအဋ္ဌကထာ (ပဌမော ဘာဂေါ) |
| ၄။ | ဇာ၊ဋ္ဌ၊၂။ | ဇာတကအဋ္ဌကထာ (ဒုတိယော ဘာဂေါ) |
| ၅။ | ဓမ္မ၊ဋ္ဌ၊၂။ | ဓမ္မပဒအဋ္ဌကထာ (ဒုတိယော ဘာဂေါ) |
| ၆။ | ဝိ၊ဋ္ဌ၊၁။ | ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပဌမော ဘာဂေါ) |
| ၇။ | သင်္ဂဟ။ | အဘိဓမ္မတ္ထသင်္ဂဟပါဠိ |
| ၈။ | သံ၊ဋ္ဌ၊၁။ | သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ |
| ၉။ | သံ၊ဋ္ဌ၊၂။ | နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ |

## ဋီကာကျမ်း

| | | |
|---|---|---|
| ၁။ | ဝိသုဒ္ဓိ၊ဋီ၊၁။ | ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပဌမော ဘာဂေါ) |

# သင်ခန်းစာ (၁)
# ဒီဃနိကာယ်မိတ်ဆက်

သားတို့သမီးတို့ရေ . . .

သတ္တမတန်း 'ဂုဏ်ပေါင်းစုံမြတ် ပိဋကတ်' သင်ခန်းစာမှာ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဆိုပြီးတော့ ပိဋကသုံးပုံအနေနဲ့ ခွဲခြားထားတယ်ဆိုတဲ့အကြောင်း လေ့လာခဲ့ကြပြီးပြီနော်။ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကိုပဲ (၁) ဒီဃနိကာယ်၊ (၂) မဇ္ဈိမနိကာယ်၊ (၃) သံယုတ္တနိကာယ်၊ (၄) အင်္ဂုတ္တရနိကာယ်၊ (၅) ခုဒ္ဒကနိကာယ်ဆိုပြီးတော့လည်း နောက်တစ်မျိုး ခွဲခြားထားသေးတယ်။

'ဒီဃနိကာယ်'ဆိုတာ ရှည်လျားတဲ့ သုတ်အစု၊ 'မဇ္ဈိမနိကာယ်'ဆိုတာ အလယ်အလတ် သုတ်အစု၊ 'သံယုတ္တနိကာယ်'ဆိုတာ ဟောကြားတဲ့ အကြောင်းအရာ၊ နားကြားတဲ့ပုဂ္ဂိုလ် စသဖြင့် ဆက်စပ်မှုရှိတဲ့ တရားတော်တွေကို ကဏ္ဍအလိုက် ခွဲခြားထားတဲ့ သုတ်အစု၊ 'အင်္ဂုတ္တရနိကာယ်'ဆိုတာ အကြောင်းအရာ တစ်ခုကနေ တစ်ဆယ့်တစ်ခုအထိ အစဉ်အတိုင်း တိုးတိုးပြီး ဟောကြားထားတဲ့ သုတ်အစု၊ 'ခုဒ္ဒကနိကာယ်' ဆိုတာ ရှေ့နိကာယ်လေးရပ်မှာ မပါဝင်တဲ့ ကျမ်းအစုလို့ ဆိုလိုတာပေါ့။

အဲဒီနိကာယ်ငါးရပ်ထဲက ဒီဃနိကာယ်အကြောင်း လေ့လာကြည့်ကြစို့နော်။

'ဒီဃနိကာယ်'ဆိုတဲ့စကားက 'ဒီဃနိကာယ'ဆိုတဲ့ ပါဠိကနေ လာတာပါ။ 'ဒီဃ'ဆိုတာ 'ရှည်တဲ့'၊ 'နိကာယ'ဆိုတာ 'အပေါင်းအစု'လို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ 'ဒီဃနိကာယ/ ဒီဃနိကာယ်'ဆိုတာ ရှည်တဲ့ သုတ်တွေကို စုပေါင်းထားခြင်း'လို့ အဓိပ္ပာယ်ရတာပေါ့။ ပိုပြီးရှင်းအောင် ပြောရရင် မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေထဲက ရှည်လျားတဲ့သုတ္တန်တွေကို စုစည်းဖော်ပြထားတာကို 'ဒီဃနိကာယ်' လို့ ခေါ်တာပေါ့။

ဒီဃနိကာယ်မှာလည်း ဝဂ်္ဂ (အစု) သုံးခုရှိတယ်။ အဲဒီ သုံးခုကတော့ –

(၁) သီလက္ခန္ဓဝဂ်
(၂) မဟာဝဂ်
(၃) ပါထိကဝဂ် တို့ဖြစ်တယ်။

(၁) သီလက္ခန္ဓဝဂ် (မြန်မာအခေါ် သုတ်သီလက္ခန်) မှာ (၁၃) သုတ်ရှိတယ်။ အဲဒီ (၁၃) သုတ်ထဲက အရေးကြီးတဲ့ သုတ်အချို့ကို လေ့လာကြည့်ရအောင်။

ပြဟ္မဇာလသုတ်မှာ မြတ်ဗုဒ္ဓက မိစ္ဆာဒိဋ္ဌိ (၆၂) ပါးကို သဗ္ဗညုတဉာဏ်တော်နဲ့ ခွဲခြမ်းစိတ်ဖြာ အကျယ်ဟောကြားတော်မူထားပါတယ်။ ဘုရားရှင်နဲ့ စင်ပြိုင်ဝါဒထူထောင်ခဲ့တဲ့ တိတ္ထိဂိုဏ်းဆရာကြီး ခြောက်ဦးရဲ့ အယူဝါဒတွေ၊ ရဟန်းဖြစ်ရကျိုး အမျိုးမျိုးတွေကို သာမညဖလသုတ်မှာ ဟောကြားတော်မူထားပါတယ်။

အမ္ဗဋ္ဌသုတ်နဲ့ သောဏဒဏ္ဍသုတ်တွေမှာ ပုဏ္ဏားတွေရဲ့ ဇာတ်ခွဲခြားမှုကို မြတ်ဗုဒ္ဓက ပြတ်ပြတ်သားသား ဆန့်ကျင်ထားတာကို တွေ့ရပြီး အသိနဲ့ အကျင့် (ဝိဇ္ဇာနှင့် စရဏ) ပြည့်စုံသူသာ အမြတ်ဆုံးဖြစ်ကြောင်း ဟောကြားတော်မူထားပါတယ်။ ထို့ပြင် သတ္တဝါတွေကို သတ်ဖြတ်ပြီး ယဇ်ပူဇော်မှုဟာ အကျိုးမဲ့သာ ဖြစ်ကြောင်း၊ လယ်ယာလုပ်ကိုင်သူတွေကို လိုအပ်သည်များ ထောက်ပံ့ခြင်း၊ သီလစောင့်ထိန်းခြင်းစတာတွေ ကသာ ယဇ်ပူဇော်ခြင်း အမှန်ဖြစ်ကြောင်း ကူဋဒန္တသုတ်မှာ ဟောတော်မူထားပါတယ်။

(၂) မဟာဝဂ် (မြန်မာအခေါ် သုတ်မဟာဝါ) မှာတော့ (၁၀) သုတ်ရှိတယ်။

မဟာပဒါနသုတ်မှာ ဘုရားခုနစ်ဆူတို့ရဲ့အကြောင်းတွေနဲ့ မြတ်ဗုဒ္ဓကို တရားဟောတော်မူဖို့ သဟမ္ပတိဗြဟ္မာကြီး တောင်းပန်ပုံစတဲ့ အကြောင်းတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ မဟာနိဒါနသုတ်မှာ ကြောင်းကျိုးဆက်ဖြစ်စဉ် ပဋိစ္စသမုပ္ပာဒ်ကို အကျယ်ဟောတော်မူထားပါတယ်။ မဟာပရိနိဗ္ဗာနသုတ်မှာ ဗုဒ္ဓခေတ် မဇ္ဈိမဒေသ အခြေအနေများ၊ လောကီ လောကုတ္တရာ ကြီးပွားအောင်မြင်ရေးတရားများ၊ ပရိနိဗ္ဗာန် စံဝင်တော်မမူမီ မြတ်ဗုဒ္ဓ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ပရိနိဗ္ဗာန် စံဝင်တော်မူပုံများကို အသေးစိတ် ဖော်ပြ ထားပါတယ်။ မဟာသတိပဋ္ဌာနသုတ်မှာတော့ နိဗ္ဗာန်သို့ သွားရန် လမ်းကြောင်းမှန် သတိပဋ္ဌာန်တရား လေးပါး ကျင့်ကြံပွားများ အားထုတ်နည်းများကို အသေးစိတ် ဟောကြားထားပါတယ်။

(၃) ပါထိကဝဂ် (မြန်မာအခေါ် သုတ်ပါထေယျ) မှာတော့ (၁၁) သုတ်ရှိတယ်။

အဂ္ဂညသုတ်မှာ ကမ္ဘာဖြစ်ပုံ ပျက်ပုံ အယူအဆတွေကို ဖော်ပြထားပါတယ်။ သာသနာအတုနဲ့ သာသနာအစစ်ကို ပါသာဒိကသုတ်မှာ ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူထားပါတယ်။ လက္ခဏသုတ်မှာ မြတ်ဗုဒ္ဓရဲ့ ကြည်ညိုဖွယ်ရာ လက္ခဏာတော် (၃၂) ပါးကို အသေးစိတ် ဖော်ပြထားပါတယ်။ သိင်္ဂါလသုတ်မှာ လောကီကြီးပွား တိုးတက်ရေးအတွက် ရှောင်ရန် ဆောင်ရန်များ၊ မိဘနဲ့ သား သမီး၊ ဆရာနဲ့ တပည့်၊ ခင်ပွန်းနဲ့ ဇနီး စတဲ့သူတွေမှာ အပြန်အလှန် ဖြည့်ကျင့်ရမယ့် ကျင့်ဝတ်တွေကို စုံစုံလင်လင် ဟောကြားထားပါတယ်။

သားတို့သမီးတို့ရေ . . . ဒီဃနိကာယ်မှာ သုတ်ပေါင်း (၃၄) သုတ်တောင် ရှိတာ။ ဒီသင်ခန်းစာမှာ တော့ သုတ်တချို့ရဲ့ ဆိုလိုရင်း အကျဉ်းကလေးတွေလောက်ကိုပဲ မိတ်ဆက်သဘော လေ့လာခဲ့ရတာဖြစ် တယ်။ ဒါကြောင့် နောင်အခါအခွင့် ကြုံတဲ့အခါတွေမှာ ပါဠိတော်မြန်မာပြန်ကျမ်းတွေ၊ ပိဋကတ်အနှစ်ချုပ် ကျမ်းတွေကို ရှာဖွေဖတ်ကြည့်ကြဖို့ အလေးအနက် တိုက်တွန်းပါတယ်နော်။ ဒီသုတ္တန်ဒေသနာတွေကို လေ့လာဖတ်ရှုမယ်ဆိုရင် ဗုဒ္ဓဝါဒရဲ့ အနှစ်သာရတွေကိုသာမက ဗုဒ္ဓခေတ် လူ့အဖွဲ့အစည်းတွေရဲ့ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အခြေအနေအရပ်ရပ်ကိုပါ သိမြင်နိုင်မှာ ဖြစ်ပါတယ်။

မှီငြမ်း ။ ပါဠိတော်မြန်မာပြန်ကျမ်းများ (ကျမ်းဦးမှတ်ဖွယ်)၊ (ခ) – (င)။
ပိဋကတ် အနှစ်ချုပ်၊ ဒီဃနိကာယ်၊ (က) – ၁၀။
လူတိုင်းအတွက် ပိဋကတ်သုံးပုံ၊ ၇၁။

# ဒီဃနိကာယ်

## သီလက္ခန္ဓဝဂ်

၁။ ဗြဟ္မဇာလသုတ်
၂။ သာမညဖလသုတ်
၃။ အမ္ဗဋ္ဌသုတ်
၄။ သောဏဒဏ္ဍသုတ်
၅။ ကူဋဒန္တသုတ်
၆။ မဟာလိသုတ်
၇။ ဇာလိယသုတ်
၈။ မဟာသီဟနာဒသုတ်
၉။ ပေါဋ္ဌပါဒသုတ်
၁၀။ သုဘသုတ်
၁၁။ ကေဝဋ္ဋသုတ်
၁၂။ လောဟိစ္စသုတ်
၁၃။ တေဝိဇ္ဇသုတ်

## မဟာဝဂ်

၁။ မဟာပဒါနသုတ်
၂။ မဟာနိဒါနသုတ်
၃။ မဟာပရိနိဗ္ဗာနသုတ်
၄။ မဟာသုဒဿနသုတ်
၅။ ဇနဝသဘသုတ်
၆။ မဟာဂေါဝိန္ဒသုတ်
၇။ မဟာသမယသုတ်
၈။ သက္ကပဥှသုတ်
၉။ မဟာသတိပဋ္ဌာနသုတ်
၁၀။ ပါယာသိသုတ်

## ပါထိကဝဂ်

၁။ ပါထိကသုတ်
၂။ ဥဒုမ္ဗရိကသုတ်
၃။ စက္ကဝတ္တိသုတ်
၄။ အဂ္ဂညသုတ်
၅။ သမ္ပသာဒနီယသုတ်
၆။ ပါသာဒိကသုတ်
၇။ လက္ခဏသုတ်
၈။ သိင်္ဂါလသုတ်
၉။ အာဋာနာဋိယသုတ်
၁၀။ သင်္ဂီတိသုတ်
၁၁။ ဒသုတ္တရသုတ်

**ခက်ဆစ်အဖွင့်**

သုတ် (သုတ္တန်) = ပုဂ္ဂိုလ်အားလျော်စွာ မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်။

## သင်ခန်းစာ (၂)
## မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသောအခါ ''ငါသည် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ခဲ့လေပြီ။ သုံးလောကထွတ်ထား ဘုရားအဖြစ်ကို ရလေပြီ။ ငါသည် တရားဟော၍ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာဝဋ်ဒုက္ခမှ လွတ်စေဖို့အတွက်လည်း စွမ်းနိုင်သူ ဖြစ်ပေပြီ''ဟု စဉ်းစားဆင်ခြင်တော်မူပြီး အလွန်နှစ်သက်ဝမ်းမြောက်တော်မူလှသဖြင့် 'အနေကဇာတိသံသာရံ'စသော ဥဒါန်းဂါထာတို့ကို ကျူးရင့်တော်မူပါသည်။

**အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။**
**ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။**
**သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။**

''အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ တဏှာလက်သမားကို ရှာသောငါသည် ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ် မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ပြေးသွားခဲ့ရလေပြီ။

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ်တဏှာလက်သမား ... ငါသည် သင့်ကို ပညာမျက်စိဖြင့် ယခုမြင်အပ်ပြီ။ ခန္ဓာအိမ်ကို နောက်တစ်ဖန် သင ဆောက်လုပ်နိုင်တော့မည်မဟုတ်။ သင်၏ကိလေသာ တည်းဟူသော အခြင်ရနယ်အားလုံးတို့ကို ငါ ချိုးဖျက်အပ်ကုန်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာနိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ငါ ရပြီ။''

မြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်ကျော် ၁ ရက်နေ့ နံနက်စောစောမှစ၍ ဘုရားဖြစ်တော်မူရာ အပရာဇိတပလ္လင်တော်၌ ထိုင်နေတော်မူကာ တစ်နေ့လုံး နိဗ္ဗာန်ချမ်းသာကို ခံစား၍ နေတော်မူသည်။ ညဉ့်ဦးယံသို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် ပဋိစ္စသမုပ္ပာဒ်တရားတော်ကို သံသရာဝဋ်ဒုက္ခ ဖြစ်စဉ် အနုလုံအားဖြင့်လည်းကောင်း၊ သံသရာဝဋ်ဒုက္ခချုပ်စဉ် ပဋိလုံအားဖြင့်လည်းကောင်း နှလုံးသွင်း ဆင်ခြင်တော်မူပါသည်။

ထိုသို့ ဆင်ခြင်တော်မူသော မြတ်စွာဘုရားရှင်၏သန္တာန်၌ တရားသဘောတို့ကို ပို၍ထင်ရှား သိမြင်လာသည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရားများ တဖွားဖွားဖြစ်ပေါ်လာကာ အောက်ပါဥဒါန်းဂါထာကို ဆက်လက် ကျူးရင့်တော်မူသည်။



**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။**

''ကိလေသာတို့ကို လောင်မြိုက်တတ်သော ဝီရိယရှိ၍ စူးစူးစိုက်စိုက်ရှုနိုင်သူ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ဗောဓိပက္ခိယတရား ထင်ရှားဖြစ်ပေါ်လာသောအခါ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့ကို ပိုင်းခြားသိမြင်လာသည်။ ထိုသို့ သိမြင်လာသောအခါ ယုံမှားမှုအလုံးစုံသည် ချုပ်ငြိမ်း၏။''

ညဉ့်၏အလယ်ပိုင်းသို့ ရောက်သောအခါ ပဋိစ္စသမုပ္ပာဒ်တရားကိုပင် အနုလုံ၊ ပဋိလုံအားဖြင့် အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်တော်မူပြန်ပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်၏ ဉာဏ်တော်၌ နိဗ္ဗာန်တရားကို ပို၍ထင်ရှား သိမြင်လာသည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရားများ တဖွားဖွား ဖြစ်ပေါ်လာကာ အောက်ပါဥဒါန်းဂါထာကို ဆက်လက် ကျူးရင့်တော်မူပြန်ပါသည်။

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ။**


''ကိလေသာတို့ကို လောင်မြိုက်တတ်သော ဝီရိယရှိ၍ စူးစူးစိုက်စိုက်ရှုနိုင်သူ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ဗောဓိပက္ခိယတရား ထင်ရှားဖြစ်ပေါ်လာသောအခါ အဝိဇ္ဇာစသောအကြောင်းတရားတို့ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တော်မူ၏။ ထိုသို့ သိမြင်လာသောအခါ ယုံမှားမှုအလုံးစုံသည် ချုပ်ငြိမ်း၏။''


တစ်ဖန် ညဉ့်၏နောက်ပိုင်းသို့ ရောက်သောအခါ ပဋိစ္စသမုပ္ပါဒ်တရားကိုပင် အနုလုံ၊ ပဋိလုံအားဖြင့် အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်တော်မူပြီး အောက်ပါဥဒါန်းဂါထာကို ဆက်လက် ကျူးရင့်တော်မူပြန်ပါသည်။

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယောဝ ဩဘာသယ မန္တလိက္ခံ။**

''ကိလေသာတို့ကို လောင်မြိုက်တတ်သော ဝီရိယရှိ၍ စူးစူးစိုက်စိုက်ရှုနိုင်သူ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ဗောဓိပက္ခိယတရား ထင်ရှားဖြစ်ပေါ်လာ၏။ ထိုအခါ နေမင်းသည် မိမိအရောင်ဖြင့် ကောင်းကင်၏ အမိုက်မှောင်ကို ပယ်ရှင်းပြီး ထွန်းလင်းသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်သည် မာရ်စစ်တပ်ကို မုန့်မုန့်ညက်ညက် တိုက်ဖျက် ပယ်ဖျောက်လျက် နေမင်းနည်းတူ တည်နေတော်မူ၏။''

ထိုဥဒါန်းဂါထာတို့ကို မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူခဲ့သည်ကို အကြောင်းပြု၍ မြန်မာနိုင်ငံတွင် ရုပ်ပွားဆင်းတုတော်၊ စေတီပုထိုးတို့ကို မြတ်စွာဘုရားကိုယ်စား ထုလုပ်တည်ထားကိုးကွယ်သည့်အခါ အဆိုပါ ဥဒါန်းဂါထာတို့ကို ရွတ်ပွားပူဇော်ကာ အနေကဇာတင်လေ့ရှိကြသည်။ အနေကဇာတင်ရာတွင် မြတ်စွာဘုရားအား နတ်၊ ဗြဟ္မာတို့က စီမံပူဇော်သည့် ပုံစံမျိုးဖြင့် သံဃာတော်တို့သည် ပန်း၊ နံ့သာ၊ ထီး၊ တံခွန်၊ ကုက္ကား စသည်တို့ကို ကိုင်ဆောင်ကာ အနေကဇာတင်မည့် ရုပ်ပွားဆင်းတုတော်ကို ရှိခိုးလျက် 'အနေကဇာတိသံသာရံ'စသော ဂါထာတို့ကို ရွတ်ဆိုပူဇော်ကြသည်။


တံခွန်


ကုက္ကား


ထီး

အချို့ဒေသများတွင် စုပေါင်း အနေကဇာတင်ပြီးသောအခါ ရဟန်းသံဃာတစ်ပါးပါးက 'ဇယန္တော ဗောဓိယာ မူလေ' စသော အဘိသေကဂါထာတို့ကို ရွတ်ဆိုလျက် အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကာ ဗုဒ္ဓအဘိသိက် သွန်းလောင်းလေ့ရှိကြသည်။ အချို့ဒေသများတွင် ရုပ်ပွားတော်အနီးဝန်းကျင်ကို ပန်းပေါက်ပေါက်များ ကြဲ၍ပူဇော်လေ့ရှိကြသည်။ ထိုသို့ပြုလုပ်ကြခြင်းမှာ အလေးအမြတ်ပြုအပ်သော သူတော်ကောင်းကြီးများကို ပန်းစသည်တို့ဖြင့် ကြဲဖြန့်ပူဇော်ခဲ့ကြသော ရှေးအစဉ်အလာကို နည်းယူ၍ ပူဇော်ကြဟန်တူသည်။

အစဉ်အလာအရ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်ပြီးမှ ကိုးကွယ်ရသည်ဟု ထင်မှတ်တတ်ကြသည်။ သို့သော် မည်သည့်ရုပ်ပွားတော်ကိုမဆို အနေကဇာမတင်ဘဲလည်း ဘုရားရှင်၏ ဂုဏ်တော်တို့ကို ရည်မှန်း၍ ကိုးကွယ်ပူဇော်နိုင်ပါသည်။ အနေကဇာတင်ခြင်းသည် ရုပ်ပွားဆင်းတုတော်ကို အလေးအမြတ် ပြုခြင်းဖြစ်သည်။ 'အနေကဇာတိသံသာရံ' စသော ဘုရားရှင် ကျူးရင့်တော်မူခဲ့သည့် ဥဒါန်းဂါထာတို့ကို ရွတ်ဆို၍ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို သတိရအောက်မေ့ခြင်းဖြစ်၍ ဗုဒ္ဓါနုဿတိဘာဝနာပွားခြင်းလည်း ဖြစ်ပါသည်။ ထို့ပြင် ဘုရားဖြစ်တော်မူစ ဘုရားရှင်၏ စိတ်သန္တာန်၌ မည်သို့ဖြစ်ပေါ်နေသည်ကို သိရှိရသဖြင့် ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါလည်း ပိုမိုတိုးပွားနိုင်ပါသည်။

မှီငြမ်း ။ မဟာဗုဒ္ဓဝင်၊ ဒု – တွဲ၊ ၃၅၀။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| သံသရာဝဋ် | = | သံသရာစက်ဝန်း၊ သံသရာ ဝဋ်ဆင်းရဲ။ |
| ဥဒါန်း | = | အလွန်ဝမ်းမြောက်ကြည်နူးခြင်းကြောင့် ထွက်ပေါ်လာသော စကား။ |
| အရဟတ္တဖိုလ် | = | ဖိုလ်လေးပါးတွင် စတုတ္ထဖြစ်သော ဖိုလ်။<br>ရဟန္တာအဖြစ်၏ အကျိုး။ |
| အနုလုံ | = | အစမှ အဆုံး အစဉ်အတိုင်း။ |
| ပဋိလုံ | = | အဆုံးမှ အစ ပြောင်းပြန်အစဉ်။ |
| ဗောဓိပက္ခိယတရား | = | မဂ်ဉာဏ်၏ အသင်းအပင်းတရား။<br>ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါးကို သိမြင်သော မဂ်ဉာဏ်ဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်သော တရားများ။ |

## သင်ခန်းစာ (၃)
## မြတ်စွာဘုရား တန်ခိုးပြတော်မူခြင်း

ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်အခါက ဖြစ်သည်။ ဘာသာမဲ့ သူဌေးတစ်ယောက်သည် ဂင်္ဂါမြစ်အတွင်း ရေဆင်းချိုးရာမှ ရရှိခဲ့သော စန္ဒကူးနီနံ့သာတုံးကို သပိတ်ပြုလုပ်ပြီး အတောင်ခြောက်ဆယ်မြင့်သော ဝါးတိုင်ထိပ်တွင် ချိတ်ဆွဲထားသည်။ ထို့နောက် ''စန္ဒကူးသပိတ်ကို ယူဆောင်နိုင်သော ရဟန္တာပုဂ္ဂိုလ်အား ကိုးကွယ်မည်''ဟူသော အကြံဖြင့် ''လောက၌ ရဟန္တာအစစ်အမှန် တကယ်ရှိပါက ကောင်းကင်မှ ပျံဖြင့်ကြွ၍ ဤသပိတ်ကို ယူပါ''ဟု ကြေညာလိုက်သည်။

ထိုအချိန်က ရာဇဂြိုဟ်မြို့တွင် တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် မိမိတို့ကိုယ်မိမိ ရဟန္တာဟူ၍ ကြွေးဝါကာ ပြောဆိုနေထိုင်ကြသည်။ တိတ္ထိဆရာကြီးတို့သည် သပိတ်ကို ရယူရန် ကြိုးစားကြသော်လည်း တန်ခိုးမရှိ၍ မယူနိုင်ခဲ့ကြပေ။ ခုနစ်ရက်ကြာသည်အထိ သပိတ်ကို ယူနိုင်သူမရှိ ဖြစ်နေသည်။ ဤတွင် ထန်းရည်မူးသမားများက ''လောကမှာ ရဟန္တာမရှိသည်ကို ကောင်းကောင်း သိပါပြီ''ဟူ၍ ပြောကြ၏။ အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလတို့ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်စဉ် ထိုစကားကို ကြားသိကြသည်။ ထိုသပိတ်ကို တန်ခိုးဖြင့်ယူရန် အရှင်မဟာမောဂ္ဂလာန်က အရှင်ပိဏ္ဍောလကို တိုက်တွန်းတော်မူသည်။

အရှင်ပိဏ္ဍောလသည် တစ်ယူဇနာခန့်ရှိသော ကျောက်ဖျာကြီးကို တန်ခိုးဖြင့် ဆောင်ယူလျက် ရာဇဂြိုဟ်မြို့အထက်၌ ခုနစ်ပတ် လှည့်လည်ပြတော်မူသည်။ ခုနစ်ကြိမ်မြောက်တွင် ကျောက်ဖျာကို ထက်ခြမ်းခွဲ၍ ကိုယ်ထင်ပြသည်။ မြို့သူမြို့သားများက သူတို့အပေါ် ကျောက်ဖျာပိမည်ကို စိုးရိမ်ကြောက်လန့်၍ မြေမြေစွာ ကိုင်ထားတော်မူပါရန် လျှောက်ထားကြသည်။ ထိုအခါ မထေရ်သည် ကျောက်ဖျာကို ခြေဖျားဖြင့် ခတ်၍ မူလနေရာ၌ပင် ပြန်ထားတော်မူသည်။ ထို့နောက် မထေရ်သည် ရာဇဂြိုဟ်သူဌေး၏ အိမ်အထက် ကောင်းကင်၌ ရပ်တည်တော်မူသည်။ ရာဇဂြိုဟ်သူဌေးသည်လည်း သပိတ်ကိုချ၍ စတုမဓု အပြည့် ထည့်ပြီးလျှင် မထေရ်အား ဆက်ကပ်လှူဒါန်း၏။ အရှင်ပိဏ္ဍောလ တန်ခိုးပြကြောင်း ကြားသိကြ၍ မမြင်လိုက်ရသူများက ထပ်မံတန်ခိုးပြရန် တောင်းပန်ကြသဖြင့် အရှင်မြတ်လည်း လမ်းတစ်လျှောက် ထပ်မံ၍ တန်ခိုးပြတော်မူပြန်သည်။

အကြောင်းစုံကို မြတ်စွာဘုရားရှင် သိတော်မူသောအခါ အရှင်ပိဏ္ဍောလအား မလိုအပ်ဘဲ တန်ခိုးပြသည့်အတွက် အပြစ်တင်တော်မူသည်။ ထို့နောက် တန်ခိုးမပြရန် သိက္ခာပုဒ်ပညတ်၍ ရဟန်းတို့အား တားမြစ်တော်မူသည်။ ထိုသို့ ပညတ်တော်မူသည်ကို တိတ္ထိများ ကြားသိသောအခါ မြတ်စွာဘုရားနှင့်တကွ ရဟန်းတော်များ တန်ခိုးပြကြတော့မည် မဟုတ်ဟု ထင်မှတ်ကာ ဘုရားရှင်နှင့် တန်ခိုးပြိုင်မည်ဟု ကြွေးဝါပြောဆိုကြသည်။

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီး ကြားသိ၍ ဘုရားရှင်အား မေးမြန်းလျှောက်ထားရာ ဘုရားရှင်က ''မင်းကြီး ... အသင်မင်းကြီး ပိုင်ဆိုင်သော ဥယျာဉ်အတွင်း၌ သရက်သီးများကို အခြား

သူများ ဆွတ်ခူးစားလျှင် မင်းဒဏ်သင့်၍ မင်းကြီးကိုယ်တိုင် စားသုံးလျှင် မင်းဒဏ်မသင့်သကဲ့သို့ ငါဘုရား ပညတ်အပ်သော သိက္ခာပုဒ်များသည်လည်း တပည့်သာဝကများအတွက်သာ ဖြစ်သည်။ ငါဘုရားအတွက် သိက္ခာပုဒ် ပညတ်မှု မလိုအပ်''ဟု ဖြေဆိုတော်မူသည်။ ''နောင် လေးလအကြာတွင် သာဝတ္ထိမြို့ရှိ သရက်ဖြူပင်အနီး၌ ငါဘုရားကိုယ်တိုင် တန်ခိုးပြာဋိဟာပြမည်''ဟု ဆက်လက်၍ မိန့်တော်မူသည်။

နောက်တစ်နေ့တွင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့မှ သာဝတ္ထိမြို့သို့ ဒေသစာရီ ကြွချီတော်မူသည်။ ထိုသတင်းစကားကို တိတ္ထိများ ကြားသိသောအခါ မြတ်စွာဘုရားနောက်မှ တကောက်ကောက် လိုက်ပါလာကြသည်။ သူတို့ ရှုံးကြမည်ကို သိသော်လည်း ရဟန်းဂေါတမကို ထွက်ပြေးခွင့်မပေးဘဲ နောက်မှ တကောက်ကောက် လိုက်သည်ဟု လူအများ အထင်ကြီးပြီး လာဘ်လာဘပေါ်များအောင် ကြံစည်ကာ လိုက်ပါလာကြခြင်း ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့သို့ ရောက်သောအခါ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်။ တိတ္ထိတို့သည်လည်း အလှူခံရငွေများဖြင့် မဏ္ဍပ် ဆောက်လုပ်၍ နေထိုင်ကြသည်။

သာဝတ္ထိပြည့်ရှင် ကောသလမင်းသည် ဘုရားရှင်အတွက် မဏ္ဍပ်ဆောက်လုပ်ခွင့် ပြုတော်မူရန် လျှောက်ထားရာ မြတ်စွာဘုရားက သိကြားမင်း ဆောက်လုပ်မည့်အကြောင်းနှင့် သရက်ဖြူပင် အနီးတွင် တန်ခိုးပြတော်မူမည့် အကြောင်းကို မိန့်ကြားတော်မူသည်။ ထိုသတင်းစကားကို တိတ္ထိတို့ ကြားလျှင် အလွန်ကြောက်ရွံ့တုန်လှုပ်ကြကာ တစ်ယူဇနာအတွင်းရှိ သရက်ပင်များကို ဝယ်ယူ၍ ခုတ်လှဲကြသည်။ ပေါက်ခါစ သရက်ပင်တို့ကိုလည်း နုတ်ပစ်ကြလေသည်။

လေးလပြည့်မြောက်သော ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တွင်းသို့ ရဟန်းအပေါင်းခြံရံလျက် ဆွမ်းခံကြွတော်မူသည်။ ကောသလမင်းကြီး၏ ဥယျာဉ်မှူးဖြစ်သူ ကဏ္ဍသည် ဥယျာဉ်အတွင်းမှ ရရှိသော အနံ့အရသာနှင့် ပြည့်စုံသည့် သရက်သီးတစ်လုံးကို မင်းကြီးအား မဆက်သတော့ဘဲ မြတ်စွာဘုရားအား သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုက်သည်။ မြတ်စွာဘုရားက အလှူခံတော်မူပြီး အရှင်အာနန္ဒာမထေရ်က သရက်သီးဖျော်ရည်ပြုလုပ်ကာ ဆက်ကပ်တော်မူသည်။ မြတ်စွာဘုရားသည် သရက်စေ့ကို ကဏ္ဍဥယျာဉ်မှူးအား မြေ၌စိုက်ပျိုးစေပြီး ထိုသရက်စေ့အထက်၌ လက်ဆေးတော်မူသည်။ လက်ဆေးပြီး ခဏမှာပင် သရက်စေ့မှ အပင်ပေါက်လာသည်။ တစ်ခဏချင်းပင် အတောင်ငါးဆယ်မြင့်သော သရက်ပင်ကြီး ဖြစ်ပေါ်လာသည်။ အကိုင်းအခက်များ ဝေဆာ၍ အပွင့်အသီးများ တရိပ်ရိပ် ဖုံးလွှမ်းကာ သရက်သီးမှည့်များ တစ်ပင်လုံး ပြည့်နှက်လျက်ရှိသည်။ နောက်ပါ ရဟန်းတို့သည် ထိုသရက်သီးမှည့်တို့ကို စားသုံးပါသော်လည်း မကုန်ပေ။ ဤအချိန်တွင် လေပြင်း၊ လေပွေများ တိုက်ခတ်သဖြင့် တိတ္ထိတို့ ဆောက်လုပ်ထားသောမဏ္ဍပ် ပျက်စီးသွားလေသည်။

မြတ်စွာဘုရားသည် ညနေချမ်းအခါတွင် တန်ခိုးပြရန် သိကြားမင်း ဖန်ဆင်းသော ရတနာမဏ္ဍပ် အတွင်းရှိ ရတနာပလ္လင်ထက်၌ သီတင်းသုံးနေတော်မူသည်။ မြတ်စွာဘုရား တန်ခိုးပြမည့် သတင်းစကားကို ကြားရ၍ မြတ်စွာဘုရား၏ တန်ခိုးတော်ကို ဖူးမြင်လိုကြသော ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာ ပရိသတ်လေးပါးနှင့် နတ်၊ ဗြဟ္မာတို့လည်း သာဝတ္ထိမြို့သို့ ရောက်ရှိလာကြသည်။ ထို အချိန်တွင် အရှင်မဟာမောဂ္ဂလာန်အစရှိသော တန်ခိုးကြီးမားကြသည့် တပည့်သာဝကများက မိမိတို့

တန်ခိုးပြပါမည့်အကြောင်း လျှောက်ထားကြသည်။ မြတ်စွာဘုရားက တိတ္ထိတို့၏ ယှဉ်ပြိုင်မှုသည် မိမိနှင့်သာ သက်ဆိုင်ကြောင်း မိန့်ကြား၍ တားမြစ်တော်မူသည်။

ဘုရားရှင်သည် အရှေ့နှင့် အနောက် စကြဝဠာတိုက်တစ်သောင်း အလျားရှိသော ရတနာစင်္ကြံကို ဖန်ဆင်းတော်မူသည်။ ထိုရတနာစင်္ကြံအလယ်တွင် အစုံအစုံသော တန်ခိုးတို့ကို ပြတော်မူသည်။ မြတ်စွာဘုရား၏ ခန္ဓာကိုယ် အထက်ပိုင်းမှ မီးအလျှံထွက်လျှင် အောက်ပိုင်းမှ ရေအလျဉ် တသွင်သွင် စီးလျက်ရှိ၏။ အောက်ပိုင်းမှ မီးအလျှံ တဖွားဖွားထွက်လျှင် အထက်ပိုင်းမှ ရေအလျဉ် တသွင်သွင် စီးလျက်ရှိ၏။ ရှေ့ပိုင်းမှ မီးအလျှံ ထွက်လျှင် နောက်ပိုင်းမှ ရေအလျဉ်၊ လက်ဝဲမျက်လုံးတော်မှ မီးလျှံထွက်လျှင် လက်ယာမျက်လုံးတော်မှ ရေအလျဉ်၊ ထို့အတူ နားနှစ်ဖက်၊ နှာခေါင်းနှစ်ပေါက်၊ ပခုံးစွန်းနှစ်ဖက်၊ လက်တော်နှစ်ဖက်၊ နံပါးတော်နှစ်ဖက်၊ ခြေတော်နှစ်ဖက်၊ လက်ချောင်းတော်၊ ခြေချောင်းတော်များ၊ မွေးညှင်းတော်များမှ မီးတစ်လှည့် ရေတစ်လှည့် အစုံလိုက် အစုံလိုက် ထွက်ပေါ်ကွန့်မြူးကြလေသည်။ ရေနှင့် မီးများ တစ်လှည့်စီ ထွက်နေကြသော်လည်း လျင်မြန်လှသဖြင့် တစ်ပြိုင်နက် ထွက်နေသည်ဟုပင် ထင်မှတ်ရသည်။



ထိုသို့ ဆိုင်ရာဆိုင်ရာ ကိုယ်တော်အစိတ်အပိုင်းများမှ ရောင်ခြည်တော် ခြောက်သွယ်တို့ အစုံလိုက် အစုံလိုက် ကွန့်မြူးထွက်ပေါ်လာသည်ကို လူ၊ နတ်၊ ပြဟ္မာ သတ္တဝါအပေါင်း ဖူးမြင်ကြည်ညိုကြရသည်။ ထို့နောက် မြတ်စွာဘုရားသည် ''လောကကြီးတစ်ခုလုံးကို မြင်နိုင်သော အလင်းရောင် ဖြစ်စေသတည်း'' ဟု အဓိဋ္ဌာန်တော်မူလိုက်ရာ ထိုကဲ့သို့သော အလင်းရောင် ထွက်ပေါ်လာ၍ ဖူးမြင်နေသူ အပေါင်းတို့သည် နတ်ပြည်၊ ပြဟ္မာ့ပြည်နှင့် ငရဲပြည်တို့ကို အထင်အရှားမြင်ကြရသည်။ နတ်၊ ပြဟ္မာများလည်း အလွန် ကြည်ညိုနှစ်သက် ဝမ်းမြောက်ကြ၍ မြတ်စွာဘုရားကို ချီးကျူးပူဇော်ကြသည်။

မြတ်စွာဘုရားသည် တန်ခိုးပြရင်း ကိုယ်ပွားဖြစ်သော နိမ္မိတရုပ်ပွား ဘုရားများကို ဖန်ဆင်းတော် မူသည်။ ထိုဘုရားရှင်တို့သည်လည်း လျောင်း၊ ထိုင်၊ ရပ်၊ သွား အမျိုးမျိုးသော ဣရိယာပုတ်တို့ဖြင့် နေတော်မူကြသည်။ နိမ္မိတရုပ်ပွား ဘုရားရှင်တို့သည်လည်း ရောင်ခြည်တော်ခြောက်သွယ်၊ ရေမီး အစုံစုံတို့ဖြင့် ကောင်းကင်တစ်ပြင်လုံး ရောထွေးယှက်သန်းလျက် သာယာတင့်တယ်လှသည်။ ထိုသို့ တန်ခိုးပြတော်မူရင်း ပကတိဘုရားရှင်နှင့် နိမ္မိတရုပ်ပွား ဘုရားရှင်တို့ အပြန်အလှန် အမေးအဖြေပြုလျက် တရားဒေသနာကို ဟောကြားတော်မူသည်။ နိမ္မိတရုပ်ပွား ဘုရားနှင့်သာ အမေးအဖြေ ပြုလုပ်ရခြင်းမှာ အခြားသော သာဝကများသည် ဘုရားရှင်နှင့် တန်းတူ အမေးအဖြေ မပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ ထိုတရားဒေသနာတော်ကို နာကြားကြရသော ကုဋေနှစ်ဆယ်သော လူ၊ နတ်၊ ပြဟ္မာ သတ္တဝါတို့ သစ္စာ လေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြ၏။

မြတ်စွာဘုရားသည် တန်ခိုးပြတော်မူနေစဉ်ပင် ဉာဏ်ဖြင့် ဆင်ခြင်တော်မူရာ ရှေးဘုရားတို့သည် တန်ခိုးပြပြီးသောအခါ တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူကြသည်ကို သိမြင်တော်မူသည်။ ထို့ကြောင့် တန်ခိုးပြတော်မူပြီးသော အခါ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးပြုသော နတ်၊ ပြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြားတော်မူရန် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ သတ္တမမြောက်ဝါကို ကပ်ဆိုတော်မူလေသည်။

မှီငြမ်း ။ မဟာဗုဒ္ဓဝင်၊ တ – တွဲ၊ ၄၈၇။

**ခက်ဆစ်အဖွင့်**

နိမ္မိတ = ဖန်ဆင်းထားသော ဘုရားရုပ်ပွားတော်။
စတုမဓု = ထောပတ်၊ ပျားရည်၊ သကာရည်၊ နမ်းဆီ လေးမျိုးရောစပ်ထားသော ဆေး။
တိတ္ထိ = အယူမှားသောသူ။
သိက္ခာပုဒ် = ရဟန်းသံဃာတို့ စောင့်ထိန်းကျင့်သုံးအပ်သော ကျင့်ဝတ်။
ဒေသစာရီ = ဘုရား၊ ရဟန္တာတို့ အရပ်ရပ်သို့ လှည့်လည်သွားလာခြင်း။
ယူဇနာ = တာခြောက်ထောင်လေးရာရှိသော အကွာအဝေး။
ခြောက်တိုင်နှင့် တာလေးရာရှိသော အကွာအဝေး။
ရဟန်းမ = ဗုဒ္ဓသာသနာတော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည့် အမျိုးသမီး။
ဉပါသကာ = ရတနာသုံးပါးကို ရိုသေဆည်းကပ်သော အမျိုးသား။
ဉပါသိကာ = ရတနာသုံးပါးကို ရိုသေဆည်းကပ်သော အမျိုးသမီး။

## သင်ခန်းစာ (၄)
## အာဠဝကဘီလူးကို အောင်မြင်တော်မူခြင်း



အာဠဝီပြည့်ရှင် အာဠဝကမင်းသည် နောက်ပါ အခြွေအရံတို့နှင့်အတူ တောကစားထွက်လေ့ရှိသည်။ တစ်နေ့သောအခါ အာဠဝကမင်းသည် အခြွေအရံတို့အား ''မိမိတို့ဘက်မှ သားကောင်ကို မလွတ်အောင် ဖမ်းကြစတမ်း''ဟု ဆိုကာ တောသို့ ဝင်လေသည်။ တောထဲသို့ ရောက်သောအခါ သမင်တစ်ကောင်သည် မင်းကြီးဘက်မှ ထွက်ပြေးလေသည်။ ထိုအခါ မင်းကြီးသည် လေးကို စွဲကိုင်လျက် သမင်နောက်သို့ မရပ်မနားလိုက်၍ မိအောင်ဖမ်းကာ ပြန်လာခဲ့သည်။

မြို့နှင့် မနီးမဝေးအရပ်တွင် အာဠဝကဘီလူး၏ ဗိမာန်ဖြစ်သော ညောင်ပင်ကြီးတစ်ပင် ရှိသည်။ အာဠဝကဘီလူးသည် ထိုညောင်ပင်ရိပ်သို့ ရောက်လာသော သတ္တဝါတို့ကို ဖမ်းယူစားသောက်ခွင့်ရှိသည်။ မင်းကြီးသည် အပြန်လမ်းတွင် အာဠဝကဘီလူးနေထိုင်သော ညောင်ပင်ရိပ်သို့ ဝင်ရောက်အပန်းဖြေရာ အာဠဝကဘီလူးက ''အသင်လူသား ... သင်ကား ငါ၏အစာ ဖြစ်ပြီ''ဟု ဆို၏။ မင်းကြီးလည်း သူ၏ကိုယ်စား သမင်ကိုပေးရာ အာဠဝကဘီလူးက ''သမင်ရော လူပါ ငါ့အရိပ်သို့ ဝင်လာကြပြီ။ နှစ်ဦးစလုံးကို ငါ ပိုင်ပြီ''ဟု ဆို၏။ မင်းကြီးက ''ငါ့ကို လွှတ်ပါ။ ငါသည် လူတစ်ယောက်နှင့် ထမင်းတစ်အိုးကို သင့်ထံသို့ နေ့စဉ် ပို့ပေးပါမည်။ မပို့သောနေ့၌ ငါ့ကို စားပါ''ဟု ကတိပေးလိုက်လေသည်။ အာဠဝကဘီလူးသည် မင်းကြီး၏ ကတိစကားကို လက်ခံကာ သွားခွင့်ပြုလိုက်သည်။

မင်းကြီးသည် နန်းတော်သို့ ရောက်သောအခါ မြို့ဝန်ကို ခေါ်၍ ဘီလူးနှင့် ကတိကဝတ် ထားခဲ့သော အကြောင်းကို လျှို့ဝှက်စွာ ပြောပြလေသည်။ မြို့ဝန်က ''မင်းကြီး ... အချိန်အပိုင်းအခြား သတ်မှတ်ခဲ့ပါသလား''ဟု မေးသော် မသတ်မှတ်ခဲ့ကြောင်း မင်းကြီးက ပြန်ဖြေသည်။ မြို့ဝန်က

''မင်းကြီး … မှားပြီ။ နေ့ရက် အပိုင်းအခြား မထားခဲ့သဖြင့် လူပေါင်းများစွာ ဒုက္ခရောက်ကြတော့မည်။ သို့သော်လည်း ဆောင်ရွက်စရာကို ဆောင်ရွက်ပါမည်''ဟု လျှောက်ထားသည်။ ထို့နောက် မြို့ဝန်သည် သေမိန့်ကျခံရသည့် ရာဇဝတ်သားများကို တစ်နေ့တစ်ယောက်ကျ အကျဉ်းထောင်မှ ထုတ်၍ ထမင်းတစ်အိုးနှင့်အတူ ဘီလူးထံသို့ နေ့စဉ် ပို့စေသည်။

အကျဉ်းထောင်မှ ရာဇဝတ်သားများ ကုန်သွားသော် မြို့ဝန်သည် ရွှေငွေဥစ္စာများကို လမ်းမများတွင် ချထားစေပြီး ကောက်ယူသူကို သူခိုးဟု စွပ်စွဲကာ ဖမ်းဆီးပြီး ဘီလူးထံ စေလွှတ်သည်။ ကာလကြာသော် ထိုအကြောင်းကို ပြည်သူတို့ သိကြသဖြင့် ရွှေငွေဥစ္စာများကို မကောက်ယူကြတော့ပေ။ ထိုအခါ ပုခက်တွင်းအရွယ် မွေးကင်းစ ကလေးငယ်များကို ဘီလူးထံ ပို့ပြန်သည်။ ဤနည်းအားဖြင့် (၁၂) နှစ်ကြာအောင် လူပေါင်းများစွာတို့ ဘီလူးစားခံရလေသည်။ နောက်ဆုံးတွင် အာဠဝီပြည်၌ ကလေးငယ် တစ်ယောက်ကိုမျှ ရှာမရနိုင်တော့သဖြင့် မြို့ဝန်က မင်းကြီး၏သားတော် အာဠဝကမင်းသားငယ် တစ်ပါးသာလျှင် တိုင်းပြည်တွင် ကျန်ရှိကြောင်း မင်းကြီးကို လျှောက်ထားရာ ထိုမင်းသားငယ်ကိုပင် ပို့ရန် အမိန့်ချမှတ်လေသည်။

အာဠဝကမင်းသားကို ဘီလူးစာအဖြစ် မပို့မီ အကြိုနေ့၌ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် လောကကို ကြည့်ရှုတော်မူရာ အာဠဝကဘီလူး သောတာပန် ဖြစ်မည့်အကြောင်းနှင့် သတ္တဝါများစွာ တရားရမည့်အကြောင်းတို့ကို မြင်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် အာဠဝကဘီလူး၏ ဗိမာန်သို့ ကြွရောက်ပြီး ရတနာပလ္လင်ပေါ်၌ ထိုင်ကာ ရွှေရောင်အဆင်းရှိသော ပီတရောင်ခြည်တော်ကို လွှတ်တော်မူသည်။ ရောင်ခြည်တော်ကို မြင်ကြရသော အာဠဝကဘီလူး၏ အခြွေအရံဘီလူးမများသည် စုရုံးရောက်လာကြကာ မြတ်စွာဘုရားအား ရှိခိုး၍ တရားတော်ကို နာကြားကြသည်။

ထိုအခြင်းအရာကို ကြားသိရသော အာဠဝကဘီလူးသည် အမျက်ဒေါသထွက်၍ ဘီလူးအစည်းအဝေးမှ လျင်မြန်စွာ ပြန်လာ၍ ဘုရားရှင်အား သူ၏ဗိမာန်အတွင်းမှ ထွက်သွားစေရန် ကြုံးဝါး၍ လက်နက်အမျိုးမျိုးဖြင့် တိုက်ခိုက်လေသည်။ ထိုသို့ တိုက်ခိုက်၍ မရသောအခါ ''ရဟန်းဂေါတမ … ကျွန်ုပ်ဗိမာန်အတွင်းမှ အခုချက်ချင်း ထွက်သွားလော့''ဟု နှင်ထုတ်လေရာ ဘုရားရှင်သည် ထွက်သွားတော်မူ၏။ တစ်ဖန် ''ရဟန်းဂေါတမ … ဗိမာန်ထဲသို့ ပြန်ဝင်လော့''ဟု ဆိုပြန်ရာ ဘုရားရှင်ကလည်း ပြန်ဝင်တော်မူသည်။

ဤသို့ဖြင့် ဘီလူး၏ စိတ်ဓာတ်များ နူးညံ့သိမ်မွေ့လာပြီး တရားရလွယ်စေရန် မြတ်စွာဘုရားသည် သူခိုင်းသည့်အတိုင်း သုံးကြိမ်တိုင်တိုင် လိုက်လျောတော်မူခဲ့သည်။ မိခင်သည် ဆိုးသွမ်းနေသောကလေးကို သူ့အကြိုက်လိုက်၍ လုပ်ပေးပြီး လိမ္မာလာအောင် ပြုပြင်စောင့်ရှောက်သကဲ့သို့ မြတ်စွာဘုရားသည်လည်း အာဠဝကဘီလူး၏ အကြိုက်ကိုလိုက်၍ လုပ်ပေးခြင်းဖြစ်သည်။ လေးကြိမ်မြောက်တွင် ဘုရားရှင်က ''ငါ မထွက်လိုပြီ။ သင်ဘီလူးသည် ငါဘုရား၏ ခြေနှစ်ဖက်ကို ကိုင်၍ မြစ်တစ်ဘက်သို့ ပစ်ရန် ကြံစည်နေသည်'' ဟု မိန့်တော်မူသည်။ အာဠဝကဘီလူးက ''ဤရဟန်းကား တန်ခိုးကြီးရုံသာမက ငါ၏ စိတ်အကြံကိုလည်း သိ၏။ ပညာဉာဏ် ကြီးလှသည်။ ပြဿနာများ မေးရသော် ကောင်းလေစွ''ဟု ကြံကာ …

၁။ လောကတွင် အဘယ်အရာသည် အမြတ်ဆုံးဥစ္စာ ဖြစ်ပါသနည်း။
၂။ အဘယ်တရားကို နေ့စဉ် လေ့ကျင့်ပွားများလျှင် ချမ်းသာကို ရနိုင်ပါသနည်း။
၃။ အရသာအပေါင်းတို့တွင် အဘယ်အရာသည် အချိုမြိန်ဆုံး ဖြစ်ပါသနည်း။
၄။ အဘယ်တရားဖြင့် အသက်ရှင်ခြင်းသည် အမြတ်ဆုံး ဖြစ်ပါသနည်းဟု မြတ်စွာဘုရားအား မေးမြန်းလျှောက်ထား၏။

ထိုအခါ ဘုရားရှင်က ...

၁။ လောကတွင် အမြတ်ဆုံးဥစ္စာကား ရတနာသုံးပါးတို့၏ ဂုဏ်၌ မတုန်မလှုပ် ယုံကြည်ခြင်း သဒ္ဓါတရား ဖြစ်သည်။
၂။ ဒါန၊ သီလ၊ ဘာဝနာ သုံးဖြာသော တရားကို နေ့စဉ် လေ့ကျင့်ပွားများလျှင် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိနိုင်သည်။
၃။ အရသာအပေါင်းတို့တွင် မှန်ကန်သော သစ္စာစကားသည် အချိုမြိန်ဆုံး ဖြစ်သည်။
၄။ အသက်ရှင်ခြင်းတို့တွင် ပညာဖြင့် အသက်ရှင်ခြင်းသည် အမြတ်ဆုံးဖြစ်သည်ဟု ဖြေကြား တော်မူသည်။

ထိုသို့ ဘုရားရှင် ဖြေကြားတော်မူသည်ကို အာဠဝကဘီလူးသည် အလွန်နှစ်သက် ဝမ်းမြောက်သဖြင့် အခြားအမေးပုစ္ဆာတို့ကိုလည်း အောက်ပါအတိုင်း ဆက်လက်မေးမြန်းပြန်သည်။

၁။ အဘယ်တရားဖြင့် သံသရာ ဝဲဂယက်ကို ကူးမြောက်နိုင်ပါသနည်း။
၂။ အဘယ်တရားဖြင့် သံသရာသမုဒ္ဒရာကို ကူးမြောက်နိုင်ပါသနည်း။
၃။ အဘယ်တရားဖြင့် ဝဋ်ဆင်းရဲအပေါင်းကို ကျော်လွှန်နိုင်ပါသနည်း။
၄။ အဘယ်တရားဖြင့် ကိလေသာအညစ်အကြေးမှ စင်ကြယ်နိုင်ပါသနည်း။

ထိုအခါ ဘုရားရှင်က ...


၁။ သဒ္ဓါတရားဖြင့် သံသရာ ဝဲဂယက်ကို ကူးမြောက်နိုင်သည်။
၂။ ကုသိုလ်တရားတို့ကို ပြုခြင်း၌ အမြဲမပြတ် ပွားများခြင်းဟူသော သတိတရားဖြင့် သံသရာ သမုဒ္ဒရာကို ကူးမြောက်နိုင်သည်။
၃။ မှန်ကန်သော ဝီရိယဖြင့် ဝဋ်ဆင်းရဲအပေါင်းကို ကျော်လွှန်နိုင်သည်။
၄။ ဝိပဿနာဉာဏ်ပညာဖြင့် ကိလေသာအညစ်အကြေးမှ စင်ကြယ်နိုင်သည်ဟု ဖြေကြား တော်မူသည်။ ထိုဖြေကြားမှု အဆုံး၌ အာဠဝကဘီလူး သောတာပန် ဖြစ်သွားလေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ မင်းချင်းတို့က မင်းသားငယ်ကို ဆောင်ယူ၍ အာဠဝကဘီလူးအား ပေးအပ်ရာ သောတာပန်ဖြစ်ပြီးသော ဘီလူးက မင်းသားငယ်ကို မြတ်စွာဘုရားအား လှူဒါန်းလေသည်။ ထိုအခါ မြတ်စွာဘုရားက မင်းသားငယ်ကို မင်းချင်းတို့၏ လက်သို့ ပြန်၍ ပေးအပ်တော်မူသည်။ အာဠဝကဘီလူးသည် ထိုနေ့နံနက် မြတ်စွာဘုရား အာဠဝီပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသောအခါ သပိတ်သက်န်းကို ယူဆောင်၍ ခရီးတစ်ဝက် ရောက်အောင် လိုက်ပါ ပို့ဆောင်ပေးပြီး မိမိဘုံဗိမာန်သို့ ပြန်လေသည်။

မှီငြမ်း ။ မဟာဗုဒ္ဓဝင်၊ စ – တွဲ၊ ၂၅၇။ သံ၊ ၁၊ ၂၁၆။ သံ၊ ဋ္ဌ၊ ၁၊ ၂၉၀။ အံ၊ ဋ္ဌ၊ ၁၊ ၂၉၉။

# သင်ခန်းစာ (၅)
# လက္ခဏာတော် ၃၂ ပါး (ပထမပိုင်း)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ယောကျ်ားမြတ်တို့၏ လက္ခဏာ (၃၂) ပါးကို ဟောကြားတော်မူပါသည်။ ``ဤလက္ခဏာ (၃၂) ပါးနှင့် ပြည့်စုံသော ယောကျ်ားသည် လူ့ဘောင်၌ နေခဲ့သော် လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း၊ လူ့ဘောင်ကို စွန့်၍ ရဟန်းပြုခဲ့သော် ကိလေသာ ကင်းစင်၍ အလုံးစုံသော တရားတို့ကို မှန်ကန်စွာ သိမြင်သော ဘုရားဖြစ်မည်။ ဤနှစ်မျိုးမှတစ်ပါး အခြားဖြစ်နိုင်ချေ မရှိ''ဟု မိန့်တော်မူပါသည်။



## ၁။ ကောင်းစွာ ထိသော ခြေဖဝါးရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ပေးကမ်းလှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်သုံးခြင်းစသော ကုသိုလ်တရားတို့၌ မြဲမြံစွာ ဆောက်တည်ခဲ့၏။ မဆုတ်မနစ် ဆောက်တည်ခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် အညီအညွတ် မြေကြီး၌ ကောင်းစွာထိသော ခြေဖဝါးတော်ရှိခြင်း ဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ ရာဂ၊ ဒေါသစသော အတွင်းရန်သူ၊ လူနတ်စသော အပြင်ရန်သူတို့သည် မြတ်စွာဘုရားကို ပိတ်ပင်တားမြစ်ခြင်း မပြုနိုင်ကြချေ။

## ၂။ ခြေဖဝါးပြင်၌ စက်ဝန်းဖြစ်ပေါ်ခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ လူအများ၏ ချမ်းသာကို ဆောင်ခဲ့၏။ ထိတ်လန့်တုန်လှုပ်ဖွယ် ဘေးရန်များကို ဖယ်ရှားခဲ့၏။ တရားနှင့်လျော်စွာ စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံစေမှုကိုလည်း စီရင်ခဲ့၏။ အခြံအရံနှင့် တကွသော အလှူကိုလည်း ပေးလှူခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရား

သည် အောက်ခြေဖဝါးပြင်တို့၌ စက်ဝန်းများ ဖြစ်ပေါ်ခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရား၌ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ အစရှိသည့် များသောအခြံအရံနှင့် ပြည့်စုံတော်မူ၏။

### ၃၊ ၄၊ ၅။ ရှည်သော ဖနောင့်ရှိခြင်း စသည်

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့၏။ သနားကရုဏာနှင့် ပြည့်စုံ၍ သတ္တဝါတို့၏ အစီးအပွားကို လိုလားခဲ့၏။ ထိုကံကြောင့် ရှည်သောဖဝါး ရှိခြင်း၊ ရှည်သောလက်ချောင်း ခြေချောင်း ရှိခြင်း၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိခြင်း ဟူသော လက္ခဏာသုံးပါးကို ရရှိတော်မူ၏။ ဤလက္ခဏာသုံးပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် အသက်ရှည်တော်မူ၏။ မည်သူမျှ မြတ်စွာဘုရားကို သတ်ခြင်းငှာ မစွမ်းနိုင်။

### ၆။ ဖြိုးမောက်သော အသားရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ မွန်မြတ်သော အရသာရှိသော စားဖွယ်သောက်ဖွယ်တို့ကို ပေးလှူခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ ပခုံးစွန်းနှစ်ဘက်၊ လည်ကုပ်အားဖြင့် ခုနစ်ပါးသော အရပ်တို့၌ ဖြိုးမောက်သော အသားရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် မြတ်သော အရသာရှိသော စားဖွယ်သောက်ဖွယ်တို့ကို ရရှိတော်မူ၏။

### ၇၊ ၈။ နူးညံ့သော လက်ဖဝါး၊ ခြေဖဝါးရှိခြင်း၊ ညီညာသော လက်ခြေရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သောစကားကို ဆိုခြင်း၊ အကျိုးစီးပွားကို ဆောင်ခြင်း၊ မိမိနှင့် တန်းတူရည်တူ ဆက်ဆံခြင်းဟူသော သင်္ဂဟတရားလေးပါးဖြင့် လူအပေါင်းကို ချီးမြှောက်ခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် နူးညံ့နနယ်သော လက်ဖဝါး၊ ခြေဖဝါး ရှိခြင်း၊ ကွန်ရက်ပမာ ညီညာသော လက်ခြေရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရား၌ စည်းလုံးညီညွတ်သော ပရိသတ် ရှိတော်မူ၏။

### ၉၊ ၁၀။ မြင့်သောဖမျက်နှင့် ကော့တက်သော မွေးညင်းရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ အကျိုးရှိ၍ ကုသိုလ်တရားနှင့် စပ်သော စကားကို ဆိုခဲ့၏။ လူအပေါင်းအား ထိုတရားများကို ထင်မြင်အောင် ပြသခဲ့၏။ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းခဲ့၏။ တရားအလှူကို ပေးလှူခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် မြင့်သော ဖမျက်ရှိခြင်း၊ အထက်သို့ ကော့တက်သော မွေးညင်းရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကြီးအချုပ် ဖြစ်တော်မူ၏။



### ၁၁။ ပြေပြစ်သော ခြေသလုံးရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ဝိဇ္ဇာ၊ သိပ္ပံ ပညာများကိုလည်းကောင်း၊ အကျင့်သီလကိုလည်းကောင်း လူအပေါင်းတို့အား လျင်မြန်စွာ သိမြင်အောင် ဟောပြောပို့ချပေးခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ပြေပြစ်သော ခြေသလုံးရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် ပစ္စည်းပရိက္ခရာတို့ကို လွယ်ကူစွာ ရရှိတော်မူ၏။

### ၁၂။ ချောမွေ့သော အသားအရေရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ရဟန်း ပုဏ္ဏားတို့ထံ ချဉ်းကပ်၍ ``ဘယ်တရားသည် ကုသိုလ်မည်၍ ဘယ်တရားသည် အကုသိုလ် မည်ပါသနည်း။ ဘယ်တရားကို မှီဝဲ၍ ဘယ်တရားကို မမှီဝဲသင့်ပါသနည်း´´စသည်ဖြင့် မေးမြန်း စုံစမ်းခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ချောမွေ့သော အသားအရေရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် ကြီးမြတ်သော ပညာနှင့် ပြည့်စုံတော်မူ၏။

### ၁၃။ ရွှေအဆင်းနှင့်တူသော အသားအရေရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ရန်ငြိုးထားခြင်းများကို မပြုခဲ့။ သိမ်မွေ့နူးညံ့သော အဝတ်အထည်တို့ကိုလည်း ပေးလှူခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ရွှေအဆင်းနှင့်တူသော အသားအရေရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် သိမ်မွေ့နူးညံ့သော အဝတ်အထည် အမျိုးမျိုးကို ရရှိတော်မူ၏။

### ၁၄။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ကြာမြင့်စွာ ကွဲကွာနေသော ဆွေမျိုး၊ မိတ်ဆွေတို့ကို ပေါင်းဆုံ ညီညွတ်စေခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် ရဲရင့်၍ ဖွဲ့လုံ့လနှင့် ပြည့်စုံသည့် တပည့်သာဝကများစွာတို့ကို ရရှိတော်မူ၏။

### ၁၅၊ ၁၆။ လုံးဝန်းသော ကိုယ်ရှိခြင်း စသည်

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ``ဤသူသည် ဤအလှူကို ခံထိုက်၏'' ဟူ၍ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကို ခွဲခြားသိမြင်ပြီး ထိုက်တန်လျောက်ပတ်စွာ ပေးလှူခြင်းကို ပြုခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ပညောင်ပင်ကဲ့သို့ လုံးဝန်းသော ကိုယ်ရှိခြင်း၊ မကိုင်းညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်ကိုင်နိုင်ခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် သဒ္ဓါ၊ သီလ အစရှိသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့နှင့် ပြည့်စုံတော်မူ၏။

**မှတ်ချက်။** ။ ဒီဃနိကာယ်၊ ပါထိကဝဂ်၊ လက္ခဏသုတ်၌ လာသည့် အစဉ်အတိုင်း တင်ပြထားခြင်း မဟုတ်ပါ။ အကြောင်းကောင်းမှုတူရာ အချို့လက္ခဏာတော်များကို ပေါင်းထားပါသည်။

မှီငြမ်း ။ ပါထိကဝဂ်ပါဠိတော် မြန်မာပြန်၊ ၁၃၅။ ပိဋကတ် အနှစ်ချုပ်၊ ဒီဃနိကာယ်၊ ၂၈၄။
လူတိုင်းအတွက် ပိဋကတ်သုံးပုံ၊ ၁၀၀။

## သင်ခန်းစာ (၆)
## လက္ခဏာတော် ၃၂ ပါး (ဒုတိယပိုင်း)



### ၁၇၊ ၁၈၊ ၁၉။ ခြင်္သေ့ကိုယ်နှင့်တူသော ကိုယ်ရှိခြင်း စသည်

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ လူအများ၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ စသော တရားများနှင့်တကွ ပစ္စည်းဥစ္စာချမ်းသာ စည်းစိမ်တိုးပွားရေးကို လိုလားတောင့်တခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ခြင်္သေ့၏ ရှေ့ပိုင်း ကိုယ်နှင့်တူသော ကိုယ်ရှိခြင်း၊ လက်ပြင်နှစ်ဖက်ကြား၌ တစ်ပြင်တည်းညီလျက် ပြည့်ဖြိုးသော အသားရှိခြင်း၊ ညီညာစွာ လုံးသော လည်ပင်းလည်တိုင်ရှိခြင်းဟူသော လက္ခဏာတို့ကို ရရှိတော်မူ၏။ ထိုလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ စသည်တို့ဖြင့် တိုးတက်ကြီးပွားတော်မူ၏။

### ၂၀။ အလွန်ကောင်းသော အကြောရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ လက်ဖြင့်သော်လည်းကောင်း၊ တုတ်၊ ဓား၊ လက်နက်တို့ဖြင့် လည်းကောင်း သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်ခြင်း မပြုခဲ့။ ထိုကံကြောင့် မြတ်စွာဘုရားသည် အရသာကို ဆောင်နိုင်သည့် အလွန်ကောင်းမြတ်သော အကြောရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် အနာရောဂါ ကင်းရှင်းခြင်း၊ အစာကို ကြေစေနိုင်သည့် မပူလွန်း မအေးလွန်း၊ အလယ်အလတ်ဖြစ်သော ဝမ်းမီးနှင့် ပြည့်စုံခြင်း အကျိုးကို ရရှိတော်မူ၏။

## ၂၁၊ ၂၂။ တင့်တယ်သော မျက်လုံး၊ မျက်တောင်ရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ သူတစ်ပါးတို့ကို မျက်လုံးပြူး၍ ကြည့်ခြင်း၊ မျက်စောင်းထိုး၍ ကြည့်ခြင်း၊ လျှို့ဝှက်စွာ ကြည့်ခြင်းများကို မပြုခဲ့။ မေတ္တာဓာတ်ကိန်းသော မျက်စိဖြင့်သာ လူအများကို ကြည့်ရှုခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် အလွန်တင့်တယ်သော မျက်လုံး၊ မျက်တောင်ရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် နတ်လူအပေါင်း၏ ချစ်ခင်မြတ်နိုးခြင်းကို ခံတော်မူရ၏။

## ၂၃။ သင်းကျစ်ဆောင်းသော ဦးခေါင်းရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ အမိအဖတို့ကို ချစ်ခင်မြတ်နိုးခြင်း၊ ရဟန်းပုဏ္ဏားတို့ကို ကြည်ညိုလေးစားခြင်း၊ အသက်ကြီးသော ဆွေမျိုးတို့ကို ရိုသေခြင်းစသော ကုသိုလ်တရားတို့ကို ပြုလုပ်ရာ၌ လူအများ၏ အကြီးအမှူး ရှေ့သွားခေါင်းဆောင် ဖြစ်ခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် သင်းကျစ်ဆင်ထားသကဲ့သို့ ဦးခေါင်းရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် မိမိအလိုသို့ လိုက်ပါသော ရဟန်းယောက်ျား၊ ရဟန်းမိန်းမစသည့် ဝေနေယျသတ္တဝါတို့နှင့် ပြည့်စုံတော်မူ၏။

## ၂၄၊ ၂၅။ ထူးခြားသော မွေးညင်း၊ မွေးရှင်တော်များရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ မုသားပြောခြင်းမှ ရှောင်ရှား၍ မှန်ကန်သော စကားကိုသာ ပြောဆိုခဲ့၏။ တစ်ဖက်သားကို လိမ်လည်လှည့်စားခြင်း ပြုလေ့မရှိ။ ထိုကံကြောင့် မြတ်စွာဘုရားသည် တစ်ပင်ချင်း ပေါက်သော မွေးညင်းရှိခြင်း၊ မျက်မှောင်နှစ်ဘက်ကြား၌ နူးညံ့သည့် လဲဝါဂွမ်းနှင့်တူ၍ ဖြူစင်သော ဥဏ္ဏာလုံမွေးရှင်ပေါက်ခြင်း ဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် မိမိအလိုသို့ လိုက်သော ရဟန်းယောက်ျား၊ ရဟန်းမိန်းမစသည်တို့နှင့် ပြည့်စုံတော်မူ၏။

## ၂၆၊ ၂၇။ သွားတော်လေးဆယ်အပြည့် ထိစပ်လျက်ရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ကုန်းချောစကား ပြောဆိုခြင်းမှ ရှောင်ရှား၍ ကွဲပြားနေသူတို့ကို ညီညွတ်အောင် စေ့စပ်ခြင်း၊ ညီညွတ်နေသူတို့ကိုလည်း ပို၍ညီညွတ်အောင် အားပေးခြင်း ပြုခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် သွားတော်လေးဆယ်ရှိခြင်း၊ ရှိသောသွားများ ထိစပ်လျက်ရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် မဖြိုခွဲနိုင်သော ပရိသတ်နှင့် ပြည့်စုံခြင်းအကျိုးကို ရရှိတော်မူ၏။

## ၂၈၊ ၂၉။ နူးညံ့သော လျှာနှင့် သာယာသော အသံရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ကြမ်းတမ်းရိုင်းစိုင်းသော စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့၏။ ယဉ်ကျေးသိမ်မွေ့၍ လူအများ နှစ်လိုသော စကားများကိုသာ ပြောဆိုခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ပြန့်ပြူးရှည်လျား၍ နူးညံ့သော လျှာရှိခြင်း၊ အလွန်သာယာသော အသံရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ နတ်လူအပေါင်းတို့သည် မြတ်စွာဘုရား၏ စကားကို နာယူလက်ခံကြကုန်၏။

## ၃၀။ ခြင်္သေ့မေးနှင့်တူသော မေးရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပြီး မှန်ကန်၍ အကျိုးစီးပွားနှင့် ဆက်စပ်သော စကားကိုသာ အခါအခွင့် အားလျော်စွာ ပြောဆိုခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ခြင်္သေ့မေးနှင့်တူသော မေးရှိခြင်းဟူသော လက္ခဏာကို ရရှိတော်မူ၏။ ဤလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ ရာဂ၊ ဒေါသ စသော အတွင်းရန်သူ၊ လူနတ်အစရှိသော အပြင်ရန်သူတို့သည် မြတ်စွာဘုရားကို မဖျက်ဆီးနိုင်ကြချေ။

## ၃၁၊ ၃၂။ ညီညာသော သွား၊ ဖြူစင်သော စွယ်တော်ရှိခြင်း

မြတ်စွာဘုရားသည် ရှေးဘဝ လူဖြစ်စဉ်အခါတို့၌ မကောင်းသော အသက်မွေးခြင်းကို ပယ်၍ ကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေးခဲ့၏။ တံစိုးယူခြင်း၊ လှည့်ဖြားခြင်း၊ အတုပြုလုပ်၍ လိမ်လည်ခြင်းတို့မှလည်း ရှောင်ကြဉ်ခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် ညီညာသော သွားရှိခြင်း၊ အလွန်ဖြူစင်သော စွယ်တော်လေးချောင်းရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိတော်မူ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် စင်ကြယ်သော အခြံအရံ ရှိခြင်းအကျိုးကို ရရှိတော်မူ၏။

မြတ်စွာဘုရားသည် ပါရမီဖြည့်သည့် လူ့ဘဝအဆက်ဆက်တို့တွင် အကျင့်သီလနှင့် ပြည့်စုံအောင် ကျင့်ကြံနေထိုင်ခြင်း၊ ကုသိုလ်ကောင်းမှု အလှူဒါနများ ပြုလုပ်ခြင်း၊ လူအများအပေါ်တွင် ကြင်နာစွာ ဆက်ဆံပြောဆို ကူညီဆောင်ရွက်ပေးခြင်း စသည့် ကောင်းသောကံများ ပြုလုပ်ခဲ့သောကြောင့် ယောကျ်ားမြတ်တို့၏ လက္ခဏာ (၃၂) ပါးနှင့် ပြည့်စုံတော်မူခြင်း ဖြစ်ပါသည်။

**မှတ်ချက်** ။ ။ ဒီဃနိကာယ်၊ ပါထိကဝဂ်၊ လက္ခဏသုတ်၌ လာသည့် အစဉ်အတိုင်း တင်ပြထားခြင်း မဟုတ်ပါ။ အကြောင်းကောင်းမှုတူရာ အချို့လက္ခဏာတော်များကို ပေါင်းထားပါသည်။

လက္ခဏသုတ်လာ မြတ်စွာဘုရား၏ လက္ခဏာတော် (၃၂) ပါး အစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကောင်းစွာထိသော ခြေဖဝါးရှိခြင်း
(၂) ခြေဖဝါးပြင်၌ စက်ဝန်းဖြစ်ပေါ်ခြင်း
(၃) ရှည်သော ဖနောင့်ရှိခြင်း

(၄) ရှည်သော လက်ချောင်းခြေချောင်းရှိခြင်း
(၅) နူးညံ့သော လက်ဖဝါးရှိခြင်း
(၆) ကွန်ရက်ပမာ ညီညာသော လက်ခြေရှိခြင်း
(၇) မြင့်သော ဖမျက်ရှိခြင်း
(၈) ပြေပြစ်သော ခြေသလုံးရှိခြင်း
(၉) မကိုင်းညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးဝန်းတို့ကို သုံးသပ်နိုင်ခြင်း
(၁၀) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်း
(၁၁) ရွှေအဆင်းနှင့်တူသော အသားအရေရှိခြင်း
(၁၂) ချောမွေ့သော အသားအရေရှိခြင်း
(၁၃) တစ်ပင်ချင်းပေါက်သော မွေးညင်းရှိခြင်း
(၁၄) ကော့တက်သော မွေးညင်းရှိခြင်း
(၁၅) ပြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိခြင်း
(၁၆) ခုနစ်ပါးသော အရပ်တို့၌ ဖြိုးမောက်သော အသားရှိခြင်း
(၁၇) ခြင်္သေ့ကိုယ်နှင့်တူသော ကိုယ်ရှိခြင်း
(၁၈) လက်ပြင်နှစ်ဖက်ကြား၌ တစ်ပြင်တည်းညီလျက် ပြည့်ဖြိုးသော အသားရှိခြင်း
(၁၉) လုံးဝန်းသော ကိုယ်ရှိခြင်း
(၂၀) ညီညာစွာ လုံးသော လည်ပင်းလည်တိုင်ရှိခြင်း
(၂၁) အလွန်ကောင်းသော အကြောရှိခြင်း
(၂၂) ခြင်္သေ့မေးနှင့်တူသော မေးရှိခြင်း
(၂၃) သွားတော်လေးဆယ်အပြည့် ထိစပ်လျက်ရှိခြင်း
(၂၄) ညီညာသော သွားရှိခြင်း
(၂၅) မကျဲသော သွားရှိခြင်း
(၂၆) အလွန်ဖြူစင်သော စွယ်တော်လေးချောင်းရှိခြင်း
(၂၇) ပြန့်ပြူးရှည်လျား၍ နူးညံ့သော လျှာရှိခြင်း
(၂၈) အလွန်သာယာသော အသံရှိခြင်း
(၂၉) အလွန်တင့်တယ်သော မျက်လုံးရှိခြင်း
(၃၀) အလွန်တင့်တယ်သော မျက်တောင်ရှိခြင်း
(၃၁) မျက်မှောင်နှစ်ခုကြား၌ နူးညံ့၍ လဲဝါဂွမ်းနှင့်တူသော ဥဏ္ဏာလုံမွေးရှင်ရှိခြင်း
(၃၂) သင်းကျစ်တပ်ဆင်ထားသကဲ့သို့ ဦးခေါင်းရှိခြင်း

မှီငြမ်း ။ ပါထိကဝဂ်ပါဠိတော် မြန်မာပြန်၊ ၁၃၅။ ပိဋကတ် အနှစ်ချုပ်၊ ဒီဃနိကာယ်၊ ၂၈၄။
လူတိုင်းအတွက် ပိဋကတ်သုံးပုံ၊ ၁၀၀။

## သင်ခန်းစာ (၇)
## ပူဇော်ထိုက်သူကို ပူဇော်ခြင်း မင်္ဂလာ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည်။ ပူဇော်ခြင်းသည် လက်အုပ်ချီမှု၊ ဦးညွှတ်ရှိခိုးမှုဟူသော ကာယကံဖြင့် ပူဇော်ခြင်း၊ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးခြင်းဟူသော ဝစီကံဖြင့် ပူဇော်ခြင်း၊ ဂုဏ်ကျေးဇူးကို စိတ်ဝယ်ရည်မှန်းခြင်းဟူသော မနောကံဖြင့် ပူဇော်ခြင်း၊ ပစ္စည်းဝတ္ထုဟူသော အာမိသဖြင့် ပူဇော်ခြင်း၊ အကျင့်တရားဟူသော ဓမ္မဖြင့် ပူဇော်ခြင်းဟူ၍ အမျိုးမျိုးရှိသည်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသံဃာတို့နှင့် မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ အစ်ကိုကြီး၊ အစ်မကြီး စသည်တို့၏ ဂုဏ်ကျေးဇူးတို့ကို ရည်မှန်းလျက် ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း၊ ထိခြင်းငါးပါးဖြင့် ရှိခိုးရန် မဖြစ်နိုင်သည့် အခြေအနေမျိုးတွင် လက်အုပ်ချီမှုဖြင့်ဖြစ်စေ၊ လက်အုပ်မချီနိုင်သည့်အခါ လက်တစ်ဖက်ဖြင့်သာ လက်အုပ်ချီဟန်ပြုခြင်း၊ ဦးခေါင်းညွှတ်ခြင်း၊ ခန္ဓာကိုယ်ကို ကိုင်းညွှတ်ခြင်း၊ ဒူးထောက်ခြင်းစသည့် ကိုယ်အမူအရာဖြင့် ဖြစ်စေ ရိုသေလေးစားကြောင်းကို ဖော်ပြခြင်းသည် ကာယကံဖြင့် ပူဇော်ခြင်းမည်၏။ ရတနာသုံးပါး၊ မိဘ၊ ဆရာတို့၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော် ချီးကျူးခြင်း၊ တရားစာများကို ရွတ်ဆိုခြင်း စသည်တို့သည် ဝစီကံဖြင့် ပူဇော်ခြင်း မည်၏။ မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတုတော်၊ ဓာတ်တော်၊ စေတီတော်တို့ကို ရှိခိုးပူဇော်ရာတွင် သက်ရှိထင်ရှား မြတ်စွာဘုရားကို ပူဇော်သကဲ့သို့ ရည်မှန်းပူဇော်ခြင်း၊ အသိအလိမ္မာ တိုးပွားအောင်၊ စိတ်ထားဖြောင့်မတ်ဖြူစင်အောင် ဆုံးမသွန်သင်ပေးသော သံဃာတော်တို့၏ ဂုဏ်ကို ရည်မှန်း၍ ကြည်ညိုပူဇော်ခြင်း စသည်တို့သည် မနောကံဖြင့် ပူဇော်ခြင်း မည်၏။

ပူဇော်သင့် ပူဇော်ထိုက်သူတို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆေးဝါး၊ အသုံးအဆောင်စသော ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ခြင်းသည် အာမိသပူဇာဖြင့် ပူဇော်ခြင်း မည်၏။






ဓမ္မစကြာ၊ ပရိတ်၊ ပဋ္ဌာန်းစသော ဘုရားဟော တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ငါးပါးသီလ စောင့်ထိန်းခြင်း၊ မေတ္တာပို့ခြင်း၊ ဘာဝနာတရားများ ပွားများအားထုတ်ခြင်း စသည်တို့သည် ဓမ္မဖြင့် ပူဇော်ခြင်းမည်၏။

အလှူဒါနပြုခြင်း၊ ဥပုသ်ဆောက်တည်ခြင်း၊ တရားနာယူခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း စသော ကုသိုလ်ကောင်းမှုတို့ကြောင့် လူ့ပြည်၊ နတ်ပြည်တို့တွင် စည်းစိမ်ချမ်းသာ ပြည့်ဝစွာ ခံစားကြရသော သာဓကများ ပိဋကတ်တော်တွင် များစွာ ရှိပါသည်။

ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် အမျိုးသမီးတစ်ဦးသည် ဗောဓိညောင်ပင်ကို ဆီမီးငါးခွက် ထွန်းညှိလျက် အရုဏ်တက်သည့်တိုင်အောင် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်ဖန် အထပ်ထပ် အောက်မေ့ပူဇော်ခဲ့သည်။ ထိုကုသိုလ်ကံကြောင့် ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်မကျဘဲ အထက်တန်းစား အမျိုးသမီး၊ နတ်သမီးအဖြစ်ဖြင့် လူ၊ နတ် စည်းစိမ်တို့ကို ခံစားရပြီးနောက် ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ပဉ္စဒီပိကာဟူသော အမည်ဖြင့် ရဟန္တာထေရီမ ဖြစ်ခဲ့သည်။

ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါကလည်း ဆင်းရဲသော ရေခပ်ကျွန်မ တစ်ယောက်သည် ဥပုသ်တစ်ရက်စောင့်ခဲ့သော ကုသိုလ်ကံကြောင့် လူ့ပြည်၊ နတ်ပြည်တို့တွင် စည်းစိမ်ချမ်းသာများကို ကြိမ်ဖန်များစွာ ခံစားခဲ့ရသည်။ သူသည် ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ ဥပေါသထိကာ အမည်ဖြင့် ရဟန္တာထေရီမတစ်ပါး ဖြစ်ခဲ့သည်။

ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အကျင့်သီလ ကောင်းမွန်သူများ၊ ပညာထူးချွန်သူများ၊ အများကောင်းကျိုးအတွက် ထက်ထက်သန်သန် ဆောင်ရွက်သူများသည် ပူဇော်ချီးမြှောက်ခြင်း ခံထိုက်သူများ ဖြစ်ကြသည်။ ထိုသူတို့၏ ကောင်းသော ဂုဏ်များကို အသိအမှတ်ပြုခြင်း၊ လေးစားခြင်းတို့သည်လည်း ပူဇော်ခြင်းပင် ဖြစ်သည်။ ထိုသို့ ပူဇော်ခြင်း၊ ချီးမြှောက်ခြင်းအမှု 'ပူဇာ စ ပူဇနေယျာနံမင်္ဂလာ' ကို ကလေးဘဝမှစ၍ ကောင်းမွန်စွာ လိုက်နာကျင့်သုံးပါက ကုသိုလ်ပြည့်ဝ နလုံးလှ၍ သာသနာတော်နှင့် နိုင်ငံတော်၏အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြမည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

မိုးငြိမ်း ။ မင်္ဂလာ့အမြုတေ၊ ၃၄။ မင်္ဂလာနိဒါန်း၊ ၂၈။ အပ၊ ၂၊ ၁၉၆။ ခုဒ္ဒက၊ ၄၊ ၁၀၈။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| အာမိသ | = | ထမင်းခဲဖွယ်၊ ပေးလှူအပ်သော ဆွမ်း၊ သင်္ကန်းစသည်၊ ပစ္စည်းလေးပါး။ |
| ပစ္စေကဗုဒ္ဓ | = | သာသနာပဥ္စ ပွင့်သောဘုရား၊ ဘုရားငယ်။ |
| ပဋ္ဌဒီပိကာ | = | ဆီမီးငါးခွက်ကောင်းမှုရှင်။ |
| ကေ့ူပေါသထိကာ | = | တစ်ရက်စောင့် ဥပုသ်သည်။ |



## သင်ခန်းစာ (၈)
## ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း မင်္ဂလာ

ကျောင်းပိတ်ရက် ဥပုသ်နေ့ တစ်နေ့တွင် မောင်မောင်နှင့် လှလှတို့ မောင်နှမသည် ဆွမ်းချိုင့် ပို့ရန် ရွာဦးဘုန်းကြီးကျောင်းသို့ ထွက်လာခဲ့ကြသည်။ ဘုန်းကြီးကျောင်းသို့ ရောက်လျှင် ဆရာတော်အား ရိုသေစွာ ရှိခိုးကန်တော့ကြပြီး ပါလာသော ဆွမ်းချိုင့်ကို ကပ်လှူကြသည်။ ဆရာတော်ကို ဖူးမြော်လှူဒါန်း စဉ်တွင် မောင်နှမ နှစ်ဦးလုံး၏ စိတ်ထဲမှာ အေးချမ်းမှုကို ခံစားလိုက်ကြရ၏။

လှလှ ။ ။ ကိုကိုရေ ... ဘုန်းကြီးကျောင်းထဲရောက်ပြီး ဆရာတော်ကို ဖူးတွေ့လိုက်တာနဲ့ ညီမလေး ရင်ထဲမှာ အေးချမ်းသွားသလို ခံစားလိုက်ရတယ်။

မောင်မောင် ။ ။ ဟုတ်တယ် ညီမလေးရေ။ ကိုကိုလည်း ဒီလိုပဲ ခံစားလိုက်ရတယ်။

လှလှ ။ ။ ဟုတ်တယ်နော်။ အဲဒါ ဘာကြောင့်လဲ မသိဘူး။

မောင်မောင် ။ ။ ဆရာတော် သီလပေးပြီးမှ မေးလျှောက်ကြည့်ကြတာပေါ့။

သီလယူပြီးနောက် ဥပုသ်သည်များ ပြန်သွားကြသော်လည်း မောင်မောင်နှင့် လှလှတို့သည် မပြန်ကြသေးဘဲ ဆရာတော်အနားသို့ ချဉ်းကပ်သွားကြသည်။


ဆရာတော် ။ ။ ဒကာလေးတို့က မပြန်ကြသေးဘူးလား။ ဘုန်းကြီးကို မေးစရာများ ရှိလို့လားကွဲ့။

ဆရာတော်၏ စကားကို ကြားရသောအခါ မောင်မောင်နှင့် လှလှတို့ မောင်နှမမှာ ရေဆာတုန်း ရေအိုးစင် တွေ့ရသကဲ့သို့ ဝမ်းသာအားရ ဖြစ်သွားကြသည်။

မောင်မောင် ။ ။ မှန်ပါ့ဘုရား။ တပည့်တော်တို့ သိချင်တာလေးတွေ မေးလျှောက်ချင်လို့ပါဘုရား။ ဒီလိုပါဘုရား။ ဆရာတော်ကို ဖူးမြင်လိုက်ရတဲ့အခါ တပည့်တော်တို့ မောင်နှမ နှစ်ဦး ရင်ထဲမှာ အေးချမ်းသွားသလို ခံစားလိုက်ရပါတယ်ဘုရား။ အဲဒါ ဘာကြောင့်လဲလို့ သိချင်မိပါတယ်ဘုရား။

ဆရာတော် ။ ။ သြော် ... ဒကာလေးတို့က ဒါသိချင်တာကိုး။ ဒီလိုကွဲ့။ ရဟန်းတော်တွေကို ဖူးမြင်ရတယ်ဆိုတာ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါး ဖြစ်တယ်လို့ မြတ်ဗုဒ္ဓက မင်္ဂလသုတ်တော်မှာ ဟောတော်မူထားတယ်။ ကဲ ... လက်စနဲ့ ရဟန်းတော်တွေရဲ့ အကျင့်သီလ၊ ဂုဏ်ကျေးဇူးတွေကို သိရအောင် ဘုန်းကြီး ဆက်ရှင်းပြမယ်။

ရဟန်းတော်တွေဆိုတာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို ဖြည့်ကျင့်နေကြသူတွေ၊ လောဘ၊ ဒေါသ၊ မောဟတွေကို နည်းအောင် ကျင့်ကြံနေကြသူတွေ ဖြစ်တဲ့အတွက် ဣန္ဒြေသိက္ခာ စောင့်စည်းပြီး တည်ငြိမ်အေးချမ်းတဲ့ အသွင်အပြင်ကို ဆောင်ကြတာပေါ့။ ရဟန်းတော်တွေရဲ့ တည်ငြိမ်အေးချမ်းမှုက သူတို့ကို



ဖူးမြင်ရတဲ့ သူတွေဆီ ကူးစက်ပြီး ဖူးမြင်ရသူတွေ ကိုယ်တိုင်လည်း တည်ငြိမ် အေးချမ်း သွားကြတာပေါ့ကွယ်။ လမင်းကို ကြည့်တဲ့သူဟာ လရောင်ရဲ့ အအေး ဓာတ်ကြောင့် ရင်ထဲ အေးချမ်းလန်းဆန်းသွားသလိုပေါ့။

လှလှ ။ ။ မှန်ပါ့ဘုရား။ ဒါကြောင့် တပည့်တော်တို့ရင်ထဲမှာ ငြိမ်းအေးသွားတာကိုး။

ဆရာတော် ။ ။ နောက်ပြီး ရဟန်းတော်တွေရဲ့ တခြားဂုဏ်တွေလည်း ရှိသေးတယ်။ အဲဒါတွေ ကတော့ ဘုန်းကြီးတို့ အခုလို မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကြီးကို မှီခိုအားထားခွင့် ရနေကြတာဟာ ရှေးရှေးဆရာတော်များက ဒီသာသနာတော်ကြီးကို အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြလို့ပဲ။ သာသနာတော်မှာ ရဟန်းအဖြစ်ကို ရဖို့ဆို တာကလည်း ရခဲတဲ့ ဒုလ္လဘတရား တစ်ခုပဲ။ ဘုန်းကြီးတို့ရဲ့ ဂေါတမမြတ်စွာ ဘုရားလောင်းမှ ဘုရားဖြစ်ဖို့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့် ခဲ့တဲ့ ကာလမှာ ရဟန်းအဖြစ်ကို ကိုးကြိမ်ပဲ ရခဲ့တာ။ ရဟန်းတော်တွေကို ဖူးမြင် ခွင့်၊ ဆည်းကပ်ကိုးကွယ်ခွင့် ရဖို့ဆိုတာ တကယ်တော့ မလွယ်ဘူး။

လှလှ ။ ။ ဟုတ်လားဘုရား။ ဒါဆို ရဟန်းတော်တွေကို ဖူးမြင်ပြီး ဆည်းကပ်ခွင့် ရဖို့ဆိုတာ အတော်ခက်တာပါလားဘုရား။

ဆရာတော် ။ ။ အေးကွယ့် အတော်ခက်တာ။ အခုခေတ်မှာ ရဟန်းတော်တွေကို ဖူးမြင်ပြီး ဆည်းကပ်ကိုးကွယ်ခွင့် ရနေကြတာ ရှားမအခွင့်ထူးကြီးကို ရနေကြတာပဲ။

မောင်မောင် ။ ။ မှန်ပါ့ဘုရား။ တပည့်တော်တို့တွေ အခုလို သာသနာအတွင်းမှာ လူဖြစ်ခွင့်ရပြီး ရဟန်းတော်တွေကို ဖူးမြင်ဆည်းကပ်ကိုးကွယ်ခွင့် ရနေတာ အင်မတန် ကံထူးတာပေါ့ဘုရား။

ဆရာတော် ။ ။ ဒါပေါ့ကွယ်။ အခုလို ကံထူးလို့ ရဟန်းတော်များကို ဖူးမြင်ပြီး ဆည်းကပ်ကိုးကွယ်ခွင့် ရနေခိုက်မှာ ရဟန်းတော်တွေကို ရိုရိုသေသေ လေးလေးစားစား ရှိခိုးပူဇော်ကြရမယ်။ ရဟန်းတော်တွေကို ဖူးမြင်တဲ့နေရာမှာ ဖူးမြင်နည်း ငါးမျိုးကိုလည်း မှတ်ထားကြဦးကွဲ့။ ဖူးမြင်နည်း ငါးမျိုးကတော့ (၁) အနီးကပ် ဆည်းကပ်တာ၊ (၂) လုပ်ကျွေးပြုစုတာ၊ (၃) ရဟန်းတော်တွေရဲ့ ဂုဏ်ကျေးဇူးကို အမြဲအမှတ်ရနေတာ၊ (၄) ရဟန်းတော်တွေရဲ့ သီလ၊ သမာဓိ၊ ပညာ ဂုဏ်သတင်းတွေကို ကြားသိရတာ၊ (၅) ရဟန်းတော်တွေကို တွေ့တဲ့အခါ ဝမ်းမြောက်ဝမ်းသာ ဖူးမြင်တာတွေပါပဲ။

မောင်မောင် ။ ။ မှန်ပါ့။ ဗဟုသုတ ရပါတယ်ဘုရား။

ဆရာတော် ။ ။ အေးကွယ့်။ ဒါနဲ့ ရဟန်းတော်တွေကို ဖူးမြင်ရင် ရရှိတဲ့အကျိုးတရားတွေကိုလည်း မှတ်သွားကြဦးကွဲ့။ ရဟန်းတော်တွေကို အခုလို ရိုရိုသေသေနဲ့ ဖူးမြင်ကြရင် ဘဝများစွာမှာ လူစည်းစိမ်၊ နတ်စည်းစိမ်တွေ၊ ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံခြင်းတွေကို ရရှိနိုင်တယ်ကွဲ့။ နောက်ပြီး ရဟန်းတော်တွေဆိုတာ 'မကောင်းမြစ်တာ၊ ကောင်းရာညွှန်လှစ်၊ အသစ် ဟောကျူး၊ နာဖူး ထပ်မံ၊ နတ်ထံ တင်ရာ၊ မေတ္တာလည်း ပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ' ဆိုတဲ့ ရဟန်းကျင့်ဝတ်တွေနဲ့အညီ ဒါယကာ၊ ဒါယိကာမတွေအပေါ်မှာ လမ်းညွှန်ပြသနေကြသူတွေ ဖြစ်တယ်။ ဒီလို လမ်းညွှန်ပြသပေးကြလို့ လိုက်နာ ကျင့်သုံးသူတွေဟာ နိဗ္ဗာန်ရတဲ့တိုင်အောင် များပြားတဲ့ အကျိုးထူးတွေ ခံစားကြရတာပေါ့။

မောင်၊ လှ ။ ။ မှန်ပါ။ ကျေးဇူးကြီးမားလှပါတယ်ဘုရား။

ဆရာတော် ။ ။ ရဟန်းတော်တွေကို ဖူးမြင်ကြရလို့ ကောင်းကျိုးတရားတွေ ရသွားတဲ့ သာဓကတွေလည်း များစွာရှိပါတယ်။

မောင်မောင် ။ ။ မှန်ပါ။ မိန့်တော်မူပါဘုရား။

ဆရာတော် ။ ။ ဒီလိုကွဲ့။ အရှင်သာရိပုတ္တရာ အလောင်းအလျာ ဥပတိဿဟာ အရှင်အဿဇိမထေရ်ရဲ့ တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ ငြိမ်းချမ်းတဲ့ အသွင်အပြင်ကို ဖူးမြင်ရလို့ ကြည်ညိုပြီး တရားစကား မေးလျှောက်ခဲ့တယ်။ အဲဒီမှာ တရားသိမြင်သွားပြီး မြတ်စွာဘုရားရဲ့ လက်ယာရံ အဂ္ဂသာဝကရဟန္တာကြီး ဖြစ်သွားခဲ့တယ် မဟုတ်လား။

မောင်၊ လှ ။ ။ မှန်ပါ့ဘုရား။

ဆရာတော် ။ ။ အဖသတ်မိလို့ ရင်ထဲပူလောင်နေတဲ့ အဇာတသတ်မင်းဟာ ဘုရားရှင်နဲ့ ရဟန်းပရိသတ်ကို ဖူးမြင်လိုက်ရလို့ ရင်ထဲ အေးချမ်းသွားပြီး နောင်အခါ ပထမသင်္ဂါယနာတင်ရာမှာ အဓိက လှူဒါန်းထောက်ပံ့တဲ့ မင်းတစ်ပါး ဖြစ်ခဲ့တယ်။ နောက်ပြီး အသောကမင်းကြီးဆိုရင်လည်း နိဂြောဓသာမဏေလေးကို ဖူးမြင်လိုက်ရလို့ ကြည်ညိုသွားပြီး နောက်ပိုင်းမှာ သာသနာတော်ကို စောင့်ရှောက်တဲ့ သာသနာပြုမင်းကြီးတစ်ပါး ဖြစ်ခဲ့တယ်။

မောင်၊ လှ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ အနော်ရထာမင်းကြီးဟာလည်း ရှင်အရဟံမထေရ်ကို ဖူးခွင့်ရလိုက်လို့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွား တည်တံ့အောင် ဆောင်ရွက်နိုင်ခဲ့တယ်။

မောင်မောင် ။ ။ မှန်ပါဘုရား။ ဗဟုသုတတွေ တိုးပွားရပါတယ်ဘုရား။

လှလှ ။ ။ ဟုတ်တယ်နော် ကိုကို။ ဒီနေ့တော့ ညီမလေးတို့ ကုသိုလ်တွေလည်းတိုး၊ အသိတွေလည်း အများကြီး တိုးသွားပြီ။

ဆရာတော် ။ ။ မှန်တာပေါ့ကွယ်။ ဒကာ၊ ဒကာမလေးတို့အတွက် ဒီနေ့ဟာ မင်္ဂလာရှိတဲ့နေ့ပဲပေါ့။ နောက်နေ့နောက်နေ့တွေမှာလည်း မင်္ဂလာရှိတဲ့ နေ့တွေဖြစ်အောင် ရဟန်းတော်တွေကို ဖူးမြော်ကြည်ညို ပူဇော်နိုင်ကြပါစေကွယ်။

မောင်၊ လှ ။ ။ မှန်ပါ။ တပည့်တော်တို့ ကြိုးစားပါ့မယ်ဘုရား။

လှလှ ။ ။ ကိုကိုရေ။ ညီမလေးတို့ ကုသိုလ်ပြုဖို့ တစ်ခုကျန်သေးတယ်လေ။

မောင်မောင် ။ ။ ဘာများကျန်သေးလို့လဲ ညီမလေးရဲ့။

လှလှ ။ ။ ဝေယျာဝစ္စ ကုသိုလ်လေ။ မပြန်ခင် ကျောင်းဝင်းတစ်ခုလုံးကို တံမြက်စည်းလှည်းပြီး သန့်ရှင်းရေး လုပ်ကြရအောင်။

မောင်မောင် ။ ။ ကောင်းလိုက်တဲ့အကြံပဲ ညီမလေးရေ။ ကဲ သွားလုပ်ကြစို့။

လှလှ ။ ။ တပည့်တော်တို့ကို ဝေယျာဝစ္စကုသိုလ်လုပ်ခွင့် ပြုပါဦးဘုရား။

ဆရာတော် ။ ။ အေးကွယ်။ သာဓု သာဓု သာဓု။

မောင်မောင်နှင့် လှလှတို့သည် ဆရာတော်အား ရိုသေစွာ ကန်တော့ကြသည်။ ထို့နောက် ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်း ဝေယျာဝစ္စကုသိုလ် ပြုပြီးကြသောအခါ ဆရာတော်စွန့်သော ဖီးကြမ်းငှက်ပျောသီးကို စားကြပြီး အိမ်သို့ ပျော်ရွှင်စွာ ပြန်ခဲ့ကြသည်။

မိုးပြမ်း ။ သပြေကန် ပရိတ်ကြီးနိသယသစ်၊ ၁၉၆၆၊ မင်္ဂလာ့အမြတ်တော၊ ၄၀၃။
မင်္ဂလသုတ်ပျို့ဋီကာ၊ ၄၁၉။ ခုဒ္ဒကာ၊ ဋ္ဌ၊ ၁၂၆။

## သင်ခန်းစာ (၉)
## ရောဟိနီ မင်းသမီး

အခါတစ်ပါး၌ အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန်းတော်ငါးရာတို့နှင့်အတူ ကပိလဝတ်ပြည်သို့ ကြွတော်မူလာသည်။ ကပိလဝတ်ပြည်သို့ ရောက်သောအခါ ဆွေတော်မျိုးတော်တို့သည် အရှင်အနုရုဒ္ဓါမထေရ်ထံသို့ လာရောက် ဖူးမြော်ကြသည်။ သို့ရာတွင် မထေရ်၏နှမ ရောဟိနီမင်းသမီး ပါမလာခဲ့ပေ။



မထေရ်မြတ်က နှမတော် ရောဟိနီကို မမြင်တွေ့ရ၍ မေးမြန်းရာ ရောဟိနီ၏ကိုယ်၌ နူနာရောဂါ ဖြစ်နေ၍ မလိုက်လာခဲ့ကြောင်း ပြန်လည်ဖြေကြားကြသည်။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် ရောဟိနီကို သွားခေါ်ရန် မိန့်တော်မူသည်။ မကြာမီ ရောဟိနီသည် အဝတ်ကိုခြုံ၍ ရောက်လာသည်။ မထေရ်သည် ရောဟိနီကို မြင်သော် ‘‘နှမရောဟိနီ ... ဆွေမျိုးတွေနဲ့အတူ ဘာလို့ လိုက်မလာရတာလဲ’’ဟု မေးလေသည်။

‘‘အရှင်ဘုရား ... တပည့်တော်ရဲ့ ကိုယ်မှာ နူနာရောဂါ ဖြစ်နေတဲ့အတွက် ရှက်လွန်းလို့ လိုက်မလာတာပါ ဘုရား’’ဟု လျှောက်တင်လေ၏။

‘‘နှမရောဟိနီ ... မကောင်းတဲ့ အကုသိုလ်ကံတွေ ဖြစ်လာရင် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ရတယ်။’’

‘‘အရှင်ဘုရား ... တပည့်တော် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ချင်ပါတယ် ဘုရား။ ဘယ်လို ကုသိုလ်ကောင်းမှုမျိုးကို ပြုလုပ်သင့်ပါသလဲ ဘုရား။’’

‘‘နှမရောဟိနီ ... သံဃာတော်တွေ ဆွမ်းဘုဉ်းပေးဖို့ ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းပါ။’’

‘‘အရှင်ဘုရား ... တပည့်တော် အဘယ်ပစ္စည်းဥစ္စာတွေနဲ့ ဆောက်လုပ်လှူဒါန်းရပါမလဲ ဘုရား။’’

‘‘နှမရောဟိနီ ... သင်ဝတ်ဆင်ထားတဲ့ ပုတီး၊ လက်ကောက်၊ ဘယက်တို့က ဘယ်လောက် တန်သလဲ။’’

‘‘အရှင်ဘုရား ... အသပြာတစ်သောင်း တန်ပါတယ်ဘုရား။’’

''ကောင်းပြီ နမ ... သင့်ရဲ့ လက်ဝတ်ရတနာတွေကို ရောင်းပြီး ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းပါ။''

''အရှင်ဘုရား ... ဘယ်သူ ဦးဆောင်ပြီး ဆောက်လုပ်ပေးနိုင်ပါမလဲဘုရား။''

အရှင်အနုရုဒ္ဓါမထေရ်သည် အနီး၌ရှိသော ဆွေတော်မျိုးတော်တို့ကို ကြည့်ပြီး ''သင်တို့ ဦးဆောင်ပြီး ဆွမ်းစားကျောင်းကို ကြည့်ရှုစီမံပေးကြပါ''ဟု တာဝန်ပေးသည်။ ဆွေတော်မျိုးတော်များကလည်း ''အရှင်ဘုရားတို့က တရားဓမ္မနဲ့ ချီးမြှင့်စောင့်ရှောက်ပေးပါဘုရား''ဟု လျှောက်ထားကြသည်။



ဆွေတော်မျိုးတော်တို့သည် အရှင်အနုရုဒ္ဓါမထေရ် တာဝန်ပေးသည့်နေ့မှစ၍ ဆွမ်းစားကျောင်းဆောက်လုပ်ရန် စတင်ပြင်ဆင်ကြသည်။ ဆွမ်းစားကျောင်း ဆောက်လုပ်နေစဉ် အရှင်အနုရုဒ္ဓါမထေရ်သည် ရောဟိနီမင်းသမီးအား တံမြက်စည်းလှည်းခြင်း၊ သံဃာများထိုင်ရန် နေရာခင်းခြင်း၊ သောက်ရေအိုးတို့ကို ရေဖြည့်ခြင်း စသည့် ဝေယျာဝစ္စကုသိုလ်များကို အမြဲမပြတ် ပြုလုပ်ရန် စေခိုင်းလေသည်။ ရောဟိနီမင်းသမီးသည် အရှင်အနုရုဒ္ဓါမထေရ် ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း ပြုလုပ်၏။

ထိုသို့ ပြုလုပ်သောကောင်းမှုများကြောင့် ဆွမ်းစားကျောင်း ဆောက်လုပ်နေစဉ်မှာပင် ရောဟိနီမင်းသမီး၏ နူနာရောဂါသည် တဖြည်းဖြည်း ညှိုးခြောက်သွား၏။ ဆွမ်းစားကျောင်း ဆောက်လုပ်ပြီးစီးသွားသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းအား ပင့်ဖိတ်ပြီး မွန်မြတ်လှစွာသော ဆွမ်း၊ ခဲဖွယ်တို့ကို ဆက်ကပ်လှူဒါန်း၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသောအခါ ''ဒီဆွမ်းအလှူဟာ ဘယ်သူရဲ့အလှူလဲ''ဟု မေးတော်မူ၏။ အရှင်အနုရုဒ္ဓါမထေရ်က ...

''မြတ်စွာဘုရား ... တပည့်တော်ရဲ့နမ ရောဟိနီမင်းသမီးရဲ့ အလှူပါဘုရား''ဟု ပြန်လည်လျှောက်ထားသည်။

''ဆွမ်းအလှူရှင် ရောဟိနီမင်းသမီးကော''ဟု မြတ်စွာဘုရားက မေးရာ အခန်းထဲတွင် ရှိကြောင်း ပြန်လည်လျှောက်ထားလေသည်။ ရောဟိနီမင်းသမီးကို ခေါ်ရန် မိန့်တော်မူသောအခါ ရောဟိနီမင်းသမီးသည် အခန်းထဲမှ ထွက်လာပြီး မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကန်တော့၏။

``ချစ်သမီး ရောဟိနီ … ဆွမ်းအလှူရှင်ဖြစ်ပြီးတော့ ဘာကြောင့် အခန်းထဲမှာ နေနေတာလဲ။''

``မြတ်စွာဘုရား … နူနာရောဂါကြောင့် ရှက်လွန်းလို့ တပည့်တော်မ ထွက်မလာတာပါ ဘုရား။''

``ချစ်သမီး ရောဟိနီ … နူနာရောဂါ ဘာကြောင့် ဖြစ်တယ်ဆိုတာ သိသလား။''

``မြတ်စွာဘုရား … တပည့်တော် မသိပါဘုရား။''



``ရောဟိနီ … အတိတ်က သင့်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အမျက်ဒေါသကြောင့် နူနာရောဂါ ဖြစ်ရတာ''ဟု မိန့်တော်မူသည်။

``မြတ်စွာဘုရား … တပည့်တော်က ဘယ်လို ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူတွေကို ပြုလုပ်ခဲ့ဖူးပါသလဲဘုရား''ဟု ရှေးအတိတ်ကံအကြောင်းကို လျှောက်ထားမေးမြန်းလေရာ မြတ်စွာဘုရားက ရောဟိနီမင်းသမီး၏ အတိတ်ဇာတ်ကြောင်းကို ပြန်လည်ဟောကြားတော်မူ၏။

အတိတ်ဘဝတစ်ခု၌ ရောဟိနီမင်းသမီးသည် ဗာရာဏသီမင်းကြီး၏ မိဖုရားကြီး ဖြစ်ခဲ့ဖူးသည်။ မိဖုရားကြီးသည် ဗာရာဏသီမင်းကြီးကို လွန်စွာချစ်ခင်နှစ်သက်ပါသော်လည်း မင်းကြီးသည် ညစဉ်ညတိုင်း ကပြဖျော်ဖြေသော ကချေသည်မကိုသာ ချစ်ခင်နှစ်သက်နေသည်။ ထို့ကြောင့် မိဖုရားကြီးသည် သဝန်တို စိတ်ဆိုးအမျက်ထွက်ပြီး ကချေသည်မ၏ ပျက်စီးရာပျက်စီးကြောင်းကို အမြဲကြံစည်နေ၏။

တစ်နေ့သောအခါ မိဖုရားကြီးသည် နန်းတွင်းသူတို့အား ခွေးလေးယားသီးအမှုန့်ကို ရှာခိုင်းလိုက်သည်။ ရရှိလာသောအခါ ကချေသည်မ၏ အိပ်ရာ၊ စောင်၊ အဝတ်အစားတို့၏ အကြား၌ ခွေးလေးယားသီးအမှုန့်တို့ကို ဖြူးထားခိုင်းလိုက်သည်။ ထိုမျှဖြင့် အားမရသေးဘဲ ကချေသည်မကို ကပြဖျော်ဖြေရန် ခေါ်လိုက်ပြီး ကပြဖျော်ဖြေနေစဉ်ပင် ကျီစယ်သည့်ဟန်ဖြင့် ကချေသည်မ ကိုယ်ပေါ်သို့ ခွေးလေးယားသီးအမှုန့်များ ကြဲချခဲ့သည်။ ထိုခဏ၌ပင် ကချေသည်မသည် တစ်ကိုယ်လုံး ယားယံသည့် ဝေဒနာကို အပြင်းအထန် ခံစားရလေသည်။ ယားလွန်း၍ ကုတ်သောအခါ အဖုအပိမ့်များ ထလာသည်။ ထိုအဖုအပိမ့်များကို လက်ဖြင့် ကုတ်ဖဲ့ရာ ကချေသည်မ၏ ခန္ဓာကိုယ်သည် ဖူးယောင် ပေါက်ပြဲပြီး သွေးများဖြင့် တစ်ကိုယ်လုံး ချင်းချင်းနီနေလေသည်။ ထိုဝေဒနာသက်သာစေရန် အိပ်ရာပေါ်သို့ သွားရောက်



လဲလျောင်းရာ အိပ်ရာပေါ်ရှိ ခွေးလှေးယားသီး အမှုန့်များက ပေါက်ပြဲနေသော အနာများကို ထပ်မံနှိပ်စက်ပြန်သဖြင့် ပိုမို ကြမ်းတမ်းသော ဝေဒနာများကြောင့် အိပ်ရာပေါ်တွင် လူးလိမ့်ပြီး အော်ဟစ်နေရရှာသည်။

မြတ်စွာဘုရားသည် ထိုအတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူ၍ ``ချစ်သမီးရောဟိနီ ... သင်ဟာ အတိတ်ဘဝက မနာလိုဝန်တိုမှု အလွန်အားကြီးတဲ့ မိဖုရားကြီး ဖြစ်ခဲ့ဖူးတယ်။ ကချေသည်မကို ပြုလုပ်ခဲ့ဖူးတဲ့ မကောင်းမှုကံကြောင့် နူနာရောဂါ ဖြစ်ရတယ်။ အတိတ်ဘဝကပြုခဲ့တဲ့ ကြမ်းကြုတ်ရက်စက်တဲ့ အမျက်ဒေါသနဲ့ မနာလိုဝန်တိုမှုတို့ရဲ့ ဆိုးကျိုးကို သိရှိပြီး အသိဉာဏ်နဲ့ မိမိစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ပါ။ ကိုယ်လုပ်ခဲ့တဲ့ မကောင်းတဲ့ကံတွေဟာ ကိုယ့်ကိုပဲ ဆိုးကျိုးတွေ ပြန်ပေးတတ်တယ်''ဟု ရောဟိနီမင်းသမီးကို တရားစကားဖြင့် ဆုံးမတော်မူသည်။


တရားတော်၏အဆုံး၌ ရောဟိနီမင်းသမီးနှင့် များစွာသော တရားနာပရိသတ်တို့ သောတာပန်ဖြစ်သွားကြ၏။ ထိုခဏ၌ပင် ရောဟိနီမင်းသမီး၏ ခန္ဓာကိုယ်သည်လည်း နူနာများပျောက်ကင်း၍ ရွှေရောင်အဆင်းကဲ့သို့ တောက်ပလာသည်။ ကွယ်လွန်သောအခါ နတ်ပြည်၌ သိကြားမင်း၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရသော နတ်မိဖုရားကြီး ဖြစ်သွားလေသည်။

မှီငြမ်း ။ ဓမ္မပဒ အဋ္ဌကထာ၊ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု၊ စ – တွဲ၊ ၅၄။ ဓမ္မ၊ ဌ၊ ၂၊ ၁၉၂။

## သင်ခန်းစာ (၁၀)
## သံဃာနုဿတိဘာဝနာ ပွားများခြင်း

အယူဝါဒ၊ အကျင့်သိက္ခာအားဖြင့် တူညီကြသော ရဟန်းတော်တို့၏ အပေါင်းအစု အသင်းအဖွဲ့ကို 'သံဃာ'ဟု ခေါ်သည်။ ဗုဒ္ဓဘာသာတို့ အမြတ်တနိုး တန်ဖိုးထားကြသည့် ရတနာမြတ်သုံးပါးတွင် သံဃာရတနာလည်း တစ်ပါးအပါအဝင် ဖြစ်သည်။

မြတ်စွာဘုရား တရားဦးဓမ္မစကြာကို ဟောတော်မူပြီးသောအခါ ပဉ္စဝဂ္ဂီငါးဦးသည် ပထမဦးဆုံး သံဃာတော်များအဖြစ်သို့ ရောက်တော်မူသည်။ ဘုရားရတနာ၊ တရားရတနာ ပေါ်ထွန်းပြီးသည့်နောက်တွင် မြတ်စွာဘုရား၏ အဆုံးအမ၊ လမ်းညွှန်ချက်များကို ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်မည့် သံဃာရတနာ ပေါ်ထွန်းရသည်မှာ ဓမ္မတာပင် ဖြစ်သည်။ သံဃာရတနာသာ မပေါ်ထွန်းခဲ့လျှင် ဗုဒ္ဓသာသနာသည် ကြာရှည်တည်တံ့မည် မဟုတ်ပေ။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ သာသနာတော်ကြီး မကွယ်ပျောက်ရလေအောင် မြတ်စွာဘုရား၏ တရားတော်များကို သံဃာတော်များက သင်္ဂါယနာ ခြောက်ကြိမ်တင်ခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည်။



မြတ်စွာဘုရား၏ မွန်မြတ်သော တရားတော်တို့သည် သံဃာတော်တို့၏ ကျေးဇူးကြောင့်ပင် တည်တံ့ထွန်းကားပြန့်ပွားရသည်။ ထို့ကြောင့် မြတ်စွာဘုရားနှင့် တရားတော်ကို ကြည်ညိုလေးစားသည်နှင့်အမျှ တရားတော်ကိုကျင့်ဆောင်သူ၊ ပို့ချသူ၊ စောင့်ရှောက်ထိန်းသိမ်းသူ သံဃာတော်များကိုလည်း ကြည်ညိုလေးစားကြရသည်။

သံဃာတော် အရှင်မြတ်တို့၏ ကြီးမားသောဂုဏ်ကျေးဇူးတို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်ခြင်းကို 'သံဃာနုဿတိဘာဝနာ ပွားများခြင်း' ဟု ခေါ်သည်။ သံဃာ့ဂုဏ်တော်ကို ပွားများရာတွင် နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်း၊ စိတ်ထဲ၌ အမှတ်ရနေခြင်းဟု နှစ်မျိုးရှိသည်။ ထိုသို့ပွားများသည့်အခါ သံဃာ့ဂုဏ်တော်တို့ကို နားလည်သဘောပေါက်ပြီးပွားများလျှင် ပို၍အကျိုးများပါသည်။

**သံဃာ့ဂုဏ်တော်တို့မှာ ကိုးပါးရှိသည်။ ထိုဂုဏ်တော်တို့မှာ –**

၁။ **သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော** (မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းမွန်စွာ ကျင့်တော်မူတတ်ပါပေ၏။)

အရိယာသံဃာတော်များသည် မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ကောင်းစွာ လိုက်နာကျင့်ကြံတော်မူကြပါသည်။

၂။ **ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော** (မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်ဖြောင့်မတ်မတ် ကျင့်တော်မူတတ်ပါပေ၏။)

အရိယာသံဃာတော်များသည် သူတစ်ပါးတို့ အထင်ကြီးအောင် ပစ္စည်းလာဘ်လာဘနှင့် ဒါယကာ၊ ဒါယိကာမ ပေါ်များအောင် ဟန်ဆောင်ပရိယာယ် မာယာတို့ဖြင့် စဉ်းလဲကောက်ကျစ်ခြင်း မရှိဘဲ နိဗ္ဗာန်သို့ ရောက်အောင် ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူကြပါသည်။

၃။ **ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော** (မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် နိဗ္ဗာန် ရောက်ရန်အလို့ငှာ ကျင့်တော်မူတတ်ပါပေ၏။)

အရိယာသံဃာတော်များသည် အလွန်ရှည်လျားသော သံသရာဝဋ်ဒုက္ခကို မြင်ကြသည်ဖြစ်၍ မိမိကိုယ်၌ ဝတ်ဆင်ထားသော အဝတ်၊ ဆံပင်တို့ကို မီးလောင်စေကာမူ မငြိမ်းအားဘဲ သံသရာဝဋ်ဒုက္ခမီး အငြိမ်းချုပ်ငြိမ်းစေရန် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံတော်မူကြပါသည်။

၄။ **သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော** (မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ရိုသေမှုနှင့် ထိုက်တန်အောင် ကျင့်တော်မူတတ်ပါပေ၏။)

ဒါယကာ၊ ဒါယိကာမတို့သည် အစားအသောက်၊ ကျောင်း၊ အိပ်ရာ၊ နေရာများကို ရိုရိုသေသေ လှူဒါန်းကြကုန်၏။ အရိယာသံဃာတော်များကလည်း ထိုကဲ့သို့ ရိုရိုသေသေ လှူဒါန်းမှုနှင့် ထိုက်တန်အောင် ကျင့်ကြံအားထုတ်တော်မူကြပါသည်။

၅။ **ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော** (အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်မျိုးရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အဝေးအရပ်မှ ဆောင်ယူလာ၍ ပေးလှူပူဇော်အပ်သော လှူဖွယ်ဝတ္ထုကို ခံယူတော်မူထိုက်ပါပေ၏။)



အရိယာသံဃာတော်များသည် လှူဒါန်းပူဇော်သူတို့အား ကြီးကျယ်မြင့်မြတ်သော သံသရာအကျိုးကို ပေးစွမ်းနိုင်သောကြောင့် အနီးအပါးကို မဆိုထားနှင့်၊ တစ်နယ်တစ်ကျေး ဝေးသောမြို့ရွာများမှ လှူဖွယ်များကို ယူဆောင်၍ ပေးလှူပူဇော်ခြင်းငှာပင် ထိုက်တန်တော်မူပါသည်။

၆။ **ပါဟုနေယျော** (ဧည့်သည်တို့အတွက် စီမံထားအပ်သော လှူဖွယ်ဝတ္ထုကို ခံယူတော်မူထိုက်ပါပေ၏။)

အရိယာသံဃာတော်များသည် ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူမှသာ တွေ့ကြုံရသဖြင့် ကြုံတောင့်ကြုံခဲ သူတော်စင်ဧည့်သည်များ ဖြစ်သည့်အားလျော်စွာ ခရီးသွားဧည့်သည်များအတွက် စီမံထားသော လှူဖွယ်ဝတ္ထုများကို ခံယူထိုက်ပါသည်။

၇။ **ဒက္ခိဏေယျော** (တမလွန်ဘဝအတွက် ရည်မျှော်၍ လှူဒါန်းအပ်သော လှူဖွယ်ဝတ္ထုကို ခံယူတော်မူထိုက်ပါပေ၏။)

မိမိ၏ နောင်တမလွန်ဘဝ ချမ်းသာရေးအတွက် လှူဒါန်းသော လှူဖွယ်ဝတ္ထုများနှင့် သေသူကို ရည်မှန်း၍ ပြုလုပ်သော ရက်လည်ဆွမ်း စသည်တွင် လှူဒါန်းသော လှူဖွယ်ဝတ္ထုများကို အရိယာသံဃာတော်များသည် ခံယူတော်မူထိုက်ပါသည်။

၈။ **အဉ္ဇလိကရဏီယော** (လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏။)

အရိယာသံဃာတော်များသည် တစ်လောကလုံးရှိ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ မြတ်မြတ်နိုးနိုး လက်အုပ်မိုး၍ ရှိခိုးမှုကို ခံယူတော်မူထိုက်ပါသည်။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** (လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ကောင်းမှုစိုက်ပျိုးရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏။)

အရိယာသံဃာတော်များသည် လယ်ယာမြေကောင်းနှင့်တူ၏။ အလှူရှင်များသည် လယ်ပိုင်ရှင်နှင့်တူ၏။ အလှူရှင်များ၏ လှူဒါန်းမှု၊ သီလ ဆောက်တည်မှု၊ တရားအားထုတ်မှုများသည် အောင်မြင်ပြီး အနှစ်ပြည့်ဝသော မျိုးစေ့နှင့်တူ၏။ လယ်ယာစိုက်ပျိုးရာ၌ ပေါင်းပင်၊ မြက်ပင် ကင်းသည့်လယ်ယာ၌ စိုက်ပျိုးသော မျိုးစေ့များသည် စည်ပင်ပြန့်ပွား ဖွံ့ဖြိုးကြီးပွားသကဲ့သို့ အလှူရှင်များသည် လှူဒါန်းမှုမျိုးစေ့တို့ကို လယ်ယာမြေကောင်းနှင့်တူသည့် အညစ်အကြေးကင်းသော အရိယာသံဃာတော်တို့၌ စိုက်ပျိုး ကြဲချလိုက်မှသာ နောင်အချိန်တွင် အလွန်ကြီးမားသော အကျိုးများကို ခံစားကြရပါလိမ့်မည်။

သာသနာတော်ကို အစဉ်အဆက် စောင့်ရှောက်တော်မူကြသော သံဃာတော်တို့၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့အမှတ်ရကာ သံဃာ့ဂုဏ်တော်တစ်ပါးပါးကိုဖြစ်စေ၊ ဂုဏ်တော်ကိုးပါးလုံးကိုဖြစ်စေ သံဃာနုဿတိဘာဝနာ ပွားများနိုင်သည်။

သံဃာနုဿတိဘာဝနာကို ပွားများသောသူသည် ရာဂ၊ ဒေါသ၊ မောဟ စသော ကိလေသာများ ထကြွသောင်းကျန်းသောစိတ် မဖြစ်နိုင်ပေ။ သံဃာတော်တို့၏ဂုဏ်ကို အာရုံပြုစဉ် စိတ်ကြည်လင်၍ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးချမ်းသာခြင်း၊ စိတ်တည်ကြည်ခြင်း စသော အကျိုးတရားများကို ရရှိနိုင်သည်။ သံဃာနုဿတိဘာဝနာ ပွားများ၍ တည်ကြည်သော စိတ်ဖြင့် ဝိပဿနာတရား အားထုတ်လျှင် နိဗ္ဗာန်ချမ်းသာကိုပင် ရရှိနိုင်သည်။

မှီငြမ်း ။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ဒု – တွဲ၊ ၃၂၈။ ရတနာ့ဂုဏ်ရည်၊ ၁၄၁။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| အစုံလေးစုံ၊ ပုဂ္ဂိုလ်ရှစ်ယောက် = | သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ် | = တစ်စုံ။ |
| | သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် | = တစ်စုံ။ |
| | အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် | = တစ်စုံ။ |
| | အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် | = တစ်စုံ။ |



# သင်ခန်းစာ (၁၁)
## ကျောင်းအမကြီး ဝိသာခါ



မြတ်စွာဘုရား လက်ထက်တော်အခါက အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့နေ ဓနဥ္စယသူဌေးနှင့် သူဌေးကတော် သုမနဒေဝီတို့တွင် ʻဝိသာခါʼ အမည်ရှိသော သမီးတစ်ယောက်ရှိ၏။ ဝိသာခါ ခုနစ်နှစ်အရွယ်တွင် ဘဒ္ဒိယမြို့သို့ ဘုရားရှင် ကြွတော်မူလာသည်။ ထိုအခါ အဖိုးဖြစ်သူ မေဏ္ဍကသူဌေးကြီးက မြေးမ ဝိသာခါကို အခြွေအရံ သတို့သမီးငါးရာတို့နှင့်အတူ ဘုရားရှင်အား သွားရောက် ကြိုဆိုစေ၏။

ဝိသာခါသည် အဖိုး၏ စေခိုင်းတိုက်တွန်းချက်အရ အခြွေအရံအမျိုးသမီးငါးရာနှင့်အတူ ဘုရားရှင်အား ခရီးဦးကြိုကာ သင့်လျော်သောနေရာ၌ထိုင်၍ ရှိခိုးကန်တော့သည်။ ဘုရားရှင်သည် ဝိသာခါအား တရားဟောကြားတော်မူရာ တရားတော်အဆုံးတွင် ဝိသာခါနှင့်တကွ အခြွေအရံငါးရာတို့ သောတာပန်ဖြစ်သွားကြသည်။ နောင်တွင် ပသေနဒီကောသလမင်းကြီး၏ ဖိတ်ကြားချက်အရ ဝိသာခါတို့ မိသားစုသည် ကောသလတိုင်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ကောသလတိုင်း သာဝတ္ထိမြို့မှ ခုနစ်ယူဇနာ ဝေးကွာသော အရပ်တွင် သာကေတဟူသော မြို့သစ်ကို တည်ထောင်ကာ အခြေချ နေထိုင်ကြသည်။

ဝိသာခါသည် ဆံပင်၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်းဟူသော ကောင်းခြင်းငါးဖြာတို့နှင့် ပြည့်စုံ၍ အလွန်လှပတင့်တယ်သည်။ ဝိသာခါ (၁၆) နှစ်အရွယ် ရောက်သောအခါ သာဝတ္ထိမြို့မှ မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဍနသတို့သားနှင့် အိမ်ထောင်ကျ၏။ မင်္ဂလာပွဲသို့ ပသေနဒီကောသလမင်းကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်သည်။ ဓနဥ္စယသူဌေးကြီးသည် သမီးဝိသာခါအတွက် အသပြာကိုးကုဋေ တန်ဖိုးရှိသော မဟာလတာတန်ဆာကို ပြုလုပ်ပေး၏။

နောက်တစ်နေ့တွင် ဓနဥ္စယသူဌေးကြီးသည် ဝိသာခါအတွက် ပညာရှိသူဌေးကြီး ရှစ်ဦးကို ခန့်အပ်ကာ ʻʻအကယ်၍ ရောက်လေရာအရပ်၌ အကျွန်ုပ်သမီး အပြစ်တစ်စုံတစ်ရာ ရှိခဲ့သော် အမောင်တို့က ဖြေရှင်းပေးကြပါʼʼဟု ပြောဆိုကာ အပ်နှံလိုက်၏။ သမီးဝိသာခါအတွက် ဥစ္စာပစ္စည်းများ

နှင့် အခြွေအရံ ခြောက်များစွာကိုလည်း ထည့်ပေးလိုက်သည်။

မိဂါရသူဌေးကြီးသည် ဝိသာခါ သာဝတ္ထိမြို့သို့ ရောက်သောအခါ ခုနစ်ရက်တိုင်တိုင် မင်္ဂလာဧည့်ခံပွဲ ကျင်းပပြုလုပ်ပေးသည်။ ခုနစ်ရက်မြောက်သောနေ့တွင် အဝတ်မဝတ်သော တက္ကတွန်းတို့ကို တစ်အိမ်လုံးအပြည့် ဖိတ်ခေါ်နေရာပေးပြီးလျှင် ''သမီး ... လာလော့။ ရဟန္တာတို့ကို ရှိခိုးလှည့်လော့'' ဟု ဝိသာခါအထံသို့ သတင်းပို့စေ၏။ ဝိသာခါသည် ရဟန္တာဟူသော စကားကို ကြားရလျှင် ဝမ်းသာအားရ ဖူးမြင်ရန်ထွက်လာ၏။ သို့သော် အဝတ်မပါသော တက္ကတွန်းများကို တွေ့ရသောအခါ ''အရှက်အကြောက်တရားကင်းမဲ့သည့် ဤတက္ကတွန်းများသည် အဘယ်မှာ ရဟန္တာ ဖြစ်နိုင်ပါအံ့နည်း'' ဟု စိတ်အပျက်ကြီးပျက်ကာ ကဲ့ရဲ့ရှုတ်ချ၍ မိမိတိုက်ခန်းသို့ ပြန်လှည့်ခဲ့လေသည်။ တက္ကတွန်းတို့သည် ထိုအခြင်းအရာကို မြင်၍ ဝိသာခါကို အိမ်မှနှင်ထုတ်ရန် မိဂါရသူဌေးကြီးအား ဝိုင်းဝန်းပြောဆိုကြ၏။ သို့ရာတွင် မိဂါရသူဌေးကြီးသည် ဆွေကြီးမျိုးကြီးဖြစ်သော ဝိသာခါကို ထိုအပြစ်မျှဖြင့် အိမ်မှနှင်ထုတ်ရန် မဖြစ်နိုင်ပေ။

တစ်နေ့တွင် ဝိသာခါသည် ရေမရောသည့် ချိုမြိန်သော နို့ဃနာထမင်းကို ရွှေခွက်၌ ထည့်ကာ ယောက္ခမဖြစ်သူ မိဂါရသူဌေးအား တရိုတသေ ပြုစုလုပ်ကျွေးနေခိုက် ဆွမ်းခံမထေရ်တစ်ပါးသည် အိမ်ရှေ့တွင် ဆွမ်းခံရပ်လေသည်။ သူဌေးကြီးသည် ထိုမထေရ်ကို မြင်သော်လည်း မမြင်ယောင်ဆောင်ကာ မျက်နှာအောက်ချ၍ စားနေ၏။ ဝိသာခါသည် မထေရ်မြတ်ထံ သွားရောက်ကာ ''အရှင်ဘုရား ... ကန်တော့ဆွမ်းပါဘုရား။ တပည့်တော်မ၏ ယောက္ခမကြီးသည် အဟောင်းအမြင်းကိုသာ စားသုံးနေပါသည်ဘုရား'' ဟု လက်အုပ်ချီ လျှောက်ထားလေသည်။

ဝိသာခါ လျှောက်ထားသော ထိုစကားကို မိဂါရသူဌေးကြီး ကြားရ၍ မခံမရပ်နိုင်ဖြစ်ကာ ''မင်္ဂလာရှိသောအိမ်၌ မင်္ဂလာရှိသော နို့ဃနာထမင်းကို စားသုံးနေသောငါ့အား မစင်ကို စားသုံးသူ ဖြစ်အောင် ပြောဆို၏။ ယခုပင် ဝိသာခါအား အိမ်မှ ဆွဲထုတ်ကြ။ နှင်ထုတ်ကြ'' ဟု အမိန့်ပေးလေသည်။ သို့ရာတွင် မည်သူမျှ ဝိသာခါအား ဆွဲမထုတ်ဝံ့ကြပေ။

ဝိသာခါသည် ''အို ဖခင် ... ဤမျှဖြင့် အလွယ်တကူ ထွက်မသွားနိုင်ပါ။ ဤသာဝတ္ထိမြို့သို့ လာသည့်နေ့က ကျွန်မ၏ဖခင်သည် ကျွန်မကို ပညာရှိသူဌေး ရှစ်ဦးတို့၏ အထံ၌ အပ်နှံကာ ထည့်လိုက်ပါသည်။ ထိုသူဌေးရှစ်ဦးတို့ကို ခေါ်၍ ကျွန်မ၌ အပြစ်ရှိ၊ မရှိ စစ်ဆေးစေလိုပါသည်'' ဟု ယဉ်ကျေးစွာ ပြောဆို၏။

ထိုအခါ မိဂါရသူဌေးသည် ပညာရှိသူဌေး ရှစ်ဦးကို ခေါ်စေ၍ ''အာမခံသူဌေးမင်းတို့ ... ဤဝိသာခါသည် ကျွန်ုပ်ကို မစင်စားသူဟူ၍ ပြောဆိုသည်'' ဟု တိုင်ကြားလေသည်။ ဝိသာခါကလည်း ''ကျွန်မသည် ဤကဲ့သို့ ယောက္ခမကို မစင်စားသူဟူ၍ မပြောဆိုမိပါ။ အမှန်မှာ အိမ်ရှေ့သို့ ဆွမ်းခံမထေရ်တစ်ပါး ကြွလာသည်ကို မသိချင်ယောင် ဆောင်နေသောကြောင့် ကျွန်မက မနေနိုင်၍ 'အရှင်ဘုရား ... ကန်တော့ဆွမ်းပါ။ တပည့်တော်မ၏ ယောက္ခမသည် ယခုဘဝ၌ အသစ်ဖြစ်သော ကုသိုလ်ကို မပြုပါ။ အဟောင်းဖြစ်သော ကုသိုလ်ကောင်းမှု၏ အကျိုးကိုသာ စားသုံးနေပါသည်' ဟူသော အဓိပ္ပာယ်ဖြင့် 'တပည့်တော်မ၏ ယောက္ခမကြီးသည် အဟောင်းအမြင်းကိုသာ စားသုံးနေပါသည်

ဘုရား'ဟု ပြောဆိုမိပါသည်။ ထိုသို့ ပြောဆိုမိသောကြောင့် ကျွန်မအား အဘယ်ကဲ့သို့သော အပြစ်ရှိပါသနည်း''ဟု ရှင်းလင်း ပြောဆို၏။

သူဌေးကြီးရှစ်ဦးက ''အရှင်သူဌေးမင်း ... သမီးဝိသာခါသည် အမှန်ကိုသာ ပြောဆို၏။ သမီးတွင် အပြစ်မရှိပါ''ဟု ပြောဆိုကြသည်။ ထိုအခါ မိဂါရသူဌေးကြီးသည် ဝိသာခါအား ပြန်လည် တောင်းပန်သည်။ ဝိသာခါသည် ''မြတ်စွာဘုရားနှင့် တပည့်သားသံဃာတော်တို့အား ဆွမ်းလှူဒါန်းခွင့် မရလျှင် ဤအိမ်၌ ဆက်၍ မနေနိုင်ပါ''ဟု တစ်ဆင့်တက်၍ တောင်းဆိုခဲ့သည်။ မိဂါရသူဌေးကြီးသည်လည်း ဝိသာခါ၏ တောင်းဆိုချက်ကို လိုက်လျောခွင့်ပြုခဲ့ရ၏။


နောက်တစ်နေ့တွင် ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ် လှူဒါန်း၏။ ဆွမ်းကိစ္စပြီး၍ မြတ်စွာဘုရား တရားဟောသောအခါ မိဂါရသူဌေးကြီးသည် တရားတော်ကို နာကြားရင်း သောတာပန် ဖြစ်သွားခဲ့သည်။

သောတာပန်ဖြစ်သွားသော သူဌေးကြီးသည် ဝိသာခါအား ''ချစ်သမီး ... သင်သည် ယနေ့မှစ၍ ငါ၏ မိခင်ပေတည်း''ဟု ဝမ်းမြောက်စကား ပြောကြားကာ မိခင်အရာ၌ ထားလေသည်။ ထိုအချိန်မှစ၍ ဝိသာခါသည် 'မိဂါရမာတာ'ဟု အမည်တွင်လေသည်။ နောက်တစ်နေ့တွင်လည်း ဆွမ်းဘုဉ်းပေးကြွရောက် ချီးမြှင့်တော်မူရန် မိဂါရသူဌေးကြီးက မြတ်စွာဘုရားအား ပင့်ဖိတ်လျှောက်ထားလေသည်။ နောက်တစ်နေ့တွင် မြတ်စွာဘုရားထံမှ တရားနာကြားရ၍ ဝိသာခါ၏ ယောက္ခမ သူဌေးကတော်ကြီး သောတာပန် ဖြစ်သွားခဲ့သည်။

ထိုအချိန်မှစ၍ မိဂါရသူဌေးကြီး၏အိမ်သည် သာသနာတော်အတွက် တံခါးဖွင့်ပြီးသား ဖြစ်သွားတော့၏။ နောင်အခါ ဝိသာခါသည် သာဝတ္ထိမြို့၏ အရှေ့အရပ်တွင် အသပြာကိုးကုဋေဖြင့် မြေနေရာ ဝယ်ယူပြီး နောက်ထပ် အသပြာကိုးကုဋေဖြင့် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းလွှတ်ပူဇာ ရေစက်ချ အခမ်းအနားကြီးကိုလည်း အသပြာကိုးကုဋေ အကုန်အကျခံကာ လေးလကြာသည်အထိ ခမ်းနားကြီးကျယ်စွာ ကျင်းပပြုလုပ်ခဲ့သည်။ ထို့ပြင် မြတ်စွာဘုရား အထံတော်မှ ဆုရှစ်ပါးကိုလည်း တောင်းဆိုခဲ့သည်။

**ဝိသာခါတောင်းသော ဆုရှစ်ပါးမှာ ...**

၁။ သံဃာတော်တို့အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်း လှူဒါန်းခွင့် ရလိုခြင်း၊
၂။ ဧည့်သည် အာဂန္တုရဟန်းတို့အား အသက်ထက်ဆုံး ဆွမ်းလှူဒါန်းခွင့် ရလိုခြင်း၊
၃။ ခရီးသွားရဟန်းတို့အား အသက်ထက်ဆုံး ဆွမ်းလှူဒါန်းခွင့် ရလိုခြင်း၊
၄။ ဂိလာနရဟန်းတို့အား အသက်ထက်ဆုံး ဆွမ်းလှူဒါန်းခွင့် ရလိုခြင်း၊
၅။ သူနာပြုရဟန်းတို့အား အသက်ထက်ဆုံး ဆွမ်းလှူဒါန်းခွင့် ရလိုခြင်း၊
၆။ ဂိလာနရဟန်းတို့အား အသက်ထက်ဆုံး ဆေးလှူဒါန်းခွင့် ရလိုခြင်း၊
၇။ ရဟန်းတို့အား အသက်ထက်ဆုံး ယာဂုလှူဒါန်းခွင့် ရလိုခြင်း၊
၈။ ရဟန်းမတို့အား အသက်ထက်ဆုံး ရေသနုပ်သင်္ကန်း လှူဒါန်းခွင့် ရလိုခြင်းတို့ ဖြစ်၏။



ထိုဆုရှစ်ပါးတို့ကို ဘုရားရှင်ကလည်း ချီးမြှင့်တော်မူသည်။ သာဝတ္ထိမြို့သို့ ကြွရောက်လာသော ရဟန်းတော်များ အားလုံးကို လှူဒါန်းထောက်ပံ့လိုခြင်းနှင့် မိမိ၏သဒ္ဓါတရား၊ ကုသိုလ်တရားများ ပိုမိုတိုးပွားလိုခြင်းတို့ကြောင့် ထိုဆု (၈) ပါးကို တောင်းဆိုခြင်း ဖြစ်သည်။

ဘုရားရှင် အထံတော်မှ ဆုရှစ်ပါး ရရှိပြီးသောအခါ ဝိသာခါသည် အာဂန္တုရဟန်း စသည်တို့အား ဆွမ်းစသည်တို့ကို အဆက်မပြတ် လှူဒါန်းခဲ့သည်။ ထို့ကြောင့် ဝိသာခါ၏ အိမ်သည် အာဂန္တုရဟန်း၊ ဂိလာနရဟန်း စသည်တို့ဖြင့် နေ့စဉ် စည်ကားလျက် ရှိသည်။ သာဝတ္ထိမြို့သို့ ရောက်လာသော အာဂန္တုရဟန်း၊ ခရီးသွားရဟန်းတို့သည် မရင်းနှီးမကျွမ်းဝင်သည့် နေရာတွင် ဆွမ်းခံလှည့်လည်ရန် မလိုတော့ပေ။ ကျောင်းအမကြီး ဝိသာခါ၏အိမ်သို့ ကြွရောက်ဘုဉ်းပေးကာ လိုရာခရီးသို့ အချိန်မီ ကြွမြန်းနိုင်ကြ၏။ မကျန်းမမာ ဖျားနာသော ရဟန်းတို့သည်လည်း သင့်လျော်သော ခဲဖွယ်ဘောဇဉ်များ၊ ဆေးဝါးဓာတ်စာများကို အလွယ်တကူ အလှူခံနိုင်ကြသည်။ သူနာပြုရဟန်းများသည်လည်း ဆွမ်းခံစရာ မလိုတော့၍ ဂိလာနရဟန်းကို အချိန်ပေး ပြုစုနိုင်ကြသည်။ ထိုသို့ ရဟန်းတော်များကို ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းထောက်ပံ့သကဲ့သို့ ရဟန်းတော်များ ကြည်ညိုဖွယ်ဆောင်ကြစေရန်နှင့် တရားဓမ္မများကို ချမ်းသာစွာ အားထုတ်နိုင်ကြစေရန် မိခင်ပမာ စောင့်ရှောက်ခဲ့သည်။

ဝိသာခါသည် နေ့စဉ် နံနက်ပိုင်းတွင် ရဟန်းသံဃာတို့အား ဆွမ်းဆက်ကပ်လှူဒါန်း၏။ နေ့ခင်းပိုင်းတွင် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်များ သီတင်းသုံးရာကျောင်းသို့သွား၍ ဆေးပစ္စည်းများ၊ အဖျော်ရည်များကို ဆက်ကပ်လှူဒါန်း၏။ ညနေပိုင်းတွင် ဘုရားရှင်၏ တရားတော်ကို

နာယူကာ အိမ်သို့ ပြန်လေ့ရှိသည်။ ဝိသာခါသည် ထိုကဲ့သို့ စေတနာသဒ္ဓါ ထက်သန်စွာ ဘုရားအမှူးရှိသော သံဃာတော်တို့အား နေ့စဉ်လှူဒါန်းပူဇော်လေ့ရှိသည်။ သို့ဖြစ်၍ မြတ်စွာဘုရားသည် ဝိသာခါအား ``စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်မ ဥပါသိကာတို့တွင် ဝိသာခါသည် အသာဆုံး အမြတ်ဆုံး ဖြစ်၏''ဟူသော ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့သည်။

မှီငြမ်း ။ မဟာဝဂ်ပါဠိတော် မြန်မာပြန်၊ ၄၀၇။ ဓမ္မပဒ အဋ္ဌကထာ၊ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု၊ ဒု၊ ၉၀။ မဟာဗုဒ္ဓဝင်၊ ဆ – တွဲ၊ ဒု၊ ၂၄၃။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| မဟာလတာတန်ဆာ | = | ရတနာများဖြင့် ပန်းနွယ်ပန်းပြောက် စီခြယ်ထားသော ထူးမြတ်သည့် အမျိုးသမီး အဝတ်တန်ဆာ။ |
| မိုးရေခံသင်္ကန်း | = | မိုးလေးလအတွင်း အသုံးပြုရန် ဝိနည်းတော်အရ ခွင့်ပြုထားသော သင်္ကန်း။ |
| ရေသနုပ်သင်္ကန်း | = | ရေလဲသင်္ကန်း။ |
| သူနာပြု | = | မကျန်းမမာ ဖျားနာသူကို ပြုစုသူ။ |
| ဂိလာန | = | ဖျားနာသူ။ |

# သင်ခန်းစာ (၁၂)
# သတိဖြင့် နေထိုင်ခြင်း



“လောကသားတို့ ချမ်းသာဖို့အတွက် တရားတော်မြတ် ပေါ်ပေါက်လာခြင်းဖြစ်သည်” ဟု ဆိုသည့်အတိုင်း မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် လောကလူသားတို့အား မျက်မှောက်ဘဝချမ်းသာ၊ တမလွန်ဘဝချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာတို့ကို ပေးစွမ်းနိုင်သည်။ အဆိုပါတရားတော်တို့တွင် ကုရုတိုင်း၊ ကမ္မာသဒမ္မရွာကြီးတွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော မဟာသတိပဋ္ဌာနသုတ်လာ သတိပဋ္ဌာန်ကျင့်စဉ်တရားတော်သည် အဆိုပါချမ်းသာသုံးမျိုးလုံးကို ပေးစွမ်းနိုင်ပေသည်။

သတိပဋ္ဌာန်ကျင့်စဉ်၌ ‘သတိပဋ္ဌာန်’ ဟူသောစကားသည် ‘သတိ + ပဋ္ဌာန’ ဟူသောပါဠိမှ ဆင်းသက်လာသည်။ ‘သတိ’ ဆိုသည်မှာ အောက်မေ့ခြင်း၊ အမှတ်ရခြင်း၊ ‘ပဋ္ဌာန’ ဆိုသည်မှာ မြဲမြံစွာ တည်ခြင်းဟု အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် ‘သတိပဋ္ဌာန်’ ဟူသည် အာရုံတစ်ခုအပေါ်၌ မြဲမြံစွာ တည်နေခြင်းဟု အဓိပ္ပာယ်ရသည်။ မိမိလုပ်နေသော အပြုအမူများ၊ ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသော ဝေဒနာများ၊ မိမိ၏ စိတ်အခြေအနေများ၊ တရားသဘောများအပေါ် သတိထားနေခြင်းကို သတိဖြင့် နေခြင်းဟု ခေါ်သည်။

**သတိထား၍နေရမည့် အရာလေးမျိုးရှိသည်။ ထိုလေးမျိုးတို့မှာ –**

၁။ ကာယာနုပဿနာ သတိပဋ္ဌာန် – ကိုယ်ကာယအပြုအမူအပေါ်၌ သတိရှိခြင်း၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် – ဖြစ်ပေါ်နေသော ဝေဒနာအပေါ်၌ သတိရှိခြင်း၊

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် – မိမိ၏ စိတ်အခြေအနေများအပေါ်၌ သတိရှိခြင်း၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် – တရားသဘောများ၌ သတိရှိခြင်းတို့ ဖြစ်သည်။

သတိပဋ္ဌာန်ကျင့်စဉ်ကို နေရာမရွေး၊ အချိန်မရွေး၊ လူမျိုး၊ ဘာသာမရွေး အားထုတ်နိုင်သည်။ သတိပဋ္ဌာန်ကျင့်စဉ်၏ အဓိကအချက်သည် အထက်ဖော်ပြပါလေးမျိုးအနက် တစ်မျိုးမျိုးအပေါ်၌ သတိဖြင့် ရှုမှတ်ဆင်ခြင်နေခြင်းပင်ဖြစ်သည်။

အစာစားနေပါက စားမှန်းသိနေခြင်းသည် သတိရှိခြင်းမည်၏။ အသက်ရှူနေစဉ် နှာသီးဝမှ ဝင်လေ ထွက်လေကို ဝင်မှန်းထွက်မှန်း သိနေခြင်းသည် သတိရှိခြင်းမည်၏။ ထိုနည်းတူ လျှောင်း၊ ထိုင်၊ ရပ်၊ သွား စသည့် မိမိ၏ ကိုယ်အမူအရာတိုင်းကို စဉ်ဆက်မပြတ် သိနေအောင် ကြိုးစားအားထုတ်လျှင် ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပါသည်။

မိမိ၏သန္တာန်၌ ဒုက္ခဝေဒနာဖြစ်ပေါ်လာသောအခါ ခံစားနေရသည့်အတိုင်း ဒုက္ခဝေဒနာဟု သိနေခြင်းသည် သတိရှိခြင်းမည်၏။ အခြားသော သုခဝေဒနာစသည်တို့ ဖြစ်ပေါ်လာသည့်အခါတွင်လည်း သုခဝေဒနာစသည်ဖြင့် အရှိအတိုင်း သိနေခြင်းသည် သတိရှိခြင်းမည်၏။ ထိုသို့ ဝေဒနာအပေါ်တွင် အရှိအတိုင်း သိနေအောင် ကြိုးစားအားထုတ်လျှင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါသည်။

မိမိစိတ်ဖြစ်စဉ်တွင် လိုချင်တပ်မက်စိတ် ဖြစ်ပေါ်လာလျှင် ထိုစိတ်ဖြစ်နေသည်ဟု သိခြင်းသည် သတိရှိခြင်းမည်၏။ ထိုနည်းတူ ဒေါသစိတ်၊ ဒေါသမရှိသောစိတ်၊ မောဟစိတ်၊ မောဟမရှိသောစိတ် စသည့်စိတ်များ ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာသည့်အတိုင်း သိနေခြင်းသည် သတိရှိခြင်းမည်၏။ ထိုသို့ စိတ်အခြေအနေ အမျိုးမျိုးကို ဖြစ်ပေါ်လာသည့်အတိုင်း သိနေအောင် ကြိုးစားအားထုတ်လျှင် စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်ပါသည်။

အထက်ဖော်ပြပါသုံးမျိုးမှ ကြွင်းသောတရားများဖြစ်သည့် ရုပ်၏ ဖောက်ပြန်မှုသဘော၊ ကာမ၊ မစ္ဆရိယစသော မကောင်းသော စေတသိက်များနှင့် သဒ္ဓါ၊ ဝီရိယစသော ကောင်းသောစေတသိက်များ မိမိ၏သန္တာန်၌ ဖြစ်ပေါ်လာသော် ဖြစ်ပေါ်လာသည့်အတိုင်း သိနေအောင် ကြိုးစားအားထုတ်လျှင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါသည်။

သတိပဋ္ဌာန်ကျင့်စဉ်သည် ဘာသာရေးသက်သက် လုပ်ငန်းဖြစ်သည်ဟု အများက ယူဆနေကြသည်။ သို့သော် သတိပဋ္ဌာန်ကျင့်စဉ်သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးကိစ္စတို့ဖြင့် နေ့စဉ် ကြိုးစားရုန်းကန် နေကြရသော လောကလူသားအတွက်လည်း များစွာ အကျိုးကျေးဇူးပြုနိုင်ပါသည်။ စီးပွားရေးစသည့် လောကီကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် စိတ်ဓာတ်ကြံ့ခိုင်ရန် အလွန်အရေးကြီးပါသည်။ အဆင်ပြေသည့်အခါ မာန်တက်ယစ်မူးခြင်း မဖြစ်ဖို့ သတိနှင့် ထိန်းရမည်ဖြစ်သကဲ့သို့ အဆင်မပြေသောအခါ အလွန်အမင်း စိတ်ကျညှိုးငယ် မသွားဖို့လည်း သတိကိုပင် အားကိုးရပေမည်။

လူများစွာတို့သည် အဆင်မပြေသည့်အခါ အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အိပ်ဆေးသောက်ခြင်း စသည့် မမှန်ကန်သော နည်းများကို အသုံးပြု၍ ဖြေဖျောက်တတ်ကြသည်။ ဤသို့ဖြင့် ပြဿနာများ ပြေလည်မသွားဘဲ စိတ်ကျရောဂါ ခံစားရခြင်းစသည့် မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုးများပါ ဖြစ်ပေါ်လာပြီး အဆိုးသံသရာမှာ နစ်မွန်းနေကြသည်။ ထိုအခြေအနေ

မျိုးတွင် ဖြစ်နေသည့် အခြေအနေကို မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်ပြီး သတိပဋ္ဌာန်ကျင့်စဉ်ကို သုံးခြင်းသည်သာ ပြဿနာအတွက် အကောင်းဆုံးအဖြေ ဖြစ်ပေသည်။

သတိပဋ္ဌာန်ကျင့်စဉ်နည်းအတိုင်း သတိဖြင့်ရှုမှတ်ဆင်ခြင်ခြင်း အလေ့အကျင့်ကို ပြုလုပ်ပေးပါက မိမိလုပ်နေသော အလုပ်တိုင်း သတိကပ်၍နေမည်။ မိမိခံစားနေရသော ဝေဒနာ၊ စိတ်ဖြစ်စဉ်တို့အပေါ်တွင်လည်း အရှိအတိုင်း သတိကပ်၍နေမည်။ သတိကပ်၍နေခြင်းနှင့်အတူ အမှန်အတိုင်းသိနေသဖြင့် အသိဉာဏ်များလည်း တဖြည်းဖြည်း တိုးပွားလာပါမည်။

သတိပဋ္ဌာန်ကျင့်စဉ်သည် နိဗ္ဗာန်သို့သွားရာ တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပြီး သတိပဋ္ဌာန်ကျင့်စဉ်ကို ကျင့်သုံးလျှင် (၁) စိတ်အညစ်အကြေး ကင်းစင်ခြင်း၊ (၂) စိုးရိမ်သောက ကင်းဝေးခြင်း၊ (၃) ငိုကြွေးမြည်တမ်းမှု မရှိခြင်း၊ (၄) ကိုယ်ဆင်းရဲဒုက္ခ ငြိမ်းအေးခြင်း၊ (၅) စိတ်နှလုံးမသာမယာ မဖြစ်ခြင်း၊ (၆) နိဗ္ဗာန်ကိုသိမြင်ကြောင်း အရိယာမဂ်ကိုရရှိခြင်း၊ (၇) နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်ခြင်း ဟူသော အကျိုးကျေးဇူးခုနစ်မျိုးကို ရရှိနိုင်ကြောင်း မြတ်စွာဘုရားဘုရားရှင်သည် မဟာသတိပဋ္ဌာန်သုတ်တော်တွင် အတိအလင်း ဟောကြားတော်မူခဲ့ပါသည်။

မှီငြမ်း ။ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ၇၆။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်၊ ၁။

## သင်ခန်းစာ (၁၃)
## ရေစက်ချ၊ အမျှဝေ



မြန်မာနိုင်ငံတွင် ဘုရား၊ ကျောင်း၊ ဇရပ် စသည်တို့ ဆောက်လုပ်လှူဒါန်းခြင်းအပါအဝင် အလှူဒါနအမျိုးမျိုး ပြုလုပ်ရာတွင် ရေစက်ချ၍ လှူဒါန်းလေ့ရှိကြသည်။ ရေစက်ချ လှူဒါန်းခြင်းတွင် အလှူဒါနတစ်ခုခု ပြုလုပ်ခြင်း၊ ဆုတောင်းခြင်း၊ အမျှဝေခြင်းဟူ၍ အချက်သုံးချက် ပါဝင်သည်ကို တွေ့ရသည်။ ထိုအချက်သုံးချက်ကို ရေစက်ချသည်ဖြစ်စေ၊ မချသည်ဖြစ်စေ ပြုလုပ်၍ ရသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ အလှူတစ်ခုခု ပြုလုပ်တိုင်း အလှူရှင်များသည် မိမိတို့အလှူကို အကြောင်းပြု၍ ဆုတောင်းမှု၊ အမျှဝေမှု ပြုလုပ်ရာတွင် ခွက်တစ်ခုခုဖြင့် ရေစက်ချ ဆုတောင်းအမျှဝေရမှ ပြည့်စုံသလိုခံစားကြရ၏။ ထိုသို့ဖြစ်ရခြင်းသည် ပိဋကတ်ကျမ်းဂန်လာ ဖြစ်စဉ်ဖြစ်ရပ်များကြောင့် ဖြစ်နိုင်ပေသည်။

ဘုရားအလောင်း ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော်ကို လှူရာ၌ အလှူခံပုဏ္ဏားတို့၏ လက်၌ ဆင်နှာမောင်းကို ထည့်၍ ရေကို သွန်းလောင်းကာ ပေးလှူခဲ့သည်။ ဇေတဝန်ကျောင်း လှူဒါန်းသော အနာထပိဏ်သူဌေးကြီးသည် ရွှေကရားဖြင့် မြတ်စွာဘုရားလက်တော်၌ ရေသွန်းလောင်း၍ ပေးလှူခဲ့သည်။ ထိုသို့ လှူဒါန်းသောအခါ ''ဤဇေတဝန်ကျောင်းတိုက်ကြီးသို့ လာပြီး၊ လာလတ္တံ့ ဖြစ်ကုန်သော အရပ်လေးမျက်နှာရှိ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ပေးလှူပါ၏''ဟု ဆိုရွတ်ကာ ပေးလှူခဲ့သည်ကို တွေ့ရ၏။ ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်အား ဝေဠုဝန်ဥယျာဉ်ကို ပေးလှူရာအခါနှင့် သီဟိုဠ်ကျွန်းတွင် ဒေဝါနံပိယတိဿမင်းကြီးက အရှင်မဟိန္ဒမထေရ်အား မဟာမေဃဝန်ဥယျာဉ်ကြီးကို ပေးလှူရာအခါ တို့၌လည်း အလားတူ တွေ့ရ၏။

အလှူဒါနပြုလုပ်ရာ၌ ရေစက်သွန်းချသည့် ဓလေ့သည် ရှေးပဝေသဏီကပင် မြန်မာနိုင်ငံ၌ ရှိခဲ့သည်။ သို့သော် ကျမ်းဂန်လာ အထက်ဖော်ပြပါ ရေစက်ချလှူဒါန်းဟန်များနှင့် အနည်းငယ် ကွဲပြားမှု ရှိပါသည်။ မြန်မာတို့ရေစက်ချပုံမှာ ခွက်၊ ကရား စသည်တို့ဖြင့် အခြားခွက်တစ်ခုထဲသို့ သွန်းလောင်းချကြသည်။

ရေစက်ခွက်ထဲရှိ ရေသည် အလှူရှင်၏ သန့်ရှင်းသော လှူဖွယ်ပစ္စည်းနှင့် ကြည်လင်သော သဒ္ဓါစိတ်၏ ကိုယ်စားအဖြစ်နှင့် အောက်ခံရေခွက်သည် အလှူခံပုဂ္ဂိုလ်၏ သင်္ကေတဟု မှတ်ယူကြပါသည်။ ရေကို အကုန်အစင် သွန်းလောင်းလိုက်ခြင်းကား လှူဖွယ်ဝတ္ထုအပေါ်၌ တွယ်တာတပ်မက်မှုမရှိ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်လိုက်ခြင်းဖြစ်ပါသည်။ ရေတစ်စက်ချင်း ချ၍ဖြစ်စေ၊ အကုန်လောင်း၍ ဖြစ်စေ ရေစက်ချနိုင်ပါသည်။ အထူးသတိပြုရန်မှာ ရေစက်ချမှ အလှူမြောက်သည် မဟုတ်ဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလိုသော စိတ်ဖြင့် အလှူခံပုဂ္ဂိုလ် တစ်ဦးဦးအား စွန့်ကြဲပေးကမ်း လှူဒါန်းလိုက်သည်နှင့် တစ်ပြိုင်နက် အလှူဒါန အထမြောက်သွားပြီ ဖြစ်ပါသည်။

ယခုခေတ် ရေစက်ချရာ၌ ဆုတောင်း၊ အမျှဝေသည့် အမှုကိစ္စ အဆင်ပြေချောမွေ့စေရန် ရဟန်းတော်များက အလှူရှင်များကိုယ်စား ရှေ့ကတိုင်ပေး၍ အလှူရှင်များက နောက်က လိုက်ဆိုကြ၏။ အမှန်အားဖြင့် အလှူရှင်ကိုယ်တိုင် ပြုလုပ်သင့်သော အလုပ်ပင်ဖြစ်သည်။ သို့မှသာ မိမိလှူဒါန်းခြင်း၏ ရည်ရွယ်ချက်အတိုင်း ဦးစားပေးအမျှပေးဝေလိုသူကို အမျှပေးဝေနိုင်ပြီး ရယူလိုသည့် ဆုအမျိုးမျိုးကိုလည်း တောင်းဆိုနိုင်မည် ဖြစ်၏။

အမျှဝေသည့်အခါ ရည်စူးပြုလုပ်သူကို ပဓာနထားရသော်လည်း မည်သူ့ကိုမျှ ချန်မထားဘဲ (၃၁) ဘုံသားအားလုံး မိမိနှင့် ထပ်တူထပ်မျှ ကုသိုလ်ကောင်းမှုများ ရရှိနိုင်စေရန် အမျှဝေရပါသည်။ အမျှဝေရာ၌ နာမည်ခေါ်ကာ ရည်စူး၍ အမျှဝေခြင်း၊ မရည်စူးဘဲ အားလုံးကို အမျှဝေခြင်းဟု နှစ်မျိုးရှိသည်။ နာမည်ခေါ် အမျှဝေသဖြင့် သာဓုခေါ်ခွင့်ရသော နတ်၊ ပြိတ္တာတို့သည် ချက်ချင်းလက်ငင်း အကျိုးများ ရရှိခံစားနိုင်သည်။ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာပေါင်း ရှစ်သောင်းလေးထောင်တို့သည် မင်းကြီးကုသိုလ်ကောင်းမှုပြု၍ ရည်စူးအမျှဝေရာ သာဓုခေါ်ဆိုခွင့်ရ၍ ချမ်းသာခဲ့ကြဖူးသည်။ ထို့ကြောင့် ရည်စူးသတ်မှတ် နာမည်တပ်၍လည်း အမျှပေးဝေကြပါသည်။

''အမျှဝေခြင်းဖြင့် အပူဇော်ခံရသောနတ်တို့သည် အမျှဝေသူကို ပြန်လည်၍ ပူဇော်ကြကုန်၏'' ဟု ဘုရားရှင် ဟောတော်မူထား၏။ ဘုရားအလောင်းသည် ဗာရာဏသီပြည်တွင် ကုန်သည်မျိုးရိုး၌ ဖြစ်ခဲ့ဖူးသည်။ အရောင်းအဝယ်ကိစ္စဖြင့် ရွာတစ်ရွာသို့ သွားရာ အသပြာတစ်ထောင် ရရှိခဲ့သည်။ အပြန်လမ်းတွင် မြစ်ကမ်းတစ်ခုသို့ ရောက်၍ အနားယူ ထမင်းစားပြီး ထမင်းဟင်းကျန်များကို မြစ်ထဲရှိ ငါးများကို ကျွေးမွေးလှူဒါန်း၍ ထိုကောင်းမှုကို မြစ်စောင့်နတ်အား အမျှပေးဝေခဲ့သည်။ မြစ်စောင့်နတ်လည်း ဝမ်းမြောက်စွာ သာဓုခေါ်ဆို၏။ ထိုအခါ မြစ်စောင့်နတ်၏ စည်းစိမ် အခြံအရံများ ချက်ချင်း တိုးပွား များပြားလာသည်။ ဘုရားအလောင်းသည် ထမင်းစားပြီး လှေဖြင့် မြစ်ကို ဖြတ်ကူးရာ အသပြာထုပ် ရေထဲသို့ မတော်တဆ ကျသွားရာ မြစ်စောင့်နတ်က ကျေးဇူးဆပ်သည့်အနေဖြင့် ပြန်ဆယ်ပေးခဲ့လေသည်။

အမှန်အားဖြင့် သေဆုံးပြီးသူများသာမက နတ်တို့သနင်း သိကြားမင်း၊ ငရဲသနင်း ယမမင်း ၊လူတို့သနင်း ပြည့်ရှင်မင်း တို့မှစ၍ အားလုံးသော သတ္တဝါတို့ကိုလည်း ကုသိုလ်ကောင်းမှုပြုပြီးတိုင်း နာမည်တပ် အမျှပေးဝေသင့်ပါသည်။

ကုသိုလ်ကောင်းမှုပြုလုပ်၍ရသော ကုသိုလ်အဖို့ကို သူတစ်ပါးအား မျှဝေပေးသဖြင့် မိမိ၏ ကုသိုလ်ကောင်းမှုများ လျော့ပါးမသွားပါ။ ပတ္တိဒါနဟု ခေါ်ဆိုသော ကုသိုလ်တစ်မျိုးပင် ထပ်တိုးရရှိပါသည်။ မိမိ အမျှဝေသည်ကို ဝမ်းမြောက်စွာ သာဓုခေါ်သူများအတွက်လည်း ပတ္တာနုမောဒနကုသိုလ် ရရှိနိုင်ပါသည်။ ဖယောင်းတိုင် တစ်တိုင်မှ အခြားဖယောင်းတိုင်များအား မီးကူးရာတွင် မူလဖယောင်းတိုင်၏ အလင်းရောင်များ လျော့ပါးမသွားဘဲ အခြားဖယောင်းတိုင်များ၏ အလင်းရောင်နှင့် ပေါင်းကာ ပို၍ပင် လင်းလာသကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် အကြီးအသေး ကုသိုလ်ပြုတိုင်း ဆုတောင်းခြင်း၊ အမျှပေးဝေခြင်းတို့ကို ပြုလုပ်ကျင့်ဆောင်ခြင်းဖြင့် မိမိ သူတစ်ပါး ကုသိုလ်အကျိုးများစေနိုင်သည် ဖြစ်၍ မမေ့မလျော့ ပြုလုပ်သင့်ပါသည်။

မှီငြမ်း ။ အလှူဒါန ရေစက်ချ၊ ၁။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| လှူဖွယ်ဝတ္ထု | = | လှူဒါန်းဖွယ်ရာပစ္စည်း။ |
| ပဝေသဏီ | = | အလွန်ဝေးသော ရှေးအခါကာလ။ |
| သဒ္ဓါ | = | ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်မှု။ |
| ပတ္တိဒါန | = | အမျှဝေခြင်း၊ ကုသိုလ်အဖို့အစုကို ပေးဝေခြင်း။ |
| ပတ္တာနုမောဒန | = | သူတစ်ပါးတို့ ပြုအပ်သောကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း၊ သာဓုခေါ်ခြင်း။ |
| သံဃာ | = | အနည်းဆုံး လေးပါးနှင့်အထက်ရှိသော ရဟန်းတော်များ။ |
| အထမြောက် | = | ပြုလုပ်ကြံစည်မှုတစ်ခုခု ပြီးစီးပြည့်စုံသည်၊ အောင်မြင်သည်။ |



## သင်ခန်းစာ (၁၄)
## အရှင်မဟာမောဂ္ဂလာန်



အရှင်မဟာမောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်၊ ကောလိတရွာ၌ ဖွားမြင်ခဲ့သည်။ ကောလိတရွာ သူကြီးနှင့် မောဂ္ဂလိပုဏ္ဏေးမတို့၏သား ဖြစ်သောကြောင့် 'ကောလိတ' ဟု အမည်တွင်သည်။ ကောလိတသည် သူငယ်ချင်းဖြစ်သော ဥပတိဿနှင့်အတူ တောင်ထိပ်ပွဲသဘင်ကို ကြည့်ကြရင်း ပျော်ရွှင်မှုကို ရှာမတွေ့သောအခါ သတိသံဝေဂ ရသွားသည်။ သို့ဖြင့် သူငယ်ချင်းနှစ်ဦး အမှန်တရား ရှာဖွေရန် ထွက်လာခဲ့ကြသည်။ နောက်ဆုံးတွင် အရှင်အဿဇိမထေရ်ကို အကြောင်းပြု၍ ဗုဒ္ဓဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ကြသည်။ ဘုရားရှင်ထံတွင် ရဟန်းပြုကြသည်။ ဥပတိဿသည် အရှင်သာရိပုတ္တရာ ဖြစ်လာခဲ့သည်။ ကောလိတသည် အရှင်မဟာမောဂ္ဂလာန် ဖြစ်လာခဲ့သည်။

အရှင်မဟာမောဂ္ဂလာန်သည် ရဟန်းဖြစ်ပြီးနောက် ကလ္လဝါလ အမည်ရှိ ရွာငယ်ကို မှီခို သီတင်းသုံးကာ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်သည်။ ကြိုးစားအားထုတ်သည့်ကြားကပင် ငိုက်မျဉ်းခြင်း ဖြစ်ပေါ်လာသည်။ ဘုရားရှင်သည် တန်ခိုးတော်ဖြင့် ကြွရောက်လာပြီးလျှင် မထေရ်မြတ်အား သတိပေး၍ တရားဟောတော်မူသည်။ ထိုအခါမှ အရှင်မဟာမောဂ္ဂလာန်သည် ငိုက်မျဉ်းခြင်း ကင်းပျောက်သွားသည်။ ဆက်လက်ကြိုးစား၍ တရားအားထုတ်ရာ ရဟန္တာဖြစ်သွားသည်။ အရှင်မဟာမောဂ္ဂလာန်သည် ထူးချွန်သော ရဟန္တာမြတ်ဖြစ်သဖြင့် ဘုရားရှင်က လက်ဝဲရံ အဂ္ဂသာဝကအရာ၌ ချီးမြှောက်တော်မူသည်။ ထို့ပြင် အရှင်မဟာမောဂ္ဂလာန်သည် အံ့ချီးဖွယ်ကောင်းလောက်အောင်ပင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံတော်မူသည့်အတွက် တန်ခိုးတော်အရာ၌ အထူးချွန်ဆုံး ဧတဒဂ်ဘွဲ့ထူးကိုလည်း အပ်နှင်းခြင်းခံရသည်။

တစ်ခါသော် ဘုရားရှင်သည် နံနက်မိုးသောက်ချိန်၌ လောကကို ဉာဏ်ဖြင့် ကြည့်ရှုတော်မူရာ နန္ဒောပနန္ဒ နဂါးမင်း သရဏဂုံတည်မည့်အကြောင်းကို မြင်တော်မူသည်။ ''နန္ဒောပနန္ဒ နဂါးမင်းသည်

များသောအယူရှိ၏။ ရတနာသုံးပါး၌ မကြည်ညို။ ထိုနဂါးကို မည်သူ ဆုံးမနိုင်မည်နည်း''ဟု ဆင်ခြင်ရာ အရှင်မဟာမောဂ္ဂလာန်ကို မြင်တော်မူသည်။

ထို့ကြောင့် ဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်ကို ခေါ်တော်မူ၍ ရဟန်းငါးရာနှင့်အတူ နဂါးမင်း၏ ဘုံဗိမာန်အထက်မှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်။ ထိုအခါ ရဟန်းတို့၏ ခြေမှ မြေမှုန့်များ နဂါးမင်း၏ ဦးထိပ်ပေါ်သို့ ကျကုန်၏။ ထိုသို့ မြေမှုန့်များ ဦးထိပ်ပေါ်သို့ ကျသည့်အတွက် နဂါးမင်းသည် ဒေါသထွက်၍ မြင်းမိုရ်တောင်ကို ခုနစ်ပတ် ရစ်ပတ်လျက် အထက်၌ ပါးပျဉ်းဖြင့် အုပ်မိုးထားလိုက်ပြီး တာဝတိံသာနတ်ဘုံကို မမြင်ရအောင် ပြုလုပ်လိုက်သည်။ အရှင်ရဋ္ဌပါလ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာ စသော အဘိညာဉ်ရ တန်ခိုးရှင် ရဟန်းများက ထိုနဂါးမင်းကို ဆုံးမလိုကြောင်း ခွင့်တောင်းကြသည်။ ဘုရားရှင်က ခွင့်ပြုတော်မမူပေ။ ''ထိုနဂါးမင်းကို တပည့်တော် ဆုံးမလိုပါသည်''ဟု အရှင်မဟာမောဂ္ဂလာန် လျှောက်ထားသော အခါမှသာ ခွင့်ပြုတော်မူသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ကြီးစွာသော နဂါးအသွင် ဖန်ဆင်း၍ မြင်းမိုရ်တောင်ကို ရစ်ပတ်ထားသော နန္ဒောပနန္ဒနဂါးမင်း၏ ကိုယ်ပေါ်တွင် ထပ်၍ ရစ်ပတ်သည်။ နဂါးမင်း၏ ပါးပျဉ်းကို မိမိ ပါးပျဉ်းဖြင့် အုပ်မိုးပြီး မြင်းမိုရ်တောင်နှင့် ဖိညှပ်ထား၏။ ထို့နောက် မထေရ်မြတ်သည် နဂါးအသွင်ကို စွန့်၍ ရဟန်းအသွင်ဖြင့် နဂါးမင်း၏ ခံတွင်းမှ ဝင်၍ ဝမ်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် စင်္ကြံသွားသည်။ တစ်ဖန် ခံတွင်းမှ ထွက်၍ နဂါးရှေ့တွင် ရပ်သောအခါ နဂါးမင်းသည် နှာခေါင်းလေဖြင့် မှုတ်၏။ သို့သော် နဂါးမင်း၏ နှာခေါင်းလေသည် မထေရ်မြတ်၏ မွေးညှင်းတစ်ချောင်းကိုမျှပင် မလှုပ်စေနိုင်။ နောက်ဆုံးတွင် အရှင်မဟာမောဂ္ဂလာန်သည် ဂဠုန်ငှက်မင်း အသွင်ကို ဖန်ဆင်း၍ နဂါးမင်းကို လိုက်လေသည်။ နဂါးမင်းသည် ပြေး၍ မလွတ်နိုင်သည့်အဆုံး၌ လုလင်ငယ်အသွင် ဖန်ဆင်းပြီးလျှင် ''အရှင်ဘုရား ... တပည့်တော်သည် အရှင်ဘုရားတို့ကို ကိုးကွယ်ဆည်းကပ်ပါ၏''ဟု လျှောက်ထားကာ ရိုသေစွာ ရှိခိုးလေသည်။ မထေရ်မြတ်သည် နန္ဒောပနန္ဒ နဂါးမင်းကို ဘုရားရှင်ထံ ခေါ်ဆောင်၍ သရဏဂုံ ဆောက်တည်စေသည်။

တစ်ခါတွင်လည်း ဘုရားရှင်သည် ပုဗ္ဗာရုံကျောင်းတိုက်အတွင်း ပြာသာဒ်ဆောင်ကြီးနှင့် မနီးမဝေး၌ သီတင်းသုံးတော်မူသည်။ ထိုစဉ် ပြာသာဒ်ဆောင်ကြီး၏ အပေါ်ထပ်၌ နေကြသော ရဟန်းငယ်များသည် ဘုရားရှင်၏ အဆုံးအမကို မလေးစားကြ။ အကျိုးမရှိသော၊ ပြိန်ဖျင်းသော စကားများကို ရောက်တတ်ရာရာ ပြောဆိုနေကြသည်။

ထိုအခါ ဘုရားရှင်သည် အနီး၌ရှိနေသော အရှင်မဟာမောဂ္ဂလာန်ကို ခေါ်တော်မူသည်။ ''ချစ်သား မောဂ္ဂလာန် ... အကျိုးမရှိ၊ ပြိန်ဖျင်းသောစကားများကို ပြောဆိုနေသည့် ရဟန်းငယ်များကို မြင်၏လော''ဟု မေးတော်မူသည်။ မြတ်စွာဘုရားက ရဟန်းငယ်များအား ဆုံးမစေလိုသော သဘောဖြင့် မေးတော်မူသည်ကို အရှင်မဟာမောဂ္ဂလာန် သိရှိလိုက်သည်။ သို့ဖြင့် ပြာသာဒ်တည်ရာ မြေပြင်ကို ရေပြင်ကြီးဖြစ်အောင် ဖန်ဆင်းပြီး ပြာသာဒ်ခေါင်ဖျားကို ခြေမဖြင့် ချိတ်ဆွဲထားတော်မူသည်။ ရဟန်းငယ်များသည် တုန်လှုပ်ချောက်ချားကာ သတိသံဝေဂရပြီး တရားအားထုတ်ရာ တရားထူး ရရှိသွားကြသည်။

တစ်ကြိမ်တွင်လည်း အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို နတ်စည်းစိမ် ယစ်မူး၍ မေ့ပျောက်သွားသော သိကြားမင်းအား သူစံမြန်းရာ ဝေဇယန္တာ ပြာသာဒ်ကြီးကို ခြေမဖြင့် ချိတ်ဆွဲကာ လှုပ်ယမ်းပြီး သတိတရား ရစေခဲ့သည်။

တစ်ခါတွင် ဒေဝဒတ်၏ သင်းခွဲဆွဲဆောင်မှုနောက်သို့ ရဟန်းတချို့ လမ်းမှား၍ လိုက်ပါသွားခဲ့သည်။ ဤတွင် အဂ္ဂသာဝက နှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့က ရဟန်းတော်များကို ပြန်လည်သိမ်းသွင်းရန် လိုက်ပါသွားကြသည်။ အယူလွဲမှားနေသော ရဟန်းတော်များကို အရှင်သာရိပုတ္တရာက တရားဟော၍ သိမ်းသွင်းစည်းရုံးခဲ့သည်။ အရှင်မဟာမောဂ္ဂလာန်က တန်ခိုးပြ၍ သိမ်းသွင်းစည်းရုံးခဲ့သည်။ လမ်းမှားနေသော ရဟန်းတော်များကို လမ်းမှန်သို့ရောက်စေခဲ့ပြီး မြတ်စွာဘုရားထံသို့ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ကြသည်။

အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် နတ်ပြည်၊ ငရဲပြည်သို့ ကြွရောက်တော်မူပြီး နတ်များနှင့် ငရဲသားများ၏ အတိတ်ကပြုလုပ်ခဲ့သည့် ကုသိုလ်၊ အကုသိုလ်တို့ကို မေးမြန်းကာ လူတို့အား ပြန်လည်ဟောပြောတော်မူခဲ့သည်။ အရှင်မြတ်၏ နတ်ပြည်ကိုယ်တွေ့၊ ငရဲပြည်ကိုယ်တွေ့ တရားတော်များကြောင့် လူတို့သည် အလှူဒါန၊ ဥပုသ်သီလ၊ သမထ၊ ဝိပဿနာ စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ရန် ထက်သန်လာကြသည်။ ဗုဒ္ဓသာသနာတော်ကို ပို၍ ကိုးကွယ်ဆည်းကပ်လာကြသည်။





မြတ်စွာဘုရားနှင့် အရှင်မဟာမောဂ္ဂလာန် အစရှိသော မထေရ်မြတ်များ၏ ကြိုးပမ်းမှုကြောင့် ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားလာလေသည်။ ထိုအခါ ဘုရားအမည်ခံထားကြသော တိတ္ထိဆရာကြီးများသည် ကိုးကွယ်သူ နည်းပါး၍ လာဘ်လာဘ ရှားပါးလာသည်။ တိတ္ထိတို့သည် မြတ်စွာဘုရားကို အငြိုးထားလာကြသည်။ ထို့ပြင် တန်ခိုးကြီးသည့်အရာတွင် နာမည်ကျော်လှသည့် အရှင်မဟာမောဂ္ဂလာန်ကိုလည်း လုပ်ကြံသတ်ဖြတ်ရန် ကြံစည်လာကြသည်။ ထိုအကြံအစည် အထမြောက်ရန် မထေရ်မြတ်၏ အတိတ်ကံကလည်း ပါလာခဲ့သည်။

အရှင်မဟာမောဂ္ဂလာန်သည် သံသရာကျင်လည်ခဲ့စဉ် ဘဝတစ်ခု၌ မယားမိုက်၏ စကားကို နားထောင်ခဲ့ပြီး ကျေးဇူးကြီးလှသော မိဘနှစ်ပါးတို့ကို သူခိုးဓားပြယောင်ဆောင်၍ သေစေလိုသော စိတ်ထားဖြင့် ရိုက်နှက်ခဲ့ဖူးသည်။ ထိုရိုက်နှက်မှုဒဏ်ဖြင့် မကြာမီ မိဘနှစ်ပါး ကွယ်လွန်ခဲ့လေသည်။

ထိုအကုသိုလ်ကံကြောင့် ဘဝများစွာ ငရဲ၌ ခံခဲ့ရပြီး ကြွင်းကျန်သော အကုသိုလ်ကံသည် ယခု နောက်ဆုံးဘဝတွင် အကျိုးပေးရန် အခွင့်ရောက်လာပေသည်။ တန်ခိုးအရာ၌ ပြိုင်ဘက်ကင်းသူဖြစ်သော်လည်း ရှေးကြမ္မာဝဋ်ကြွေး မလွတ်သာခဲ့ချေ။

တစ်နေ့တွင် တိတ္ထိတို့သည် ခိုးသားငါးရာတို့ကို ငွေကြေးများပေးကာ အရှင်မဟာမောဂ္ဂလာန်ကို ရိုက်နှက်လုပ်ကြံရန် စေခိုင်းကြသည်။ ခိုးသားငါးရာတို့သည် မထေရ်မြတ်ကို လုပ်ကြံရန် ကြိုးစားကြသည်။ မထေရ်မြတ်လည်း နှစ်ကြိမ်တိုင်အောင် ရှာန်တန်ခိုးဖြင့် ကောင်းကင်ပျံကာ ရှောင်တိမ်းနိုင်ခဲ့သည်။ တတိယအကြိမ်တွင်မူ ဝဋ်ကြွေး ကြုံလာပြီ ဖြစ်သဖြင့် မရှောင်တိမ်းတော့ပေ။

ခိုးသားငါးရာတို့သည် အရှင်မဟာမောဂ္ဂလာန်ကို စိတ်တိုင်းကျ ရိုက်နှက် ထောင်းထုကြသဖြင့် မထေရ်မြတ်၏ ခန္ဓာကိုယ်မှာ ညက်ညက်ကြေသွားတော့သည်။ သို့ရာတွင် မထေရ်မြတ်သည် ညက်ညက်ကြေနေသော ကိုယ်ခန္ဓာကို တန်ခိုးဖြင့် ပြန်လည်တည်ဆောက်ကာ ဘုရားရှင်ထံ အရောက်ကြွတော်မူခဲ့သည်။

ဘုရားရှင်ထံသို့ ရောက်သော် ရှိသေစွာရှိခိုး၍ ပရိနိဗ္ဗာန်ပြုခွင့် တောင်းသည်။ ဘုရားရှင်က ''ချစ်သား မောဂ္ဂလာန် ... ပရိနိဗ္ဗာန်မပြုမီ တန်ခိုးအမျိုးမျိုးပြ၍ ရဟန်းသံဃာများအား တရားဟောဦးလော့''ဟူ၍ မိန့်တော်မူသည်။ မထေရ်မြတ်သည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း တန်ခိုးအမျိုးမျိုးပြ၍ တရားဟောတော်မူသည်။ ထို့နောက် ဘုရားရှင်အား နောက်ဆုံး ရှိခိုးခြင်းဖြင့် ရှိခိုးကန်တော့ပြီးလျှင် ဇေတဝန်ကျောင်းတော်မှထွက်ကာ ရာဇဂြိုဟ်မြို့ရှိ ဣသိဂိလိတောင် ကာဠသိလာကျောက်ဖျာထက်၌ ပရိနိဗ္ဗာန်ပြုတော်မူသည်။ ဘုရားရှင်နှင့် ရဟန်းသံဃာတော်တို့သည် ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၍ အရှင်မဟာမောဂ္ဂလာန်၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ကြသည်။ ဓာတ်တော်များကို ဝေဠုဝန်ကျောင်းတော် တံခါးမုခ်အနီး၌ ဓာတုစေတီ တည်ထားလေသည်။

မှီငြမ်း ။ ဓမ္မပဒ အဋ္ဌကထာ၊ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု၊ စ – တွဲ၊ ၇၅။
မဟာဗုဒ္ဓဝင်၊ ဆ – တွဲ၊ ပ၊ ၉၂။ ညီတော်အာနန္ဒာနှင့် ဧတဒဂ်ရပုဂ္ဂိုလ်ထူးများ၊ ၃၄။

**ခက်ဆစ်အဖွင့်**

အဂ္ဂသာဝက = တပည့်အပေါင်းတို့တွင် အကြီးမြတ်ဆုံးပုဂ္ဂိုလ်။
ဧတဒဂ်ဘွဲ့ထူး = ပညာအရာ၊ တန်ခိုးအရာ စသည်တို့တွင် အထူးချွန် အထက်မြက်ဆုံးဟု မြတ်စွာဘုရား သတ်မှတ်တော်မူသော ဂုဏ်အရည်အချင်း။
ပရိနိဗ္ဗာန်ပြု = ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ ခန္ဓာချုပ်ငြိမ်းသည်။ နောက်ဆုံးဘဝချုပ်ငြိမ်းသည်။
ရုပ်ကလာပ် = ရုပ်အပေါင်းအစု၊ အသက်မဲ့ကိုယ်ကောင်။
ဓာတုစေတီ = အရိုးဓာတ်တော်ကို တည်ထားသော စေတီ။

# သင်ခန်းစာ (၁၅)
# တတိယသင်္ဂါယနာ


ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၂၁၈ သို့ ရောက်သောအခါ သီရိဓမ္မာသောကမင်းကြီးသည် မဇ္ဈိမဒေသတစ်ခုလုံးကို စိုးမိုးအုပ်ချုပ်ခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးသည် နန်းတက်ပြီးနောက် တူတော် နိဂြောဓသာမဏေ၏ ဟောပြောဆုံးမမှုဖြင့် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ခဲ့သည်။ မင်းကြီး ဗုဒ္ဓဘာသာဝင် ဖြစ်လာချိန်မှစ၍ ယခင်က နန်းတော်တွင်း၌ နေ့စဉ်ဆွမ်းစားနေကျဖြစ်သော အဝတ်မဝတ်သည့် တိတ္ထိတို့ကို ဝင်ခွင့်မပြုတော့ဘဲ ရဟန်းတော်များကိုသာ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ် လှူဒါန်းလေသည်။ ထိုအခါ တိတ္ထိတို့သည် စားဝတ်နေရေး ခက်ခဲလာသဖြင့် ဗုဒ္ဓသာသနာတော်အတွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြတော့သည်။

ဗုဒ္ဓသာသနာတော်ကို မကြည်ညို မယုံကြည်သော တိတ္ထိတို့သည် ကြည်ညိုယုံကြည်ဟန်ဆောင်၍ ရဟန်းကောင်းများ အထံ၌ ရဟန်းပြုကြ၏။ အချို့သော တိတ္ထိတို့သည် မိမိတို့ကိုယ်တိုင် ရရာသင်္ကန်းကိုဝတ်၍ ရဟန်းအသွင်ကို ယူပြီးလျှင် ရဟန်းကောင်းတို့နှင့် ရောနှောနေထိုင်ကြ၏။ ရဟန်းတုရဟန်းယောင် တိတ္ထိတို့သည် ကာလအတန်ကြာသောအခါ ၎င်းတို့၏ တိတ္ထိအယူဝါဒများကို ဟောပြောလာကြသည်။ ရေငုပ်ခြင်း၊ မီးလှုံခြင်း စသော အကျင့်များကို ကျင့်ကြံလာကြသည်။ မိမိတို့၏ တိတ္ထိအယူဝါဒများကို ဘုရားဟောတရား ဖြစ်လေဟန် လုပ်ကြံ ဟောပြောလာကြသည်။

ရဟန်းတု ရဟန်းယောင်များ နေရာတကာ ရောနှောပါဝင်နေကြသဖြင့် ဗုဒ္ဓသာသနာတော်သည် မသန့်ရှင်း မစင်ကြယ်တော့ပေ။ ရဟန်းအတုများနှင့် မရောနှောလိုသည့် ရဟန်းကောင်း ရဟန်းမြတ်တို့သည်လည်း ပြုလုပ်ဆောင်ရွက်နေကြ ဥပုသ်၊ ပဝါရဏာကိစ္စတို့ကို မပြုကြတော့ပေ။ ဤသို့ဖြင့် သီရိဓမ္မာသောကမင်းကြီး ဆောက်လုပ်လှူဒါန်းသော အသောကာရုံ ကျောင်းတော်ကြီးအတွင်း၌ ဥပုသ်၊ ပဝါရဏာကိစ္စတို့ကို မပြုလုပ်နိုင်သည်မှာ ခုနစ်နှစ် ကြာမြင့်လေ၏။

ဤအကြောင်းကို ကြားသိရသော သီရိဓမ္မာသောကမင်းကြီးသည် ရဟန်းတော်များ ဥပုသ်၊ ပဝါရဏာ ပြုလုပ်နိုင်ရေးအတွက် အမတ်တစ်ယောက်ကို စေလွှတ်၍ ဆောင်ရွက်စီမံစေ၏။ ပညာဉာဏ်နည်းသော ထိုအမတ်သည် ရဟန်းအစစ်နှင့် ရဟန်းအတုကို ကောင်းစွာ မခွဲခြားနိုင်ပေ။ ရဟန်းအတုကို ရဟန်းအစစ် ထင်၍ ရဟန်းအစစ်ကို ရဟန်းအတုဟု ထင်ခဲ့သည်။ ရဟန်းအတုများနှင့် ရောနှော၍ ဥပုသ်ပြုရန် ဆန္ဒမရှိသော ရဟန်းအစစ်တို့ကို အမိန့်တော် မနာခံဟုဆိုကာ သတ်ဖြတ်လေသည်။

ထိုသို့ ရဟန်းတော်များ သတ်ဖြတ်ခံရသည့်အတွက် သီရိဓမ္မာသောကမင်းကြီးသည် ယူကျုံးမရဖြစ်ကာ လွန်စွာ စိတ်ဆင်းရဲရလေသည်။ ထိုပြဿနာကို ဖြေရှင်းနိုင်မည့် ပုဂ္ဂိုလ်အား စုံစမ်းရှာဖွေရတော့သည်။ အဟောဂင်္ဂါတောင်၌ သီတင်းသုံးနေထိုင်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် အကျင့်သီလ၊ ပညာဉာဏ်နှင့် ပြည့်စုံပြီး ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးနိုင်သူဖြစ်သည်။ ထို့ကြောင့် သံဃာတော် အရှင်မြတ်တို့၏ ညွှန်ကြားချက်အရ သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို နန်းတော်သို့ပင့်၍ ဩဝါဒခံယူလေသည်။



သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ထံမှ အယူဝါဒများကို ခုနစ်ရက်တိုင်တိုင် သင်ယူခဲ့သည်။ ထို့နောက် သံဃာတော်အားလုံးကို အသောကာရုံကျောင်းတော်သို့ ပင့်ဆောင်၍ မင်းကြီးကိုယ်တိုင် မေးမြန်းစိစစ်လေသည်။ ''မြတ်စွာဘုရားသည် အဘယ်ဝါဒီ ဖြစ်သနည်း'' ဟု မေးမြန်းလျှင် ဗုဒ္ဓတရားတော်ကို မသင်ယူဖူးသော ရဟန်းတု ရဟန်းယောင်များသည် မှန်ကန်စွာ မဖြေဆိုနိုင်ကြချေ။ ''မြတ်စွာဘုရားသည် သဿတဝါဒီ ဖြစ်၏၊ ဥစ္ဆေဒဝါဒီ ဖြစ်၏''စသည်ဖြင့် မိမိတို့ ထင်ရာမြင်ရာ ဖြေဆိုကြ၏။ ထိုအခါ မင်းကြီးသည် ''ဤရဟန်းတို့ကား မိစ္ဆာအယူရှိသော ရဟန်းတု ရဟန်းယောင်များတည်း''ဟု သိတော်မူ၍ အဝတ်ဖြူ လဲစေကာ သာသနာတော်မှ နှင်ထုတ်လေသည်။

''မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီ ဖြစ်တော်မူ၏''ဟု ဖြေကြားသော ရဟန်းတော်များကိုသာလျှင် သာသနာတော်အတွင်း၌ ဆက်လက်နေခွင့်ပြု၏။ သို့ရာတွင် အခြားသော တိတ္ထိများသည် ဘုရားဟော တရားတော်များကို သင်ယူဖူးကြ၍ သီရိဓမ္မာသောကမင်းကြီး မေးမြန်းစိစစ်သောအခါ မှန်ကန်စွာ ဖြေဆို နိုင်ကြ၏။ ထိုသို့ တိတ္ထိဘောင်မှ ကူးပြောင်းလာ၍ ဘုရားဟော တရားတော်၌ တတ်သိကျွမ်းကျင်သော ရဟန်းတု ရဟန်းယောင်များကိုလည်းကောင်း၊ ထေရဝါဒမှ အခြားဖြစ်သော မဟာသံဃိကဂိုဏ်း အစ ရှိသည့် ဂိုဏ်းကွဲများမှ ဂိုဏ်းဝင်များကိုလည်းကောင်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ကိုယ်တော်တိုင် ထပ်မံစိစစ် ထုတ်ပယ်၍ ထေရဝါဒီ စစ်စစ်များကိုသာ ရွေးချယ် လက်ခံတော်မူသည်။

ဤသို့လျှင် သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်ကို အကြမ်းဖျင်းအားဖြင့် သန့်စင်စေပြီးနောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ထပ်မံ၍ အနုစိတ် စစ်ဆေးကာ စင်ကြယ်စေသည်။ ထေရဝါဒမှ အခြားသော ဂိုဏ်းတို့၏ အယူဝါဒ မှားယွင်းပုံကို အပြန်အလှန် အမေးအဖြေပြုလုပ်၍ ဝါဒ တစ်ခုချင်းကို စိစစ်ဖယ်ထုတ်တော်မူခဲ့သည်။ ဤသို့ အခြားဂိုဏ်းဝင်တို့၏ အယူဝါဒ မှားယွင်းပုံကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ထောက်ပြဝေဖန်သည့်ကျမ်းကို 'ကထာဝတ္ထု'ကျမ်းဟု ခေါ်သည်။

ဤကထာဝတ္ထုကျမ်းသည် သစ်ပင်၌ ကပ်၍ပေါက်သော ကျည်းပေါင်းများကို ခွာချပစ်သကဲ့သို့ ထေရဝါဒ ဗုဒ္ဓဘာသာအား ဝင်ရောက်တွယ်ကပ်လာသည့် ဆင်တူယိုးမှား တရားတု တရားယောင်များကို ပယ်လှန် ခွာချသော ကျမ်းကြီးဖြစ်၏။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ကထာဝတ္ထုကျမ်းကို ဟောတော်မူပြီးနောက် သီရိဓမ္မာသောကမင်းကြီး၏ ကူညီထောက်ပံ့မှုကိုရယူကာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား ရေးအတွက် သာသနာတော်နှစ် ၂၃၅ ခုတွင် တတိယသင်္ဂါယနာကို တင်တော်မူခဲ့သည်။ ထိုတတိယ သင်္ဂါယနာတင်ပွဲကို ပိဋကသုံးပုံဆောင် ရဟန္တာမထေရ်ပေါင်းတစ်ထောင် ခြံရံ၍ ပါဋလိပုတ်ပြည် အသော ကာရုံကျောင်းတော်ကြီး၌ပြုလုပ်ခဲ့သည်။ တတိယသင်္ဂါယနာတင်ပွဲသည် ကိုးလတိုင်တိုင်ကြာမြင့်လေ သည်။ အာသောကမင်းကြီးနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်တို့ ပူးပေါင်း၍ တတိယသင်္ဂါ ယနာတင်ပွဲကြီးအပြီးတွင် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်သည့် သာသနာပြုလုပ်ငန်းကြီးကို ဆောင်ရွက်ကြသည်။

မှီငြမ်း ။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး၊ ၆၃။ ဝိ၊ ဌ၊ ၁၊ ၂၉။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| သဿတဝါဒီ | = | အတ္တနှင့်လောကသည် မြဲသည်ဟု အယူရှိသူ။ |
| ဉစ္ဆေဒဝါဒီ | = | အတ္တနှင့်လောကသည် ပြတ်သည်ဟု အယူရှိသူ။ |
| ဝိဘဇ္ဇဝါဒီ | = | ခွဲခြမ်းဝေဖန်စိစစ်တတ်သော အယူရှိသူ။ |
| ထေရဝါဒီ | = | အရှင်မဟာကဿပ စသော မထေရ်စဉ်ဆက်တို့၏ အယူဝါဒကို  လက်ခံကျင့်သုံးသူ။ |
| ပဝါရဏာ | = | ဖိတ်ကြားခြင်း၊ တောင်းပန်ခြင်း။ |



## သင်ခန်းစာ (၁၆)
## ဂရုဓမ္မအခါတော်နေ့

မြန်မာဗုဒ္ဓဘာသာတို့သည် ဗုဒ္ဓဘာသာနှင့် ဆက်စပ်သော နေ့ထူးနေ့မြတ်များတွင် ဥပုသ်သီလ ဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ ဘာသာရေး အခမ်းအနားများ ကျင်းပခြင်းတို့ကို ပြုလုပ်လေ့ ရှိကြသည်။ ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့ တို့တွင် ကျင်းပသော ဘာသာရေးပွဲတော်များမှာ လူသိများ ထင်ရှား၏။ လူသိနည်းပြီး ကျယ်ပြန့်မှုမရှိသေး သော ဘာသာရေးပွဲတော်တစ်ခုမှာ တော်သလင်းလပြည့်နေ့တွင် ကျင်းပသော 'ဂရုဓမ္မအခါတော်နေ့' ဖြစ်သည်။ ဂရုဓမ္မဆိုသည်မှာ လူသားတိုင်း အထူးဂရုပြု စောင့်ထိန်းသင့်သော ငါးပါးသီလတရားဟု အဓိပ္ပာယ်ရသည်။ ရှေးအခါက ကုရုတိုင်းသားများ လိုက်နာကျင့်သုံးသော တရားဖြစ်သောကြောင့် ဂရုဓမ္မ ကို ကုရုဓမ္မဟုလည်း ခေါ်ကြသည်။

အခါတစ်ပါး၌ ဘုရားအလောင်း ကောရဗျမင်းသည် ကုရုတိုင်း၊ ဣန္ဒပတ္တမြို့တွင် မင်းကျင့် တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်နေ၏။ တိုင်းသူပြည်သား အားလုံးကို ငါးပါးသီလ စောင့်ထိန်းဖို့ ညွှန်ကြားပြီး သူကိုယ်တိုင်လည်း ငါးပါးသီလကို စောင့်ထိန်းသည်။ ငါးပါးသီလ စောင့်ထိန်းကြသောကြောင့် တိုင်းပြည်၌ မိုးလေဝသ မှန်ကန်လေ၏။ မိုးလေဝသ မှန်ကန်မှုကြောင့် ဆန်ရေစပါး ကောက်ပဲသီးနှံ ဖြစ်ထွန်းသည်။ ထို့ကြောင့် စီးပွားရေး အဆင်ပြေကာ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း နေနိုင်ကြ၏။ ငါးပါးသီလ လုံခြုံသည့်အတွက် ရောဂါဘယ ကင်းဝေးကာ အသက်ရှည်ရှည် နေနိုင်ကြလေသည်။

ထိုအချိန်တွင် ကုရုတိုင်းနှင့် မနီးမဝေးဖြစ်သော ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့၌ ကာလိင်္ဂဘုရင် အုပ်ချုပ်လျက်ရှိ၏။ ကာလိင်္ဂတိုင်းမှာမူ ကုရုတိုင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ဘုရင်ကြီးနှင့် တိုင်းသူပြည်သားများသည် သီလ၏ အဓိပ္ပာယ်အနှစ်သာရကို မသိကြ၍ ငါးပါးသီလကို မစောင့်ထိန်း ကြပေ။ ငါးပါးသီလ မစောင့်ထိန်းကြ၍ တိုင်းပြည်၌ မိုးခေါင်ရေရှား ဖြစ်လေသည်။ မိုးလေဝသ မမှန်ကန်၍ ကောက်ပဲသီးနှံများ မဖြစ်ထွန်းချေ။ တိုင်းသူပြည်သားများ အငတ်ဘေးဆိုက်ကာ ဘေးဒုက္ခမျိုးစုံ ကြုံတွေ့နေရ၏။ ကာလိင်္ဂဘုရင်ကြီးမှာ တိုင်းပြည်၏ အခြေအနေကြောင့် စိတ် မချမ်းမသာ ဖြစ်နေသည်။ ထိုအချိန်မှာပင် အိမ်နီးချင်း ကုရုတိုင်း၌ မိုးလေဝသမှန်ကန်ကာ တိုင်းပြည် စည်ပင်ဝပြောကြောင်း ကြားသိရလေ၏။ ထိုသို့ဖြစ်ရသည့်အကြောင်းကို စုံစမ်းရန် သူ၏ မှူးမတ်များအား ကုရုတိုင်းသို့ စေလွှတ်လေသည်။



မှူးမတ်တို့၏ စုံစမ်းချက်အရ ဘုရင်ကြီးနှင့်တကွ တိုင်းသူပြည်သားများ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းကြသည်ကို သိရှိသွားသည်။ မှူးမတ်တို့က ကောရဗျမင်းထံမှ ဂရုဓမ္မတရား ဖြစ်သော ငါးပါးသီလကို တောင်းလေသည်။ ဘုရင်ကြီးက ရွှေပေလွှာ၌ ငါးပါးသီလကို ကူးယူစေသည်။ ထို့အပြင် ငါးပါးသီလကို ကာလိင်္ဂဘုရင်ကြီးနှင့် တိုင်းသူပြည်သားတို့ စောင့်ထိန်းကြရန် မှာကြားလိုက်သည်။ မှူးမတ်များ ကာလိင်္ဂတိုင်းသို့ ပြန်ရောက်သောအခါ ထိုရွှေပေလွှာကို ဘုရင်ကြီးထံ ဆက်သကြ၏။ ထိုအခါမှစ၍ ကာလိင်္ဂဘုရင်ကြီးနှင့် တိုင်းသူပြည်သားတို့သည် ငါးပါးသီလကို စောင့်ထိန်းကြရာ တိုင်းပြည်၌ မိုးလေဝသ မှန်ကန်လာ၏။ မိုးလေဝသ မှန်ကန်မှုကြောင့် ဆန်ရေစပါး ကောက်ပဲသီးနှံများ ဖြစ်ထွန်းကာ တိုင်းပြည် စည်ပင်ဝပြောလာလေသည်။

ကောရဗျမင်းကြီးက ငါးပါးသီလကို ရွှေပေလွှာ၌ ကူးရေးစေသောနေ့မှာ တော်သလင်းလပြည့်နေ့ဟု ဆိုသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် ဆန်ရေစပါး စိုက်ပျိုးရာဖြစ်သော မိုးရာသီ၏ တော်သလင်းလ၌ မိုးလေဝသ မှန်ကန်စေရန်နှင့် ဂရုဓမ္မခေါ် ငါးပါးသီလကို အလေးထားပြီး စောင့်ထိန်းစေရန် တော်သလင်းလပြည့်နေ့ကို ‘ဂရုဓမ္မအခါတော်နေ့’ အဖြစ် သတ်မှတ်လာကြခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဂရုဓမ္မတရားဖြစ်သော ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မြဲစွာ နေ့စဉ် စောင့်ထိန်းရန် လိုအပ်သကဲ့သို့ တော်သလင်းလပြည့်နေ့ ရောက်တိုင်း ဂရုဓမ္မအခါတော်နေ့

အခမ်းအနားများကိုလည်း ကျင်းပသင့်ပါသည်။ ထိုသို့ ကျင်းပရာ၌ သံဃာတော်များထံမှ ငါးပါးသီလ အထူးခံယူဆောက်တည်ခြင်း၊ ငါးပါးသီလတရား နာကြားခြင်း၊ ငါးပါးသီလအကြောင်း ဆွေးနွေးခြင်း၊ ငါးပါးသီလကို မကျိုးပျက်အောင် အဓိဋ္ဌာန် ဆောက်တည်ခြင်း စသည်တို့ကို ပြုလုပ်သင့်ပါသည်။

ထိုသို့ ငါးပါးသီလကို လိုက်နာစောင့်ထိန်းပါက ယခုဘဝတွင်သာမက နောင်သံသရာ၌လည်း ကောင်းကျိုးချမ်းသာများ ရရှိမည် ဖြစ်သည်။ စောင့်ထိန်းမှု နည်းပါက တိုင်းပြည်၌ သဘာဝဘေး အန္တရာယ်များ ကျရောက်ခြင်း၊ စီးပွားရေး ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့ရမည့်အပြင် နောင်ဘဝ၌ လည်း အပါယ်လေးဘုံသို့ပါ ကျရောက်နိုင်ပါသည်။

မှီငြမ်း ။ ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ဒု – တွဲ၊ ၅၃၇။ ဇာ၊ ဋ္ဌ၊ ၂၊ ၃၃၀။




## သင်ခန်းစာ (၁၇)
## ပျူခေတ်ဗုဒ္ဓဘာသာ

မြန်မာနိုင်ငံတွင် ပုဂံခေတ် မတိုင်မီ ပျူခေတ်ဟူ၍ ခေတ်တစ်ခေတ် ရှိခဲ့သည်။ ပျူခေတ်နှင့် သက်ဆိုင်သော ကျောက်စာ၊ အုတ်ခွက်ဘုရား၊ မြို့ရိုးဟောင်း၊ စေတီ စသည့် ရှေးဟောင်းပစ္စည်း၊ အဆောက်အအုံများကို ပျူမြို့တော်များဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့တို့တွင် အမြောက်အများ တူးဖော်တွေ့ရှိခဲ့သည်။ ထိုတူးဖော်တွေ့ရှိသော ရှေးဟောင်းပစ္စည်း၊ အဆောက်အအုံများကို ကြည့်ခြင်းအားဖြင့် ပျူခေတ်တွင် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဗုဒ္ဓဘာသာ ထွန်းကားခဲ့သည်ကို သိရှိနိုင်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၁၀၁ ခုနှစ်သို့ ရောက်သောအခါ ယခု ပြည်မြို့၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ သရေခေတ္တရာမြို့တွင် ဒွတ္တဘောင်မင်းကြီး စိုးစံတော်မူခဲ့သည်။ ထိုမင်းလက်ထက် သရေခေတ္တရာမြို့၌ ရဟန္တာအရှင်မြတ် သုံးထောင်ခန့် သီတင်းသုံးတော်မူ၍ မင်းကြီးသည် နေ့စဉ် ပစ္စည်းလေးပါး လှူဒါန်းတော်မူသည်။ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်တော်မူခဲ့ရာ ယနေ့တိုင် ဖူးမြင်နိုင်သည်။

ထို့အတူ သရေခေတ္တရာနှင့် ခေတ်ပြိုင်ဖြစ်သော ဗိဿနိုးမြို့တွင်လည်း ဗုဒ္ဓသာသနာ စည်ပင်ထွန်းကား၍ ကြီးကျယ်ခမ်းနားသော ကျောင်းများ ရှိခဲ့သည်။ ထိုကျောင်းများ၌ ရဟန်းသံဃာတော်ထောင်ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့သည်။ ဆရာတော်တစ်ပါး၏ ဘွဲ့ဟု ယူဆရသော 'သံဃသိရီ' စာတန်းပါ တံဆိပ်တစ်ခုကိုလည်း ရွှံ့တုံး၌ ခပ်နှိပ်ထားသည်ကို တွေ့ရှိရသည်။ ဗိဿနိုးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း တောင်တွင်းကြီးနယ်တွင် တည်ရှိသည်။

သရေခေတ္တရာမြို့ဟောင်း ခင်ဘကုန်း စေတီကုန်းဟောင်းမှ ပိဋကတ်သုံးပုံ ကောက်နုတ်ချက်များ ရေးထိုးထားသော ရွှေပေချပ်များနှင့်အတူ ရှေးဟောင်းအက္ခရာများ ရေးထိုးထားသော ငွေကြုတ်ကြီးတစ်လုံးကိုလည်း တွေ့ရှိခဲ့သည်။ ထိုစာများအရ အေဒီ(A.D) လေးရာစုတွင် ပျူတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း သိရှိရသည်။



ပျူခေတ်တွင် သရေခေတ္တရာနှင့် ဗိဿနိုးမြို့များကဲ့သို့ မြန်မာနိုင်ငံ အလယ်ပိုင်း၌လည်း ဟန်လင်းဟူသော မြို့တစ်မြို့ ရှိခဲ့ပြီး ဗုဒ္ဓသာသနာ ထွန်းကားသည့် အထောက်အထားများကို တွေ့ရသည်။ ထိုမြို့သည် ယခု ရွှေဘိုမြို့၏ အရှေ့တောင်ဘက် (၁၀) မိုင် ငါးဖာလုံခန့်အကွာတွင် တည်ရှိသည်။ စိတ္တရာဇာမင်း လက်ထက်တွင် ဟန်လင်းမြို့၌ ဈာန်အဘိညာဉ်ရ ရဟန္တာသာမဏေတစ်ပါး ပေါ်ပေါက်ခဲ့သည်။ ထိုရဟန္တာသာမဏေသည် မန်းစက်တော်ရာမှ မြတ်စွာဘုရား၏ ခြေတော်ရာကို သလင်းကျောက်ဖြင့် ပုံတူကူးကာ မြင်းမူနယ်သို့ ပင့်ဆောင်ပူဇော်ခဲ့သည်။



နာမည်ကျော် ပျူပန်တျာသည် ကြေးရုပ်များ

တရုတ်ရာဇဝင် မှတ်တမ်းများအရ ခရစ်နှစ် ၈၀၀ ပြည့်တွင် ပျူနိုင်ငံမှ ၃၅ ဦးပါဝင်သော ဆို၊ က၊ တီး အနုပညာ အဖွဲ့တစ်ဖွဲ့သည် တရုတ်ဘုရင်မင်းမြတ်ထံ ညှော်ခံဖျော်ဖြေခဲ့ကြသည်။ ထိုသို့ ဖျော်ဖြေရာတွင် ထူးချွန်ပြောင်မြောက်လှသဖြင့် တရုတ်အနုပညာရှင်များပင် မနာလိုစိတ် ဖြစ်ကြရသည်ဟု တရုတ် ထန်ရာဇဝင်သစ်တွင် ဆိုထားသည်။ ပျူအနုပညာရှင်တို့ သီဆိုသော သီချင်းများမှာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော အကြောင်းများကို ရေးစပ်ထားသည့် 'အင်ကြင်းတော၊ ဈာန်၏ ငြိမ်းအေးမှု၊ ဥဒေါင်းမင်း' စသည်တို့ ဖြစ်သည်။


ပျူခေတ်တွင် လူများသည် တစ်ယောက်နှင့်တစ်ယောက် လက်မောင်းကို ဆုပ်ကိုင်၍ နှုတ်ဆက်လေ့ ရှိကြသည်။ ဦးခေါင်းညွတ်၍ အရိုအသေပေးကြသည်။ မြတ်စွာဘုရားကို လွန်စွာ ကြည်ညိုလေးစားကြ၍ တရားတော်များနှင့်အညီ ကျင့်သုံးနေထိုင်ကြသည်။ မြို့တော်တိုင်းတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ ရာကျော်ရှိသည်။ အသက်ခုနစ်နှစ်ပြည့်လျှင် ယောကျ်ားလေးများနှင့် မိန်းကလေးများသည် ခေါင်းရိတ်၍ ဘုန်းတော်ကြီးကျောင်း၌နေပြီး ပညာသင်ကြားကြရသည်။ အသက် ၂၀ ကျော်သောအခါ ဘုန်းတော်ကြီးကျောင်း၌ ပညာဆက်လက်မသင်လိုပါက အိမ်ပြန်၍ နေနိုင်သည်။ ဆံပင် အရှည်ထားနိုင်သည်။ ပျူတို့သည် သူ့အသက်သတ်မှုကို ရှောင်ကြဉ်ကြသည်။ ထို့ကြောင့် ပိုးကောင်ကလေးများမှ ရသော ပိုးချည်အဝတ်ကိုပင် မဝတ်ကြပေ။

သရေခေတ္တရာဘုရင့်နန်းတော်နှင့် မျက်နှာချင်းဆိုင်တွင် ဉာဏ်တော် ပေတစ်ရာ အမြင့်ရှိသော ကျောက်ဖြူဆင်းတုတော်ကြီး တစ်ဆူရှိသည်။ အမှုသည်တို့သည် ဆင်းတုတော်ကြီး၏ ရှေ့၌ ပုဆစ်တုပ်ဒူးချ ဝတ်ပြု၍ အမှုကိုထွက်ဆိုကာ အမှား၊ အမှန်ကို မိမိတို့ကိုယ်တိုင် စဉ်းစား ဆင်ခြင်ကြရသည်။

ပျူမြို့တော်များရှိ ဗုဒ္ဓဘာသာ အဆောက်အအုံများတွင် ပျူလူမျိုးတို့၏ တမူထူးခြားသည့် ဖွံ့ဖြိုးတိုးတက်သော ယဉ်ကျေးမှုလက်ရာများကို တွေ့ရသည်။ ထိုလက်ရာများသည် အရှေ့တောင်အာရှတွင် ပေါ်ပေါက်လာခဲ့သည့် ဗုဒ္ဓဘာသာသနိက အဆောက်အအုံများ၏ ရှေ့ပြေးဗိသုကာ လက်ရာများလည်း ဖြစ်သည်။

ပျူခေတ် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ လူနေမှုပတ်ဝန်းကျင်၊ ဥပဒေရေးရာများတွင် ဗုဒ္ဓဘာသာအယူဝါဒများ ပျံ့နှံ့လျက်ရှိသည်ကို ထင်ထင်ရှားရှား တွေ့ရသည်ဖြစ်၍ ပျူခေတ်၌ ဗုဒ္ဓဘာသာ လွှမ်းစွာ ထွန်းကားခဲ့ကြောင်း သိရှိနိုင်ပေသည်။

မှီငြမ်း ။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ၊ ၁၂၁။
မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၇)၊ ပဉ် – ဗီး၊ ၉၀။



## သင်ခန်းစာ (၁၈)
## သျှစ်သောင်းပုထိုးတော်ကြီး

စောသန္တာသည် 'အမိမြေ' ခရီးသွားလုပ်ငန်း၏ ဧည့်လမ်းညွှန်တစ်ယောက် ဖြစ်သည်။ သူသည် နိုင်ငံအနှံ့အပြားသို့ ခရီးသည်များကို လိုက်ပါပို့ဆောင်နေသည်။ ယခုတစ်ကြိမ်တွင်မူ ရခိုင်ဘုရားဖူး ယာဉ်ဖြင့် လိုက်ပါခွင့် ရခဲ့သည်။ သူတို့ဘုရားဖူးယာဉ်သည် စစ်တွေမြို့မှ ရခိုင်ပြည်နယ်၏ ရှေးဟောင်း မြို့တော် မြောက်ဦးမြို့သို့ ထွက်ခွာလာခဲ့သည်။

ကားဆရာ ။ ။ မကြာခင် မြောက်ဦးမြို့ကို ရောက်ပါတော့မယ်။ ခရီးသည်များ အဆင်သင့် ပြင်ထားကြရန် မေတ္တာရပ်ခံပါတယ် ခင်ဗျာ။

ကားဆရာ၏ အသံကြောင့် ဘုရားဖူး ခရီးသည်များ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ စောသန္တာလည်း ဘုရားသမိုင်းကြောင်းကို ရှင်းပြရန် နေရာမှထကာ ကားရှေ့ပိုင်းသို့ ထွက်လာသည်။

စောသန္တာ ။ ။ ခရီးသည်များအားလုံး မင်္ဂလာပါရှင်။ အခု မြောက်ဦးမြို့ကို ရောက်ပါတော့မယ်။ မြတ်စွာဘုရား သာသနာတော် ထွန်းကားပြန့်ပွားတဲ့ ရခိုင်ဒေသမှာ မြောက်ဦးမြို့ဟာ ရခိုင်လူမျိုးတို့ရဲ့ ယဉ်ကျေးမှု ထွန်းကားရာ ရှေးဟောင်းမြို့တော် တစ်ခု ဖြစ်ပါတယ်။ မြောက်ဦးမြို့ရဲ့ အနီးပတ်ဝန်းကျင် တစ်ဝိုက်မှာ ထင်ရှားကျော်ကြားတဲ့ ဘုရားပုထိုးတွေ၊ စေတီတွေ၊ မြို့ရိုး၊ ကျုံး၊ ခံတပ်နဲ့ နန်းတော်ရာတွေကို တွေ့မြင်နိုင်ပါတယ်ရှင်။

သမိုင်းမှာ ထင်ရှားတဲ့ ဝေသာလီဘုရားကြီး၊ ဘုရားပေါ်ဘုရားကြီး၊ ရတနာမာရ်အောင်စေတီ၊ မင်္ဂလာမာရ်အောင်စေတီ၊ လောကမာရ်အောင်စေတီ၊ ဇိနမာရ်အောင်စေတီ၊ သကျမာရ်အောင်စေတီ၊ သျှစ်သောင်းပုထိုးတော်ကြီး၊ ကိုးသောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်ပုထိုးတော်ကြီးနဲ့ အခြား ထင်ရှားကျော်ကြားတဲ့ ဘုရား၊ စေတီ၊ ပုထိုးတော်တွေဟာ မြောက်ဦးမြို့ ပတ်ဝန်းကျင်မှာ အများအပြား တည်ရှိကြပါတယ်ရှင်။



အဲဒီ ဘုရား၊ စေတီ၊ ပုထိုးတော်ကြီးတွေမှာ ရခိုင်လူမျိုးတွေရဲ့ လက်ရာမြောက်တဲ့ ကျောက်ဆစ်ပညာ၊ ကြေးသွန်းအတတ်ပညာ၊ ရခိုင်ဗိသုကာ အတတ်ပညာတွေရဲ့ လှပမှု၊ စနစ်ကျခိုင်ခံ့မှုတွေကို တွေ့မြင်နိုင်ပြီး မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာလက်ရာတွေ ဖြစ်ပါတယ်ရှင်။

မကြာခင်မှာ ကျွန်မတို့ သျှစ်သောင်းပုထိုးတော်ကြီးကို ရောက်ပါတော့မယ်။ ဒီဘုရားကြီးက မြောက်ဦးမြို့မှာရှိတဲ့ ရှေးဟောင်းဘုရားတွေထဲက တစ်ဆူ ဖြစ်ပါတယ်။ ရန်အောင်ဇေယျ ပုထိုးတော်ကြီးလို့လည်း ခေါ်ကြပါသေးတယ်။ အခုဆိုရင် ရောက်ပါပြီရှင်။ အားလုံး ကားပေါ်က ဆင်းပြီး ဘုရားဖူးနိုင်ပါပြီ။ ကျွန်မက ဘုရားကြီးအကြောင်းကို လိုက်ပြီး ရှင်းပြပါ့မယ်။

ဧည့်သည်(၁) ။ ။ ဘာကြောင့် သျှစ်သောင်းဘုရားလို့ ခေါ်တာလဲ ညီမ။

စောသန္တာ ။ ။ ဓာတ်တော်ပေါင်း ရှစ်သောင်းလေးထောင်၊ ဆင်းတုတော်ပေါင်း ရှစ်သောင်းတို့ကို ဌာပနာပြီး တည်ထားခဲ့ပါတယ်။ နောက်ပြီး စေတီတော်ရဲ့ ဂူအတွင်း၊ အပြင်မှာ ရုပ်တုတော်ပေါင်း ရှစ်သောင်းကိုလည်း တည်ထားခဲ့တဲ့အတွက် 'သျှစ်သောင်းဘုရား' လို့ ခေါ်တာ အစ်မ။ 'ရှစ်' နဲ့ ရေးရမယ့်အစား 'သျှစ်'နဲ့ ရေးတာကတော့ ပုထိုးတော်ကြီး တည်ခဲ့တဲ့ မြန်မာသက္ကရာဇ် ၈၉၇ ခုနှစ်ကို ဂဏန်းတစ်လုံးတည်းဖြစ်အောင် ပေါင်းတဲ့အခါ (၈+၉+၇=၂၄=၂+၄=၆) သောကြာနံ (၆) ဂဏန်းရတယ်။ 'သျှစ်သောင်း' ကလည်း သောကြာနံ ဖြစ်ပါတယ်။ ပြီးတော့ နန်းတော်ရဲ့ မြောက်အရပ်ဖြစ်တဲ့ သောကြာနံအရပ်မှာ သောကြာသား ဂေါတမမြတ်စွာဘုရားကို ရည်စူးပြီး တည်ထားခဲ့တဲ့အတွက်လည်း ပညာရှင်တွေက 'သျှစ်သောင်း' ဆိုတဲ့ အမည်နဲ့ မှတ်တမ်းတင်ခဲ့ကြတာ ဖြစ်ပါတယ်။

ဧည့်သည်(၂) ။ ။ ဒီဘုရားကို ဘယ်သူ တည်ခဲ့တာလဲ သမီး။



စောသန္တာ ။ ။ မြောက်ဦးမင်းဆက် (၁၂) ဆက်မြောက်ဖြစ်တဲ့ သီရိသုဓမ္မရာဇာ ဘွဲ့ခံ ဘုရင်မင်းဗာကြီးခေါ် မင်းပင်ကြီးက တည်ထားခဲ့တာပါ။ ရခိုင်ပိုင် ဘင်္ဂါ (၁၂) မြို့ဟာ သူ့ရတနာဘုရင်တွေလက်ထဲကို ကျရောက်ခဲ့လို့ ဘုရင်မင်းဗာကြီးက ပြန်လည်တိုက်ခိုက်ရယူနိုင်ခဲ့တဲ့ အထိမ်းအမှတ်အနေနဲ့ တည်ထားခဲ့တာပါ။ ဒီဘုရား တည်ထားပုံက ထူးဆန်းပါတယ်။ တခြားဘုရားစေတီတွေဆို မုခ်ဦး လေးဘက်လုံးက ဝင်လို့ရတယ်။ ဒီဘုရားကျတော့ မုခ်ဦး သုံးဘက်ကို ပိတ်ထား တယ်။ တောင်ခြေရင်းမှာရှိတဲ့ အရှေ့ဘက်မုခ် တစ်ခုတည်းကပဲ ဝင်လို့ရပါတယ်။ အထဲမှာ ဝင်္က်ပါလိုပဲ တည်ထားလို့ လမ်းမမှားအောင် ဂရုစိုက်ကြပါ။ ဘုရားပရိဝုဏ် တံတိုင်းက အရှေ့–အနောက် (၂၂၅) ပေ၊ တောင်–မြောက် ပေ (၁၈၀) ရှိပါ တယ်။

ညော့်သည်(၃) ။ ။ ဒီသျှစ်သောင်းဘုရားမှာ ဆင်းတုတော် ဘယ်နှဆူရှိလဲ ညီမ။

စောသန္တာ ။ ။ ကျောက်ညိုနဲ့ ထုထားတဲ့ ဘုရားအဆူရေ နှစ်သောင်း၊ ရတနာခုနစ်ပါးနဲ့ ထုလုပ်ထားတဲ့ ဆင်းတုတော်က ခြောက်သောင်း၊ စုစုပေါင်း ဆင်းတုတော် ရှစ်သောင်း ရှိပါတယ်။ ဒါတင် မကသေးပါဘူး။ အတွင်းဌာပနာခန်းထဲမှာလည်း ဓာတ်တော်မွေတော်ပေါင်း ရှစ်သောင်းနဲ့ ရတနာမျိုးစုံနဲ့ သွန်းလုပ်ထားတဲ့ ရုပ်ပွားငယ် ရှစ်သောင်းလေးထောင်တို့ကိုလည်း ဌာပနာထားပါသေးတယ်။ မင်း (၁၂) ဆက်တို့ရဲ့ ပုံတူတွေကိုလည်း ထုလုပ်ပြီး မှူးမတ် အခြွေအရံတွေနဲ့အတူ စေတီတော်မြတ်ကြီးကို ပူဇော်နေပုံကိုလည်း အပြင်ဌာပနာခန်းထဲမှာ ထည့်သွင်း ထားပါသေးတယ်။





ညွှန့်သည်(၁) ။ ။ ဒီဘက်က ပုံတွေက ဘာပုံတွေလဲ ညီမ။

စောသန္တာ ။ ။ သြော် ... ဒါက ဘုရားအလောင်းတော် နစဉ်အခါက ကျင်လည်ခဲ့ရတဲ့ ဘဝတွေကို ရုပ်လုံးထုထားတာတွေလေ။ ဒီစေတီရဲ့ ဒုတိယထပ် လက်ယာဘက်ကနေ စကြည့်သွားလိုက်ရင် နိပါတ်တော်လာ ဘုရားလောင်းဖြစ်တော်စဉ် ရုပ်တုတွေကို တွေ့ရလိမ့်မယ်။ အဲဒီရုပ်တုတွေနောက်မှာ ထောင်သောင်းချီတဲ့ နတ်ရုပ်တွေကိုလည်း တွေ့ရလိမ့်မယ်။ ပထမပစ္စယာ မြောက်ဘက်မှာ အလျားနစ်ပေခွဲ၊ အနံနစ်ပေခွဲ၊ အမြင့် ခုနစ်ပေရှိတဲ့ အာနန္ဒစန္ဒြကျောက်စာတိုင် ရှိပါတယ်။ အေဒီ (AD) ရှစ်ရာစုမှာ ရခိုင်ဘုရင် အာနန္ဒစန္ဒြမင်းကြီးက ရခိုင်သမိုင်းကို နာဂရီအက္ခရာနဲ့ ကမ္ပည်းရေးထိုးခဲ့တာဖြစ်ပါတယ်။ တစ်ဘက်ကတော့ စာတွေပျက်ကုန်ပါပြီ။

ညွှန့်သည်(၄) ။ ။ ဒုတိယပစ္စယာမှာရော ဘာတွေရှိသေးလဲဟင်။

စောသန္တာ ။ ။ ဒုတိယပစ္စယာမှာတော့ အထူးအထွေ မရှိပါဘူး။ ၁၂ ပေလောက် မြင့်တဲ့တံတိုင်းကြီး သုံးဘက် ကာရံထားတာပဲ ရှိပါတယ်။ အရှေ့ဘက်က တောင်စောင်း ဖြစ်လို့လေ။

ညွှန့်သည်(၄) ။ ။ ဘုရားကြီးရဲ့ အထက်ပစ္စယာကို ဆက်တက်ကြရအောင်။ သူကရော မြေပြင်ကနေ ဘယ်လောက်မြင့်သလဲ သိချင်ပါတယ်။

စောသန္တာ ။ ။ ပေခြောက်ဆယ် မြင့်ပါတယ်။ ဒီပစ္စယာမှာ တည်ထားတဲ့ စေတီငယ်လေးတွေက ညဏ်တော် ခုနစ်ပေမြင့်ပြီး တစ်ဆူနဲ့တစ်ဆူ အကွာအဝေး တူပါတယ်။ ဒီစေတီငယ်တွေကြားက ကာထားတဲ့ ကျောက်ပြားတွေက သုံးပေခွဲကျော် မြင့်ပါတယ်။

ညွှန့်သည်(၂) ။ ။ ကျောက်ပြားတွေပေါ်က ပန်းတမော့ရုပ်တွေ ထွင်းထုထားတာ တော်တော်လက်ရာ မြောက်တယ်နော် သမီး။

စောသန္တာ ။ ။ ဟုတ်ပါတယ်။ ဘုရားကြီးဘက် လှည့်နေတဲ့ ကျောက်ပြားက ဘုရားရှင်ရဲ့ ပုံတော်အမျိုးမျိုး။ အပြင်ဘက် မျက်နှာမှာတော့ နဂါး၊ ဂဠုန်၊ ဘီလူး၊ မြွေစတဲ့ ပုံတွေ ထွင်းထားတာလေ။

ညှော့သည်(၅) ။ ။ ဘုရားကြီးရဲ့ ဒီဘက်နံရံတွေမှာလည်း ဂူပေါက်တွေ ရှိသေးတယ်နော်။

စောသန္တာ ။ ။ ဟုတ်ပါတယ်။ အရှေ့ဘက်နံရံမှာ ဂူနှစ်ဂူနဲ့ တောင်၊ မြောက်၊ အနောက် နံရံတွေမှာတော့ ဂူရှစ်ခုစီ ရှိတယ်။ အခုရောက်နေတဲ့ နေရာကို ဗဟိုဂန္ဓကုဋီတိုက်လို့ ခေါ်တယ်။ ပေသုံးဆယ် မြင့်ပြီး အလယ်စေတီတော်ကြီးက ဉာဏ်တော်ပေ ခြောက်ဆယ် မြင့်ပါတယ်။ ဂန္ဓကုဋီတိုက်ရဲ့ အမိုးလေးထောင့်မှာ စေတီလေးဆူ ရှိပြီး အတွင်းမှာတော့ ဉာဏ်တော် ရှစ်ပေရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိပါတယ်။

ညှော့သည်(၃) ။ ။ စေတီကြီးရဲ့ ဟိုးအနောက်တောင်မှာရှိတဲ့ အဆောင်ကဘာလဲ ညီမ။

စောသန္တာ ။ ။ အဲဒါ မင်းပင်ကြီးရဲ့ ဥပုသ်တော်ဆောင်လို့ ခေါ်ပါတယ် အစ်မ။ စေတီရဲ့ မြောက်ဘက်မှာရှိတဲ့ သိမ်ကတော့ မယ်တော်ကို အကြောင်းပြုပြီး ဆောက်ထားလို့ မယ်တော်သိမ်တော်လို့ ခေါ်ပါတယ်။ ဂူတော်ကြီးလို့လည်း ခေါ်ပါတယ်။

ညှော့သည်(၅) ။ ။ ဒီဘုရားကြီး ကြည့်ရတာ တံတိုင်းတွေ အခိုင်အမာနဲ့ ဝင်ပေါက်မုခ်ကလည်း တစ်ခုပဲ ထားတယ်။ ထူးတော့ ထူးဆန်းတယ်နော်။

စောသန္တာ ။ ။ ဟုတ်ပါတယ်။ ရှေးဟောင်း သုတေသနပညာရှင်တွေကတော့ ဒီစေတီတော်ကြီးကို ဘုရားပုထိုးအဖြစ်ထက် ရန်သူဘေးက ကာကွယ်ဖို့ ခံတပ်အနေနဲ့ ရခိုင်ဘုရင်တွေ ဆောက်ထားတာလို့ ယူဆကြပါတယ်။ စေတီတော်ကို သုံးဘက်ပိတ်ပြီး အထဲမှာ ဝင်္ကပါလို တည်ထားတာ ဆိုတော့လည်း ခံတပ်အဖြစ် ယူဆနိုင်ပါတယ်။ သျှစ်သောင်း ဘုရားကြီး ဖူးပြီးရင် အရှေ့မြောက်ဘက်မှာရှိတဲ့ အံတော်ဘုရားနဲ့ အနောက်မြောက် ဘက်က ထုက္ကန်သိမ်ဘုရားတွေကို ဖူးမြော်ကြဖို့ ခရီးဆက်ကြရအောင်လားရှင်။

မှီငြမ်း ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၁၊ ၃၆၀။ သမိုင်းထဲမှ မြောက်ဦးဘုရားစေတီပုထိုးများနှင့် ညှော့လမ်းညွှန်။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ရတနာခုနစ်ပါး | = | ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲ၊ စိန်၊ သန္တာ။ |
| နာဂရီအက္ခရာ | = | သက္ကတဘာသာ၊ ဟိန္ဒီဘာသာတို့ကို ရေးသောအက္ခရာ။ |
| ပစ္စယာ | = | စေတီတော်၏ အဆင့် အစိတ်အပိုင်း။ |

# သင်ခန်းစာ (၁၉)
# သာသနာနှင့် သီလရှင်

ဘုရားရှင်၏ မိထွေးတော် မဟာပဇာပတိဂေါတမီကို အကြောင်းပြု၍ ဘိက္ခုနီသာသနာ စတင်ပေါ်ထွန်းခဲ့သည်။ ဘိက္ခုနီဆိုသည်မှာ အမျိုးသမီးရဟန်း၊ ရဟန်းမဟု ဆိုလိုသည်။ အမျိုးသားရဟန်းကို ဘိက္ခုဟုခေါ်သည်။ ဘိက္ခုနီများသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ငါးရာခန့်တွင် ကွယ်ပျောက်ခဲ့သည်။ ဘုရားရှင်၏ သာသနာတော် ထင်ရှားရှိနေပါလျက် ဘိက္ခုနီသာသနာ ကွယ်ပျောက်သွားခဲ့ရခြင်းမှာ အမျိုးသမီးများအတွက် ကြီးမားသော ဆုံးရှုံးမှုပင်ဖြစ်သည်။

ဘိက္ခုနီများ စောစီးစွာ ပျောက်ကွယ်ခဲ့ရခြင်းမှာ ခေတ်ဆိုး ခေတ်ပျက်တို့နှင့် အကြိမ်ကြိမ်တွေ့ကြုံ၍ လောကဓံဆိုးတို့နှင့် ရင်ဆိုင်ရခြင်း၊ ထိုသို့ ရင်ဆိုင်ရသောအခါ အမျိုးသမီးတို့၏ ပင်ကိုသဘာဝအားဖြင့် မိမိကိုယ်ကိုယ် ခုခံကာကွယ်နိုင်မှု အားနည်းခြင်းစသော အကြောင်းတို့ကြောင့် ဖြစ်သည်။

ဘိက္ခုနီသာသနာ မှေးမှိန်အားနည်းလာသောအချိန်တွင် အမျိုးသမီးများသည် ဝိနည်းစည်းကမ်းတင်းကျပ်သော ဘိက္ခုနီအစား စောင့်ထိန်းလိုက်နာရလွယ်ကူသော ဝတ်ဖြူစင်ကြယ်ဝတ် ပရိဗိုဇ် (ယောဂီ) အသွင်ဖြင့် သာသနာတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။ သူတို့သည် ရဟန်းမများကဲ့သို့ သိမ်ဝင်၍ စနစ်တကျ ရဟန်းခံလာသူများ မဟုတ်ကြသဖြင့် ဘိက္ခုနီများ မဟုတ်ကြပေ။ သို့သော် မြတ်စွာဘုရား၏ အဆုံးအမများကို ရဟန်းတော်တို့ကဲ့သို့ အချိန်ပြည့် လိုက်နာကျင့်သုံးသူများဖြစ်၍ သာသနာ့နွယ်ဝင်ဟူ၍ အသိအမှတ်ပြု လက်ခံလာခဲ့ကြသည်။ ၎င်းတို့သည် ကိုရင်သာမဏေများကဲ့သို့ ဆယ်ပါးသီလကို ဆောက်တည်ကြပြီး အချို့မှာ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကို စောင့်ထိန်းကြသည်။ အဆိုပါ ပရိဗိုဇ် (ယောဂီ) တို့သည် ယနေ့ခေတ် တွေ့မြင်နေရသော သီလရှင်များ၏ မူလအစဖြစ်သည်ဟု ဆိုကြသည်။

'သီလရှင်'ဟူသောအမည်ကို ကုန်းဘောင်ခေတ်ဦးမှစ၍ အသုံးပြုခဲ့ပြီး ကုန်းဘောင်ခေတ်တိုင်အောင် များသောအားဖြင့် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ခဲ့ကြသည်။ အချို့သော သီလရှင်တို့သည် သစ်ခေါက်ဆိုး (အညို) ရောင်ဝတ်စုံများကိုလည်း ဝတ်ဆင်ကြသည်။





မျက်မှောက်ခေတ် မြန်မာနိုင်ငံသီလရှင်တို့သည် ခါးဝတ်ကိုယ်ရုံ စသည်တို့ကို အရောင်ဆိုး၍ ဝတ်ရုံကြသည်။ ထိုသို့ အရောင်ဆိုးရာတွင် များသောအားဖြင့် ခါးဝတ်ကို အဝါရောင် ရင့်ရင့်ဆိုး၍ ကိုယ်ရုံနှင့် ကိုက်ရှည်အင်္ကျီများကို ပန်းရောင် ဆိုးကြသည်။ ပခုံးတင်တဘက်ကိုမူ ပင်နီရောင်၊ အုန်းခွံရောင်များဆိုး၍ ဝတ်ရုံကြသည်။ ဝတ်စုံအားလုံး အညိုရင့်ရောင် ဝတ်ဆင်ကြသော သီလရှင်များလည်း ရှိသည်။ မြန်မာနိုင်ငံနှင့် ထေရဝါဒ ဗုဒ္ဓသာသနာချင်းတူသော ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ရှိ သီလရှင်များသည် ယနေ့တိုင် အဖြူရောင်ကို ဝတ်ရုံလျက်ရှိသည်။ သီလရှင်များသည် ပိဋကတ်စာပေများ သင်ကြားပို့ချခြင်း၊ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ခြင်းဟူသော သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိ၍ သာသနာ့ဝန်ထမ်းများ ဖြစ်ကြသည်။ ဘိက္ခုနီသာသနာ၏ အဆက်အနွယ်ဝင်များ ဖြစ်ကြသဖြင့် သာသနာ့နွယ်ဝင်လည်း ဖြစ်ပါသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်၌ သီလရှင်မယ်ကင်းခေါ် ဒေါ်ခေမာသည် ထင်ရှားကျော်ကြားသော သီလရှင်တစ်ပါးဖြစ်သည်။ သီလရှင်မယ်ကင်းထံတွင် ရိုးရိုးအရပ်သူများသာမက နန်းတွင်းအပျိုတော်များ၊ မိဖုရားများလည်း သီလရှင်ဝတ်၍ ဗုဒ္ဓစာပေ သင်ကြားခြင်း၊ ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းများ ပြုလုပ်ကြသည်။ မင်းတုန်းမင်းကြီးသည် သားတော်များကို ရှင်သာမဏေပြုပေးသကဲ့သို့ သမီးတော်များကိုလည်း ကြီးကျယ်သော အခမ်းအနားများဖြင့် သီလရှင် ဝတ်စေသည်။ သီလရှင်မယ်ကင်းသည် ခေတ်ပြိုင်ဆရာတော်ကြီးများ ချီးကျူးရလောက်အောင် စာပေပရိယတ် တတ်ကျွမ်း၍ အကျင့်သီလ ဖြူစင်လှသောကြောင့် မင်းကိုးကွယ်ခံရသည်။

မယ်ကင်းကဲ့သို့ မယ်နတ်ပေးသည်လည်း ဗုဒ္ဓစာပေများ သင်ကြားပေးခြင်း၊ ကမ္မဋ္ဌာန်းတရားကျင့်ကြံပွားများ အားထုတ်ခြင်းများဖြင့် မြန်မာနိုင်ငံ သီလရှင်တို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခဲ့သည်။ သူတို့၏ ကျေးဇူးများကြောင့် မြန်မာနိုင်ငံ သာသနာ့နွယ်ဝင် သီလရှင်တို့၏ အနွယ်စဉ်သည်လည်း ယနေ့တိုင် ထွန်းတောက်ရှင်သန်နေခြင်း ဖြစ်သည်။

ယနေ့ခေတ် သီလရှင်များသည် ရှေးမူလည်းမပျက် ခေတ်အမြင်လည်း မလစ်ဟင်းရအောင် ကြိုးစားအားထုတ်နေကြသည်။ ပိဋကတ်စာပေများ နှံ့စပ်ကျွမ်းကျင်ရုံမျှမက ဘာသန္တရအရပ်ရပ်၌လည်း ထူးချွန်လာကြသည်။ သူတို့သည် ဗုဒ္ဓစာပေများကို သင်ကြားပို့ချခြင်း၊ အမျိုးသမီးများကို လောကီအတန်းပညာ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ စာရိတ္တပိုင်းဆိုင်ရာ မြှင့်တင်ပေးခြင်း၊ တရားဓမ္မတို့ကို ဟောပြောပြသပေးခြင်း၊ ဓမ္မစကူးလ်သင်တန်းကျောင်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်၍ ပညာပြည့်ဝ နလုံးလှသည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် ပြုစုပျိုးထောင်ခြင်း၊ မိဘမဲ့ကလေးများအတွက် စာသင်ကျောင်းများ တည်ထောင်ဖွင့်လှစ်၍ ပညာရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စများကို တာဝန်ယူလုပ်ဆောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်းစသော ပရဟိတ လုပ်ငန်းအဝဝကိုလည်း စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်နေကြသည်။

ယနေ့ခေတ်တွင် အဆင့်မြင့် ပရိယတ္တိစာမေးပွဲများ အောင်မြင်၍ ပိဋကတ်စာပေဆိုင်ရာ နှံ့စပ်ကျွမ်းကျင်သော သီလရှင်များနှင့် နိုင်ငံတကာ တက္ကသိုလ်များမှ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့အစရှိသော အဆင့်မြင့် ဘွဲ့ထူးဂုဏ်ထူးများ ရရှိသော သီလရှင်များလည်း ပေါ်ထွန်းလာပြီ ဖြစ်သည်။ သီလရှင်ကျောင်းတိုက်ကြီးများ၌ ပရိယတ္တိစာပေများကို စနစ်တကျ သင်ယူကြပြီးနောက် မိမိတို့ မြို့ရွာများသို့ ပြန်၍ သီလရှင်ကျောင်းတိုက်များ တည်ထောင်ကာ သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသော သီလရှင်များလည်း အများအပြား ပေါ်ထွန်းလာပြီဖြစ်သည်။

သီလရှင်ကျောင်းများသည် လူဝတ်ကြောင် အမျိုးသမီးငယ်တို့ ပညာလေ့လာသင်ယူရာဌာန ဖြစ်သကဲ့သို့ ခေတ္တခဏ တရားဓမ္မကျင့်သုံးရာ ဌာနလည်း ဖြစ်သည်။ ထို့ပြင် လောကီဘဝကို ငြီးငွေ့၍ တရားရိပ်သာ ဝင်ရောက်ခိုလှုံလိုသော အမျိုးသမီးများ တရားဓမ္မရှာမှီးရာ၊ ခိုကိုးရာမဲ့ အမျိုးသမီးများ၏ အားထားမှီခိုရာ အဓိကဌာနကြီးများလည်း ဖြစ်ကြသည်။ ကျောင်း၊ ဇရပ်များ အတွင်းမှ သီလရှင်တို့ တရားဓမ္မ ရွတ်ဖတ်သရဇ္ဈာယ်သံများနှင့် ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်၍ တရားဓမ္မ ကျင့်သုံးနေမှုများကို ကြားရ၊ မြင်တွေ့ရသူတို့အဖို့ တဒင်္ဂ စိတ်ငြိမ်းချမ်းမှုကို ခံစားကြရပေသည်။

ဤသို့ဖြင့် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က မိထွေးတော် မဟာပဇာပတိဂေါတမီ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ပေါ်ထွန်းလာခဲ့သော ဘိက္ခုနီများမှာ အကြောင်းအမျိုးမျိုးဖြင့် ကွယ်ပျောက်ခဲ့ရသော်လည်း ခေတ်အဆက်ဆက် သီလရှင်တို့၏ ဇွဲသတ္တိရှိရှိ ကြိုးစားအားထုတ်မှုတို့ကြောင့် သာသနာ့နွယ်ဝင် သီလရှင်အသွင်ဖြင့် ယနေ့တိုင် ဆက်လက်တည်တံ့နေသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ကောင်းလှပေသည်။

မှီငြမ်း ။ ထေရဂါထာပါဠိတော်နှင့် ထေရီဂါထာပါဠိတော် မြန်မာပြန်၊ ၉။
ဘိက္ခုနီသာသနာနှင့် သီလရှင်သမိုင်း။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ကိုက်ရှည် | = | ဝတ်ရုံအရှည်။ |
| ခါးဝတ် | = | ထဘီ။ |
| ဘာသန္တရ | = | မိမိဘာသာစကားမှ အခြားသော ဘာသာစကား။ |

## သင်ခန်းစာ (၂၀)
## အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်



တောင်မြို့ဆရာတော်၊ ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်၊ ဘာသာဋီကာဆရာတော်ဟု ထင်ရှားလာမည့် အရှင်ဇနကာဘိဝံသ  လောင်းလျာကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာတွင် အဘ ဦးဇောတိ၊ အမိဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်ငွေးလွင်ဖြစ်ပြီး မွေးချင်းလေးယောက်တွင် အကြီးဆုံး သားရတနာ ဖြစ်သည်။

မောင်ငွေးလွင်သည် ခြောက်နှစ်သားအရွယ်မှစ၍ သရိုင်ရွာ၊ ပင်းကျောင်းဆရာတော် ဦးဇနိတထံ၌ အခြေခံ ပရိယတ်စာပေများ သင်ယူခဲ့သည်။ ၁၂ နှစ်အရွယ်တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံကျောင်း တိုက်သို့ ရောက်ရှိခဲ့ပြီး အဆင့်မြင့် ပရိယတ်စာပေများ ဆက်လက်သင်ယူခဲ့သည်။ ကျောင်းသားဘဝ အသက် ၁၅ နှစ်၊ ၁၆ နှစ်အရွယ်တွင် အစိုးရ ပထမငယ်တန်းနှင့် ပထမလတ်တန်းတို့ကို အသီးသီး အောင်မြင်ခဲ့သည်။ အသက် ၁၇ နှစ် အရွယ်တွင် မြောင်းမြဆရာတော် ဦးဉာဏာဘိဝံသကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေ ဖြစ်လာခဲ့သည်။

ဆရာတော် မိန့်တော်မူလေ့ရှိသည့် စကားတစ်ခွန်းမှာ ''သူများတွေက ဘုရားကို ဘုရားဖြစ်မှ ကြည်ညိုကြတာ၊ ဘုန်းကြီးကတော့ ဘုရားမဖြစ်ခင် အလောင်းတော်ဘဝကတည်းကိုက ကြည်ညိုတာ'' ဟူ၍ ဖြစ်သည်။ ဘုရားအလောင်းတော် ဇနကမင်းသား၏ ဝီရိယကို အားကျခြင်းကြောင့် မိမိ၏ဘွဲ့ အမည်ကို 'ရှင်ဇနက'ဟု ကိုယ်တိုင် ရွေးတော်မူခဲ့သည်။ မိမိဘွဲ့အမည်ကို ကိုယ်တိုင်ရွေးချယ်ခွင့်ရခဲ့ ခြင်းမှာ ဆရာတော် လောင်းလျာ၏ ထူးခြားချက်ပင် ဖြစ်သည်။

ရှင်ဇနကသည် ဆရာဘုန်းကြီး၏ တာဝန်ပေးချက်အရ ကိုရင်ဘဝဖြင့် သီလပေး၊ ရေစက်ချတို့ကို လုပ်ဆောင်ခဲ့ရသည်။ ‘ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့်၊ ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားသို့၊ မလွှားမပ၊ မာန်မထဘဲ’ ဟူသော အရှင်သာရိပုတ္တရာ၏ စိတ်ထားအတိုင်း ဆရာသမားများထံတွင် ရိုသေကျိုးနွံစွာ နေထိုင်လေ့လာ ပညာရှာရင်း အရည်အချင်းပြည့်ဝသော ရှင်သာမဏေတစ်ပါးဖြစ်အောင် ကြိုးစားခဲ့သည်။

ရှင်ဇနက သက်တော် ၁၈ နှစ်အရွယ်တွင် ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။ သက်တော် ၂၀ ပြည့်၍ ၁၂၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင် ရဟန်းအဖြစ်ခံယူခဲ့ကာ ‘အရှင်ဇနက’ ဖြစ်လာသည်။ ရဟန်းဖြစ်ပြီးနောက် ပထမကျော်ဘွဲ့ကို အောင်မြင်ရရှိခဲ့သည်။ ထို့နောက် သကျသီဟအဘိဝံသဘွဲ့ကို ဆက်လက်အောင်မြင်တော်မူ၍ ‘အရှင်ဇနကာဘိဝံသ’ ဖြစ်လာခဲ့သည်။ ဆရာတော်သည် ထိုခေတ်ပရိယတ်စာပေလောက၌ စံထားရသော မန္တလေးစာသင်နည်း၊ ပခုက္ကူစာသင်နည်းတို့ကို ဆုံးခန်းတိုင်ရောက် ပေါက်မြောက်အောင် သင်ယူလေ့လာခဲ့သည်။ သက်တော် ၃၀ အရွယ်မှစ၍ ကျမ်းစာများ ရေးသားပြုစုခဲ့သည်။ ပထမဆုံး ကျမ်းစာမှာ ‘ရတနာ့ဂုဏ်ရည်’ ဖြစ်သည်။ စာပေသင်ကြားပို့ချခြင်း၊ ကျမ်းစာများ ရေးသားပြုစုခြင်းတို့ကြောင့် တဖြည်းဖြည်း လူသိများ ထင်ရှားလာခဲ့သည်။

ဆရာတော်ပြုစုသော ကျမ်းစာများတွင် ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် ဘာသာဋီကာကျမ်းများသာမက လူကြီး၊ လူငယ်များအတွက် ‘ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ ဘာသာသွေး၊ ဗုဒ္ဓဘာသာ လက်စွဲကျမ်း’ စသော ကျမ်းများလည်း ပါဝင်သည်။ ထို့ပြင် လူရှင်ရဟန်းအားလုံး ဖတ်ရှုလေ့လာသင့်သော ‘အနာဂတ်သာသနာရေး၊ သာသနာ့အသက်’ စသော ကျမ်းပေါင်းများစွာကိုလည်း ရေးသားတော်မူခဲ့သည်။ ‘ဘာသာဋီကာ’ ကျမ်းများသည် ဆရာတော်၏ အမှတ်သင်္ကေတများ ဖြစ်၍ ‘မြန်မာအဋ္ဌကထာကျမ်းပြုဆရာတော်’၊ ‘ဘာသာဋီကာဆရာတော်’ ဟု ယနေ့တိုင် လူသိများထင်ရှားသည်။

ဆရာတော်သည် ၁၃၀၃ ခုနှစ်၊ ဝါဆိုဦးကာလတွင် အမရပူရမြို့ ယခုလက်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ သံဃာတော်ခုနစ်ပါးနှင့်အတူ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့သည်။ နှစ်ပေါင်း ၃၆ နှစ်အကြာ ဆရာတော် ပျံလွန်တော်မူသောအခါ၌ ကျောင်းတိုက်တွင် သံဃာတော် အပါးငါးရာကျော်ရှိသည်။ ဆရာတော်သည် မဟာဂန္ဓာရုံကို စံပြုထိုက်သော ကျောင်းတိုက်တစ်ခုဖြစ်အောင် ကြိုးပမ်းတော်မူခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတော် အစိုးရက ပထမဆုံး ဆပ်ကပ်သည့် ‘အဂ္ဂမဟာပဏ္ဍိတ’ ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့သည်။ လွတ်လပ်ရေးရပြီးစ တိုင်းပြည်၏ ယိမ်းယိုင်နေသော စာရိတ္တမဏ္ဍိုင်ကို တည့်မတ်နိုင်ရန် စာသင်ကျောင်းသုံး မူလတန်း ဗုဒ္ဓဘာသာလက်စွဲ သင်ခန်းစာများကို ရေးသားခဲ့သည်။

ဆဋ္ဌသင်္ဂါယနာသဘင် ဆင်ယင်ကျင်းပရာ၌ သံဂီတိ ဩဝါဒါစရိယ သံဃနာယကမှစ၍ တာဝန်အသီးသီးကို ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၃၇ ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပသော ရွှေကျင်ဂိုဏ်းလုံးကျွတ်သံဃအစည်းအဝေးကြီးတွင် ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံရသည်။

ဆရာတော်သည် မဟာဂန္ဓာရုံ ကျောင်းတိုက်ရှိ ရဟန်းသာမဏေများအား နေ့စဉ်နံနက်တိုင်း ဩဝါဒများ ချီးမြှင့်လေ့ရှိသည်။ ၎င်းဩဝါဒများကို စုဆောင်းပြုစုထားသော ‘နံနက်ခင်းဩဝါဒများ’

စာအုပ်သည် ဆောင်ရန်ရှောင်ရန်များ လိုက်နာကျင့်သုံးဖွယ်ရာများနှင့် ပြည့်နှက်နေရုံမျှသာမက ကြည်ညိုသဒ္ဓါ ပွားများဖွယ်လည်း ကောင်းလှသည်။

**အမှတ်တရ ဩဝါဒများမှာ –**

- လူ့ဘဝ နေလျှင် လူ့အလုပ် လုပ်ရမယ်။ ရဟန်းဘဝ နေလျှင် ရဟန်းအလုပ် လုပ်ရမယ်။ ဘယ်ဘဝ မှာပဲနေနေ အလကားတော့ မနေရဘူး။ အလုပ် လုပ်နေရမှာပဲ။
- ကိုယ့်ရပ်ရွာကို ထိပ်တန်းကျအောင် ကြိုးစားကြ။ ကိုယ့်ရပ်ရွာ ထိပ်တန်းကျရင် သူများကလည်း လေးစားလာရမှာပဲ။
- ရှေးကကောင်းလို့ ခုကောင်းတယ်။ အခုကောင်း နောင်ကောင်းပါလိမ့်မယ်။ ရှေးကဆိုးလို့ ခုဆိုးတယ်။ အခုဆိုး နောင်ဆိုးပါလိမ့်မယ်။ နောင်ကိုကောင်းဖို့ ခုကောင်းလိုက်ကြပါစို့ကွယ်။
- ကံကလည်း မွဲနေမယ်။ ဉာဏ်ကလည်း မပါဘူး။ ဝီရိယကလည်း မရှိဘူးဆိုရင် ဘယ်နတ်ကမှ လာ မ,မဘူး။
- ဘဝမှာ လူကောင်းသူကောင်း ဖြစ်ဖို့ရော၊ နောက်ဘဝမှာ လားရာဂတိ ကောင်းဖို့ရော ကိုယ်ကျင့် သီလက ပဓာန ဖြစ်ပါတယ်။

ဆရာတော်သည် ပထမကျော်၊ အဂ္ဂမဟာပဏ္ဍိတတို့ကဲ့သို့ ထင်ရှားသော ဘွဲ့ထူးဂုဏ်ထူးများကို အောင်မြင်ရရှိခဲ့သော်လည်း မိမိရေးသားပြုစုသည့် ကျမ်းစာများတွင် ထည့်သွင်းဖော်ပြလေ့မရှိပေ။ စာအောင်ပူဇော်ပွဲ၊ ဘွဲ့ရဂုဏ်ပြုပွဲ၊ မွေးနေ့အလှူပွဲ စသည်တို့ကို ကျင်းပလေ့မရှိပေ။ အချိန်ရှိသမျှ စာပေ သင်ကြားပို့ချခြင်း၊ ကျမ်းစာများ ရေးသားပြုစုခြင်း၊ တရားဟောခြင်းစသော သာသနာ့တာဝန်များကိုသာ ထမ်းဆောင်တော်မူခဲ့သည်။ ရိုးရိုးကျင့် မြင့်မြင့်ကြံမှာ ဆရာတော်၏ဟန်ဖြစ်သည်။

'ရဟန်းအသက် ဝိနည်းဖြစ်သည်'ဆိုသည့်အတိုင်း ဝိနည်းကျင့်ဝတ်တို့ကို အထူးအလေးထား တော်မူသော ဆရာတော်သည် သီလကို လုံခြုံအောင် စောင့်ထိန်းမှသာ အောင်မြင်မည်ဟု အမြဲဩဝါဒပေး လေ့ရှိသည်။ ဆရာတော် ချမှတ်ခဲ့သော မဟာဂန္ဓာရုံကျောင်းတိုက် စည်းကမ်းများကို လေ့လာကြည့်ပါက စိတ်ကောင်းမွေးမြူဖို့နှင့် ကိုယ်ကျင့်တရား ကောင်းမွန်ဖို့ကို အလေးထားပြီး စာတတ်ဖို့ကို နောက်ဆုံး အဆင့် သတ်မှတ်ကြောင်း တွေ့ရသည်။

၁။ စိတ်ကောင်းရှိဖို့က ပထမ
၂။ ဝိနည်းလေးစားဖို့က ဒုတိယ
၃။ ကျန်းမာဖို့က တတိယ
၄။ သန့်ရှင်းဖို့က စတုတ္ထ
၅။ အဝတ်အစား တတ်ဖို့က ပဉ္စမ
၆။ အနေအထိုင် တတ်ဖို့က ဆဋ္ဌမ
၇။ အပြောအဆို တတ်ဖို့က သတ္တမ
၈။ အသွားအလာ တတ်ဖို့က အဋ္ဌမ
၉။ စည်းကမ်းလိုက်နာဖို့က နဝမ
၁၀။ စာတတ်ဖို့က ဒသမ – တို့ ဖြစ်သည်။

ဆရာတော်၏ ကျမ်းစာများနိဂုံး၌ ''ဤကောင်းမှု၏ အဖို့ကို အမိအဘနှစ်ဦးတို့အား အထူးအားဖြင့် အမျှပေးဝေပါ၏''ဟု မိဘတို့၏ ကြီးမားလှသော ကျေးဇူးတရားကို အောက်မေ့၍ လည်းကောင်း၊ ''ဆရာသမားတို့အား ပူဇော်ကန်တော့ပါ၏''ဟု ဆရာသမားတို့၏ မြင့်မြတ်လှသော ဂုဏ်ကျေးဇူးများကို အမှတ်ရ၍ လည်းကောင်း၊ ''ဤကျမ်းစာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအားလည်း ပူဇော်ပါ၏'' ဟု တွေ့ကြုံရခဲ့လှသော သာသနာတော်၏ တန်ဖိုးကို သိမြင်၍ လည်းကောင်း၊ ဆိုင်ရာ ဘာသာရပ်၌ မိမိကျမ်းထက်သာ၍ သိလွယ်တတ်လွယ်သော ကျမ်းများ ပေါ်ပေါက်လာပါက မိမိကျမ်းများ ''ကွယ်ပရစ်ပါစေ''ဟု ဆရာစွဲဝါဒကို ကင်းစေလိုသည်ကို လည်းကောင်း၊ ကျမ်းများစွာ ရေးသားပြုစုသော်လည်း 'ကျမ်းပြုဆရာတော်'ဟူသော ဂုဏ်ပကာသနကို မက်၍မဟုတ်ဘဲ သာသနာ့တာဝန်ကို ထမ်းဆောင်ရာ၌ 'စွမ်းရာဘက်မှ ထမ်းခြင်း'ဖြစ်သည်ကို လည်းကောင်း အရိုးခံစိတ်ထားဖြင့် ကြည်ညိုဖွယ်ရာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ထိုမျှလောက် ကြိုးပမ်းအားထုတ်ခြင်းသည် 'ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး'ဟု ဆရာတော်ကိုယ်တိုင် ရေးသားခဲ့သည့် ကဗျာကို ကြည့်ခြင်းအားဖြင့် မိမိအတွက် ကြိုးစားခြင်းမဟုတ်၊ 'ကိုယ့်နောက်အများ၊ ချမ်းသာပွားအောင်'ဆိုသည့်အတိုင်း အများချမ်းသာရန် စိတ်ရည်သန်၍ 'သာသနာ့အလုပ်ကို ကိုယ့်အလုပ်ပမာ' ကြိုးစားထားထုတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း တွေ့ရသည်။ ယင်းသို့ ဘဝတစ်ခုလုံး မြှုပ်နှံ၍ လောက၊ သာသနာ အကျိုးများစွာကို ဆောင်ရွက်တော်မူခဲ့သော သာသနာ့အာဇာနည် ဆရာတော်သည် ကျမ်းစာပေါင်း (၆၀) ကျော် ရေးသားတော်မူ၍ မဟာဝါဘာသာဋီကာကျမ်းစာကို နောက်ဆုံးရေးသားတော်မူပြီး (၄) ရက်အကြာ ၁၃၃၉ ခုနှစ်၊ သက်တော် ၇၈၊ ဝါတော် ၅၈ အရတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။


မိုးငြိမ်း ။ တစ်ဘဝသာသနာ။ နံနက်ခင်းသြဝါဒများ။

ဗုဒ္ဓဘာသာသင်ခန်းစာ။ အခြေပြုပဋ္ဌာန်းတရားတော်။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ဆဋ္ဌသင်္ဂါယနာ | = | ခြောက်ကြိမ်မြောက်တင်အပ်သော သင်္ဂါယနာ။ |
| သံဂီတိ သြဝါဒါစရိယ | = | ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ လမ်းညွှန်၊ ဆုံးမတတ်သော ဆရာတော်။ |
| ရှင်သာမဏေ | = | ကိုရင်။ |
| အဂ္ဂမဟာပဏ္ဍိတ | = | မြင့်မြတ်ကြီးကျယ်သော ပညာရှိ။ |
| သြဝါဒ | = | ဆုံးမစကား၊ ဆုံးမသွန်သင်ခြင်း။ |
| လောင်းလျာ | = | အလောင်းအလျာ၊ နောင်အခါ ထင်ရှားလာမည့်ပုဂ္ဂိုလ်။ |
| ဥပဥက္ကဋ္ဌ | = | ဒုတိယသာသနာပိုင်။ (ဥပမာ ရွှေကျင်ဥပဥက္ကဋ္ဌ = ရွှေကျင်ဂိုဏ်း ဒုတိယသာသနာပိုင်) |
| ဘဝနတ်ထံပျံလွန် | = | သေဆုံးသည်၊ ကွယ်လွန်အနိစ္စရောက်သည်။ |

## သင်ခန်းစာ (၂၁)
## ဒေါက်တာအမ်ဘေဒကာ



ဒေါက်တာအမ်ဘေဒကာကို ခရစ်နှစ် ၁၈၉၁ ခု၊ ဧပြီလ ၁၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ရတနာဂီရိခရိုင်၊ အမ္ဗဝဒေကာရွာ၌ အဘ ဘီမာဘိုင် ဆစ်ပေါနှင့် အမိ ရမ်ဂျီတို့မှ ဖွားမြင်ခဲ့၏။ အိန္ဒိယနိုင်ငံ လူနေမှုစနစ်အရ 'ဇာတ်နိမ့်'အဖြစ် သတ်မှတ်ခံထားရသည့်လူမျိုး ဖြစ်၏။

၁၈၉၇ ခုနှစ်တွင် အမ်ဘေဒကာသည် ဖခင်နှင့်အတူ ဘုံဘေမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး အယ်ဖင်စတုံး အထက်တန်းကျောင်းမှာ ပညာစတင်သင်ယူခဲ့သည်။ ကျောင်းစတက်သောအခါ အခက်အခဲပေါင်းစုံနှင့် ကြုံတွေ့ရသည်။ အလွန်လည်း ဆင်းရဲပင်ပန်းခဲ့သည်။ ဇာတ်မြင့်များ၏ ခွဲခြားဆက်ဆံခြင်း၊ နှိမ့်ချဆက်ဆံခြင်းများ နေ့စဉ် ကြုံတွေ့ခဲ့ရသည်။ ကျောင်းစာသင်ခန်းထဲတွင် ဇာတ်နိမ့်သူများကို ဇာတ်မြင့်သူများက အတူတူ ထိုင်ခွင့်မပေး၊ ကျောင်းခန်းထဲ ဝင်ခွင့်မပြုသဖြင့် ကျောင်းခန်းအပြင်ကသာ စာသင်ခဲ့ရသည်။ သို့သော် သူသည် စိတ်ဓာတ်မကျဘဲ စာကို ကြိုးစားသင်ယူသောကြောင့် အတန်းတိုင်းတွင် စာတော်သောကျောင်းသားတစ်ဦး ဖြစ်လာသည်။

၁၉၀၇ ခုနှစ်တွင် အမ်ဘေဒကာသည် အထက်တန်းပညာကို ထူးထူးချွန်ချွန် အောင်မြင်ခဲ့သောကြောင့် အခမ်းအနားဖြင့် ဂုဏ်ပြုခံခဲ့ရသည်။ အဆိုပါ အခမ်းအနားတွင် သူ၏ဆရာ ကေ.အေ. ကေလုစကားက သူ့ကို 'မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်'စာအုပ် လက်ဆောင်ပေးခဲ့သည်။ ထိုစာအုပ်သည် အမ်ဘေဒကာ၏ ဗုဒ္ဓဘာသာအပေါ် စိတ်ဝင်စားမှုကို အစပျိုးပေးခဲ့သည်။

အထက်တန်းအောင်မြင်ပြီးနောက် အမ်ဘေဒကာသည် အယ်ဖင်စတုံး ကောလိပ်ကို ဆက်လက်တက်ရောက်ခဲ့သည်။ ပညာထူးချွန်သဖြင့် ပညာသင်ဆု အိန္ဒိယငွေ ၂၅ ရူပီးကို လစဉ် ရရှိခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

အမ်ဘေဒကာသည် အမေရိကန်နိုင်ငံမှ ပြန်လာပြီးနောက် ဘုရင့်စစ်တက္ကသိုလ်တွင် ကျောင်းဆရာအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ အဆိုပါတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်စဉ် ဇာတ်မြင့်များ၏ ခွဲခြားဆက်ဆံခြင်းကို များစွာခံခဲ့ရသည်။ ၁၉၁၈ ခုနှစ်တွင် ဆစ်ဒန်ဟန်ကောလိပ်တွင် ပါမောက္ခတစ်ဦး ဖြစ်လာသည်။ စာသင်ပြမှုနှင့် ဆက်ဆံရေးကောင်းသောကြောင့် ကျောင်းသားထု၏ ထောက်ခံမှုကို အပြည့်အဝ ရရှိခဲ့သည်။ သို့သော် အခြားပါမောက္ခများ၏ ပြိုင်ဖြင်မှုကို ခံခဲ့ရပြန်သည်။ ``အမ်ဘေဒကာနှင့် ရေအတူတူ မသောက်နိုင်´´ဟု အဆိုပြုကြသောကြောင့် ကိုယ်ပိုင်သောက်ရေခွက်ကိုသာ အသုံးပြုခဲ့ရလေသည်။

ထို့နောက် ဆစ်ဒန်ဟန်ကောလိပ် ပါမောက္ခအဖြစ်မှ နုတ်ထွက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ၊ လန်ဒန်စီးပွားရေးတက္ကသိုလ်သို့ သွားရောက်၍ ပညာထပ်မံဆည်းပူးခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး ၁၉၂၃ ခုနှစ်တွင် စီးပွားရေး ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ ရရှိခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေး ဘာသာရပ်ဖြင့်ပင် ပါရဂူဘွဲ့ကို ထပ်မံရရှိခဲ့သည်။ သာမန်ဇာတ်နိမ့်ဘဝမှ ပါရဂူဘွဲ့ရပုဂ္ဂိုလ်အဖြစ် ရောက်ရှိလာခြင်းမှာ သူ၏ စိတ်ဓာတ်၊ ဖွဲ့လုံ့လ၊ ခံယူချက်တို့ကြောင့် ဖြစ်သည်။

ဒေါက်တာအမ်ဘေဒကာသည် ၁၉၂၇ ခုနှစ်တွင် ဇာတ်နိမ့်များအပေါ် ခွဲခြားဆက်ဆံမှုများကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုကို စတင်ခဲ့သည်။ ဇာတ်နိမ့်များ ဟိန္ဒူဘုရားကျောင်းများအတွင်း ဝင်ခွင့်ရရှိရေးနှင့် အများသုံး သောက်ရေကန်များကို အသုံးပြုခွင့် ရရှိရေးတို့အတွက် လူထုချီတက်ပွဲများကို ဦးဆောင်ပြုလုပ်ခဲ့သည်။ ၁၉၂၇ ခုနှစ် နှောင်းပိုင်းတွင် ကျင်းပသော ညီလာခံတစ်ခုတွင် ဇာတ်စနစ်ခွဲခြားမှုကို အားပေးသည့် မနု၏ဥပဒေများကို ဖော်ပြထားသော ဟိန္ဒူကျမ်းကို လူသိရှင်ကြား ဝေဖန်ခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်နေ့တွင် အဆိုပါဟိန္ဒူကျမ်းစာအုပ်များကို လူထောင်ပေါင်းများစွာနှင့်အတူ မီးရှို့ပစ်ခဲ့သည်။

၁၉၃၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ``ကျွန်ုပ်ဟာ ဟိန္ဒူတစ်ယောက်အနေနဲ့ မွေးဖွားလာတယ်။ ဒါပေမဲ့ ကျွန်ုပ်ဟာ ဟိန္ဒူတစ်ယောက်အနေနဲ့ သေမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီနေ့ကစပြီး ကျွန်ုပ်ဟာ ဟိန္ဒူဘာသာကို မျက်နှာလွှဲလိုက်ပါပြီ´´ဟု ကြေညာလိုက်လေသည်။

ထိုအခါ ဗုဒ္ဓဘာသာမှတစ်ပါး အခြားသော ဘာသာဝင်များက သူတို့ဘာသာထဲ ဝင်ဖို့ ဒေါက်တာအမ်ဘေဒကာကို အပြိုင်အဆိုင် စည်းရုံးကြ၏၊ ဆွဲဆောင်ကြ၏။ သို့သော် ဒေါက်တာအမ်ဘေဒကာကား မည်သို့မျှ တုံ့ပြန်ခြင်း မပြုဘဲ ဗုဒ္ဓဘာသာ၊ ဆစ်ခ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာတို့ကို အသေးစိတ် လေ့လာသည်။

ဗုဒ္ဓစာပေတို့ကို ဖတ်ရှုရသည့်အခါ လူသားအားလုံး တန်းတူဖြစ်ကြောင်း၊ မြင့်မြတ်ခြင်း၊ ယုတ်နိမ့်ခြင်းဟူသည်မှာ မျိုးရိုးနှင့် သက်ဆိုင်ခြင်းမရှိဘဲ အကျင့်သိက္ခာနှင့်သာ သက်ဆိုင်ကြောင်း၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံလျှင် မည်သည့် ဘာသာဝင်ဖြစ်စေ၊ မည်သည့် လူမျိုးဖြစ်စေ မြင့်မြတ်သည့် လူသားတစ်ယောက်ပင် ဖြစ်ကြောင်းတို့ကို လေ့လာတွေ့ရှိခဲ့သည်။

၁၉၄၈ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသည့်အခါ သူ၏လုပ်ဆောင်ချက်၊ အရည်အချင်းတို့ကြောင့် ဒေါက်တာအမ်ဘေဒကာသည် အစိုးရအဖွဲ့တွင် တရားရေးဝန်ကြီး ဖြစ်လာ၏။ သူ၏ ဥပဒေကျွမ်းကျင်မှုကြောင့် ဩဂုတ်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီတွင် 'ဥက္ကဋ္ဌ' ဖြစ်လာသည်။ ယင်းဥပဒေကြမ်းကို ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာ ၂၆ တွင် ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းပေးလိုက်လေသည်။ အခြေခံဥပဒေတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဇာတ်နိမ့်ဇာတ်မြင့်မရွေး မဲပေးခွင့် ရရှိရေး စသည်တို့ကို ထည့်သွင်းရေးဆွဲခဲ့သည်။



(အိန္ဒိယနိုင်ငံ အလံ)



(အိန္ဒိယနိုင်ငံ အမှတ်တံဆိပ်)

ဟိန္ဒူ၊ အစ္စလာမ်စသည့် ဘာသာပေါင်းစုံ နေထိုင်သည့် နိုင်ငံကြီး၏ အလံ၌ ဗုဒ္ဓဘာသာအမှတ်တံဆိပ် ဓမ္မစကြာစက်ဝိုင်း ပါဝင်အောင် ဒီဇိုင်းရေးဆွဲခဲ့သည်။ အလံတွင် ဓမ္မစကြာစက်ဝိုင်းနှင့်အတူ အဝါ၊ အဖြူ၊ အစိမ်းရောင်တို့ကို ထည့်သွင်းခဲ့သည်။ ထိုအရောင်တို့သည် သတ္တိရှိခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အမှန်တရား၊ ယုံကြည်မှုနှင့် ကြင်နာသနားခြင်းတရားတို့ကို ဖော်ဆောင်သည်။

နိုင်ငံတော်၏အမှတ်တံဆိပ်ကို ဖန်တီးရာတွင် ဟိန်းဟောက်နေသော ခြင်္သေ့များ၊ မြင်း၊ နွား၊ ဓမ္မစကြာစက်ဝိုင်းပုံတို့ကို ပေါင်းစပ်ပုံဖော်ထားသည်။

အမ်ဘေဒကာသည် ယခုကဲ့သို့ သမိုင်းတွင် ဂန္ထဝင်မြောက် အလုပ်များကို လုပ်ဆောင်ခဲ့သောကြောင့် အိန္ဒိယနိုင်ငံ၏ အရပ်ဘက် ဆိုင်ရာတွင် အမြင့်ဆုံးဖြစ်သည့် 'ဘရတ်ရတနာ – အိန္ဒိယ၏ရတနာ' ဟူသော ဆုကြီးကို ချီးမြှင့်ခြင်းခံခဲ့ရ၏။

၁၉၅၁ ခုနှစ်တွင် အစိုးရအဖွဲ့မှ အနားယူပြီးနောက် ဗုဒ္ဓတရားတော်တို့ကို အာရုံစိုက်၍ လေ့လာဆည်းပူးသည်။ နိုင်ငံရပ်ခြားသို့လည်း သွားရောက်ကာ ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့သည်။ ဒေါက်တာအမ်ဘေဒကာသည် မြန်မာနိုင်ငံသို့ နှစ်ကြိမ် လာရောက်ခဲ့ဖူးသည်။ ၁၉၅၄ ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ ပထမအကြိမ် လာရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓသာသနာအခြေအနေများကို တင်ပြခဲ့သည်။ ရန်ကုန်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ (World Fellowship of Buddhists in Rangoon) သို့ ဒုတိယအကြိမ် လာရောက်ခဲ့ပြီး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်။

ဒေါက်တာအမ်ဘေဒကာသည် ဗုဒ္ဓတရားတို့ကို ပို၍ နားလည်လေ ပို၍ သဘောကျလေ ဖြစ်နေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းရန် ဆုံးဖြတ်လိုက်လေသည်။ ဗုဒ္ဓဘာသာ ကူးပြောင်းမှုနှင့် ပတ်သက်၍ စနစ်တကျဖြစ်စေဖို့အတွက် သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဟေမလဝ သဒ္ဒါတိဿနှင့်

မြန်မာနိုင်ငံမှ ကုသိန္နာရုံ ဆရာတော်ကြီး အရှင်စန္ဒြမဏိတို့နှင့် တွေ့ဆုံပြီး အသေးစိတ် ညှိနှိုင်းလေသည်။

ထိုသို့တွေ့ဆုံပြီးနောက် ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ နာဂပူမြို့ ဘာသာကူးပြောင်းပွဲ အခမ်းအနားတွင် ရှေးဦးစွာ ကုသိန္နာရုံဆရာတော်ကြီး၏ အထံတော်တွင် သရဏဂုံသုံးပါးနှင့် ငါးပါးသီလ တို့ကို ခံယူသည်။ ထို့နောက် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ကိုယ်တိုင် ဟောပြောပြီး နောက်လိုက်နောက်ပါ ငါးသိန်းနှင့်အတူ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဆီးချိုရောဂါကြောင့် ဒေါက်တာအမ်ဘေဒကာ၏ ကျန်းမာရေး ယိုယွင်းလာသည်။ မျက်စိအလင်းမှာလည်း ကျဆင်းခဲ့သည်။ သို့သော် လုံ့လဝီရိယကား လုံးဝမလျော့။ လုပ်စရာများကို မနားတမ်း လုပ်သည်။ 'ဗုဒ္ဓနှင့် သူ၏ဓမ္မ'အမည်ရှိ စာအုပ်ကို အပြီးသတ်ရေးသည်။ ထိုစာအုပ်ရေးပြီး သုံးရက်အကြာ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်နေ့တွင် နယူးဒေလီမြို့ရှိ သူ၏နေအိမ်၌ အိပ်ပျော်နေစဉ် မှာပဲ ကွယ်လွန်ခဲ့သည်။

ဒီဇင်ဘာ ၇ ရက်နေ့တွင် ဒဒါ ချောပတ္တိကမ်းခြေတွင် ဗုဒ္ဓဘာသာထုံးတမ်း စဉ်လာအတိုင်း မီးသင်္ဂြိုဟ် ခဲ့ကြရာ သူ၏လုပ်ဖော်ကိုင်ဘက်များနှင့် သူ့ကို ကြည်ညိုကြသည့် လူထောင်ပေါင်းများစွာတို့သည် ထို အသုဘ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ သူ၏နောက်လိုက်နောက်ပါ လူထောင်ပေါင်းများစွာ သည် ဒီဇင်ဘာ ၁၆ ရက်နေ့တွင် ဘာသာကူးပြောင်းပွဲကျင်းပမည်ဟု စီစဉ်ထားကြသည်။ သို့သော် ဒေါက်တာ အမ်ဘေဒကာ ရုတ်တရက် ဆုံးပါးသွားသည့်အတွက် ထိုအသုဘ အခမ်းနားကျင်းပသည့် ဒီဇင်ဘာ ၇ ရက်နေ့မှာပင် ဗုဒ္ဓဘာသာကူးပြောင်းပွဲကို ကျင်းပလိုက်ကြလေသည်။

အိန္ဒိယနိုင်ငံသားများသည် ဒေါက်တာအမ်ဘေဒကာကို 'အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေကို ရေးဆွဲသူ'၊ 'လွတ်လပ် မျှတမှုကို ဖော်ဆောင်သူ'၊ 'ဇာတ်နိမ့်တို့၏ ကယ်တင်ရှင်'အဖြစ် မှတ်တမ်းတင် ဂုဏ်ပြုကြသည်။ အိန္ဒိယဗုဒ္ဓဘာသာဝင်တို့ကမူ 'အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓသာသနာကို ပြန်လည်အသက်သွင်း ပေးသူ'အဖြစ် လေးစားကြည်ညိုကြပြီး အချို့ကမူ 'ဘုရားအလောင်း'အဖြစ် လက်ခံထားကြသည်။ နာဂပူမြို့ လေဆိပ်ကို ဒေါက်တာအမ်ဘေဒကာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ အမ်ဘေဒကာ တက္ကသိုလ် (ဒေလီ)၊ ဒေါက်တာအမ်ဘေဒကာ အမျိုးသား နည်းပညာတက္ကသိုလ်စသည်ဖြင့် ဒေါက်တာအမ်ဘေဒကာ အား ဂုဏ်ပြုခေါ်ဝေါ်ထားသည်ကို အိန္ဒိယနိုင်ငံတစ်ဝှမ်းတွင် များစွာတွေ့နိုင်ပါသည်။

**မှီငြမ်း ။** https://www.facebook.com/DhammaSchoolFoundation/posts/1965913813424301

https://en.wikipedia.org/wiki/B._R._Ambedkar

**ခက်ဆစ်အဖွင့်**

ဇာတ်စနစ် = လူတန်းစား ခွဲခြားသောစနစ်။

## သင်ခန်းစာ (၂၂)
## ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်



ကမ္ဘာ့သမိုင်းဝင် ပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ ဦးသန့်လည်း တစ်ဦးအပါဝင် ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို နှစ်ကြိမ်ဆက်တိုက် ရွေးချယ်ခံရသူဖြစ်ပြီး ဆယ်နှစ်နှင့် နှစ်လ တာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာအရပ်ရပ်က စစ်ပွဲများ၊ ပဋိပက္ခများ၊ မငြိမ်သက်မှုများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့မှုကြောင့် 'ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ'ဟု လူအများက တင်စားဂုဏ်ပြု ခေါ်ဝေါ်ခဲ့ကြသည်။

ဦးသန့်ကို ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် သောကြာနေ့တွင် ဧရာဝတီတိုင်း၊ ပန်းတနော်မြို့၌ အဘ ဦးဘိုးနှစ်၊ အမိ ဒေါ်နန်းသောင်တို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်းညီအစ်ကို လေးဦးတို့တွင် အကြီးဆုံးသားဖြစ်သည်။ မိဘများသည် မြေပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်များဖြစ်ပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်၍ အလွန် ရိုသေကိုင်းရှိုင်းကြသည်။ ဦးသန့်သည် မိဘများထံမှ ဘာသာတရားအမွေကို သာမက ဖခင်ဖြစ်သူထံမှ စာပေမြတ်နိုးသည့် အမွေကိုပါ ရရှိခဲ့သည်။ အသက်ကိုးနှစ်အရွယ်မှာပင် ဖခင်၏ စာအုပ်များကို ဖတ်ရှုလေ့လာနေပြီဖြစ်သည်။

မောင်သန့်သည် ငယ်စဉ်ကပင် မိဘများနှင့်အတူ ဘုန်းကြီးကျောင်းသို့ ဥပုသ်နေ့တိုင်း လိုက်ပါလေ့ရှိပြီး သံဃာတော်များ၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးလေ့ရှိ၏။ တစ်ခါတစ်ရံ လူကြီးများ မတိုက်တွန်းရဘဲ ဥပုသ်ဆောက်တည်ပြီး သီလကို မကျိုးမပေါက်အောင် စောင့်ထိန်းလေ့ရှိသည်။ ငယ်စဉ်မှ

စ၍ သူ့ရင်ထဲ၌ ဗုဒ္ဓ၏အဆုံးအမများ ကိန်းဝပ်နေခဲ့သည်။ သူသည် စာဖတ်အလွန်ဝါသနာပါပြီး သံဃာတော်များ၏ ကျမ်းစာအုပ်များကို အချိန်ရသလောက် လေ့လာဖတ်ရှုခဲ့သည်။ စာရေးဆရာဖြစ်ရန်လည်း ဆန္ဒပြင်းပြသူဖြစ်သည်။ ဖခင်ဦးဘိုးနှစ်သည် အင်္ဂလိပ်စာပေ၏ အကျိုးကို သိရှိနားလည်သဖြင့် သားဖြစ်သူ မောင်သန့်ကို ပထမတန်းမှစ၍ အင်္ဂလိပ်ကျောင်း၌ ထားခဲ့သည်။ ထို့ကြောင့် သူသည် အသက် ၁၂ နှစ်အရွယ်၌ ကမ္ဘာကျော် စာရေးဆရာတို့၏ စာပေများကို ဖတ်ရှုနိုင်ခဲ့သည်။

မောင်သန့်သည် ၁၉၂၆ ခုနှစ်တွင် ပန်းတနော် အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းစာမေးပွဲအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ အဝတ်အစား ဝတ်ဆင်ရာတွင် ပလွှားခြင်းမရှိ၊ ရိုးရှင်းသေသပ်စွာ ဝတ်ဆင်လေ့ရှိ၏။ စကားပြော ချိုသာစွာ ပြောလေ့ရှိ၏။ ပေါင်းသင်းဆက်ဆံရေးကောင်း၍ လူချစ်လူခင် ပေါများပြီး မာန်မာန မရှိပေ။ ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်းအောင်ပြီးသောအခါ မိမိပညာရင်နို့ သောက်စို့ခဲ့သော ပန်းတနော် အမျိုးသားအထက်တန်းကျောင်း၌ ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကျောင်းဆရာဘဝတွင် မဂ္ဂဇင်း၊ ဂျာနယ်များ၌ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် စာပေဆောင်းပါးများ၊ ကဗျာများ ရေးသားခဲ့သည်။ စာရေးသားရာတွင် သီလဝ၊ မောင်သန့်(ပန်းတနော်) ကလောင်အမည်တို့ဖြင့် ရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် ဦးသန့်သည် မိသားစုနှင့်အတူ ပန်းတနော်မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ အင်္ဂလိပ်ဘာသာဖြင့် မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန်ဖြစ်သည်။ ဦးနုဝန်ကြီးချုပ်ဖြစ်လာသောအခါ သူ့ကို ပြန်ကြားရေးအရာရှိအဖြစ် ခန့်အပ်ခဲ့သည်။ မြန်မာအစိုးရ၏ ပြန်ကြားရေးဌာန၌ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဌာနအတွင်းဝန်၊ ဝန်ကြီးချုပ်၏ အတွင်းဝန်၊ စီးပွားရေးနှင့် လူမှုဖူလုံရေး ဘုတ်အဖွဲ့အတွင်းဝန် စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ထိုသို့ တာဝန်ထမ်းဆောင်စဉ် သူသည် ၁၉၅၇ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရ၍ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်နေထိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ ကုလသမဂ္ဂဆိုင်ရာ တာဝန်များ ထမ်းဆောင်ရင်း ဦးသန့်၏ အရည်အချင်းကို လက်ခံယုံကြည်ကြသော နိုင်ငံတကာ ကိုယ်စားလှယ်များက ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ကန့်ကွက်သူမရှိ ရွေးချယ်ခန့်အပ်ခံခဲ့ရသည်။ ကမ္ဘာတွင် တတိယမြောက်နှင့် အာရှနိုင်ငံများထဲမှ ပထမဦးဆုံး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်လာခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်ပြီးနောက် ကမ္ဘာ့အရပ်ရပ်ရှိ ခက်ခဲကျပ်တည်းသော ပြဿနာများ၊ အရေးအခင်းများ၊ စစ်ပွဲများ၊ ပဋိပက္ခများကို ပြေလည်ငြိမ်းချမ်းမှုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ကျူးဘားအရေးအခင်း၊ ဆိုက်ပရပ်စ်ပြဿနာ၊ အာရပ်–အစ္စရေးစစ်ပွဲ၊

ကွန်ဂိုအရေးအခင်း၊ အိန္ဒိယ–ပါကစ္စတန် ပဋိပက္ခများကို ဖြေရှင်းရာတွင်လည်း လူသိများ ထင်ရှားခဲ့သည်။ ကျူးဘားအရေးအခင်းကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ရာ ဦးသန့်ကို တတိယကမ္ဘာစစ် ဖြစ်မည့်ဘေးမှ ကယ်တင်ပေးခဲ့သူအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြု လေးစားခဲ့ကြသည်။

ခက်ခဲရှုပ်ထွေးသော ပြဿနာများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်းမှာ ဦးသန့်၏ ဘက်မလိုက်၊ အမှန်အမှားကို ထင်ထင်ရှားရှား ခွဲခြားဆုံးဖြတ်နိုင်ရမည်ဟူသော တိကျပြတ်သားသော ခံယူချက်ရှိခြင်းကြောင့် ဖြစ်သည်။ ပြဿနာတစ်ရပ် ကြုံတွေ့လျှင် စိတ်တည်တည်ငြိမ်ငြိမ်၊ ခေါင်းအေးအေးထားကာ စဉ်းစားချင့်ချိန် သုံးသပ်ပြီး ဖြေရှင်းလေ့ရှိသည်။ စိတ်ကိုတည်ငြိမ်အောင် ထားနိုင်ခြင်းမှာ တရားအားထုတ်သည့် အလေ့အကျင့်ကြောင့် ဖြစ်သည်။ ဦးသန့်သည် မြတ်ဗုဒ္ဓ၏ အဆုံးအမများကို ထာဝစဉ် ဦးထိပ်ပန်ပြီး ဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ပြုကာ ပြဿနာအရပ်ရပ်ကို ဘက်လိုက်မှု၊ ယိမ်းယိုင်မှုကင်းအောင် ဆောင်ရွက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ရှိသော ဦးသန့်၏ နေအိမ်တွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူ ကိုးကွယ်ထားသည်။ ဦးသန့်သည် မနက်အိပ်ရာထလျှင် ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်းဖြင့် တစ်နေ့တာကို ကုသိုလ်ဖြင့် စတင်လေ့ရှိသည်။

ဦးသန့်သည် အချို့သော ကုလသမဂ္ဂ မိန့်ခွန်းများတွင် ``ကမ္ဘာပေါ်မှာ အကြမ်းဖက်မှုတွေဟာ လောဘ၊ ဒေါသ၊ မောဟ ဟူသော အဓိကအချက် သုံးချက်ကြောင့် ဖြစ်တယ်။ သတ္တဝါတွေအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာထားခြင်းဟာ ဗုဒ္ဓဝါဒ ဖြစ်တယ်။ တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ဝိပဿနာဘာဝနာတရား ပွားများအားထုတ်ခြင်းဟာလည်း မြတ်ဗုဒ္ဓရဲ့ လမ်းစဉ်တွေဖြစ်တယ်။ ဘယ်နေရာမဆို အမုန်းပေးလျှင် အမုန်းပဲ ပြန်ရမှာဖြစ်ပြီး အမုန်းတရားကို မေတ္တာတရားဖြင့်သာ ချေဖျက်နိုင်မှာ ဖြစ်တယ်။ ကုလသမဂ္ဂရဲ့ လိုက်နာလုပ်ဆောင်ရမယ့် စံနှုန်းတွေဟာလည်း မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်ချက်တွေနဲ့ အများဆုံးကိုက်ညီတဲ့ စံနှုန်းတွေပဲ ဖြစ်တယ်'' စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာတို့ကို အခြေခံ၍ ပြောကြားလေ့ရှိသည်။

ကမ္ဘာတွင် နာမည်ကြီးထင်ရှားသော တက္ကသိုလ်များ၌ မိန့်ခွန်းပြောကြားသည့်အခါ ``မြတ်ဗုဒ္ဓရဲ့ တရားဓမ္မတွေဟာ အမှန်တရားတွေ ဖြစ်တယ်။ ကြောင်းကျိုးဆက်စပ်မှု ရှိတယ်။ ကိုယ့်ကိုယ်ကို နှိမ့်ချတဲ့ စိတ်ထားကို အားပေးတယ်။ လူ့ဘဝမှာ နက်နဲတဲ့ အသိတရားတွေကို မြတ်ဗုဒ္ဓရဲ့ တရားဓမ္မတွေက ပြပေးနိုင်တယ်။ မှားယွင်းတဲ့ ဖြစ်စဉ်တွေဟာ လူသားတို့ရဲ့ မသိနားမလည်မှုကြောင့် ဖြစ်လာရခြင်း ဖြစ်တယ်။ အဲဒီမှားယွင်းတဲ့ ဖြစ်ရပ်တွေ မဖြစ်ရအောင် မြတ်ဗုဒ္ဓရဲ့ တရားဓမ္မကသာ လူသားတွေကို ဦးဆောင်ပေးနိုင်တယ်''ဟု ထည့်သွင်း ပြောကြားလေ့ရှိသည်။



ဦးသန့်သည် မြန်မာပြည်ရောက်သည့်အခါတိုင်း ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော်လေ့ရှိသည်။ ``ရွှေတိဂုံစေတီတော်ကြီးအား တစ်ဖန်ဖူးမြော်ခွင့်ရသဖြင့် များစွာ ကြည်နူးမိသည်။ ဖူးမြော်ရသော ကျေးဇူးကြောင့် မြန်မာပြည်သူပြည်သားများနှင့် ကမ္ဘာ့လူထု၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ''ဟု မှတ်တမ်းရေးခဲ့သည်။

ဦးသန့်သည် ၁၉၆၇ ခုနှစ်တွင် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာဖြစ်သော မြတ်စွာဘုရား ဖွားတော်မူသည့် နီပေါနိုင်ငံရှိ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ခဲ့သည်။ ဥယျာဉ်၏ ယိုယွင်းပျက်စီးနေသော အနေအထားများကို မြင်ရသဖြင့် လုမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ရေးဆွဲရန် နီပေါအစိုးရနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ၄င်းစီမံကိန်း ရေးဆွဲပြီးနောက် ယူနက်စကိုအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် နယ်မြေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဦးသန့်တွင် ရန်သူမရှိသလောက် ရှားပြီး ခင်မင်ကြည်ညိုသူ များ၏။ သူ၏ ချစ်ခင်နှစ်လိုဖွယ် အမူအရာနှင့် မျှတသော စိတ်ထား၊ ကိုယ်ကျင့်တရား ကောင်းခြင်း၊ လိုက်လျောညီထွေ နေတတ်ခြင်းတို့ကြောင့် လူအများ၏ လေးစားခြင်းကို ခံရသူ ဖြစ်သည်။

ဦးသန့်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို တာဝန်ယူ ထမ်းဆောင်ချိန်မှစ၍ အနားယူသည့် အချိန်ထိ ရှုပ်ထွေးခက်ခဲသော ကမ္ဘာ့ပြဿနာပေါင်းစုံကို အောင်အောင်မြင်မြင် မှန်မှန်ကန်ကန် ဖြေရှင်းပေးနိုင်ခဲ့သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ကို လက်ကိုင်ထားပြီး ကမ္ဘာသူ၊ ကမ္ဘာသားတို့အပေါ် ထားရှိသည့် စစ်မှန်သော မေတ္တာတရားတို့ကြောင့် သူသည် ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်အသီးသီးမှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ၃၅ ခု ချီးမြှင့်ခြင်း ခံရသည်။

ထိုသို့ ကမ္ဘာ့လူသားတို့၏ အကျိုးစီးပွားကို မြတ်ဗုဒ္ဓ၏ တရားတော်နှင့်အညီ ဆောင်ရွက်ပေးခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီး ဦးသန့်သည် ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ အသက် ၆၅ နှစ် အရွယ်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ ကိုလံဘီယာဆေးရုံကြီး၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

မှီငြမ်း ။ ဗမာ့ဦးသန့်။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ဥပစာတန်း | = | တက္ကသိုလ်တွင် ပထမ နှစ်နှစ်ကာလ အတန်း။ (ယခုအခါ အသုံးပြုခြင်း မရှိတော့ပါ။) |
| ပဋ္ဌပက္ခ | = | ဆန့်ကျင်ဘက်။ |



**ရန်ကုန်မြို့ရှိ ဦးသန့်၏ နေအိမ်**

## သင်ခန်းစာ (၂၃)
## တရားတော်ကို ဖတ်ရှုလေ့လာနာကြားခြင်း

ကိုကိုသည် နိုင်ငံရပ်ခြား အဝေးတစ်နေရာတွင် ကျောင်းတက်နေသော ညီညီထံ စာတစ်စောင် ရေးနေ၏။ ကိုကိုနှင့် ညီညီတို့ ညီအစ်ကိုသည် တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြ၏။ ကိုကိုသည် ညီညီကို စာရေး၍ အမြဲ ဆုံးမသွန်သင်လေ့ရှိသည်။

ညီညီ

ကိုကို သတိရစွာနဲ့ စာရေးလိုက်ပါတယ်။ ညီညီ နေကောင်းကျန်းမာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကိုကို လည်း ကျန်းကျန်းမာမာရှိပါတယ်။ ဆောင်းတွင်းရောက်ပြီဆိုတော့ ကိုကိုတို့ဆီမှာတော့ တရားပွဲတွေ ကျင်းပကြတယ်။ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှာ တရားပွဲတွေ ဆက်နေတာပဲ။ အလုပ်ကပြန်လာ ရေချိုး၊ ထမင်းစားပြီး တရားပွဲတွေ ဘယ်နေရာမှာ ရှိမလဲဆိုတာ စုံစမ်းပြီး သွားနာလိုက်ရုံပဲ။ တရားတော်တွေကို လေ့လာလိုက်စားတဲ့ သူတွေအတွက်တော့ သိပ်ကို ကောင်းတာပဲ။

ဟိုတစ်နေ့က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ ဟောကြားသွားတဲ့ တရားတော်ကို ပြန်မျှဝေပေးချင်လို့ ကိုကို ညီညီဆီ စာရေးလိုက်တာ။ ဆရာတော်က “အသိအလိမ္မာ ဉာဏ်ပညာတွေ တိုးတက်ဖို့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဖတ်ရှုလေ့လာ နာကြားကြရမယ်၊ ဖတ်ရှုလေ့လာ နာကြားပြီးရင်လည်း လိုက်နာကျင့်သုံးကြရမယ်။ ဒါမှ ဓမ္မအသိနဲ့ ဘဝမှာ အကျိုးရှိရှိ နေနိုင်မယ်”ဆိုတဲ့အကြောင်း ဟောသွားတာ သိပ်ကောင်းတယ်။ ဆောင်ပုဒ်လေး တစ်ခုတောင် ရှိတယ်။ “တရားစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏” တဲ့။

ဆရာတော်က လူတိုင်းလူတိုင်း ဘဝမှာ အကျိုးရှိရှိ နေတတ်ဖို့ အရေးကြီးတယ်တဲ့။ အကျိုးဆိုတဲ့နေရာမှာ မျက်မှောက်ဘဝမှာ ရတဲ့အကျိုးနဲ့ တမလွန်ဘဝမှာ ရတဲ့အကျိုးဆိုပြီး နှစ်မျိုးရှိတယ်တဲ့။ အဲဒီနှစ်မျိုးစလုံး ရရှိဖို့ တရားအသိရှိဖို့ လိုအပ်တယ်။ တရားအသိရှိဖို့ ဘာတွေ လုပ်ရမလဲဆိုတော့ တရားနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို ဖတ်ရှုရမယ်၊ လေ့လာရမယ်၊ နာကြားရမယ်။ မြတ်စွာဘုရား ၄၅ ဝါ ကာလပတ်လုံး ဟောကြားထားတဲ့ တရားတော်တွေဟာ သတ္တဝါအားလုံးအတွက် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်တဲ့ တရားတွေ ဖြစ်တယ်။ မြတ်စွာဘုရားက နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို ဟောကြားသလို နိဗ္ဗာန်မရောက်မီ သံသရာထဲမှာ ကျင်လည်နေကြရတဲ့ သူတွေ အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ သားရေး၊ သမီးရေး အစရှိတဲ့ အရေးပေါင်းစုံမှာ အောင်မြင်ကြီးပွားစေနိုင်တဲ့ နည်းလမ်းတွေလည်း ဟောထားသေးတယ်။ ဒါကြောင့် လူတိုင်း လူတိုင်း တရားတော် တွေကို ဖတ်ရှုလေ့လာ နာကြားသင်ယူသင့်တယ်တဲ့။

‘တရားနာရခြင်းအကျိုး ငါးပါး’ ရှိတယ်တဲ့ ညီညီ။ ဘာတွေလဲဆိုတော့…

၁။ မကြားဖူးတာတွေကို ကြားနာရတယ်။

၂။ ကြားဖူးတာတွေကို ရှင်းလင်းစွာ နားလည်လာတယ်။

၃။ ယုံမှား သံသယ ကင်းရှင်းသွားတယ်။

၄။ အသိအမြင် မှန်ကန်ဖြောင့်မတ်လာတယ်။

၅။ သဒ္ဓါ၊ ပညာ တိုးပွားပြီး စိတ်ကြည်လင်လာတယ် တဲ့။

တရားစာအုပ်တစ်အုပ်ကို ဖတ်နေရင် အဲဒါ မျက်စိနဲ့ သင်ယူနေတာ၊ တရားတစ်ပုဒ်ကို နာယူနေရင် နားနဲ့ သင်ယူနေတာ၊ တရားအကြောင်းကို အချင်းချင်း ဆွေးနွေးကြရင် နှုတ်နဲ့ သင်ယူနေတာတဲ့။ အဲဒါ ပရိယတ္တိသာသနာကို ပြုနေရာလည်း ရောက်တယ်တဲ့။ နောက်ပြီး ဆရာတော်က အခုခေတ်လူငယ်တွေ စာအုပ်ကိုင်ပြီး စာဖတ်တာ အလွန်နည်းသွားပြီတဲ့။ တိုးတက်လာတဲ့ အိုင်တီခေတ်မှာ ဖျော်ဖြေမှုကဏ္ဍတွေနဲ့ပဲ လူငယ်တွေ အချိန်ကုန်နေကြတော့ ကုသိုလ်၊ ပညာ၊ ဉာဏ်ရဖို့ အခွင့်အလမ်းတွေ နည်းပါးသွားတယ်ဆိုတာကို ထောက်ပြပြီး ဟောသွားတယ် ညီညီ။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အကြောင်းကို အခြေခံကစပြီး သေချာသိအောင် လေ့လာသင့်တယ်လို့ တိုက်တွန်းသွားသေးတယ်။

လူဟာ တရားအသိမရှိရင် လုပ်မိလုပ်ရာ လုပ်တတ်တဲ့အတွက် အကန်းနဲ့ တူတယ်။ စီးပွားဉစ္စာ၊ ပညာပဲ ရှာပြီး တရားအသိ မရှိရင်၊ ကိုယ်ကျင့်သီလ မရှိရင် တစ်ဖက်ကန်းနဲ့တူပြီး စီးပွားဉစ္စာ ပညာလည်းရှာ၊ တရားအသိလည်းရှာ၊ ကိုယ်ကျင့်သီလလည်းကောင်းမှ နှစ်ဖက်မြင်ပုဂ္ဂိုလ် ဖြစ်တယ်လို့ ဟောသွားတယ်။ လူဖြစ်ပြီး အဲဒီ နှစ်ခုလုံး မရှာနိုင်ရင်တော့ နှစ်ဖက်ကန်း ဖြစ်ပြီတဲ့ ညီညီရေ။ ဒါကြောင့် ပညာရှာချိန်မှာလည်း တရားအသိ ရအောင်ရှာ၊ ကိုယ်ကျင့်သီလ ကောင်းအောင်နေ၊ ကျောင်းစာလည်းသင်၊ တရားစာတွေလည်း လေ့လာဖတ်ရှု မှတ်သားရမယ်။ စီးပွားရှာချိန်မှာလည်း တရားစာပေ ဖတ်ရှုလေ့လာ၊ နာကြား၊ ငါးပါးသီလ လုံအောင်ထိန်း၊ သတိပဋ္ဌာန်တရားပွားများ၊ မေတ္တာပွားများ၊ ဒါမှ လက်ရှိဘဝနဲ့ တမလွန်ဘဝမှာ ချမ်းသာမယ်တဲ့ ညီညီရေ။

ကိုကိုလည်း တရားသွားနာလိုက်တာ တရားနာခြင်း အကျိုးကျေးဇူး ငါးမျိုးကို ရရှိလိုက်တယ်။ မကြားဖူးတာတွေ ကြားရတဲ့အတွက် ဗဟုသုတ တိုးတယ်။ ကြားဖူးတာတွေကို ရှင်းရှင်းလင်းလင်း နားလည်သွားတဲ့အတွက် အငြင်းပွားစရာ မလိုတော့ဘူး။ ယုံမှားသံသယ ကင်းသွားတဲ့အတွက် မတွေဝေတော့ဘူး။ အမြင်မှန်ကန် ဖြောင့်မတ်သွားတဲ့အတွက် ဘာသာ၊ သာသနာကို ပိုပြီးတန်ဖိုးထားတတ်လာတယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ပြန်စဉ်းစားတိုင်း တရားတော်တွေက မှန်လိုက်တာဆိုပြီး သဒ္ဓါ၊ ပညာတွေ တိုးပွားပြီး စိတ်လည်း အရင်ကထက် ပိုပြီး ကြည်လင်လာတယ် ညီညီ။ ဒီအကျိုးကျေးဇူးတွေကို ညီညီလည်းရအောင် တရားခွေတွေ၊ တရားစာအုပ်တွေ ပို့ပေးလိုက်ပါတယ်။



ကိုကို ပို့လိုက်တဲ့ စာအုပ်တွေထဲက ငါးရာ့ငါးဆယ် ဇာတ်တော်ကို အကျဉ်းချုပ်ရေးထားတဲ့ စာအုပ်လေးတွေဆိုရင် မြတ်စွာဘုရားရဲ့ အတိတ်ဇာတ်ကြောင်းတွေကို ဟောထားတာ စိတ်ဝင်စားဖို့ ကောင်းတယ် ညီညီ။ ပေတဝတ္ထုတွေဆိုရင် မကောင်းမှုတွေကို ပြုလုပ်တဲ့အတွက် ပြိတ္တာဘဝ ရောက်နေသူတွေအကြောင်း ဖတ်ရလို့ ညီညီ မကောင်းမှုလုပ်ရမှာ ကြောက်သွားလိမ့်မယ်။ ဇာတ်ကြီးဆယ်ဘွဲ့ စာအုပ်ဆိုရင် ဘုရားမဖြစ်ခင် အတိတ်ဆယ်ဘဝအကြောင်း ရေးထားတယ်။ အားကျအတုယူဖို့ ကောင်းတယ်။ ညီညီတို့လို ရေခြား၊ မြေခြား၊ ဘာသာခြားတွေကြားမှာ နေရတဲ့ သူတွေအတွက် ကိုယ့်ဘာသာအကြောင်းကို သေချာသိထားသင့်တယ်။ ဒါမှ အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ပြီး လမ်းမှန်ကို ရွေးချယ်နိုင်လိမ့်မယ်။

ခုခေတ်မှာ ပရိတ်တွေ၊ ပဋ္ဌာန်းတွေ အိမ်တိုင်း နေရာတိုင်းမှာ ပူဇော်ကြတယ်။ တချို့ဆို ရွတ်သာရွတ်နေတယ်၊ အသံထွက်တွေလည်း မမှန်၊ များသောအားဖြင့် အဓိပ္ပာယ်လည်း မသိကြဘူး။ ဒါ့ကြောင့် ညီညီလည်း ပရိတ်၊ ပဋ္ဌာန်း ပူဇော်မယ်ဆိုရင် နားလည်တဲ့ ပုဂ္ဂိုလ်ထံ ချဉ်းကပ်ပြီး အသံထွက်မှန်ကန် ပီသအောင် အဓိပ္ပာယ်ကိုလည်း အတတ်နိုင်ဆုံး သိအောင် လေ့လာမှတ်သား နာယူပြီးမှ ပူဇော်နော်။ ဒါမှလည်း အကျိုးကျေးဇူး များမှာ။ ညီညီရဲ့ ဘဝဟာ ဓမ္မနဲ့ တစ်ထပ်တည်း ကျပါစေ။

ကိုကို
မြန်မာပြည်



## သင်ခန်းစာ (၂၄)
## လောကနီတိ မိတ်ဆက်

လောကနီတိကျမ်းသည် ရှေးအခါက ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် အစဉ်တစိုက် လက်စွဲထား၍ သင်ကြားခဲ့ကြရသော ကျမ်းစာတစ်စောင် ဖြစ်သည်။ 'လောကနီတိ' ဟူသော ပါဠိစကားလုံး၌ 'လောက' ဆိုသည်မှာ မိမိတို့ နေထိုင်ကြီးပြင်းရာ လူ့ဘောင်လောကကို ရည်ညွှန်း၍ 'နီတိ' ဆိုသည်မှာ ဆောင်ရန်/ရှောင်ရန် လမ်းညွှန်ချက်များဟု ဆိုလိုသည်။ ထို့ကြောင့် 'လောကနီတိ' ကျမ်းသည် လူ့ဘောင်လောကအတွင်း သွားလာနေထိုင်ကြသော လူတို့၏ နေနည်း၊ ထိုင်နည်းနှင့် ပြုမူဆောင်ရွက်ဖွယ်ရာ အဖြာဖြာကို နည်းပေးလမ်းပြ ဆိုဆုံးမထားသောကျမ်း ဖြစ်သည်။ ထိုကျမ်းကို လေ့လာမှတ်သား လိုက်နာကျင့်သုံးလျှင် ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ရရှိနိုင်ပါသည်။

လောကနီတိကျမ်းကို ပင်းယခေတ်တွင် သိရီမဟာစတုရင်္ဂဗလ ပညာရှိအမတ်ကြီး ပြုစုရေးသားခဲ့သည်။ ပညာရှိအမတ်ကြီးသည် ဘုရားဟောကျမ်းစာများ အပါအဝင် ကျမ်းစာအမျိုးမျိုးမှ ထုတ်နုတ်၍ ပါဠိဂါထာများဖြင့် ရေးသားခဲ့သည်။ မဟာအောင်မြေဘုံစံ အုတ်ကျောင်းဆရာတော် ဆရာတော်ဦးပုမ်က လောကနီတိနိဿယ (မြန်မာဘာသာ) ပြန်ဆိုခဲ့သည်။

လောကနီတိကျမ်းတွင် (၁) ပညာရှိကို ဆိုရာအခန်း၊ (၂) သူတော်ကောင်းကို ဆိုရာအခန်း၊ (၃) လူမိုက်ကို ဆိုရာအခန်း၊ (၄) မိတ်ဆွေကို ဆိုရာအခန်း၊ (၅) မိန်းမကို ဆိုရာအခန်း၊ (၆) မင်းကို ဆိုရာအခန်းနှင့် (၇) အထွေထွေ သိမှတ်ဖွယ်ရာကို ဆိုရာအခန်း ဟူ၍ အခန်း (၇) ခန်း ပါဝင်သည်။

### ပညာရှိကို ဆိုရာအခန်းတွင် –

ပညာရှိဖြစ်ရန် အတတ်ပညာဆည်းပူးကြရမည်။ ပျင်းသောသူမှာ အတတ်ပညာ မရရှိနိုင်ကြောင်း ပြဆိုထားပြီး အတတ်ပညာမရှိလျှင် ဥစ္စာမရှိ၊ ဥစ္စာမရှိလျှင် မိတ်ဆွေမရှိ၊ မိတ်ဆွေမရှိလျှင် ချမ်းသာ မရှိ၊ ချမ်းသာမရှိလျှင် ကောင်းမှုမရှိ၊ ကောင်းမှုမရှိလျှင် နိဗ္ဗာန် မရနိုင်ကြောင်း၊ ပညာသည်သာ မျက်မှောက် တမလွန် ချမ်းသာကို ပေးဆောင်နိုင်ကြောင်း၊ ပညာကို နည်းသည် သဘောမထားဘဲ ကုန်စင်အောင် တတ်မြောက်ထားသင့်ကြောင်း၊ စာအုပ်မှာရှိသော ပညာသည် မိမိပညာ မဟုတ်ကြောင်း၊ ပညာနည်းလျှင် အနည်းငယ်သော ပညာကို များသည်ဟု ထင်ပြီး မာန်မာန တက်တတ်ကြောင်း၊ အတတ်ပညာရှိသူသာ သူတစ်ပါးတို့ ပူဇော်မှုကို ခံရကြောင်း၊ နေ့တိုင်း ပညာသင်ယူရန် လိုအပ်ကြောင်း၊ ပညာမတတ်လျှင် တိရစ္ဆာန်နှင့်သာ တူကြောင်း၊ ပညာတတ်မြောက်ထားသူ၏ လုပ်ဆောင်ချက်မှန်သမျှ ချမ်းသာကို ဆောင်နိုင်ပြီး ပညာမဲ့သူ၏ လုပ်ဆောင်ချက်သည် အကျိုးမဲ့ကိုသာ ဖြစ်စေနိုင်ကြောင်း၊ ပညာရှိ၊ ပညာမဲ့ ခွဲခြားမိန့်ဆိုထားပြီး ပညာသင်ယူလိုစိတ်၊ ပညာတတ်လိုစိတ် ဖြစ်ပေါ်လာအောင် ပညာ၏ တန်ဖိုးကို ဥပမာစကား စုံစုံလင်လင်ဖြင့် ရှင်းလင်းဆုံးမထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

### သူတော်ကောင်းကို ဆိုရာအခန်းတွင် –

သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံခြင်းကြောင့် မြင့်မြတ်သူ ဖြစ်ရကြောင်း၊ သူတော်ကောင်း တို့၏ သဘောတရား၊ သဘောထားကို သိခွင့်ရနိုင်ကြောင်း၊ သူတော်ကောင်းသည် ဆင်းရဲသော်လည်း ယုတ်မာသောအမှုကို မပြုလုပ်ကြောင်း၊ သူတော်ကောင်းတရားကို မစွန့်လွှတ်ကြောင်း၊ ချိုသာ၍ အကျိုးရှိသော စကားကိုသာ သူတော်ကောင်းတို့ ဆိုကြကြောင်း စသည်တို့ကို လမ်းညွှန်ထားပါသည်။

### လူမိုက်ကို ဆိုရာအခန်းတွင် –

သူယုတ်မာသည် ရေမ,ပြည့်သည့် အိုးကဲ့သို့ ဘောင်ဘင်ခတ်တတ်ကြောင်း၊ မြွေအဆိပ်ကား ဆေးကုသ၍ ရနိုင်သော်လည်း သူယုတ်မာကား မည်သည့်ဆေးဝါးဖြင့်မျှ မငြိမ်းအေးစေနိုင်ကြောင်း၊ မိမိမိုက်နေသူအဖြစ် မမြင်ဘဲ မိုက်မြဲမိုက်တတ်ကြောင်း၊ မိမိပြုသမျှ ပျားရည်ကဲ့သို့ ထင်မှတ်၍ ဆက်၍ မိုက်တတ်ကြောင်း၊ သူမိုက် အားကောင်းလာလျှင် သူတစ်ပါးကို အနိုင်ကျင့်တတ်ကြောင်း၊ သူမိုက်၏ ခရီးသည် သံသရာရှည်လျားကြောင်း၊ သူတစ်ပါး၏ အနည်းငယ်သော အပြစ်ကိုသာ မြင်တတ်ပြီး မိမိ အပြစ်ကို မမြင်တတ်ကြောင်း စသည်ဖြင့် လူမိုက်သဘော၊ လူမိုက်၏ စရိုက်လက္ခဏာများကို ဖွင့်ဆို ညွှန်ပြ ဆုံးမထားပေသည်။

## မိတ်ဆွေကို ဆိုရာအခန်းတွင် –

သူစိမ်းပင်ဖြစ်သော်လည်း မိမိအကျိုးစီးပွားဆောင်ရွက်ပေးက မိတ်ဆွေဖြစ်ကြောင်း၊ မိမိမျက်ကွယ်တွင် ဂုဏ်ကျေးဇူးကို ချေဖျက်ပြီး မျက်မှောက်တွင် ချစ်ဖွယ်စကားကိုဆို၍ ဟန်ဆောင်ပေါင်းသင်းတတ်သောသူကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ ဇနီးမယား သမီးသားနှင့် မိတ်ဆွေတို့၏ တန်ဖိုးကို မိမိဥစ္စာနည်းပါးသောအခါမှ သိနိုင်ကြောင်း၊ မကောင်းသော မိတ်ဆွေရှိသော အရပ်မျိုးကို စွန့်ခွာသင့်ကြောင်း၊ မိမိ အနာရောဂါဖြစ်သောအခါ၊ ငတ်မွတ်ခေါင်းပါးသောအခါ၊ စည်းစိမ်ပျက်သောအခါ၊ ရန်သူဖမ်းမိသောအခါတို့၌ မိမိဘက်က ရပ်တည်ပေးသော မိတ်ဆွေကိုသာ ပေါင်းသင်းသင့်ကြောင်း စသည်ဖြင့် မိတ်ဆွေယုတ်နှင့် မိတ်ဆွေကောင်းတို့၏ စရိုက်လက္ခဏာများကို ဖော်ပြထားပါသည်။

## မိန်းမကို ဆိုရာအခန်းတွင် –

အမျိုးသမီးတို့၏ သဘောနှင့် အမျိုးကောင်းသမီးတို့၌ ရှိသင့်သောအင်္ဂါရပ်များ၊ ရှိသင့်သည့် အရည်အချင်းနှင့် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လမ်းညွှန်ဆုံးမထားသည်။ ဤအခန်းတွင် ဇနီးမယားကောင်းတို့၏ အရည်အချင်းက လင်ကို မြတ်နိုးတတ်ခြင်း၊ မိန်းမတို့၏ ဉစ္စာကား အဆင်းလှပခြင်း၊ လင်ရှိမှသာ တင့်တယ်ခြင်း၊ အရွယ်အိုသည်အထိ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း စသည်ဖြင့် အမျိုးကောင်းသမီးတို့၏ ဂုဏ်အင်္ဂါများကို ဖော်ပြထားပါသည်။ ထို့ပြင် မိန်းမယုတ်တို့၏ သဘောတရား စသည်တို့ကိုလည်း ဖော်ပြထားသည်။

## မင်းကို ဆိုရာအခန်းတွင် –

မင်းကောင်းမင်းမြတ်တို့ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များနှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူ၏ သဘောထားများကို လမ်းညွှန်ထားသည်။ မင်းမရှိသော အရပ်သည် လုံခြုံမှု မရှိနိုင်။ ထိုအရပ်သည် မနေသင့်သောအရပ်ဖြစ်ကြောင်း၊ ရောင့်ရဲတတ်သောမင်းသည် တိုင်းပြည်ကို ပျက်စီးစေနိုင်ကြောင်း၊ အခွန်၊ ရိက္ခာပြည့်စုံမှု ရှိ၊ မရှိနှင့် အမှုထမ်းများအကြောင်းကို ကိုယ်တိုင်သိအောင် ပြုသင့်ကြောင်း၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်၍ နှိမ်နင်းထိုက်သူကို နှိမ်နင်းရကြောင်း၊ မင်းတို့ကျင့်ရာ ကျင့်ဝတ်များ၊ မင်းစိုးရာဇာတို့နှင့် မထိမပါး၊ ရှောင်ရှားနေထိုင်ခြင်းဖြင့် ချမ်းသာကို ရစေနိုင်ကြောင်း လမ်းညွှန်ပြဆိုထားသည်။

**အထွေထွေ သိမှတ်သားဖွယ်ရာကို ဆိုရာအခန်းတွင် –**

ရဟန်းတော်များ အမျိုးသမီးနှင့် နီးနှောက သီလပျက်တတ်ကြောင်း၊ သေရည်သောက်စားသူ၊ လောင်းကစားသူ၊ မိတ်ဆွေယုတ်ရှိသူ၊ ပျင်းရိသူတို့သည် ပျက်စီးနေသူများဖြစ်ကြောင်း၊ ဆင်းရဲ၊ မိုက်မဲ၊ ကြွေးထူဆဲနှင့် မင်းခယောက်ျား၊ ထိုသူများကား သေသူနှင့် တူကြောင်း၊ မိဘဆရာစကား မနာယူက လူပေါ့လူပျက်ဖြစ်တတ်ကြောင်း၊ ပညာသင်သောအခါ အရှက်အကြောက်ကို စွန့်ထား သင့်ကြောင်း၊ လယ်လုပ်ကုန်သည်၊ ရဟန်း၊ ပညာရှိတို့ များပြားလျှင် တိုင်းပြည်လည်း တိုးတက်ကြောင်း၊ မိမိမွေးမြူ ခိုင်းစေထားသော တိရစ္ဆာန်များကို ကြင်နာသနားရန် လိုအပ်ကြောင်း၊ ကျေးဇူးတရားနှင့် ပတ်သက်၍ လူအများ လိုက်နာရမည့် အချက်များ၊ မနေအပ်သော အရပ်နှင့် နေထိုင်အပ်သော အရပ်များ၊ လုံ့လဝီရိယထားရန် လိုအပ်ကြောင်းနှင့် ငွေကြေးရှာဖွေသုံးစွဲပုံများ စသည်ဖြင့် သိမှတ် စရာများကို လမ်းညွှန်ဆုံးမထားပါသည်။

ဤအချက်တို့သည် လောကနီတိကျမ်းမှ ထုတ်နုတ်ဖော်ပြထားသော လမ်းညွှန်ဆုံးမချက် အနည်း ငယ်မျှသာ ဖြစ်ပါသည်။ ထို့ထက်ပို၍ အကျယ်တဝင့် သိရှိကျင့်သုံးပြီး ကြီးပွားတိုးတက်မှုကို ရယူ လိုပါက ‘ဆယ်စောင်တွဲ’ စာအုပ်၌ ပါသော လောကနီတိလာ ဆုံးမချက်၊ ညွှန်ကြားချက်များကို လေ့လာ နိုင်သည်။ ထို့ပြင် လောကနီတိကို အဓိပ္ပာယ်ဖွင့်ဆို ရေးသားထားသော စာအုပ်များစွာကိုလည်း လေ့လာ နိုင်သည်။ ထိုသို့ လေ့လာမှတ်သားပါက လူ့ဘောင်လောက၌ ဆောင်ရန်၊ ရှောင်ရန်တို့ကို သိရှိ နားလည်ကာ ဘဝ၌ အကျိုးရှိအောင် ကျင့်ကြံနေထိုင်သွားနိုင်မည် ဖြစ်သည်။

မှီငြမ်း။ ဆယ်စောင်တွဲ၊ ၇၆။ လောကနီတိ၊ ၁၃။ နီတိကျမ်းကျော် ဒွေနှစ်ဖော်၊ ၅၂။

## သင်ခန်းစာ (၂၅)
## အခွင့်အလမ်းကို ထိရောက်စွာ အသုံးချခြင်း



ရှေးအခါက ဗာရာဏသီပြည်၌ စူဠသေဋ္ဌိ အမည်ရှိသော သူဌေးကြီးတစ်ယောက် ရှိသည်။ တစ်နေ့၌ သူဌေးကြီးသည် အိမ်မှ ထွက်လာရာ လမ်းခရီးတွင် ကြွက်သေတစ်ကောင်ကို တွေ့လေသည်။ ထိုအခါ သူဌေးကြီးက ''ဉာဏ်ရှိသူသည် ဤကြွက်သေကို အရင်းပြု၍ ကြီးပွားချမ်းသာနိုင်သည်''ဟု ဆိုလေသည်။ ထိုပြောဆိုသံကို ကြားလိုက်သော ဆင်းရဲသားတစ်ယောက်သည် ယင်းကြွက်သေကို ကောက်ယူ၍ ဈေးသို့ သွားသည်။ ဈေးတွင် ကြောင်စာအဖြစ် ရောင်းရာ အသပြာတစ်ရွေး ရလေသည်။

ဆင်းရဲသားသည် ထိုငွေဖြင့် ထန်းလျက်ကို ဝယ်ပြီး အိုးတစ်လုံးဖြင့် သောက်ရေကို သယ်ယူ၏။ ထို့နောက် ခရီးဝေးမှလာသော ပန်းသည်များအား ထန်းလျက်အနည်းငယ်စီ ကျွေး၍ အမောပြေ သောက်ရေကို တိုက်သည်။ ပန်းသည်များက ကျေးဇူးတင်၍ ပန်းတစ်ဆုပ်စီ ပြန်ပေးကြသည်။ ဆင်းရဲသား သည် ပန်းများကို ရောင်းရသောငွေဖြင့် ထန်းလျက်များကို ထပ်မံ ဝယ်ပြန်သည်။ နောက်တစ်နေ့တွင် ပန်းစိုက်ခင်းသို့ သွားကာ ပန်းသည်များအား ထန်းလျက်ကျွေး၍ ရေတိုက်ပြန်သည်။ ပန်းသည်များကလည်း ကျေးဇူးတင်၍ မိမိတို့ ပန်းများထဲမှ တစ်ဝက်စီ ခွဲပေးကြ၏။ ဆင်းရဲသားသည် ပန်းများကို ရောင်းချရာ ရှစ်အသပြာ ရလာသည်။

တစ်နေ့တွင် မိုးသက်လေပြင်း ကျရောက်သောကြောင့် မင်းဥယျာဉ်ရှိ သစ်ပင်များမှ သစ်ကိုင်းများ ကျိုးကျကုန်သည်။ ထိုအခါ ဆင်းရဲသားသည် ဥယျာဉ်အတွင်းရှိ ကျိုးကျနေသော သစ်ကိုင်းများကို ဥယျာဉ်မှူး ထံ ရှင်းလင်းခွင့်တောင်းကာ အနီးအပါး၌ ဆော့ကစားနေသော ကလေးများအား ထန်းလျက်ကျွေးပြီး သယ်ထုတ် ရှင်းလင်းစေသည်။ ထိုသစ်ကိုင်းများကို ဥယျာဉ်တံခါးတွင် စုပုံ၍ထားသည်။ ဘုရင်၏

အိုးဖုတ်သမားသည် အိုးဖုတ်ရန် ထင်းရှာသောအခါ ထိုထင်းများကို တွေ့၍ တစ်ဆယ့်ခြောက်အသပြာနှင့် အိုးငါးလုံးပေး၍ ဝယ်လေသည်။ ဆင်းရဲသားသည် ယခင် ပန်းရောင်းရငွေ ရှစ်အသပြာနှင့် ပေါင်း၍ စုစုပေါင်း နှစ်ဆယ့်လေးအသပြာ ပိုင်ဆိုင်လာသည်။ တစ်ဖန် မြို့တံခါးဝ မနီးမဝေးတွင် အိုးကြီးကို ရေဖြည့်၍ မြက်ထမ်းသမားတို့အား နေ့စဉ် သောက်ရေတိုက်ပြန်သည်။ မြက်ထမ်းသမားတို့သည် ဆင်းရဲသားအား ကျေးဇူးတင်၍ ''အကူအညီလိုက ပြောပါ။ ကူညီပါမည်''ဟု ပြောကြသည်။ ဆင်းရဲသားကလည်း ''အဆွေတို့ ... ကောင်းပါပြီ။ အကြောင်းကိစ္စရှိသောအခါ ပြောပါမည်''ဟု ဆို၍ မိတ်ဆွေဖွဲ့လေသည်။ အခြား ကုန်းလမ်းရေလမ်း အကြီးအကဲတို့နှင့်လည်း ရင်းနှီးစွာ မိတ်ဆွေဖွဲ့လေ၏။

တစ်နေ့တွင် မိတ်ဆွေတစ်ဦးသည် ဆင်းရဲသားအား ''အဆွေ ... မနက်ဖြန်တွင် ဤမြို့သို့ မြင်းကုန်သည် တစ်ယောက်သည် မြင်းငါးရာနှင့် လာလိမ့်မည်''ဟု သတင်းပေးသည်။ ထိုအခါ ဆင်းရဲသားသည် မိတ်ဆွေ မြက်ထမ်းသမားများထံ သွားကာ မြက်တစ်စည်းစီ ပို့ယူလာစေသည်။ မြက်များကို မြင်းကုန်သည်တို့အား ရောင်းချရာ အသပြာတစ်ထောင် ရလေသည်။

ရက်အနည်းငယ်အကြာတွင် ဆိပ်ကမ်းအရာရှိ မိတ်ဆွေတစ်ဦးသည် ''ဆိပ်ကမ်းတွင် ကုန်တင်လှေကြီး ဆိုက်ကပ်လာမည်''ဟု သတင်းပေးသည်။ ဆင်းရဲသားသည် ကောင်းမွန်သော မြင်းရထားတစ်စီးနှင့် အခြွေအရံများကို ငှားရမ်းကာ မြစ်ဆိပ်သို့ သွား၏။ လှေသူကြီးနှင့်တွေ့၍ ကတိစာချုပ် ပြုလုပ်လျက် ပါသမျှ ကုန်ပစ္စည်းတို့ကို ကြိုတင်ဝယ်ယူခဲ့၏။ ထို့နောက် မြစ်ဆိပ်တွင် လုံခြုံသော နေရာတစ်ခု စီမံပြီးလျှင် မိမိထံ လာဝယ်သူများကို ခွင့်ပန်၍ ဝင်ရန် အစောင့်အရှောက်များကို မှာထားလေသည်။

ကုန်တင်လှေကြီးတစ်စင်း ဆိုက်ကပ်သည် ကြားလျှင် ဗာရာဏသီတစ်မြို့လုံးရှိ ကုန်သည်တို့သည် ကုန်ဝယ်ရန် လှေသူကြီးထံ သွားကြသည်။ လှေသူကြီးက ''ကုန်သည်ကြီးတစ်ဦးနှင့် စာချုပ်၍ ရောင်းချပြီးပြီ။ ထိုသူထံ သွား၍ ဝယ်ယူကြပါ''ဟု ပြောလေသည်။ ထိုအခါ ကုန်သည်တို့သည် ဆင်းရဲသားထံ သွား၍ ကုန်များဝယ်ယူရာ ဆင်းရဲသားသည် အသပြာနှစ်သိန်း အမြတ်ရလေသည်။



ထိုသို့ ကြီးပွားချမ်းသာလာသော ဆင်းရဲသားသည် စူဠသေဋ္ဌိသူဌေးကြီး၏ ကျေးဇူးကို မမေ့ပေ။ သူဌေးကြီးထံ သွား၍ အသပြာတစ်သိန်း ကန်တော့သည်။ စူဠသေဋ္ဌိသူဌေးကြီးသည် အံ့အားသင့်ကာ ဆင်းရဲသားကို ''ချစ်သား ... ဤမျှလောက်သော ငွေအသပြာကို အသင် ဘယ်လိုရခဲ့သနည်း''ဟု မေး၏။ ဆင်းရဲသားက ''အရှင်သူဌေးကြီးပြောသော ကြွက်သေတစ်ခုကို အရင်းပြုကာ လေးလအတွင်း အသပြာနှစ်သိန်း ရခဲ့သည်။ ထို့ကြောင့် အသပြာတစ်သိန်းကို သူဌေးကြီးအား ပူဇော်ကန်တော့ရခြင်း ဖြစ်ပါသည်''ဟု အသပြာနှစ်သိန်း ရအောင် ကြိုးစားခဲ့ပုံကို အကုန်အစင် ပြောပြသည်။ စူဠသေဋ္ဌိသူဌေးကြီးသည် လူငယ်၏ အရည်အချင်းနှင့် ဖြတ်ထိုးဉာဏ်ကောင်းပုံ၊ ကျေးဇူးသိတတ်ပုံတို့ကို သဘောကျနှစ်သက်၍ မိမိ၏ သမီးပျိုနှင့် ထိမ်းမြားလက်ထပ်စေကာ စည်းစိမ်ဥစ္စာတို့ကို ပေးလေသည်။ စူဠသေဋ္ဌိသူဌေးကြီး ကွယ်လွန်သောအခါ ဆင်းရဲသားလူငယ်သည် ဗာရာဏသီပြည်၌ ထင်ရှားသော သူဌေးကြီး တစ်ဦး ဖြစ်လာသည်။

မှီငြမ်း ။ ပုံတော်စုံငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ပ – တွဲ၊ ၃၅။
မဟာဗုဒ္ဓဝင်၊ ဆ – တွဲ၊ ပ – ပိုင်း၊ ၂၃၈။ ဇာ၊ ဋ္ဌ၊ ၁၊ ၁၃၆။

**ခက်ဆစ်အဖွင့်**

အသပြာတစ်ရွေး = တစ်ကျပ်၏ ခြောက်ဆယ်ပုံ တစ်ပုံ။



## သင်ခန်းစာ (၂၆)
## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး



ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ၂၉ နှစ်အရွယ်တွင် တောထွက်တော်မူသည်။ ဥရုဝေလတောအုပ်၌ ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။ ဂယာမြို့အနီး ညောင်ပင်အောက်၌ ဘုရားဖြစ်တော်မူသည်။ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဦးကို ဟောတော်မူသည်။ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ဤသို့ ဗုဒ္ဓမြတ်စွာ၏ နောက်ဆုံးဘဝဖြစ်တော်စဉ်တို့သည် သစ်ပင်၊ တောတောင်စသည်တို့နှင့် နီးနီးကပ်ကပ် ဆက်စပ်နေသည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်သည် ဗုဒ္ဓဘာသာဖြစ်စဉ်တွင် အရေးပါသည့်အခန်းမှ ပါဝင်သည်ဟု ဆိုနိုင်ပေသည်။

မြတ်စွာဘုရားသည် တောအုပ်ထဲ၌ မကြာခဏ တစ်ပါးတည်း ကိန်းအောင်းမွေ့လျော်စံပျော်တော်မူလေ့ရှိသည်။ အချို့ရဟန်းတော်တို့သည်လည်း ကိလေသာ နည်းသည်ထက်နည်းအောင် ကျင့်ဆောင်လိုကြသောကြောင့် သစ်ပင်ဝါးပင်အောက်တို့၌ ဓုတင်အကျင့်ကို ကျင့်ကြ၏။ တောထဲ တောင်ထဲ၌ တစ်ပါးတည်း မွေ့လျော်တော်မူကြ၏။ လူသူကင်းဝေးရာ တောတောင်များသို့ သွား၍ တရားကျင့်ကြံပြီး ငြိမ်းအေးမှုချမ်းသာကို ရရှိသွားကြသော သူတော်သူမြတ်တို့သည် မရေတွက်နိုင်အောင် များပြားလှသည်။ သို့ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင် သစ်ပင်တောတောင်တို့သည် သူတော်သူမြတ်တို့ ကျင်လည်ကျက်စားရာ နေရာများဖြစ်သကဲ့သို့ သာသနာတော်အတွက်လည်း အလွန်အကျိုးများသော နေရာများဖြစ်ကြပေသည်။

ရဟန်းများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် လုပ်ရပ်မှန်သမျှကို ရှောင်ရှားရန် မြတ်စွာဘုရားရှင်သည် ဝိနည်းစည်းကမ်းအချို့ကို ပညတ်တော်မူခဲ့သည်။ မြက်သစ်ပင် ရှိသောအရပ်၊ ပိုးမွှားများ ရှိသောအရပ်တို့၌ ကျောင်းအဆောက်အအုံတို့ကို ဆောက်လုပ်ခွင့် မပြုပေ။ ကျောင်းဆောက်သဖြင့် သစ်ပင်များ၊ ပိုးမွှားများ ပျက်စီးသွားမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ သစ်ပင်တို့ကို မခုတ်ရ၊ မြက်သစ်ပင်ရှိသော မြေနေရာ၌ မီးမမွှေးရဟူ၍ တားမြစ်တော်မူခဲ့သည်။ ပိုးမွှားများပါသော ရေကို

သောက်ယူသုံးစွဲခွင့် မပြုပေ။ ရေစစ်ဖြင့် ဖြစ်စေ၊ အဝတ်တစ်ခုခုဖြင့် ဖြစ်စေ စစ်ပြီးမှ ရေကို သောက်ရမည်ဟု ပညတ်တော်မူခဲ့သည်။ ထိုပညတ်ချက်တို့ကို လေ့လာကြည့်မည်ဆိုလျှင် မြတ်စွာဘုရားသည် သဘာဝပတ်ဝန်းကျင် အပေါ်၌ဖြစ်စေ၊ ပိုးမွှားတိရစ္ဆာန်ကလေးများအပေါ်၌ဖြစ်စေ အလွန်အလေးထားတော်မူသည်ကို တွေ့နိုင်ပေသည်။

ယနေ့ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်သည် ဆိုးဆိုးဝါးဝါး ညစ်ညမ်းပျက်စီးနေပြီဖြစ်သည်။ သစ်ခုတ်ခြင်း၊ မီးရှို့ခြင်း၊ မီးသွေးဖုတ်ခြင်း၊ အုတ်ဖုတ်ခြင်းတို့ကြောင့် သဘာဝသစ်တောများ ပြုန်းတီး၍ လေထုလည်း ညစ်ညမ်းလာသည်။ ထို့ပြင် သစ်ပင်တောတောင်များကို မှီခိုနေကြသော သားငှက်တိရစ္ဆာန်များအတွက် နေစရာ ရှားပါးလာခြင်း၊ အစာရေစာ ရှားပါးခြင်းများ ဖြစ်လာပြီး ရာသီဥတုသည်လည်း ဖောက်ပြန်ပျက်စီးလာသည်။ ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့သစ်တောအပြုန်းတီးဆုံး ၁၀ နိုင်ငံစာရင်းကို သတ်မှတ်ကြေညာခဲ့ရာ ဘရာဇီးနှင့် အင်ဒိုနီးရှားပြီးလျှင် မြန်မာက တတိယနေရာတွင် ရှိခဲ့သည်။ အဆိုပါ နှစ်များအတွင်း မြန်မာနိုင်ငံ၏ နှစ်စဉ်သစ်တောပြုန်းတီးမှု ဧရိယာသည် ၅၄၆၀၀၀ ဟက်တာ (ကေအားဖြင့် ၁၃ ဒသမ ၅ သိန်းကျော်) ရှိခဲ့သည်။

အဆိုပါ ပျက်စီးနေမှုများကို ကုစားနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ၁၉၇၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၌ 'လူသားနှင့် ပတ်ဝန်းကျင်' ညီလာခံကြီးကို ကျင်းပခဲ့ပြီး ယင်းဇွန်လ ၅ ရက်နေ့ကို 'ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့'အဖြစ် သတ်မှတ်ခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာ့လူသားများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို ပိုမိုအလေးထား လုပ်ဆောင်လာခဲ့ကြသော်လည်း ယနေ့ကမ္ဘာမှာ ကျင့်သုံးနေသော 'များများထုတ်၊ များများသုံးဝါဒ'ကို ကျော်လွှားနိုင်ခြင်း မရှိသေးချေ။ စီးပွားရေးလုပ်ငန်းကြီးများသည် လူသုံးကုန်ပစ္စည်းများကို ပိုမိုများပြားအောင် အပြိုင်အဆိုင် ထုတ်လုပ်နေကြသည်။ သုံးစွဲသူများကလည်း လိုအပ်သည် မလိုအပ်သည်ကို မစဉ်းစားတော့ဘဲ ထုတ်သမျှ ဝယ်ယူသုံးစွဲကြသည်။

ထိုကဲ့သို့ ဆက်လက်ပြုလုပ်နေပါက သဘာဝပတ်ဝန်းကျင် ပိုမိုပျက်စီးပြီး လူတို့သည်လည်း စိတ်မှန်သော စိတ်ချမ်းသာမှုနှင့် ဝေးနေဦးမည်ဖြစ်ပေသည်။ 'ရလေ လိုလေ အိုတလွေ' ဆိုသည့်အတိုင်း အတောမသတ်နိုင် ဖြစ်နေကြဦးမည်ဖြစ်သည်။ မိမိလိုအပ်သည်ထက် ပိုမိုသုံးစွဲလိုသည့် ဆန္ဒများကို လျော့ချကာ မြတ်ဗုဒ္ဓ၏ 'သန္တုဋ္ဌိ ပရမံ သုခံ – တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးချမ်းသာဖြစ်၏'ဟူသော အလွန်ရိုးရှင်းပြီး အမြဲမှန်ကန်နေသော တရားတော်ကို လက်ဆုပ် လက်ကိုင်ပြု၍ ပြုမူကြခြင်းဖြင့်သာလျှင် လူသားနှင့် သဘာဝပတ်ဝန်းကျင်သည် အပြန်အလှန် အကျိုးပြု၍ အစဉ်အမြဲ ဒွန်တွဲ ရပ်တည်နေနိုင်ကြမည် ဖြစ်ပေသည်။

မိုးငြိမ်း ။ ဘုရားဥပဒေတော်ကြီး။ မိုးပေါ်ကရေ မြေပေါ်ကတော၊ ၃၂။

## သင်ခန်းစာ (၂၇)
## သမ္မပ္ပဓာန်တရား လေးပါး

သူသူ၊ ယုယုနှင့် ညီညီတို့သည် ဓမ္မစကူးလ် အဋ္ဌမတန်းတွင် တက်ရောက်နေသော ကျောင်းသူ၊ ကျောင်းသားများ ဖြစ်ကြသည်။ သူသူတို့ ဓမ္မစကူးလ်တွင် တစ်လတစ်ခါ အမေးအဖြေ ဆွေးနွေးပွဲလေး ရှိသည်။ သင်ယူ၊ မှတ်သား၊ ဖတ်ရှု၊ လေ့လာထားသည်များထဲမှ မရှင်းလင်းသည့် အချက်များရှိပါက ထို ဆွေးနွေးပွဲတွင် မေးမြန်းနိုင်သည်။ သူသူတို့ သူငယ်ချင်းတစ်စု မေးသမျှကို ဆရာ၊ ဆရာမများက စိတ်ရှည် လက်ရှည် ပြန်လည် ဖြေကြားပေးသည်။

တစ်နေ့တွင် . . .

သူသူ ။ ။ ဆရာမ . . . ညီညီက ပြောတယ်။ သမ္မဒါတရား လေးပါးနဲ့ သမ္မပ္ပဓာန်တရား လေးပါးက အတူတူပဲဆို။ အဲဒါ ဟုတ်လားဟင်။

ဆရာမ ။ ။ ညီညီက ဘယ်က သိလာတာလဲ။

ညီညီ ။ ။ တီဗွီမှာ ဘုန်းဘုန်းတွေ ဟောတာ ကြားမိလို့ပါ ဆရာမ။

ဆရာမ ။ ။ ဒါဆို ဘုန်းဘုန်းတွေက သမ္မဒါ အကြောင်းနဲ့ သမ္မပ္ပဓာန်အကြောင်း ဟောသွားတာ ဖြစ်မယ်။ အဲဒီနှစ်ခုက အသံထွက် ဆင်သလိုလို ဖြစ်နေတော့ ညီညီ ရောသွားတာ ထင်တယ်။

သူသူ ။ ။ ဒါဆို မတူဘူးပေါ့နော်။

ဆရာမ ။ ။ မတူဘူး သူသူရဲ့။ သမ္မဒါတရား လေးပါးက (၁) ဥဋ္ဌာနသမ္မဒါ – ထကြွလုံ့လနှင့် ပြည့်စုံခြင်း၊ (၂) အာရက္ခသမ္မဒါ – စောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း၊ (၃) ကလျာဏမိတ္တတာ – မိတ်ကောင်း ဆွေကောင်း ရှိခြင်း၊ (၄) သမဇီဝိတာ – မျှတစွာ အသက်မွေးခြင်းဆိုတဲ့ ကြီးပွားအောင်မြင် အောင် ကြိုးစားအားထုတ်ရာမှာ လိုက်နာဖို့ ဖြစ်ပြီး သမ္မပ္ပဓာန်တရား လေးပါးက အကုသိုလ်ရှောင် ကုသိုလ်ဆောင်ဖို့အတွက် ကြိုးစားအားထုတ်ရတဲ့ ဝီရိယကို ပြောတာ။

ညီညီ ။ ။ ဟုတ်ကဲ့ပါ ဆရာမ။ သမ္မဒါတရား လေးပါးကိုတော့ ရှင်းသွားပါပြီ။ သမ္မပ္ပဓာန်တရား လေးပါးအကြောင်း အကျယ်လေး ရှင်းပြပေးပါ ဆရာမ။

ဆရာမ ။ ။ သမ္မပ္ပဓာန်တရားလေးပါး ဆိုတာကတော့ . . .

၁ ။ အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော – မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ် ပေါ်အောင် ကြိုးစားအားထုတ်ခြင်း။

၂ ။ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော – ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်ဖို့ ကြိုးစားအားထုတ်ခြင်း။

၃ ။ အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော – မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ခြင်း။

၄ ။ ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော – ဖြစ်ပြီးတဲ့ ကုသိုလ်တွေ တိုးပွား အောင် ကြိုးစားအားထုတ်ခြင်းတို့ ဖြစ်တယ်။



ယုယု ။ ။ မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်အောင် ကြိုးစားအားထုတ်ခြင်းဆိုတာ ဘယ်လိုမျိုးလဲ ဆရာမ။

ဆရာမ ။ ။ အခုဘဝမှာ တစ်ခါမှ မကျူးလွန်ဖူးသေးတဲ့ အကုသိုလ်မျိုးတွေကို မကျူးလွန်ဖြစ်အောင် နေထိုင်တာကို ဆိုလိုတယ်။ ဥပမာ – အခုဘဝမှာ သူတစ်ပါးအသက်ကို တစ်ခါမှ မသတ်ဖူးရင် အဲဒီအသက်သတ်မှုဟာ မဖြစ်သေးတဲ့ အကုသိုလ်ပဲ။ ခြင်ကလေး ပုရွက်ဆိတ်လေးတွေကို သတ်ဖူးပေမယ့် ငါးကို မသတ်ဖူးသေးရင် ငါးကိုသတ်တာဟာ မဖြစ်သေးတဲ့ အကုသိုလ် – လို့ မှတ်ရမယ်။ ဒါကြောင့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ လိမ်ညာလှည့်ဖြားခြင်း စတာတွေကို မကျူးလွန်ဖြစ်အောင် ကြိုးစား အားထုတ်ကြရမယ်။

ညီညီ ။ ။ ဒါဆို ငါးပါးသီလ လုံအောင် ထိန်းတာကို ဒီနံပါတ်တစ်အတိုင်း လိုက်နာကျင့်သုံးတယ်လို့ ခေါ်လို့ ရလား ဆရာမ။

ဆရာမ ။ ။ ရတာပေါ့ ညီညီရဲ့။ ဒီအတိုင်း လိုက်နာရင် သီလလည်း လုံခြုံ၊ သမ္မပ္ပဓာန်နဲ့လည်း ပြည့်စုံ၊ ဘယ်လောက် ကောင်းမလဲ။ နောက်ပြီး လိုချင်စရာအာရုံနဲ့ တွေ့ပေမယ့် လောဘ မဖြစ်မိအောင်၊ စိတ်ဆိုးချင်စရာနဲ့ တွေ့ပေမယ့် ဒေါသ မဖြစ်မိအောင် ထိန်းကြရမယ်။ ကိုယ့်ထက်သာတဲ့သူကိုလည်း မနာလိုမဖြစ်ဘဲ မုဒိတာ ပွားနိုင်ရမယ်။ ကိုယ့်ထက်နိမ့်ကျတဲ့သူနဲ့ တွေ့ရင်လည်း အနိုင်မကျင့်ဘဲ ကရုဏာထားနိုင်ရမယ်နော်။

ယုယု ။ ။ ဒုတိယအချက်ဖြစ်တဲ့ ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်ဖို့ ကြိုးစားအားထုတ်တယ်ဆိုတာ ဘယ်လိုမျိုးလဲ ဆရာမ။

ဆရာမ ။ ။ ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်ဖို့ ကြိုးစားအားထုတ်တယ်ဆိုတာ အရင်ဖြစ်ဖူး၊ လုပ်ဖူးတဲ့ အကုသိုလ်တွေကို ထပ်မလုပ်မိအောင် ကြိုးစားအားထုတ်တာ၊ ပြန်ပြီး မစဉ်းစားတာကို ပြောတာ။ ဥပမာ – အရက်သောက်ဖူးတယ်ဆိုရင် နောက်ထပ် မသောက်တာမျိုးပေါ့။ ကိုယ်လုပ်ခဲ့ဖူးတဲ့ အကုသိုလ်မျိုးတွေကို ထပ်ကာထပ်ကာ လုပ်နေမယ်ဆိုရင် အကုသိုလ်တွေ ပွားသထက် ပွားလာရော။ ပြန်စဉ်းစားပြီး စိတ်မချမ်းမသာ ဖြစ်နေမယ်ဆိုရင်လည်း အကုသိုလ်ထပ်တိုးဖို့ပဲ ရှိတယ်။ ဒါကြောင့် အဲဒီကိစ္စကို လုံးလုံး မေ့ပစ်နိုင်အောင် ကြိုးစားရမယ်။ ဒါမှသာ ဖြစ်ပြီးသား အကုသိုလ်လည်း ဖြစ်တဲ့နေရာမှာပဲ ရပ်တန့်သွားတယ်။ နောက်ထပ်အလားတူ အကုသိုလ်မျိုးလည်း ထပ်မလုပ်မိအောင် ကြိုးစားအားထုတ်နိုင်မယ်ဆိုရင် ဖြစ်ပြီးသား အကုသိုလ်တွေကို ပယ်ဖို့ ကြိုးစားအားထုတ်ရာ ရောက်ပါတယ်တဲ့။

သူသူ ။ ။ ဟိုနေ့က အိမ်ဘေးက ခွေးလေး တစ်ချိန်လုံးဟောင်နေလို့ ထင်းချောင်းနဲ့ ပေါက်လိုက်တာ ခြေထောက်လေး နာသွားတယ်။ နောက်မှ ကိုယ်လုပ်တာ မှားသွားမှန်း သိတယ်။ အဲဒါကရော ဘယ်လိုမျိုးလဲ ဆရာမ။



ဆရာမ ။ ။ ခွေးလေးကို ထင်းချောင်းနဲ့ ပေါက်မိတာကို ခဏခဏတွေးပြီး စိတ်ပူပန်မှု မဖြစ်အောင် နေမယ်။ နောက်တစ်ကြိမ် ဘယ်တော့မှ ထပ်မလုပ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချ ရှောင်ကြဉ်လိုက်ရင် နံပါတ်နှစ်ဖြစ်တဲ့ ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် ကြိုးစားအားထုတ်ခြင်းဖြစ်တာပေါ့။

ယုယု ။ ။ နံပါတ်သုံးကို ဆက်ပြောပေးပါဦး ဆရာမ။



ဆရာမ ။ ။ သုံးအချက်က မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်တဲ့ ဝီရိယ။ ဒါက ရှင်းပါတယ်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေ ပွားများတဲ့ ကုသိုလ်၊ မေတ္တာပွားတဲ့ ကုသိုလ်၊ သမာဓိရအောင်၊ ဈာန်ရအောင်၊ စိတ်ငြိမ်းချမ်းအောင် တရားအားထုတ်တဲ့ ကုသိုလ် စတဲ့ ကောင်းတဲ့အလုပ်မျိုးတွေ။ ဒါတွေဟာ ကုသိုလ်ရတဲ့ အလုပ်တွေချည်းပဲ။ အဲဒီလို ကုသိုလ်မျိုးတွေ မိမိမှာ မဖြစ်သေးဘူးဆိုရင် ဖြစ်လာအောင် ကြိုးစားအားထုတ်ရမယ်။ သင်ယူရမယ်။ ဒါမှ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်တဲ့ ဝီရိယနဲ့ ပြည့်စုံမှာ။

သူသူ ။ ။ ကုသိုလ်ရဲ့ အဓိပ္ပာယ်က ဘာလဲဟင် ဆရာမ။

ဆရာမ ။ ။ ကုသိုလ်ဆိုတာ အပြစ်ကင်းပြီး ကောင်းကျိုးပေးတာလို့ အဓိပ္ပာယ်ရတယ်။

ညီညီ ။ ။ ဒါဆို အကုသိုလ်ဆိုရင် အပြစ်မကင်းဘူး၊ မကောင်းကျိုးကို ပေးတတ်တာပေါ့နော် ဆရာမ။

ဆရာမ ။ ။ မှန်တာပေါ့။ ညီညီက သိပ်တော်တာပဲ။ တစ်ထွာပြ တစ်လံမြင်တတ်တယ်။ ဒါမှ ဓမ္မစကူးလ် ကျောင်းသား ပီသတာ။

ယုယု ။ ။ နောက်ဆုံးအချက် ရှင်းပြပါဦး ဆရာမ။

ဆရာမ ။ ။ အေး အေး ... ရှင်းပြမယ်။ ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေကို တိုးပွားခိုင်မြဲအောင် လုပ်တဲ့ ဝီရိယဆိုတာ ကုသိုလ်လုပ်ပြီးတိုင်း ကိုယ်လုပ်ပြီးသား ကုသိုလ်တွေကို သတိရအောက်မေ့နေရမယ်။ ကုသိုလ်ကောင်းမှု ဆိုတာ ကောင်းကျိုးချမ်းသာကိုပဲ ပေးပြီး ဘဝသံသရာ ခရီးတစ်လျှောက် ခံစားစံစားရမယ်။ ကောင်းတဲ့ ဘဝတွေကိုလည်း ရောက်ရှိနိုင်တယ်လို့ တွေးပြီး ကုသိုလ်ကောင်းမှုတွေကို များများပြုလုပ်ရမယ်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်စတဲ့ ကုသိုလ်ရမယ့် အလုပ်မှန်သမျှ ကြိုးစားပြီး လုပ်ရမယ်။ မနက်မိုးလင်းလို့ ဘုရားမရှိခိုးရသေးရင် ချက်ချင်း ရှိခိုးလိုက်တာ၊ သံဃာတော်တွေကို ပုံမှန်ဆွမ်းလောင်းလှူတာ၊ မိဘတွေကို ကူလုပ်ပေးဖို့ ကိစ္စပေါ်လာရင် ချက်ချင်း

ကူပေးလိုက်တာ၊ ကျောင်းရောက်လို့ သန့်ရှင်းရေး လုပ်စရာရှိရင် ချက်ချင်း ထလုပ်လိုက်တာ၊ ကောင်းတဲ့အလုပ်တွေကို စိတ်ကောင်း စေတနာကောင်းနဲ့ ထပ်ခါထပ်ခါ လုပ်ပေးမယ်ဆိုရင် ပြုပြီးသား ကုသိုလ်တရားတွေကို တိုးပွားခိုင်မြဲအောင် လုပ်နေတာပဲ။ နေ့စဉ်မှာလည်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာပြီး အောင်မြင် ကြီးပွားမယ်။ နောင်တမလွန်ဘဝမှာလည်း ကောင်းရာသုဂတိ ရောက်ရှိမယ်။ ဒါ့ကြောင့် ဒီသမ္မပ္ပဓာန်တရား လေးပါးကို လူတိုင်း လိုက်နာကျင့်သုံးဖို့ လိုတယ်။

သူ၊ ယု၊ ညီ။ ။ ဟုတ်ကဲ့ပါ ဆရာမ။

မှီငြမ်း ။ သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ၃၈၈။
သံ၊ ၁၊ ၄၀၀။ သံ၊ ဋ္ဌ၊ ၂၊ ၁၅၃။

## သမ္မပ္ပဓာန်တရား လေးပါး

မဖြစ်ဖူးဘြား၊ အကုသိုလ်များ၊ ရှောင်ရှားပစ်ဖို့ရာ။
ဖြစ်ဖူးပြီးရာ၊ အကုသိုလ်မှာ၊ ထပ်ခါမပြု (မရှု) ပါ။
မဖြစ်ဖူးဘြား၊ ကုသိုလ်များ၊ ထင်ရှားဖြစ်ဖို့ရာ။
ဖြစ်ဖူးပြီးသား၊ ကုသိုလ်များ၊ တိုးပွားအောင်နေပါ။
သမ္မပ္ပဓာန၊ ထိုလေး၀၊ မှတ်ကြ သိဖို့ရာ။

(ဘဂိနီ)



## သင်ခန်းစာ (၂၈)
## အံ့ဖွယ်ရှစ်ဖြာ သာသနာ

တနင်္ဂနွေနေ့ တစ်နေ့တွင် ဖြစ်သည်။ ဦးမြ၊ ဇနီး ဒေါ်သန်းနှင့် သမီး ဖွေးဖွေးတို့သည် ဘုရားသွားရန် အိမ်မှ ထွက်လာခဲ့ကြသည်။ ထိုနေ့သည် သမီးလေး ဖွေးဖွေး၏ တစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့ဖြစ်၏။ သမီးလေးသည် ဘုရားသွားတိုင်း လမ်းတွင် တွေ့မြင်ရသော အရာများကို မှတ်သားထားလေ့ရှိ၏။ သူ မသိသော အရာများကို တွေ့ပါက မိဘတို့ကို မေးမြန်းလေ့ရှိသည်။ ထိုအကျင့်ကြောင့် ဘုရားကိုသွားတိုင်း ဘုရားပေါ်ရှိ ဇရပ်တစ်ခုခုတွင် ဝင်နားကာ မိသားစု ဝိုင်းဖွဲ့စကားပြော ဖြစ်ကြသည်။ ယနေ့လည်း မိသားစု ဘုရားရှိခိုးပြီးနောက် ဇရပ်တစ်ဆောင်သို့ ထွက်ခွာလာခဲ့ကြသည်။

ဇရပ်သို့ ရောက်သောအခါ ဦးမြ ထိုင်ရုံပင်ရှိသေးသည်။ သမီးလေး၏ မေးခွန်းစကား စတင်လာသည်။

``ဖေဖေ၊ ဘုရားမုခ်ဦး အဝင်မှာ ရေးထားတဲ့ သာသနာနှစ် (၂၅၀၀) ဆိုတာကို သမီး သိပ်နားမလည်လို့ ရှင်းပြပါ။''

``ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့နှစ်ကို သာသနာနှစ် ၁ နှစ်လို့ စတင်ရေတွက်ခဲ့တယ်။ သာသနာနှစ် ၂၅၀၀ ဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးခဲ့တာ နှစ်ပေါင်း ၂၅၀၀ ကြာခဲ့ပြီလို့ ဆိုလိုတာပေါ့။''

``အဖေကြီး၊ ဟိုတစ်လောကပဲ မြတ်စွာဘုရားရဲ့ သာသနာနှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်တွေ လုပ်ကြသေးတယ် မဟုတ်လား''ဟု မေးကာ သားအဖ စကားဝိုင်းသို့ ဇနီးဖြစ်သူက ဝင်ရောက်လာလေသည်။

``ဟုတ်တယ် အမေကြီးရဲ့။ အဲဒီ သာသနာနှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်ပွဲက မြတ်စွာဘုရား ဘုရားဖြစ်တဲ့နှစ်က စတင်ရေတွက်ပြီး ကျင်းပကြတာပါ။ ကျင်းပတဲ့နှစ်က သာသနာနှစ် ၂၅၅၅ ဆိုတော့ ဘုရားအဖြစ်နဲ့ ၄၅ ဝါ၊ ၄၅ နှစ်ကို ထပ်ထည့်ပေါင်းပြီး ၂၆၀၀ ပြည့် အထိမ်းအမှတ်အဖြစ် လုပ်ကြတာပါ။''

``အော် ဒီလိုလား အဖေကြီး။ ဒီသာသနာတော်ကြီး အကြာကြီး တည်ရှိနေရင် ကောင်းမှာပဲနော်။''

``ဟုတ်တယ်။ တို့မြတ်စွာဘုရားရဲ့ သာသနာဟာ ထူးဆန်းအံ့သြဖွယ်ရာတွေနဲ့ ပြည့်နက်နေလို့နောင် နှစ်ပေါင်းများစွာ ကြာရှည်တည်တံ့ ပြန့်ပွားနေဦးမှာပါပဲ။''

``ဖေဖေ၊ သာသနာဆိုတာ ဘာလဲ''ဟု သမီးလေးက မေးလာပြန်သည်။

''သာသနာဆိုတာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ တရားတော်တွေကို ခေါ်တာ သမီးရဲ့။''

''ကျွန်မတို့ ဘုရားသာသနာဟာ ဘယ်လိုမျိုး ထူးဆန်းအံ့သြဖွယ်ရာတွေနဲ့ ပြည့်နက်နေတာလဲ။ အဖေကြီး သိရင် ကျွန်မတို့ သားအမိကို ရှင်းပြပေးပါလား။''

''ဟုတ်တယ် ဖေဖေ။ သမီးလည်း သိချင်တယ်။''

''ကဲ ဒါဆိုလည်း သိသလောက် ရှင်းပြမယ်။ မြတ်စွာဘုရားက သာသနာရဲ့ ထူးဆန်းအံ့သြဖွယ်ရာတွေကို မဟာသမုဒ္ဒရာရဲ့ ထူးခြားချက်တွေနဲ့ နှိုင်းယှဉ်ပြီး ဟောကြားခဲ့တယ်။ မဟာသမုဒ္ဒရာမှာ အံ့ဖွယ်ရှစ်မျိုးရှိသလို တို့ဘုရားသာသနာမှာလည်း ထူးခြားအံ့သြဖွယ် ရှစ်ပါးရှိတယ်။ ဒါကို ပဟာရာဒ အမည်ရှိတဲ့ အသုရိန်က မေးလျှောက်လို့ တို့မြတ်စွာဘုရားက ဟောကြားတော်မူခဲ့တယ်။''

''မဟာသမုဒ္ဒရာဆိုတာ ဘာလဲ ဖေဖေ။''

''နားလည်အောင် ရှင်းပြရရင် သမီး ပင်လယ်ကို မြင်ဖူးလား။''

''သမီးတို့ ချောင်းသာကမ်းခြေကို ရောက်တုန်းက မြင်ခဲ့ရတယ်လေ။''

''အေး မဟာသမုဒ္ဒရာဆိုတာ အဲဒီပင်လယ်ပြင်ကြီးထက် အဆပေါင်းများစွာ ကြီးမားတယ် သမီး။ ပြီးတော့ အလွန်တရာလည်း နက်ရှိုင်းတယ်။''

''ကဲကဲ ခုနက မြတ်ဗုဒ္ဓသာသနာရဲ့ ထူးခြားအံ့သြဖွယ်တွေကို ဆက်ပါဦး''ဟုဆိုကာ သိချင်ဇော ဖြင့် အမေဖြစ်သူက ဝင်ပြောလာသည်။

''သမီးနဲ့ အမေကြီး သေချာနားထောင်။ ပထမအချက်က 'မဟာသမုဒ္ဒရာဟာ ကမ်းခြေကစပြီး အစဉ်အတိုင်း တဖြည်းဖြည်း နက်ရှိုင်းသွားသလို သာသနာတော်မှာလည်း တစ်ဆင့်ပြီးတစ်ဆင့် မြှင့်ပြီး ကျင့်ရတဲ့ ကျင့်စဉ်ဆိုတာ ရှိတယ်။ အဲဒီ ကျင့်စဉ်အတိုင်း အဆင့်ဆင့် ကျင့်ကြံအားထုတ်မှသာ အလွန် နက်နဲ သိမ်မွေ့တဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို ထိုးထွင်းသိမြင်လာမှာ ဖြစ်တယ်'လို့ ဘုရားက ဟောခဲ့တယ်။ အဓိပ္ပာယ်ကို သမီးတို့ နားလည်လား။''

''နားလည်ပါတယ် ဖေဖေ။''

''ဒုတိယအချက်က 'မဟာသမုဒ္ဒရာထဲက ရေတွေဟာ ဘယ်လောက်ပဲများများ ကမ်းကို မကျော်လွန် သလို သာသနာတော်မှာလည်း ရဟန်းတော်တွေဟာ အသက်သေရင် သေပါစေ။ ပညတ်ထားတဲ့ ဝိနည်း ကျင့်ဝတ်တွေကို မကျော်လွန်ကြဘူး။ မချိုးဖောက်ကြဘူး'တဲ့။''

''ရှေးအစဉ်အဆက်ကနေ ယနေ့အချိန်ထိ တည်ရှိနေကြတဲ့ ရဟန်းသံဃာတွေဟာ ဘုရားရှင် ချမှတ်ထားတဲ့ ဝိနည်းကျင့်ဝတ်တွေကို မချိုးဖောက်ဘဲ ကျင့်ကြံခဲ့ကြလို့ သာသနာတော်ဟာ တို့ရဲ့ အားထားကိုးကွယ်စရာအဖြစ် တည်ရှိနေတာပေါ့။''

''ကဲ တတိယအချက်ကို ဆက်ရအောင်။ 'မဟာသမုဒ္ဒရာဟာ မျောဝင်လာတဲ့ အသေကောင်ပုပ်တွေကို လက်မခံဘဲ ကုန်းပေါ်ကို လှိုင်းနဲ့ ပုတ်ထုတ်သလို သာသနာတော်မှာလည်း ဝိနည်းကျင့်ဝတ်တွေကို လိုက်နာတဲ့ သီလရှိသူ ရဟန်းသံဃာတော်တွေဟာ အကျင့်မြတ်ကို မကျင့်၊ သီလလည်း မရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ မဆက်ဆံကြဘူး။ ဝိနည်းစည်းကမ်းနဲ့အညီ အလျင်အမြန် စည်းဝေးပြီး အဲဒီ ပုဂ္ဂိုလ်တွေကို သာသနာတော်ကနေ နှင်ထုတ်ကြတယ်' တဲ့။ ဒါကြောင့် သာသနာတော်မှာ အတုအယောင်တွေကို လွဲမှားစွာ မဆည်းကပ်၊ မကိုးကွယ်မိဖို့ အလွန်အရေးကြီးတယ်။''

''ဟုတ်တယ်။ ကျွန်မတို့လည်း သတိထားရမယ့် အချက်ပဲ။''

''နောက်တစ်ချက်က ဘာလဲ ဖေဖေ။''

''မဟာသမုဒ္ဒရာထဲကို စီးဝင်လာကြတဲ့ ဂင်္ဂါ၊ ယမုံနာ စတဲ့ မြစ်ကြီးတွေက ရေတွေဟာ မဟာသမုဒ္ဒရာကို ရောက်တဲ့အခါ မူလအမည်တွေ ပျောက်ပြီး 'မဟာသမုဒ္ဒရာရေ' လို့သာ အမည်ဖြစ်သွားသလို မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသားဆိုတဲ့ အမျိုးလေးပါးတို့ဟာ သာသနာ့ဘောင်မှာ ရဟန်းပြုလာကြတဲ့အခါ မူလအမျိုးအနွယ် အမည်တွေပျောက်ပြီး ဘုရားသားတော်ဆိုတဲ့ အမည်သာ ဖြစ်ကုန်တယ်တဲ့။''

''အိမ်ကို ကြွတဲ့ ဦးပဉ္ဇင်းတွေက ဘုရားသားတော်တွေပေါ့နော် ဖေဖေ။''

''မှန်တာပေါ့ သမီးရဲ့။ ငါးအချက်ကတော့ 'ကမ္ဘာမြေပြင်ပေါ်ရှိ မြစ်ချောင်းအသွယ်သွယ်က စီးဆင်းလာတဲ့ ရေတွေနဲ့ ကောင်းကင်က ကျလာတဲ့ မိုးရေတွေကြောင့် မဟာသမုဒ္ဒရာဟာ ပြည့်ခြင်း၊ လျော့ခြင်း မရှိသလို သာသနာတော်မှာလည်း နိဗ္ဗာန်ကို မျက်မှောက်ပြုကြတဲ့ အရိယာပုဂ္ဂိုလ်တို့ရဲ့ အနည်းအများကို အကြောင်းပြုပြီး နိဗ္ဗာန်ရဲ့ အငြိမ်းဓာတ်ဟာ လျော့နည်းခြင်း၊ ပိုလွန်ခြင်း မရှိဘူး' တဲ့။''

''ဖေဖေ၊ အရိယာပုဂ္ဂိုလ်ဆိုတာ ဘာလဲ။''

''အရိယာပုဂ္ဂိုလ်ဆိုတာ သမီးနားလည်အောင် ပြောပြရရင် တရားထူး၊ တရားမြတ်တွေကို သိရှိနားလည်သွားကြတဲ့ မြင့်မြတ်ဖြူစင်သူတွေပေါ့ သမီး။''

''ကဲ နောက်တစ်ချက်ကို ဆက်ပါဦး အဖေကြီးရဲ့'' ဟု ဇနီးဖြစ်သူက ပြောလာသည်။

''သမီးရေ၊ ချောင်းသာကမ်းခြေကို ရောက်တုန်းက ပင်လယ်ထဲက ရေက ချိုသလား။ ငန်သလား။''

''ငန်တာပေါ့ ဖေဖေရဲ့။''

''အဲဒီလိုပဲ 'မဟာသမုဒ္ဒရာရေဟာ ငန်တဲ့အရသာ တစ်မျိုးတည်းရှိသလို သာသနာတော်မှာလည်း ဝိမုတ္တိရသခေါ်တဲ့ လွတ်မြောက်မှု အရသာ တစ်မျိုးတည်းသာ ရှိတယ်' လို့ ခြောက်ခုမြောက်အချက်အနေနဲ့ ဟောခဲ့ပြန်တယ်။''

''ခုနစ်ခုမြောက်အချက်ကတော့ 'မဟာသမုဒ္ဒရာဟာ ပုလဲ၊ ရွှေ၊ ငွေ စတဲ့ အဖိုးတန်ရတနာ အမျိုးမျိုးတွေနဲ့ ပြည့်စုံသလို သာသနာတော်မှာလည်း သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စတဲ့ ဗောဓိပက္ခိယတရား (၃၇) ပါးဆိုတဲ့ ရတနာတွေနဲ့ ပြည့်စုံတယ်' တဲ့။''

နောက်ဆုံးအချက်ကတော့ ``မဟာသမုဒ္ဒရာဟာ ခန္ဓာကိုယ်ကြီးမားတဲ့ ငါးကြီးများနဲ့ နဂါး စတာတွေရဲ့ နေရာဖြစ်သလို သာသနာတော်ဟာလည်း သီလ၊ သမာဓိ၊ ပညာ ကြီးမားတော်မူကြတဲ့ ပုဂ္ဂိုလ်မြတ်တို့ရဲ့ နေရာဖြစ်တယ်တဲ့။ မြတ်စွာဘုရားက အဲဒီလို မဟာသမုဒ္ဒရာကြီးရဲ့ အံ့ဖွယ်ရှစ်ပါးနဲ့ သာသနာတော်ကြီးရဲ့ အံ့ဖွယ်ရှစ်ပါးတို့ကို နှိုင်းယှဉ်ပြီး ဟောတော်မူခဲ့တယ်။''

``ဒီလို အံ့ဖွယ်ထူးခြားချက်တွေကြောင့် သာသနာတော်ကြီးက အစွန့်ရှည် တည်တံ့ပြန့်ပွားဆဲ ဖြစ်နေတာကိုး။''

``ဟုတ်တာပေါ့ အမေကြီး။ တို့လူပုဂ္ဂိုလ်တွေဘက်ကလည်း သာသနာတော် ရေရှည်တည်တံ့ဖို့ ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်သလို သာသနာတော်အပေါ် ပိုမိုကြည်ညိုလေးစားကာ မြတ်စွာဘုရား အဆုံးအမအတိုင်း လိုက်နာကျင့်ကြံ အားထုတ်ကြရမယ်။''

``ဟုတ်ကဲ့ပါ အဖေကြီး။'' ``ဟုတ်ကဲ့ပါ ဖေဖေ။''

မှီငြမ်း ။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ တ – တွဲ၊ ၄၀။ အံ၊ ၃၊ ၃၉။

## သင်ခန်းစာ (၂၉)
## သာသနာကွယ်ကြောင်း (၅) ပါး

ဦးမျိုးနှင့် ဒေါ်နီလာတို့၏ သမီးလေး ပြည့်ပြည့်သည် ဓမ္မစကူးလ်ကျောင်းမှ အိမ်သို့ ပြန်လာသည်။ အိမ်ပေါက်ဝ ရောက်ရောက်ချင်း အမေကို အသံတစာစာဖြင့် အော်၍ခေါ်နေသည်။

''မေမေရေ၊ မေမေ။''

''ဟော၊ သမီး ဓမ္မစကူးလ်က ပြန်လာပြီလား။''

''ဟုတ်ကဲ့ မေမေ။ ဖေဖေရော။''

''ဒီမှာ ရှိပါတယ် သမီးရဲ့။ သမီးက ဖေဖေ့ကို မမြင်ဘဲကိုး။ သမီးကြည့်ရတာ ဒီနေ့ သိပ်ပျော်နေပုံရတယ်။ ဘာလဲ ကျောင်းမှာ မုန့်ကောင်းကောင်းစားခဲ့ရလို့လား။''

''မဟုတ်ပါဘူး ဖေဖေရဲ့။ ဒါပေမဲ့ အလှူရှင်တွေကျွေးတဲ့ မုန့်တွေက စားလို့ကောင်းတာတော့ အမှန်ပဲ။''

''မေမေ့သမီးက ရှစ်တန်းကျောင်းသူကြီး ဖြစ်နေပြီ။ အခုထိ အစားအသောက် မက်တုန်းပဲလား။ စားကောင်း သောက်ကောင်းနဲ့ တွေ့ရင် မျက်နှာက ပြုံးနေတာပဲ။''

''ဟာ ... မဟုတ်ပါဘူး မေမေရဲ့။ ဒီနေ့ သမီးပျော်နေတာက သမီးတို့ စာသင်နေတာကို မှတ်တမ်းဗွီဒီယို အစအဆုံး ရိုက်တယ်လေ။''

''ဖေဖေ့ကို ပြောပြပါဦး။ ဘယ်လို မှတ်တမ်းတင်သွားတာလဲ။''

''သမီးတို့ရဲ့ စာသင်နေပုံတွေ၊ ဝိုင်းဖွဲ့ပြီး အပြန်အလှန် အမေးအဖြေလုပ်ပုံတွေ၊ သမီးတို့ ကျောင်းသူ၊ ကျောင်းသားတွေ ကဗျာရွတ်နေပုံတွေ၊ ဓမ္မစကူးလ်သီချင်း ဆိုနေပုံတွေ၊ အို ... စုံနေတာပဲ ဖေဖေရဲ့။''

''ဒါဆို ဖေဖေ့သမီးက ဒီနေ့ မင်းသမီးလေး ဖြစ်လာတာပေါ့။''

''ဒါပေါ့ ဖေဖေရဲ့။''

''သားအဖနှစ်ယောက် အတိုင်အဖောက် ညီမနေနဲ့။ ဒီနေ့ ဘာစာတွေ သင်လာလဲဆိုတာ အဖေကြီး သမီးကို မေးကြည့်ပါဦး။''

''ကဲ သမီး ... ဒီနေ့ ဘာစာတွေ သင်ခဲ့ရလဲ။ ဖေဖေတို့ကို ပြန်ပြောပြပါဦး။''

''ဒီနေ့ သင်တာက သာသနာကွယ်ကြောင်း (၅) ပါး သင်ခန်းစာကို သင်ခဲ့ရတယ်။''

''ဖေဖေတို့တောင် အဲဒါတွေ မသိဘူး သမီး။ သာသနာကွယ်ကြောင်းတွေကို ရှင်းပြပါဦး။''



``သာသနာကွယ်ခြင်းအကြောင်းတွေက အများကြီးရှိတယ်တဲ့။ ဒါပေမဲ့ အခု သမီးပြောပြမယ့် ဓမ္မစကူးလ်က သင်လိုက်တဲ့ သာသနာကွယ်ခြင်းအကြောင်း (၅) ပါး ကတော့ ...

၁။ တရားမနာခြင်း၊

၂။ တရားတော်တွေကို လေးလေးစားစား မသင်ယူခြင်း၊

၃။ သင်ယူပေမယ့် မှတ်မိအောင် မှတ်သားမထားခြင်း၊

၄။ မှတ်သားထားပေမယ့် တရားတော်တို့ရဲ့ အနက်အဓိပ္ပာယ်တွေကို သိအောင် မကြိုးစားခြင်း၊

၅။ သိပြီးပေမယ့် သိသည့်အတိုင်း မကျင့်ကြံခြင်းတဲ့ ဖေဖေနဲ့ မေမေရဲ့။''

``ဖေဖေတို့ကို တစ်ခုချင်းစီ ရှင်းပြပါဦး။''

``ပထမအချက် တရားမနာခြင်းဆိုတာက – ဆရာတော်တွေရဲ့ တရားပွဲပဲ ဖြစ်ဖြစ်၊ တရားခွေပဲ ဖြစ်ဖြစ်၊ ရိုရိုသေသေ၊ လေးလေးစားစား မနာကြားကြဘူး၊ မမှတ်သားကြဘူး၊ နားစိုက်မထောင်ကြဘူးဆိုရင် သာသနာကွယ်ခြင်း အကြောင်းတရားပဲတဲ့။''

``ဒါကတော့ လက်တွေ့ပဲ သမီးရေ။ တရားပွဲမှာ မေမေတို့ တရားနာတုန်းကဆိုရင် တချို့လူတွေက ဆရာတော်ဟောတာကို ရိုရိုသေသေ မနာယူဘဲ စကားပြောနေတာ တွေ့ဖူးတယ်။ တချို့ဆို ဖုန်းပါ သုံးနေသေးတယ်။''

``ဟုတ်ပ့ါ အမေကြီးရာ။ သမီး ဆက်ပြောပါဦး။''

``ဒုတိယအချက် တရားတော်တွေကို လေးလေးစားစား မသင်ယူခြင်းဆိုတာက ရဟန်း၊ ရှင်၊ လူတွေဟာ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတွေကို လေးလေးနက်နက် မသင်ယူခြင်းကို ပြောတာ။ အဲဒီ တရားတော်တွေကို မသင်ဘူးဆိုရင် သာသနာကွယ်နိုင်တယ်တဲ့။''

``မှန်တာပေါ့ သမီးရယ်။ ကိုယ်တိုင်သင်ထား၊ သိထားမှ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို ကိုယ့်ပတ်ဝန်းကျင်က လူတွေကို ပြန်လည်မျှဝေနိုင်မယ်။ အဲဒီလို မျှဝေနိုင်မှ ဖေဖေတို့ ကိုးကွယ်ယုံကြည်တဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေ ပြန့်ပွားပြီး ရေရှည်တည်တံ့မှာပေါ့။''

``အဖေကြီးပြောတာ မှန်ပါတယ်။ တတိယအချက်ကို ဆက်ပြောပါဦး သမီး။''

``ဟုတ်ကဲ့ပါ မေမေ။ တတိယအချက်ကတော့ တရားတော်တွေကို သင်ယူပေမယ့် မှတ်မိအောင် မှတ်သားမထားခြင်းတဲ့။ တရားတော်တွေကို သင်တော့ သင်ယူတယ်၊ သေသေချာချာ မှတ်သားမထားဘူးဆိုရင် သာသနာကွယ်နိုင်တယ်တဲ့။''

``သိပ်ဟုတ်တာပေါ့ သမီးရယ်။ အခုခေတ်မှာ စာအုပ်တွေ၊ ကွန်ပျူတာတွေ၊ အင်တာနက်တွေမှာ တရားတော်တွေကို မှတ်တမ်းတင်ထားလို့ ရပေမယ့် ကိုယ့်ရဲ့ မှတ်ဉာဏ်ထဲမှာ မြတ်စွာဘုရားအဆုံးအမတွေကို မှတ်သားထားရင် ပိုကောင်းတာပေါ့။ မေမေတို့ရဲ့ လက်တွေ့ဘဝမှာ အသုံးချရမယ်ဆိုတာ အမြဲအမှတ်ရနေတာပေါ့။''

``စတုတ္ထအချက်အနေနဲ့ တရားတော်တွေကို သင်လည်း သင်တယ်။ မှတ်လည်း မှတ်မိတယ်။ ဒါပေမဲ့ သင်ထား၊ မှတ်ထားတဲ့ တရားတော်တွေရဲ့ အဓိပ္ပာယ်ကို လေးလေးနက်နက် သဘောပေါက်အောင် မကြိုးစားဘူးဆိုရင် မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ ရေရှည် မတည်တံ့နိုင်ဘူးတဲ့။''

``မှန်တယ် သမီး။ မြတ်စွာဘုရားရဲ့ တရားတော်တွေက မွန်မြတ်လေးနက် ခက်ခဲတယ်။ လေးလေးနက်နက် သဘောမပေါက်ဘဲ ပြောနေရင် ပြောတဲ့တရားတွေဟာ ဘုရားဟော တရားတွေနဲ့ မညီ ဖြစ်သွားတတ်တယ်။ ဒီအချက်က သိပ်အရေးကြီးတယ်။ ဘုရားဟော အဆုံးအမတွေကို သေသေချာချာ နားလည်သဘောပေါက်မှ ကုသိုလ်၊ အကုသိုလ်တွေကို ခွဲခြားနိုင်မယ်။ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားနိုင်မှ မကောင်းမှုကို ရှောင်ပြီး ကောင်းမှုတွေကို ဆောင်နိုင်မှာ ဖြစ်တယ်။ ကဲ ... နောက်ဆုံးအချက်ကို ဖေဖေတို့ကို ဆက်ရှင်းပြပါဦး သမီး။''

``နောက်ဆုံးအချက်ကတော့ ဘယ်လောက်ပဲ သင်သင်၊ ဘယ်လောက်ပဲ မှတ်မိ မှတ်မိ၊ အဓိပ္ပာယ်ကို ဘယ်လောက် နားလည်နေပါစေ၊ ကိုယ့်ရဲ့ လက်တွေ့ဘဝမှာ လိုက်နာကျင့်သုံးမှု မရှိဘူး၊ မကျင့်ကြံဘူး၊ အားမထုတ်ဘူးဆိုရင်လည်း သာသနာ ကွယ်ပျောက်နိုင်တယ်တဲ့။ ဖေဖေနဲ့ မေမေကို ဓမ္မစကူးလ်က သင်ပေးလိုက်တဲ့ ကဗျာလေးတစ်ပုဒ်ကို သမီး ရွတ်ပြမယ်။ `တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း' တဲ့။''

``ကောင်းလိုက်တာ သမီးလေးရယ်။ ဖေဖေ့သမီးက သိပ်တော်တာပဲ။ မြတ်ဗုဒ္ဓရဲ့သာသနာ ရေရှည်တည်တံ့ဖို့ တရားများများနာ၊ တရားစာပေတွေကို များများသင်၊ များများ မှတ်သားထား၊ အဓိပ္ပာယ်တွေ သိအောင်လုပ်၊ သိတဲ့အတိုင်း ကျင့်ကြံအားထုတ်ပြီး သာသနာတော် ကွယ်ပျောက်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြဖို့ တို့အားလုံးမှာ တာဝန်ရှိတယ်။''

``ဟုတ်ကဲ့ပါ ဖေဖေ။'' ``ဟုတ်ကဲ့ပါ အဖေကြီးရယ်။''

မှီငြမ်း ။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ဒု–တွဲ၊ ၁၉၇။ အနာဂတ်သာသနာရေး၊ ၂၅၄။

# သင်ခန်းစာ (၃၀)
# ဂုဏ်တော်ရည်စူး ပုံတော်ဖူး



တစ်နေ့တွင် ဒကာတစ်ယောက်က ''အရှင်ဘုရား ... အချိန်ရရင် မေးလျှောက်စရာရှိလို့ပါ ဘုရား''ဟု ဆရာတော် ဦးတိဿထံ လျှောက်ထားလာသည်။ ဆရာတော် ဦးတိဿက ''အချိန်ရပါတယ်။ မေးပါ။ တတ်စွမ်းသမျှ ဖြေကြားပေးပါမယ်''ဟု ခွင့်ပေးလိုက်သည်။

ဒကာ ။ ။ တပည့်တော် အခု တိုင်းတစ်ပါးမှာ နေရတော့ မြန်မာပြည်မှာနေရတာထက် ဘုရား၊ တရားကို ပိုအားကိုးမိပါတယ် ဘုရား။ ဒီနိုင်ငံမှာတော့ မြန်မာပြည်ဖွား တိုင်းရင်းသားတွေ အနည်းငယ် ရှိပေမယ့် ဘာသာခြားနဲ့ ဘာသာမဲ့တွေ ပိုများပါ တယ်ဘုရား။ ဘာသာခြားတွေက ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး စူးစမ်းမေးမြန်း ချင်တာတွေ ရှိကြသလို ဝေဖန်ကဲ့ရဲ့ချင်ကြတာမျိုးတွေလည်း ရှိကြပါတယ်ဘုရား။ တပည့်တော်လည်း သိသလောက်တော့ ရှင်းပြပါတယ်။ တချို့အကြောင်းအရာ တွေကျတော့လည်း သူတို့သဘောကျ ကျေနပ်လောက်အောင် ပြောမပြတတ် လို့ အရှင်ဘုရားကို မေးလျှောက်ချင်တာပါဘုရား။

ဆရာတော် ။ ။ မေးပါ။ နားလည်အောင် ကြိုးစားရှင်းပြပါ့မယ်။

ဒကာ ။ ။ မှန်ပါဘုရား။ ဘာသာခြားတစ်ယောက်က တပည့်တော်ကို ဗုဒ္ဓဘာသာ ကိုးကွယ် မှန်း သိတော့ မေးပါတယ်။ ''မင်းတို့ဘုရားက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော် ကတည်းက မရှိတော့ဘူး မဟုတ်လား။ မရှိတဲ့ ဘုရားထံမှာ ဆုတောင်းနေတော့ ရော မင်းကို ဘယ်သူက လာပေးနိုင်မှာလဲ''လို့ မေးပါတယ်ဘုရား။

ဆရာတော် ။ ။ အဲဒီတော့ ဒကာက ဘယ်လိုပြန်ဖြေလိုက်လဲ။

ဒကာ ။ ။ တပည့်တော်ကတော့ ``သူငယ်ချင်း … ဘုရားရှေ့မှာ ငါရွတ်ဆိုနေတာတွေက မင်းထင်သလို ဆုတောင်းနေတာ မဟုတ်ဘူး။ ကယ်ပါ၊ ယူပါ၊ မ, စပါလို့ တောင်းဆိုနေတာလည်း မဟုတ်ဘူး။ ဘုရားရှင်ရဲ့ လောကကြီးအပေါ် ကျေးဇူး ပြုခဲ့တဲ့ ဂုဏ်တွေကို ရည်မှန်းပြီး ရှိခိုးကန်တော့နေတာပါလို့။ နောက်ပြီး ဘုရား ရှင် မရှိတော့လို့ အကျိုးမရှိဘူးလို့ ပြောမရပါဘူး။ ရောဂါပျောက်ကင်းစေနိုင်တဲ့ ကုထုံးတွေ၊ ဆေးဝါးတွေ ဖော်ထုတ်ခဲ့တဲ့ သမားတော်ကြီးတွေ မရှိတော့ပေမယ့် သူတို့ဖော်ထုတ်ခဲ့တဲ့ ကုထုံးတွေ၊ ဆေးဝါးတွေကို လိုက်နာ မှီဝဲ ကုသရင် ရောဂါ ပျောက်ကင်းနိုင်သလို ဘုရားရှင် မရှိတော့ပေမယ့် ဘုရားရှင်ရဲ့ အဆုံးအမ အတိုင်း လိုက်နာ ကျင့်သုံး နေထိုင်ရင် ကောင်းကျိုးတွေ ရနိုင်တာပါပဲ''လို့ ဖြေလိုက်ပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ ဘုရားရှင် မရှိတော့လို့ ဘုရားရှင်ကို အမှတ်ရခြင်း၊ ပူဇော်ခြင်း တွေဟာ အလကား ဖြစ်သွားတယ်၊ အကျိုးမရှိဘူးလို့ ပြောလို့မရပါဘူး။ ဘုရား ရှင်ကို အမှတ်ရတဲ့သူဟာ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို အမှတ်ရနေမယ်၊ လေးစားကြည်ညိုနေမယ်၊ ပြီးရင် ဘုရားရှင်ရဲ့ အဆုံးအမတွေကို လိုက်နာကျင့် သုံးနေမယ်၊ အဲ့ဒီလို လိုက်နာကျင့်သုံးရင် လိုက်နာကျင့်သုံးသလောက် ကောင်းကျိုးချမ်းသာတွေ ရနေမယ်။ ဘာကြောင့်လည်းဆိုတော့ ဗုဒ္ဓဘုရားရှင် က မိမိအတွက်ရော သူတစ်ပါးအတွက်ပါ ထိခိုက်နစ်နာစေမယ့် အကြောင်း တရားတွေကို ဘာတစ်ခုမှ ဟောတော်မူခဲ့ခြင်း မရှိလို့ပဲ။ မကောင်းမှုမှန်သမျှ ကို ရှောင်ရှားဖို့၊ ကောင်းတဲ့အမှုကိစ္စတွေကိုသာ တတ်နိုင်သမျှ ဆောင်ရွက်ဖို့၊ မိမိရဲ့ စိတ်ဓာတ်တွေကို အမြဲ ဖြူစင်အောင်ထားဖို့ကိုပဲ ညွှန်ပြတော်မူထားတာ။

``သက်တော်ထင်ရှား မြတ်စွာဘုရားကိုဖြစ်စေ၊ ပရိနိဗ္ဗာန်ပြုပြီးသော မြတ်စွာ ဘုရားကိုဖြစ်စေ ပူဇော်တဲ့ မိမိစိတ်ထား တူမျှလျှင် အကျိုးလည်း ထပ်တူရတယ်'' လို့ ဟောထားတာ ရှိပါတယ်။ စိတ်စေတနာသာ အဓိက ဖြစ်ပါတယ်။

ခုချိန်မှာ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ချင်လို့၊ ပူဇော်ချင်လို့ မရတော့ ဘူး။ အဲဒီတော့ ပရိနိဗ္ဗာန်ပြုပြီးသွားတဲ့ မြတ်စွာဘုရားကို ရည်မှန်း အာရုံပြုနိုင် ဖို့ ဘုရားရှင်ကိုယ်စား ဓမ္မစကြာစက်ဝိုင်းပုံ၊ ဗောဓိညောင်ပင်ပုံ၊ ညောင်ရွက်ပုံ၊ ခြေတော်ရာပုံ၊ ဘုရားရှင်ကို မှန်းဆထုလုပ်ထားတဲ့ ရုပ်ပွားဆင်းတုတော်တွေ၊ စေတီတော်တွေ လိုအပ်လာတယ်။ အဲဒီ ရုပ်ပွားဆင်းတုတော်၊ စေတီတော် စတာတွေကို ဖူးမြင်ရရင် သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်းပြီး အာရုံ ပြုနိုင်ဖို့ ပိုမို လွယ်ကူလာတယ်။

ဆင်းတုတော်၊ ရုပ်ပုံတော်တွေရဲ့ရှေ့မှာ သုမေဓာရှင်ရသေ့ဘဝကစပြီး ပါရမီ



တွေကို ဖြည့်ကျင့်ခဲ့ပုံ၊ သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့ပုံ၊ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်ရူပကာယ တင့်တယ်ကောင်းမြတ်ပြီး ကြည်ညိုဖွယ်ဖြစ်ပုံ၊ အရှင်ဒေဝဒတ်စတဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေရဲ့ အကျိုးကိုပင် အလိုရှိတော်မူပုံ၊ (၄၅) ဝါကာလပတ်လုံး သတ္တဝါတို့ အကျိုးစီးပွားအတွက် တရားဟောတော်မူပုံစတဲ့ အတုမရှိဂုဏ်တော်တွေကို မှန်းဆပြီး ရှိခိုးဦးချမယ်။ တကယ့် သက်ရှိထင်ရှား ဘုရားရှင်ကို အိမ်ကို ပင့်ပြီး လှူဒါန်းပူဇော်ရသလို ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းမယ်ဆိုရင် သဒ္ဓါတရားတွေ ထက်သန်လာပြီး ကုသိုလ်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာနိုင်တယ်။ အဲဒီသဒ္ဓါတရားကမှတစ်ဆင့် တရားဓမ္မကို လေ့လာလိုစိတ်၊ တရားနာချင်စိတ်၊ သူတော်သူမြတ်တွေကို ဆည်းကပ်ချင်စိတ်၊ လှူဒါန်းချင်စိတ်၊ သီလဆောက်တည်ချင်စိတ်၊ တရားအားထုတ်ချင်စိတ်တွေ တစ်ဆင့်ချင်း တိုးပွားဖြစ်ပေါ်လာနိုင်တယ်။ စိတ်ထားလည်း ဖြူစင်ဖြောင့်မတ်လာနိုင်တယ်။

ဒကာ ။ ။ မှန်ပါဘုရား။ ဒီလိုဆို ဆွမ်းတော်၊ ရေတော် ကပ်တဲ့အခါမှာ တကယ်ဘုဉ်းပေးတာလည်း မဟုတ်ပါဘူး ဆိုပြီး နည်းနည်းလေးပဲကပ်တာ မသင့်တော်ဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အသင့်တော်ဆုံးကတော့ မိမိချက်ပြုတ်ထားတဲ့အထဲက တစ်ပါးစာလောက်ကို သေချာ ပြင်ဆင်ပြီး ဆွမ်းစားချိန်လောက်မှာ ဆက်ကပ်လှူဒါန်းသင့်တယ်။ နာရီဝက်လောက်ကြာရင် ပြန်စွန့်ပြီး မိမိ စားသုံးလို့လည်း ရပါတယ်။

ဒကာ ။ ။ နောက်တစ်ခု တပည့်တော် မေးလျှောက်ချင်တာ ရှိပါသေးတယ် ဘုရား။ အစ်မတစ်ယောက်က တပည့်တော် ပင့်ဆောင်ထားတဲ့ ကျောက်ဆင်းတုဘုရားကို တွေ့တော့ ''အိမ်မှာ ကျောက်ဆင်းတု ပင့်ပြီး မကိုးကွယ်ကောင်းဘူး၊ နိက်တတ်တယ်၊ ကြောက်ပြီး ဆင်းပြေးရတတ်တယ်'' လို့ ပြောပါတယ်ဘုရား၊ အဲဒါ ဖြစ်နိုင်ပါသလား ဘုရား။

ဆရာတော် ။ ။ ဒါကတော့ ဒကာရယ် ... ပုံတော်ဆိုတာ ဂုဏ်တော်ကို ပုံဖော်နိုင်ဖို့ အာရုံပြုနိုင်ဖို့ အသုံးပြုတာပါ ဆိုမှတော့ အုတ်၊ ကျောက်၊ သစ်သား၊ ကြေး၊ ငွေ၊ ရွှေ ဘာပဲ ဖြစ်ဖြစ်ပေါ့။ ပုံတော်ကို ပူဇော်ကိုးကွယ်တာမှ မဟုတ်တာ။ ဘုရားဂုဏ်၊ တရားဂုဏ်ကို ရည်မှန်းပူဇော် ရှိခိုးတာပဲ။

ဒကာ ။ ။ မှန်ပါ။ သဘောပေါက်ပါပြီ ဘုရား။ စေတီ၊ ရုပ်ပွား ဘုရားပုံတွေ ကိုးကွယ်လို့ အကျိုးရှိတယ်ဆိုတာ အဲဒီစေတီ ရုပ်ပွား ဘုရားပုံတွေက အကျိုးပေးတာ မဟုတ်ဘူး။ မ,တာ မဟုတ်ဘူး။ ကိုယ့်သန္တာန်မှာ ဖြစ်တဲ့ စေတနာ၊ သဒ္ဓါတရားကသာ အကျိုးကို ဖြစ်ပွားစေတာလား ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ် ဒကာတော်။

ဒကာ ။ ။ နောက်လည်း မရှင်းလင်းတဲ့ အကြောင်းရှိရင် မေးခွင့်ပြုတော်ပါဘုရား။

ဆရာတော် ။ ။ ရပါတယ်။ မေးပါ။ ဖြေနိုင်ရင် ဖြေရတာပေါ့။

ဒကာ ။ ။ ဦးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကျန်းမာချမ်းသာပါစေ။

မိုးပြမ်း ။ ဓမ္မပဒအဋ္ဌကထာ၊ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု၊ တ-တွဲ၊ ၄၉၇။
ဝိသုဒ္ဓိ၊ ၌၊ ၁၊ ၂၆၄။

## သင်ခန်းစာ (၃၁)
## စိတ် ၈၉ ပါး (ပထမပိုင်း)

စိတ်သည် အာရုံကို သိတတ်သော သဘောရှိ၏။ အဆင်း၊ အသံ စသော အာရုံတို့ကို မြင်ရာ ကြားရာ စသည်တို့၌ နှလုံးသွင်းကောင်းလျှင် 'ကုသိုလ်စိတ်' ဖြစ်၍ နှလုံးသွင်းမကောင်းလျှင် 'အကုသိုလ်စိတ်' ဖြစ်သည်။ ကုသိုလ်ဖြစ်လျှင် ကုသိုလ်၏အကျိုးကို စံစားရမည်ဖြစ်ပြီး အကုသိုလ်ဖြစ်လျှင် အကုသိုလ်၏အကျိုးကို ခံစားရမည်ဖြစ်သည်။ ထိုကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဖြစ်သော စိတ်ကို 'ဝိပါက်စိတ်' ဟု ခေါ်သည်။ ကုသိုလ်၊ အကုသိုလ်စိတ်လည်း မဟုတ်၊ ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးစိတ်လည်း မဟုတ် ပြုကာမျှသာဖြစ်သော စိတ်ကို 'ကြိယာစိတ်' ဟု ခေါ်သည်။

စိတ် ၈၉ ပါး ရှိသည်။ ၎င်းစိတ်တို့ကို အပါယ်လေးဘုံ၊ လူ့ဘုံနှင့် နတ်ဘုံတို့၌ အဖြစ်များသော ကာမာဝစရစိတ် ၅၄ ပါး၊ ရူပပြဟ္မာဘုံ၌ အဖြစ်များသော ရူပါဝစရစိတ် ၁၅ ပါး၊ အရူပပြဟ္မာဘုံ၌ အဖြစ်များသော အရူပါဝစရစိတ် ၁၂ ပါး၊ လောကမှ လွန်မြောက်သော လောကုတ္တရာစိတ် ၈ ပါး ဟူ၍ ခွဲခြားနိုင်သည်။

ကာမာဝစရစိတ် ၅၄ ပါးမှာ အကုသိုလ်စိတ် ၁၂ ပါး၊ အဟိတ်စိတ် ၁၈ ပါး၊ ကာမာဝစရသောဘနစိတ် ၂၄ ပါးတို့ ဖြစ်သည်။

### အကုသိုလ်စိတ် ၁၂ ပါး

အကုသိုလ်စိတ်ဟူသည် အပြစ်ရှိခြင်း၊ မကောင်းသော အကျိုးကို ပေးခြင်းသဘော ရှိသည်။ အကုသိုလ်စိတ် အမျိုးအစားများမှာ လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ မောဟမူစိတ် ၂ ပါး ဟူ၍ ၁၂ ပါး ရှိသည်။

**လောဘမူစိတ် ၈ ပါး**

လောဘဟူသည် နယ်မြေဒေသ၊ ရာထူးအာဏာ၊ ပစ္စည်းဉစ္စာ၊ အာရုံအမျိုးမျိုးအစရှိသည်တို့ကို လိုချင်တပ်မက်မှု၊ ရချင်မှု၊ ခံစားလိုမှုသဘော ဖြစ်သည်။ လောဘအရင်းခံသော စိတ်သည် လောဘမူစိတ် မည်၏။ လောဘမူစိတ်သည် အောက်ပါအတိုင်း ၈ ပါး ရှိသည်။

| | |
|---|---|
| ၁။ | သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်မရှိဘူးလို့ ယူဆပြီး သူတစ်ပါး တိုက်တွန်းမှုမပါဘဲ ဝမ်းသာအားရ ဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |

| | |
|---|---|
| ၂။ | သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့် ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်မရှိဘူးလို့ ယူဆပြီး သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာအားရ ဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |
| ၃။ | သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် မယှဉ်တွဲဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်ရှိမှန်းသိပြီး သူတစ်ပါး တိုက်တွန်းမှု မပါဘဲ ဝမ်းသာအားရ ဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |
| ၄။ | သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်ရှိမှန်းသိပြီး သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာအားရ ဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |
| ၅။ | ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်မရှိဘူးလို့ ယူဆပြီး သူတစ်ပါး တိုက်တွန်းမှု မပါဘဲ ဝမ်းနည်းဝမ်းသာ မဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |
| ၆။ | ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့် ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်မရှိဘူးလို့ ယူဆပြီး သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းနည်းဝမ်းသာ မဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |
| ၇။ | ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် မယှဉ်တွဲဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်ရှိမှန်းသိပြီး သူတစ်ပါး တိုက်တွန်းမှု မပါဘဲ ဝမ်းနည်းဝမ်းသာ မဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |
| ၈။ | ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ အယူမှားခြင်းနှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော လောဘမူစိတ်၊<br>(တစ်စုံတစ်ခုကို အပြစ်ရှိမှန်းသိပြီး သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းနည်း ဝမ်းသာ မဖြစ်တဲ့ လိုချင်တပ်မက်စိတ်) |

**ဒေါသမူစိတ် ၂ ပါး**

ဒေါသဟူသည် စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ နလုံးမသာယာခြင်း သဘော ဖြစ်သည်။ ဒေါသမူ စိတ်သည် ဒေါသအရင်းခံသော စိတ် ဖြစ်သည်။ ထိုဒေါသမူစိတ်သည် အောက်ပါအတိုင်း ၂ ပါး ရှိသည်။

| | |
|---|---|
| ၁။ | ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>စိတ်ဆင်းရဲခြင်းနှင့်တကွ၊ အမျက်ဒေါသနှင့် ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော ဒေါသမူစိတ်၊<br>(သူတစ်ပါးတိုက်တွန်းမှုမပါဘဲ စိတ်ဆင်းရဲခြင်းနှင့် ဒေါသအတူယှဉ်တွဲပြီး ဖြစ်တဲ့စိတ်) |
| ၂။ | ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>စိတ်ဆင်းရဲခြင်းနှင့်တကွ၊ အမျက်ဒေါသနှင့် ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့် ဖြစ်သော ဒေါသမူစိတ်၊<br>(သူတစ်ပါးတိုက်တွန်းမှုကြောင့် စိတ်ဆင်းရဲခြင်းနှင့် ဒေါသအတူယှဉ်တွဲပြီး ဖြစ်တဲ့စိတ်) |

**မောဟမူစိတ် ၂ ပါး**

မောဟဟူသည် ယုံမှားခြင်း (ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးကို ယုံမှားသံသယ ဖြစ်ခြင်း)၊ တွေဝေခြင်း၊ ပျံ့လွင့်ခြင်းသဘော ဖြစ်သည်။ မောဟမူစိတ်သည် မောဟအရင်းခံသော စိတ်ဖြစ်သည်။ မောဟမူစိတ်သည် အောက်ပါအတိုင်း ၂ ပါး ရှိသည်။

| | |
|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ယုံမှားခြင်းနှင့် ယှဉ်တွဲလျက် ဖြစ်သော မောဟမူစိတ်၊<br>(ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ ယုံမှားသံသယဖြစ်တဲ့စိတ်) |
| ၂။ | ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ပျံ့လွင့်ခြင်းနှင့် ယှဉ်တွဲလျက် ဖြစ်သော မောဟမူစိတ်၊<br>(ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ ပျံ့လွင့်တဲ့စိတ်) |

မှီငြမ်း ။ အခြေပြုသင်္ဂြိုဟ်၊ ဂ။ အဘိဓမ္မာ မြတ်ဒေသနာ၊ ၂၆၉။
တက္ကသိုလ်အဘိဓမ္မာ၊ ၄၈။ သင်္ဂဟ၊ ၂။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| သောမနဿသဟဂုတ် (သောမနဿသဟဂတ) | = | ဝမ်းမြောက်ခြင်းနှင့် တကွ။ |
| ဥပေက္ခာသဟဂုတ် (ဥပေက္ခာသဟဂတ) | = | လျစ်လျူရှုခြင်းနှင့် တကွ။ |
| ဒေါမနဿသဟဂုတ် (ဒေါမနဿသဟဂတ) | = | စိတ်ဆင်းရဲခြင်းနှင့် တကွ။ |
| ဒိဋ္ဌိဂတသမ္ပယုတ် (ဒိဋ္ဌိဂတသမ္ပယုတ္တ) | = | အယူမှားခြင်းနှင့် ယှဉ်တွဲလျက်။ |
| ဒိဋ္ဌိဂတဝိပ္ပယုတ် (ဒိဋ္ဌိဂတဝိပ္ပယုတ္တ) | = | အယူမှားခြင်းနှင့် မယှဉ်တွဲဘဲ။ |
| ပဋိဃသမ္ပယုတ် (ပဋိဃသမ္ပယုတ္တ) | = | အမျက်ဒေါသနှင့် ယှဉ်တွဲလျက်။ |
| အသင်္ခါရိက | = | တိုက်တွန်းမှုမပါဘဲ။ (မိမိ၏ ဆန္ဒအလျောက်) |
| သသင်္ခါရိက | = | တိုက်တွန်းမှုရှိ၍။ |
| ဝိစိကိစ္ဆာသမ္ပယုတ် (ဝိစိကိစ္ဆာသမ္ပယုတ္တ) | = | ယုံမှားခြင်းနှင့် ယှဉ်တွဲလျက်။ |
| ဥဒ္ဓစ္စသမ္ပယုတ် (ဥဒ္ဓစ္စသမ္ပယုတ္တ) | = | ပျံ့လွင့်ခြင်းနှင့် ယှဉ်တွဲလျက်။ |
| အယူမှားခြင်း | = | မကောင်းသည်ကို ကောင်းသည် ဟုဍင်း၊ မကောင်းမှုပြုလုပ်သည်ကို အပြစ်မရှိဟုဍင်း ယူဆခြင်း။ |
| ယုံမှားခြင်း | = | ရတနာသုံးပါးနှင့် ကံ၊ ကံ၏ အကျိုးအပေါ် ယုံမှားသံသယ ဖြစ်ခြင်း။ |
| လျစ်လျူရှုခြင်း | = | ဝမ်းသာဝမ်းနည်း မဖြစ်ခြင်း။ |

## သင်ခန်းစာ (၃၂)
## စိတ် ၈၉ ပါး (ဒုတိယပိုင်း)

### အဟိတ်စိတ် ၁၈ ပါး

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟု ဆိုအပ်သော ဟိတ်ခြောက်ပါး အကြောင်းတရားတို့နှင့် ကင်းခြင်း၊ မဆက်ဆံခြင်းကြောင့် 'အဟိတ်စိတ်'ဟုခေါ်သည်။ ထိုအဟိတ်စိတ်သည် အကုသလဝိပါက်စိတ် ၇ ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ အဟိတ်ကြိယာစိတ် ၃ ပါး ဟူ၍ ၁၈ ပါး ရှိသည်။

**အကုသလဝိပါက်စိတ် ၇ ပါး**

အကုသလဝိပါက်စိတ် ဆိုသည်မှာ အတိတ်ကာလက ပြုလုပ်ခဲ့သော အကုသိုလ်ကံတို့ကြောင့် ဖြစ်သော အကျိုးဝိပါက်စိတ် ဖြစ်သည်။ အကုသလဝိပါက်စိတ်သည် အောက်ပါအတိုင်း ၇ ပါး ရှိသည်။

| | |
|---|---|
| ၁။ | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊<br>အကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော မြင်သိစိတ်၊<br>(မကောင်းတဲ့အဆင်းကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ မြင်သိစိတ်) |
| ၂။ | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်၊<br>အကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သော ကြားသိစိတ်၊<br>(မကောင်းတဲ့အသံကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ကြားသိစိတ်) |
| ၃။ | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်၊<br>အကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သော နံသိစိတ်၊<br>(မကောင်းတဲ့အနံ့ကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ နံသိစိတ်) |
| ၄။ | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်၊<br>အကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သော စားသိစိတ်၊<br>(မကောင်းတဲ့အစားအစာကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ စားသိစိတ်) |
| ၅။ | အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၊<br>အကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ ကိုယ်ဆင်းရဲခြင်းနှင့် တကွဖြစ်သော ထိသိစိတ်၊<br>(မကောင်းတဲ့အထိအတွေ့များကို ကိုယ်ဆင်းရဲစွာ ထိသိစိတ်) |
| ၆။ | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆန်းစိတ်၊<br>အကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့်တကွ လက်ခံသောစိတ်၊<br>(မကောင်းတဲ့အာရုံငါးပါးကို ကိုယ်ဆင်းရဲစွာ ခံယူတဲ့စိတ်) |
| ၇။ | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊<br>အကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့်တကွ စူးစမ်းသောစိတ်၊<br>(မကောင်းတဲ့ အာရုံငါးပါးကို ကိုယ်ဆင်းရဲစွာ စုံစမ်းတဲ့စိတ်) |

**အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး**

အဟိတ်ကုသလဝိပါက်စိတ် ဆိုသည်မှာ အတိတ်ကာလက ပြုလုပ်ခဲ့သော ကုသိုလ်ကံတို့ကြောင့်ဖြစ်သော အကျိုးဝိပါက်စိတ် ဖြစ်သည်။ အဟိတ်ကုသလဝိပါက်စိတ်သည် အောက်ပါအတိုင်း ၈ ပါး ရှိသည်။

| | |
|---|---|
| ၁။ | ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သော မြင်သိစိတ်၊<br>(ကောင်းတဲ့အဆင်းကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ မြင်သိစိတ်) |
| ၂။ | ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သော ကြားသိစိတ်၊<br>(ကောင်းတဲ့အသံကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ကြားသိစိတ်) |
| ၃။ | ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သော နံသိစိတ်၊<br>(ကောင်းတဲ့အနံ့ကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ နံသိစိတ်) |
| ၄။ | ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော၊ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သော စားသိစိတ်၊<br>(ကောင်းတဲ့အစားအစာကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ စားသိစိတ်) |
| ၅။ | ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော ကိုယ်ချမ်းသာခြင်းနှင့် တကွဖြစ်သော တွေ့ထိသောစိတ်၊<br>(ကောင်းတဲ့အတွေ့အထိများကို ကိုယ်ချမ်းသာစွာ ထိသိစိတ်) |
| ၆။ | ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆန်းစိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော လျစ်လျူရှုခြင်းနှင့်တကွ လက်ခံသောစိတ်၊<br>(ကောင်းတဲ့အာရုံငါးပါးကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ခံယူတဲ့စိတ်) |
| ၇။ | ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော ဝမ်းသာခြင်းနှင့်တကွဖြစ်သော စူးစမ်းသောစိတ်၊<br>(ကောင်းတဲ့အာရုံငါးပါးကို ဝမ်းသာအားရ စုံစမ်းတဲ့စိတ်) |
| ၈။ | ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊<br>ကုသိုလ်ကံ၏ အကျိုးဖြစ်သော လျစ်လျူရှုခြင်းနှင့်တကွ စူးစမ်းသောစိတ်၊<br>(ကောင်းတဲ့အာရုံငါးပါးကို ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ စုံစမ်းတဲ့စိတ်) |

**အဟိတ်ကြိယာစိတ် ၃ ပါး**

အဟိတ်ကြိယာစိတ်ဆိုသည်မှာ ကုသိုလ်လည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်၊ အကျိုးဝိပါက်လည်းမဟုတ်ဘဲ ပြုကာမျှသာ ဖြစ်သောစိတ်ဖြစ်သည်။ အဟိတ်ကြိယာစိတ်သည် အောက်ပါအတိုင်း ၃ ပါး ရှိသည်။

| | |
|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊<br>ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် တည်းဟူသော တံခါးငါးပေါက်မှ ဝင်လာသော အာရုံငါးပါးကို နလုံးသွင်း ဆင်ခြင်သောစိတ်၊ |
| ၂။ | ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်၊<br>ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ စိတ်တံခါးမှ ဝင်လာသော အာရုံများကို နလုံးသွင်း ဆင်ခြင်သောစိတ်၊ |
| ၃။ | သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ (မြတ်စွာဘုရားနှင့် ရဟန္တာတို့) ရွှင်ပြုံးသောစိတ်၊ |

မှီငြမ်း ။ အခြေပြုသင်္ဂြိုဟ်၊ ၁၆။ အဘိဓမ္မာ မြတ်ဒေသနာ၊ ၂၀၂။
တက္ကသိုလ်အဘိဓမ္မာ၊ ၅၂။ သင်္ဂဟ၊ ၄။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| သမ္ပဋိစ္ဆိုန်း (သမ္ပဋိစ္ဆန) | = | အာရုံကို လက်ခံသော (စိတ်)။ |
| သန္တီရဏ | = | အာရုံကို စူးစမ်းသော (စိတ်)။ |
| ပဉ္စဒွါရာဝဇ္ဇန်း (ပဉ္စဒွါရာဝဇ္ဇန) | = | တံခါးငါးပေါက်မှ ဝင်လာသော အာရုံငါးပါးကို နလုံးသွင်း ဆင်ခြင်သော (စိတ်)။ |
| မနောဒွါရာဝဇ္ဇန်း (မနောဒွါရာဝဇ္ဇန) | = | စိတ်တံခါးမှ ဝင်လာသော အာရုံကို နလုံးသွင်း ဆင်ခြင်သော (စိတ်)။ |
| ဟသိတုပ္ပါဒ် (ဟသိတုပ္ပါဒ) | = | ရွှင်ပြုံးမှုကို ဖြစ်စေသော (စိတ်)။ |
| အာရုံငါးပါး | = | အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဟူသော အာရုံငါးပါး။ |
| ပြုကာမျှသာ ဖြစ်သော စိတ် | = | အာရုံများကို မြင်ကာမျှ၊ ကြားကာမျှသာဖြစ်ပြီး ထို အာရုံများအပေါ်၌ လောဘ၊ ဒေါသ မရှိသောစိတ်။ |

## သင်ခန်းစာ (၃၃)
## စိတ် ၈၉ ပါး (တတိယပိုင်း)

### ကာမာဝစရ သောဘနစိတ် ၂၄ ပါး

ကာမဘုံ၌ အဖြစ်များ၏ တင့်တယ်ကောင်းမြတ်သော စိတ်များကို 'ကာမာဝစရ သောဘနစိတ်' ဟု ခေါ်သည်။ ထိုကာမာဝစရ သောဘနစိတ်သည် မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး ဟူ၍ ၂၄ ပါး ရှိသည်။

**မဟာကုသိုလ်စိတ် ၈ ပါး**

လောဘ၊ ဒေါသ၊ မောဟ စသော စိတ်အညစ်အကြေးများကင်း၍ ကောင်းသော အကျိုးကို ပေးသော စိတ်သည် ကုသိုလ်စိတ် ဖြစ်သည်။ တခြားကုသိုလ်များထက် အရေအတွက်များသောကြောင့် ဤကုသိုလ် စိတ်ကို မဟာကုသိုလ်စိတ်ဟု ခေါ်သည်။ မဟာကုသိုလ်စိတ်သည် အောက်ပါအတိုင်း ၈ ပါးရှိသည်။

| | |
|---|---|
| ၁။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး မိမိဆန္ဒအလျောက် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၂။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကိုသိမြင်ပြီး သူတစ်ပါးတိုက်တွန်းမှုကြောင့် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၃။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်ဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ မိမိဆန္ဒအလျောက် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၄။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၅။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး မိမိဆန္ဒအလျောက် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |
| ၆။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့်ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |
| ၇။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ မိမိဆန္ဒအလျောက် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |

| | |
|---|---|
| ၈။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာကုသိုလ်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |

**မဟာဝိပါက်စိတ် ၈ ပါး**

မဟာဝိပါက်စိတ်ဆိုသည်မှာ အတိတ်က ပြုလုပ်ခဲ့သော မဟာကုသိုလ်စိတ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်စိတ် ဖြစ်သည်။ မဟာဝိပါက်စိတ်သည် အောက်ပါအတိုင်း ၈ ပါး ရှိသည်။

| | |
|---|---|
| ၁။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး မိမိဆန္ဒအလျောက် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၂။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး သူတစ်ပါးတိုက်တွန်းမှုကြောင့် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၃။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်ဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ မိမိဆန္ဒအလျောက် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၄။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းမြောက်ရွှင်လန်းစွာဖြစ်တဲ့စိတ်) |
| ၅။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး မိမိဆန္ဒအလျောက် ဝမ်းသာဝမ်းနည်းမဖြစ်တဲ့စိတ်) |
| ၆။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့်ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာဝမ်းနည်းမဖြစ်တဲ့စိတ်) |
| ၇။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ မိမိဆန္ဒအလျောက် ဝမ်းသာဝမ်းနည်းမဖြစ်တဲ့စိတ်) |
| ၈။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာဝိပါက်စိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |

## မဟာကြိယာစိတ် ၈ ပါး

မဟာကြိယာစိတ်ဆိုသည်မှာ ဘုရား၊ ရဟန္တာတို့ သန္တာန်၌ ဖြစ်ပေါ်သောစိတ် ဖြစ်သည်။ ဘုရား၊ ရဟန္တာတို့သည် တရားဟောခြင်း၊ မေတ္တာပွားခြင်း စသည်တို့ကို မဟာကြိယာစိတ်ဖြင့်သာ ပြုလုပ်တော်မူကြသည်။ မဟာကြိယာစိတ်သည် အောက်ပါအတိုင်း ၈ ပါး ရှိသည်။

| | |
|---|---|
| ၁။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး မိမိဆန္ဒအလျောက် ဝမ်းမြောက်ရွှင်လန်းစွာ ဖြစ်တဲ့စိတ်) |
| ၂။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး သူတစ်ပါးတိုက်တွန်းမှုကြောင့် ဝမ်းမြောက်ရွှင်လန်းစွာ ဖြစ်တဲ့စိတ်) |
| ၃။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်ဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ မိမိဆန္ဒအလျောက် ဝမ်းမြောက်ရွှင်လန်းစွာ ဖြစ်တဲ့စိတ်) |
| ၄။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>ဝမ်းမြောက်ခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းမြောက်ရွှင်လန်းစွာ ဖြစ်တဲ့စိတ်) |
| ၅။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး မိမိဆန္ဒအလျောက် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |
| ၆။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့်ယှဉ်တွဲလျက်၊ တိုက်တွန်းမှုကြောင့်ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို သိမြင်ပြီး သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |
| ၇။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ မတိုက်တွန်းရဘဲ ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ မိမိဆန္ဒအလျောက် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |
| ၈။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊<br>လျစ်လျူရှုခြင်းနှင့်တကွ၊ ဉာဏ်နှင့် မယှဉ်တွဲဘဲ၊ တိုက်တွန်းမှုကြောင့် ဖြစ်သော မဟာကြိယာစိတ်၊<br>(ကံ၊ ကံရဲ့အကျိုးကို မသိမြင်ဘဲ သူတစ်ပါး တိုက်တွန်းမှုကြောင့် ဝမ်းသာဝမ်းနည်း မဖြစ်တဲ့စိတ်) |

**မှီငြမ်း ။ အခြေပြုသင်္ဂြိုဟ်၊ ၂၄။ အဘိဓမ္မာ မြတ်ဒေသနာ၊ ၁၉၄။ တက္ကသိုလ်အဘိဓမ္မာ၊ ၅၆။ သင်္ဂဟ၊ ၆။**

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ဉာဏသမ္ပယုတ် (ဉာဏသမ္ပယုတ္တ) | = | ဉာဏ်နှင့်ယှဉ်သော။ |
| ဉာဏဝိပ္ပယုတ် (ဉာဏဝိပ္ပယုတ္တ) | = | ဉာဏ်နှင့် မယှဉ်သော။ |
| ကြိယာစိတ် | = | ပြုကာမျှသာ ဖြစ်သော စိတ်။ |

## သင်ခန်းစာ (၃၄)
## စိတ် ၈၉ ပါး (စတုတ္ထပိုင်း)

### ရူပါဝစရစိတ် ၁၅ ပါး

ရူပါဝစရစိတ်ဆိုသည်မှာ ရူပပြဟ္မာဘုံတို့၌ များသောအားဖြင့် ဖြစ်သော စိတ် ဖြစ်သည်။ ထိုစိတ်ကို ဒါနပြုရုံ၊ သီလဆောက်တည်ရုံဖြင့် မရနိုင်ပေ။ သမထဘာဝနာများ ပွားများကျင့်ကြံအားထုတ်မှသာ ရနိုင်သည်။ ထိုရူပါဝစရစိတ်သည် ကုသိုလ်စိတ် ၅ ပါး၊ ဝိပါက်စိတ် ၅ ပါး၊ ကြိယာစိတ် ၅ ပါး ဟူ၍ ၁၅ ပါး ရှိသည်။

### ရူပါဝစရ ကုသိုလ်စိတ် ၅ ပါး

ရူပါဝစရကုသိုလ်စိတ်ဆိုသည်မှာ ကသိုဏ်းစသော အာရုံကို စူးစိုက်စွာ ရှုတတ်သော ဈာန်စိတ် ဖြစ်သည်။ ရူပါဝစရကုသိုလ်စိတ်သည် အောက်ပါအတိုင်း ၅ ပါး ရှိသည်။

| | |
|---|---|
| ၁။ | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွ ဖြစ်သော ပထမဈာန်ကုသိုလ်စိတ်၊ |
| ၂။ | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ်၊ |
| ၃။ | ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သော တတိယဈာန် ကုသိုလ်စိတ်၊ |
| ၄။ | သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ်၊ |
| ၅။ | ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ်၊ |

### ရူပါဝစရ ဝိပါက်စိတ် ၅ ပါး

ရူပါဝစရဝိပါက်စိတ်ဆိုသည်မှာ အတိတ်က ရူပါဝစရကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားစိတ် ဖြစ်သည်။ ရူပါဝစရဝိပါက်စိတ်သည် အောက်ပါအတိုင်း ၅ ပါး ရှိသည်။

| | |
|---|---|
| ၁။ | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွ ဖြစ်သော ပထမ ဈာန် ဝိပါက်စိတ်၊ |
| ၂။ | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် ဝိပါက်စိတ်၊ |
| ၃။ | ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သော တတိယဈာန် ဝိပါက်စိတ်၊ |
| ၄။ | သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် ဝိပါက်စိတ်၊ |
| ၅။ | ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် ဝိပါက်စိတ်၊ |

**ရူပါဝစရ ကြိယာစိတ် ၅ ပါး**

ရူပါဝစရကြိယာစိတ်ဆိုသည်မှာ ရူပဈာန်ရ ဘုရား၊ ရဟန္တာတို့၏ သန္တာန်၌ ဖြစ်ပေါ်သောစိတ် ဖြစ်သည်။ ရူပါဝစရကြိယာစိတ်သည် အောက်ပါအတိုင်း ၅ ပါး ရှိသည်။

| | |
|---|---|
| ၁။ | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွ ဖြစ်သော ပထမဈာန် ကြိယာစိတ်၊ |
| ၂။ | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် ကြိယာစိတ်၊ |
| ၃။ | ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သော တတိယဈာန် ကြိယာစိတ်၊ |
| ၄။ | သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် ကြိယာစိတ်၊ |
| ၅။ | ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် ကြိယာစိတ်၊ |

**အရူပါဝစရစိတ် ၁၂ ပါး**

အရူပါဝစရစိတ်ဆိုသည်မှာ အရူပပြဟ္မာ့ဘုံ၌ များသောအားဖြင့် ဖြစ်သောစိတ် ဖြစ်သည်။ ထိုအရူပါဝစရစိတ်သည် ကုသိုလ်စိတ် ၄ ပါး၊ ဝိပါက်စိတ် ၄ ပါး၊ ကြိယာစိတ် ၄ ပါး ဟူ၍ ၁၂ ပါး ရှိသည်။

**အရူပါဝစရ ကုသိုလ်စိတ် ၄ ပါး**

အရူပါဝစရကုသိုလ်စိတ်ဆိုသည်မှာ အရူပါဝစရဈာန်ရ ပုဂ္ဂိုလ်တို့သန္တာန်၌ အရူပဈာန်များ ဖြစ်ပေါ်နေစဉ် ဖြစ်သော ကုသိုလ်စိတ် ဖြစ်သည်။

**အရူပါဝစရ ဝိပါက်စိတ် ၄ ပါး**

အရူပါဝစရဝိပါက်စိတ်ဆိုသည်မှာ အတိတ်က အရူပါဝစရကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဝိပါက်စိတ် ဖြစ်သည်။

**အရူပါဝစရ ကြိယာစိတ် ၄ ပါး**

အရူပါဝစရကြိယာစိတ်ဆိုသည်မှာ အရူပဈာန်ရ ဘုရား၊ ရဟန္တာတို့၏ သန္တာန်၌ ဖြစ်ပေါ်သော ကြိယာစိတ် ဖြစ်သည်။

| | အရူပါဝစရ ကုသိုလ်စိတ် ၄ ပါး | အရူပါဝစရ ဝိပါက်စိတ် ၄ ပါး | အရူပါဝစရ ကြိယာစိတ် ၄ ပါး |
|---|---|---|---|
| ၁။ | အာကာသာနဉ္စာယတန ကုသိုလ်စိတ် | အာကာသာနဉ္စာယတန ဝိပါက်စိတ် | အာကာသာနဉ္စာယတန ကြိယာစိတ် |
| ၂။ | ဝိညာဏဉ္စာယတန ကုသိုလ်စိတ် | ဝိညာဏဉ္စာယတန ဝိပါက်စိတ် | ဝိညာဏဉ္စာယတန ကြိယာစိတ် |
| ၃။ | အာကိဉ္စညာယတန ကုသိုလ်စိတ် | အာကိဉ္စညာယတန ဝိပါက်စိတ် | အာကိဉ္စညာယတန ကြိယာစိတ် |
| ၄။ | နေဝသညာ နာသညာယတန ကုသိုလ်စိတ် | နေဝသညာ နာသညာယတန ဝိပါက်စိတ် | နေဝသညာ နာသညာယတန ကြိယာစိတ် |

ရူပါဝစရစိတ် ၁၅ ပါးနှင့် အရူပါဝစရစိတ် ၁၂ ပါးတို့ကို ကာမာဝစရစိတ်များထက် ပိုမိုမြင့်မြတ်သော စိတ်များ ဖြစ်သောကြောင့် 'မဟဂ္ဂုတ်စိတ်' ဟုခေါ်သည်။

### လောကုတ္တရာစိတ် ၈ ပါး

လောကုတ္တရာစိတ်ဆိုသည်မှာ လောကမှ လွန်မြောက်သွားသောစိတ် ဖြစ်သည်။ ဝိပဿနာဘာဝနာကို ကျင့်ကြံပွားများ အားထုတ်မှသာလျှင် ရနိုင်သော စိတ် ဖြစ်သည်။ ထိုလောကုတ္တရာစိတ်သည် မဂ်စိတ် ၄ ပါး၊ ဖိုလ်စိတ် ၄ ပါး အားဖြင့် ၈ ပါး ရှိသည်။ မဂ်စိတ်သည် ကုသိုလ်စိတ် ဖြစ်၍ ဖိုလ်စိတ်သည် ဝိပါက်စိတ် ဖြစ်သည်။

**မဂ်စိတ် ၄ ပါး**

လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့ကို ပယ်သတ်ပြီး နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သွားတတ်သောကြောင့် 'မဂ်စိတ်' ဟု ခေါ်သည်။ မဂ်စိတ်သည် ၄ ပါး ရှိသည်။ ၎င်းတို့မှာ –

(၁) သောတာပတ္တိမဂ်စိတ်၊ (၂) သကဒါဂါမိမဂ်စိတ်၊ (၃) အနာဂါမိမဂ်စိတ်၊ (၄) အရဟတ္တမဂ်စိတ်တို့ဖြစ်သည်။

**ဖိုလ်စိတ် ၄ ပါး**

လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့ကို မဂ်စိတ်ဖြင့် ပယ်သတ်ပြီး၍ ထိုမဂ်စိတ်၏ အကျိုးဖြစ်သော ငြိမ်းအေးသွားသည့် သဘောကို ဖိုလ်စိတ်ဟု ခေါ်သည်။ ဖိုလ်စိတ်သည် ၄ ပါး ရှိသည်။ ၎င်းတို့မှာ –

(၁) သောတာပတ္တိဖိုလ်စိတ်၊ (၂) သကဒါဂါမိဖိုလ်စိတ်၊ (၃) အနာဂါမိဖိုလ်စိတ်၊ (၄) အရဟတ္တဖိုလ်စိတ်တို့ဖြစ်သည်။

လောကုတ္တရာစိတ် ၈ ပါးကို တစ်ပါးလျှင် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်အားဖြင့် ဈာန်စိတ်ငါးပါးနှင့် မြောက်ပွားသည်ရှိသော် မဂ်စိတ်အကျယ် ၂၀၊ ဖိုလ်စိတ်အကျယ် ၂၀ အားဖြင့် လောကုတ္တရာစိတ်အကျယ် ၄၀ ဖြစ်သည်။ ထို့ကြောင့် စိတ်သည် အကျဉ်းအားဖြင့် ၈၉ ပါး၊ အကျယ်အားဖြင့် ၁၂၁ ပါး ရှိသည်။

မှီငြမ်း ။ အခြေပြုသင်္ဂြိုဟ်၊ ၂၉။ အဘိဓမ္မာ မြတ်ဒေသနာ၊ ၂၀၉။
တက္ကသိုလ်အဘိဓမ္မာ၊ ၆၃။ သင်္ဂဟ၊ ၉။

## မဂ်စိတ် အကျယ် ၂၀

| | သောတာပတ္တိမဂ်စိတ် ၅ ပါး | သကဒါဂါမိမဂ်စိတ် ၅ ပါး | အနာဂါမိမဂ်စိတ် ၅ ပါး | အရဟတ္တမဂ်စိတ် ၅ ပါး |
|---|---|---|---|---|
| ၁။ | သောတာပတ္တိမဂ် ပဌမဈာန်စိတ် | သကဒါဂါမိမဂ် ပဌမဈာန်စိတ် | အနာဂါမိမဂ် ပဌမဈာန်စိတ် | အရဟတ္တမဂ် ပဌမဈာန်စိတ် |
| ၂။ | သောတာပတ္တိမဂ် ဒုတိယဈာန်စိတ် | သကဒါဂါမိမဂ် ဒုတိယဈာန်စိတ် | အနာဂါမိမဂ် ဒုတိယဈာန်စိတ် | အရဟတ္တမဂ် ဒုတိယဈာန်စိတ် |
| ၃။ | သောတာပတ္တိမဂ် တတိယဈာန်စိတ် | သကဒါဂါမိမဂ် တတိယဈာန်စိတ် | အနာဂါမိမဂ် တတိယဈာန်စိတ် | အရဟတ္တမဂ် တတိယဈာန်စိတ် |
| ၄။ | သောတာပတ္တိမဂ် စတုတ္ထဈာန်စိတ် | သကဒါဂါမိမဂ် စတုတ္ထဈာန်စိတ် | အနာဂါမိမဂ် စတုတ္ထဈာန်စိတ် | အရဟတ္တမဂ် စတုတ္ထဈာန်စိတ် |
| ၅။ | သောတာပတ္တိမဂ် ပဉ္စမဈာန်စိတ် | သကဒါဂါမိမဂ် ပဉ္စမဈာန်စိတ် | အနာဂါမိမဂ် ပဉ္စမဈာန်စိတ် | အရဟတ္တမဂ် ပဉ္စမဈာန်စိတ် |

## ဖိုလ်စိတ် အကျယ် ၂၀

| | သောတာပတ္တိဖိုလ် စိတ် ၅ ပါး | သကဒါဂါမိဖိုလ် စိတ် ၅ ပါး | အနာဂါမိဖိုလ် စိတ် ၅ ပါး | အရဟတ္တဖိုလ် စိတ် ၅ ပါး |
|---|---|---|---|---|
| ၁။ | သောတာပတ္တိဖိုလ် ပဌမဈာန်စိတ် | သကဒါဂါမိဖိုလ် ပဌမဈာန်စိတ် | အနာဂါမိဖိုလ် ပဌမဈာန်စိတ် | အရဟတ္တဖိုလ် ပဌမဈာန်စိတ် |
| ၂။ | သောတာပတ္တိဖိုလ် ဒုတိယဈာန်စိတ် | သကဒါဂါမိဖိုလ် ဒုတိယဈာန်စိတ် | အနာဂါမိဖိုလ် ဒုတိယဈာန်စိတ် | အရဟတ္တဖိုလ် ဒုတိယဈာန်စိတ် |
| ၃။ | သောတာပတ္တိဖိုလ် တတိယဈာန်စိတ် | သကဒါဂါမိဖိုလ် တတိယဈာန်စိတ် | အနာဂါမိဖိုလ် တတိယဈာန်စိတ် | အရဟတ္တဖိုလ် တတိယဈာန်စိတ် |
| ၄။ | သောတာပတ္တိဖိုလ် စတုတ္ထဈာန်စိတ် | သကဒါဂါမိဖိုလ် စတုတ္ထဈာန်စိတ် | အနာဂါမိဖိုလ် စတုတ္ထဈာန်စိတ် | အရဟတ္တဖိုလ် စတုတ္ထဈာန်စိတ် |
| ၅။ | သောတာပတ္တိဖိုလ် ပဉ္စမဈာန်စိတ် | သကဒါဂါမိဖိုလ် ပဉ္စမဈာန်စိတ် | အနာဂါမိဖိုလ် ပဉ္စမဈာန်စိတ် | အရဟတ္တဖိုလ် ပဉ္စမဈာန်စိတ် |



# သင်ခန်းစာ (၃၅)
# စေတသိက် (ပထမပိုင်း)

'စေတသိက်'ဟူသော ဝေါဟာရသည် ပါဠိဘာသာ 'စေတသိက'မှ ဆင်းသက်လာသော စကားဖြစ်သည်။ စိတ်ကို မှီတွယ်၍ စိတ်ကို ခြယ်လှယ်သော ၅၂ ပါးသော သဘောတရားတို့ကို စေတသိက်ဟု ခေါ်သည်။

စေတသိက်များသည် အသီးသီးသော သဘောလက္ခဏာ စွမ်းရည်သတ္တိထူးများရှိပြီး ဆိုင်ရာကိစ္စတို့ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြသော်လည်း စိတ်ကို မှီတွယ်၍သာ ဖြစ်ကြရသည်။ 'စိတ်နှင့် စေတသိက်'များသည် တစ်ခုတည်းဟု ထင်ရလောက်အောင် တွဲနေကြသည်။ တစ်ပြိုင်နက်တည်း ဖြစ်လာပြီး တစ်ပြိုင်နက်တည်း ပျက်သွားကြသည်။ ရရှိထားသောအာရုံ တူညီ၍ မှီရာဝတ္ထုလည်း အတူတူပင် ဖြစ်သည်။ စိတ်နှင့် ကင်း၍ စေတသိက်များ မဖြစ်နိုင်သကဲ့သို့ စေတသိက်များနှင့် ကင်း၍လည်း စိတ်မဖြစ်နိုင်ပေ။

စေတသိက် ၅၂ ပါး တို့ကို သဘောတရားတူရာ ပေါင်းစု၍ အမျိုးအစား ခွဲခြားလျှင် စေတသိက် အမျိုးအစား ၄ မျိုး ရှိသည်။ ၎င်းတို့မှာ (၁) သဗ္ဗစိတ္တသာဓာရဏစေတသိက်၊ (၂) ပကိဏ်းစေတသိက်၊ (၃) အကုသိုလ်စေတသိက်နှင့် (၄) သောဘနစေတသိက်တို့ ဖြစ်သည်။

### သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး

စိတ်အားလုံးနှင့် ယှဉ်သော စေတသိက်များသည် သဗ္ဗစိတ္တသာဓာရဏစေတသိက် မည်၏။ ၎င်းတို့မှာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေနှင့် မနသိကာရတို့ ဖြစ်သည်။

၁။ **ဖဿ** = အာရုံကို တွေ့ထိခြင်းသဘော။ (စိတ်နှင့် အာရုံ ဆုံဆည်းခြင်း)
ဥပမာ – ချဉ်သီးစားနေသူကို မြင်၍ သွားရည်ယိုလာခြင်းကဲ့သို့ ဖြစ်သည်။

၂။ **ဝေဒနာ** = အာရုံ၏ အရသာကို ခံစားခြင်းသဘော။ (စိတ်နှင့် အာရုံဆုံဆည်းခြင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု)
ဥပမာ – ရေခဲမုန့်ကို အရသာခံ၍ စားနေသော ကလေးငယ်ကဲ့သို့ ဖြစ်သည်။

၃။ **သညာ** = အာရုံကို မှတ်သားမိရုံ သိခြင်းသဘော။ (စိတ်၌ အာရုံကို မှတ်သားထားခြင်း)
ဥပမာ – ကလေးသူငယ်တို့၏ ရွှေကို သိခြင်းကဲ့သို့ ဖြစ်သည်။

၄။ **စေတနာ** = မိမိနှင့် အတူဖြစ်ကြသော စိတ်၊ စေတသိက်များကို ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြရန် စေ့ဆော်တိုက်တွန်းခြင်းသဘော။ (အတူဖြစ်ဖက်တရားတို့ကို ပြုပြင်စီမံတတ်ခြင်း)
ဥပမာ – အတန်းခေါင်းဆောင်သည် မိမိကိုယ်တိုင် စာဖတ်ပြီး ကျန်အတန်းသားများကိုလည်း စာဖတ်စေရန် တိုက်တွန်းသကဲ့သို့ ဖြစ်သည်။

၅။ **ဧကဂ္ဂတာ** = တည်ငြိမ်ခြင်း၊ ငြိမ်သက်ခြင်းသဘော။ (မိမိနှင့် အတူဖြစ်ပေါ်လာသော စေတသိက်များကို အာရုံတစ်ခုတည်းပေါ်တွင် တည်နေစေရန် စုစည်းပေးခြင်း)
ဥပမာ – လေငြိမ်ရာ၌ ထွန်းထားသော ဆီမီးသည် ငြိမ်သက်နေသကဲ့သို့ ဖြစ်သည်။

၆။ **ဇီဝိတိန္ဒြေ** = စိတ်၊ စေတသိက်တို့ကို စောင့်ရှောက်တတ်သောသဘော။ (သဘာဝအတိုင်းဖြစ်လာပြီး မိမိနှင့် အတူဖြစ်ပေါ်လာသော စေတသိက်များကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း)
ဥပမာ – ကြာကို မညှိုးခြောက်အောင် စောင့်ရှောက်တတ်သော ကြာရိုးထဲရှိ ရေနှင့် အလားတူ၏။

၇။ **မနသိကာရ** = စိတ်ထဲ၌ အာရုံပေါ်လာအောင် နှလုံးသွင်းခြင်းသဘော။ (စိတ်နှင့် အာရုံကို တန်းတန်းမတ်မတ် တွေ့ဆုံနိုင်အောင် ဦးလှည့် ပို့ဆောင်ပေးခြင်း)
ဥပမာ – ကားကို လိုရာသို့ ရောက်အောင် ဖြောင့်မတ်စွာ မောင်းနှင်ပေးသော ကားမောင်းသူနှင့်တူ၏။

**ပကိဏ်းစေတသိက် ၆ ပါး**

ကောင်းသောစိတ်၊ မကောင်းသောစိတ်တို့နှင့် အလျဉ်းသင့်သလို ရောပြွမ်း၍ ဖြစ်ကြသော စေတသိက်များသည် ပကိဏ်းစေတသိက် မည်၏။ ၎င်းတို့မှာ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိနှင့် ဆန္ဒတို့ ဖြစ်သည်။

၁။ **ဝိတက်** = ကြံစည်ခြင်း၊ တွေးတော စိတ်ကူးခြင်းသဘော။
(စိတ်ကို အာရုံပေါ်သို့ရောက်အောင် ပို့ဆောင်ပေးခြင်း)

၂။ **ဝိစာရ** = အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ခြင်း၊ စဉ်းစားခြင်းသဘော။
(စိတ်နဲ့ အာရုံ ကွာမသွားအောင် ထိန်းပေးခြင်း)

၃။ **အဓိမောက္ခ** = အာရုံကို ဆုံးဖြတ်ခြင်းသဘော။ (မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မတွန့်မဆုတ်ဘဲ စွဲစွဲမြဲမြဲ လုပ်ဖြစ်အောင် ဆုံးဖြတ်ခြင်း)

၄။ **ဝီရိယ** = ကြိုးပမ်းအားထုတ်မှုသဘော။
(ကောင်းမှု၊ မကောင်းမှုကို လုပ်ဖြစ်အောင် ကြိုးစားအားထုတ်နေခြင်း)

၅။ **ပီတိ** = အာရုံကို နှစ်သက်ခြင်းသဘော။ (စိတ်က အာရုံပေါ်မှာ ကျေနပ်နှစ်ခြိုက်နေခြင်း)

၆။ **ဆန္ဒ** = အာရုံကို လိုလားတောင့်တခြင်းသဘော။
(လောဘကဲ့သို့ စွဲလန်းခြင်း၊ ကပ်ငြိခြင်း မဟုတ်။ ပြုလိုရုံ၊ ရလိုရုံမျှသာ ဖြစ်ခြင်း)

မှီငြမ်း ။ အခြေပြုသင်္ဂြိုဟ်၊ ၅၄။ ကိုယ်ကျင့်အဘိဓမ္မာ၊ ၁၂၁။ အဘိဓမ္မာ မြတ်ဒေသနာ၊ ၂၂၂။
တက္ကသိုလ်အဘိဓမ္မာ၊ ၈၉။ သင်္ဂဟ၊ ၁၉။

# သင်ခန်းစာ (၃၆)
# စေတသိက် (ဒုတိယပိုင်း)

## အကုသိုလ် စေတသိက် (၁၄) ပါး

အကုသိုလ် စေတသိက်ဆိုသည်မှာ အပြစ်နှင့်တကွဖြစ်သော၊ မကောင်းကျိုးကို ပေးသောစိတ်ကို မကောင်းအောင် ခြယ်လှယ်တတ်သော သဘောတရားများဖြစ်သည်။ ထိုအကုသိုလ် စေတသိက်သည် ၁၄ ပါး ရှိ၏။ ၎င်းတို့မှာ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓနှင့် ဝိစိကိစ္ဆာတို့ ဖြစ်သည်။

| | | |
|---|---|---|
| ၁။ **မောဟ** | = | အာရုံ၏ သဘောအမှန်ကို မသိမြင်နိုင်အောင် ဖုံးကွယ်ခြင်း၊ တွေဝေခြင်းသဘော။ (ဉာဏ်ပညာ မရှိခြင်း) |
| ၂။ **အဟိရိက** | = | မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်ရန် မရှက်ခြင်းသဘော။ |
| ၃။ **အနောတ္တပ္ပ** | = | မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်ရန် မကြောက်လန့်ခြင်းသဘော။ |
| ၄။ **ဥဒ္ဓစ္စ** | = | စိတ်၏ ပျံ့လွင့်ခြင်း၊ အာရုံတစ်ခုပေါ်၌ မငြိမ်သက်ခြင်းသဘော။ |
| ၅။ **လောဘ** | = | လိုချင်တပ်မက်မှုသဘော။ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော လောကီအာရုံ ကာမဂုဏ်ငါးပါးတို့၌ လိုချင်တပ်မက်ခြင်း) |
| ၆။ **ဒိဋ္ဌိ** | = | မှားမှားယွင်းယွင်း သိမြင်ခြင်း၊ အယူမှားခြင်းသဘော။ |
| ၇။ **မာန** | = | 'ငါမှ ငါ'ဟု ထောင်လွှားတက်ကြွခြင်းသဘော။ |
| ၈။ **ဒေါသ** | = | စိတ်၏ ခက်ထန်ကြမ်းတမ်းခြင်း၊ ဖျက်ဆီးခြင်းသဘော။ |
| ၉။ **ဣဿာ** | = | ငြူစူခြင်း၊ မနာလိုခြင်းသဘော။ (သူတစ်ပါး ပစ္စည်းဥစ္စာ ရရှိသည်ကို မနာလိုခြင်း) |
| ၁၀။ **မစ္ဆရိယ** | = | နမြောတွန့်တိုခြင်း၊ ဝန်တိုခြင်းသဘော။ (မိမိ ပစ္စည်းဥစ္စာကို သူတစ်ပါးနှင့် မဆက်ဆံလိုခြင်း၊ သူတစ်ပါးကို မပေးလိုခြင်း) |
| ၁၁။ **ကုက္ကုစ္စ** | = | နောင်တတစ်ဖန် ပူပန်ခြင်းသဘော။ (အကုသိုလ်ပြုပြီးမှ ပြုမိတာ မှားလေစွဟုလည်းကောင်း၊ ကုသိုလ်မပြုခဲ့မိ၍ မပြုမိတာ မှားလေစွဟု လည်းကောင်း နောင်တရခြင်း) |
| ၁၂။ **ထိန** | = | စိတ်၏ ထိုင်းမှိုင်းခြင်း၊ ပျင်းရိခြင်းသဘော။ |
| ၁၃။ **မိဒ္ဓ** | = | စေတသိက်၏ ထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်းသဘော။ |
| ၁၄။ **ဝိစိကိစ္ဆာ** | = | ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးတို့၌ ယုံမှားခြင်း၊ သံသယဖြစ်ခြင်းသဘော။ |

ထိုအကုသိုလ်စေတသိက် ၁၄ ပါးတို့သည် စိတ်ကို ပူလောင်စေ၊ ညစ်နွမ်းစေကြသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော အကုသိုလ်စေတသိက်တို့ကို မိမိစိတ်၌ လက်ခံထားရှိလျှင် ဘဝတွင် ဆိုးကျိုးများ၊ ကံမကောင်း အကြောင်းမလှမှုများ ဖြစ်ပေါ်လာမည်။ ထိုအကုသိုလ် စေတသိက် ၁၄ ပါးသည် မကောင်းကျိုးများ၊ ဆိုးကျိုးများ၏ အရင်းအမြစ်လည်းဖြစ်သည်။ သို့ဖြစ်၍ ထိုအကုသိုလ်စေတသိက်များ မိမိတို့ စိတ်အစဉ်တွင် မဖြစ်ပေါ်လာအောင် ကြိုးစားစောင့်ထိန်းကြရမည် ဖြစ်သည်။

မှီငြမ်း ။ အခြေပြုသင်္ဂြိုဟ်၊ ၅၈။ ကိုယ်ကျင့်အဘိဓမ္မာ၊ ၁၂။ အဘိဓမ္မာ မြတ်ဒေသနာ၊ ၂၇၇။ တက္ကသိုလ်အဘိဓမ္မာ၊ ၁၀၃။ သင်္ဂဟ၊ ၂၀။

# သင်ခန်းစာ (၃၇)
# စေတသိက် (တတိယပိုင်း)

## သောဘနစေတသိက် ၂၅ ပါး

အပြစ်မရှိ တင့်တယ်သော၊ ကောင်းကျိုးချမ်းသာကို ပေးတတ်သော စေတသိက်တို့ကို 'သောဘနစေတသိက်'ဟု ခေါ်သည်။ သောဘနစေတသိက် ၂၅ ပါး ရှိသည်။ သောဘနစေတသိက်တို့ကို အောက်ပါအတိုင်း ထပ်မံ၍ ၄ မျိုး ခွဲခြားနိုင်သည်။

၁။ **သောဘနသာဓာရဏစေတသိက်** = ကောင်းမြတ်သော စိတ်အားလုံးနှင့် ယှဉ်သော စေတသိက် ၁၉ ပါး၊

၂။ **ဝိရတီစေတသိက်** = မကောင်းမှု ဒုစရိုက်မှ ရှောင်ကြဉ်သော စေတသိက် ၃ ပါး၊

၃။ **အပ္ပမညာစေတသိက်** = အတိုင်းအရှည်ပမာဏ မထားဘဲ (အကန့်အသတ်မရှိဘဲ) သတ္တဝါအားလုံးအပေါ်၌ ဖြစ်သော စေတသိက် ၂ ပါး၊

၄။ **ပညိန္ဒြေစေတသိက်** = သိမှု အားကောင်းသော စေတသိက် ၁ ပါး၊ (သိမှုကို အစိုးရသော စေတသိက်)

**သောဘနသာဓာရဏစေတသိက် (၁၉) ပါး**

၁။ **သဒ္ဓါ** = ရတနာသုံးပါးနှင့် ကံ၊ ကံ၏ အကျိုးတရားကို ယုံကြည်မှု၊ ကြည်ညိုမှု သဘော။ (စိတ်ကြည်လင်မှု ရှိခြင်း၊ ကုသိုလ်ကောင်းမှု လုပ်ရန် ရဲရင့်ခြင်း၊ စိတ်ဝင်စားခြင်း)

၂။ **သတိ** = ဘုရား၊ တရားစသော ကုသိုလ်ကောင်းမှုနှင့် ဆိုင်ရာတို့ကို အမှတ်ရခြင်း သဘော။ (ပြုလုပ်နေသော ကုသိုလ်ကောင်းမှုနှင့် ဆိုင်ရာအာရုံများ ပေါ်တွင် စိတ်စိုက်ထားခြင်း)

၃။ **ဟိရီ** = မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်ရန် ရှက်ခြင်းသဘော။

၄။ **ဩတ္တပ္ပ** = မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်ရန် ကြောက်လန့်ခြင်းသဘော။

၅။ **အလောဘ** = မလိုချင်၊ မတပ်မက်မှုသဘော။

၆။ **အဒေါသ** = မခက်ထန်၊ မကြမ်းတမ်းခြင်း စသော မေတ္တာ၏သဘော။

၇။ **တတြမဇ္ဈတ္တတာ** = ဆိုင်ရာ စိတ်အခြေအနေများကို အပိုအလွန်မရှိစေဘဲ အလယ် အလတ်၌ တည်နေစေရန် ထိန်းပေးသည့် ဥပေက္ခာ၏သဘော။ (ချစ်ခြင်း မုန်းခြင်း ကင်း၍ လုပ်သင့်သည်ကို လုပ်ဆောင်ခြင်း)

၈–၉။ **ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ** = စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်း၊ စိတ်၏ ငြိမ်းအေးခြင်းသဘော။ (စိတ်ပူပန်မှုဖြစ်စေသော ဥဒ္ဓစ္စ၊ ဒေါသ၊ ကုက္ကုစ္စ စေတသိက်များကို ပယ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာသော ငြိမ်းအေးမှု)

၁၀–၁၁။ **ကာယလဟုတာ၊ စိတ္တလဟုတာ** = စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးခြင်း၊ စိတ်၏ လျင်မြန်ပေါ့ပါးခြင်းသဘော။ (စိတ်ကို လေးလံစေသော ထိန၊ မိဒ္ဓ စေတသိက်များကို ပယ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာသော ပေါ့ပါးမှု)

၁၂–၁၃။ **ကာယမုဒုတာ၊ စိတ္တမုဒုတာ** = စေတသိက်အပေါင်း၏ နူးညံ့ခြင်း၊ စိတ်၏ နူးညံ့ခြင်းသဘော။ (မာန စေတသိက်ကို ပယ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာသော နူးညံ့မှု)

၁၄–၁၅။ **ကာယကမ္မညတာ၊ စိတ္တကမ္မညတာ** = စေတသိက်၏ စွမ်းဆောင်နိုင်ခြင်း၊ စိတ်၏ စွမ်းဆောင်နိုင်ခြင်းသဘော။ (လောဘ၊ ဒေါသ၊ မာန စေတသိက်များကို ပယ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာသော စွမ်းဆောင်နိုင်မှု)

၁၆–၁၇။ **ကာယပါဂုညတာ၊ စိတ္တပါဂုညတာ** = စေတသိက်အပေါင်း၏ ကျန်းမာသန်စွမ်းခြင်း၊ စိတ်၏ ကျန်းမာသန်စွမ်းခြင်းသဘော။ (မကောင်းသော စေတသိက်များကို ပယ်ရှားနိုင်၍ စိတ်ကျန်းမာမှု)

၁၈–၁၉။ **ကာယုဇုကတာ၊ စိတ္တုဇုကတာ** = စေတသိက်အပေါင်း၏ ဖြောင့်မတ်မှု၊ စိတ်၏ ဖြောင့်မတ်မှုသဘော။ (လိမ်လည်လှည့်ဖြားမှု၊ ဟန်ဆောင်မှုကို ပယ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာသော ဖြောင့်မတ်မှု)

**ဝိရတီစေတသိက် ၃ ပါး**

၁။ **သမ္မာဝါစာ** = အသက်မွေးဝမ်းကျောင်းနှင့် မဆက်စပ်သော ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းသဘော။ (မှန်ကန်စွာ ပြောဆိုခြင်း)

၂။ **သမ္မာကမ္မန္တ** = အသက်မွေးဝမ်းကျောင်းနှင့် မဆက်စပ်သော ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်းသဘော။ (မှန်ကန်စွာ ပြုမူလုပ်ဆောင်ခြင်း)

၃။ **သမ္မာအာဇီဝ** = အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်သော ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းသဘော။ (မှန်ကန်စွာ အသက်မွေးခြင်း)

**အပွမညာစေတသိက် ၂ ပါး**

၁။ **ကရုဏာ** = ဒုက္ခိတ (ဆင်းရဲသော) သတ္တဝါများကို မြင်ရ၊ ကြားရ၊ သိရ၍ သနားကြင်နာမှု ဖြစ်ခြင်းသဘော။

၂။ **မုဒိတာ** = သုခိတ (ပြည့်စုံကြွယ်ဝ ချမ်းသာသော)သတ္တဝါများကို မြင်ရ၊ ကြားရ၊ သိရ၍ ဝမ်းမြောက်ခြင်းသဘော။

**ပညိန္ဒြေစေတသိက် ၁ ပါး**

၁။ **ပညိန္ဒြေစေတသိက်** = အာရုံ၏ သဘောအမှန်ကို ပညာဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိမြင်ခြင်းသဘော။

သဒ္ဓါ၊ သတိ၊ ပညာစသော ကောင်းမွန်သည့် စေတသိက်များကို မိမိသန္တာန်တွင် ဖြစ်စေနိုင်ပါက အကောင်းနှင့် အဆိုး၊ အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်ပြီး စိတ်ထားဖြူစင်သော လူတော်လူကောင်းများ ဖြစ်လာကြမည်။ ငယ်ရွယ်နုပျိုစဉ် အခါမှစ၍ ဘဝလမ်းမှန်ကို သိမြင်သောသူသည် အချိန်တိုင်း ကုသိုလ်စိတ်များဖြစ်ပေါ်အောင် ကျင့်ကြံနေထိုင်သဖြင့် ကိုယ်စိတ်ရွှင်လန်း၍ ဉာဏ်ပွင့်လင်းကာ ပညာအမျိုးမျိုးကို လျင်မြန်စွာ သင်ယူနိုင်သည့်အပြင် သာယာချမ်းမြေ့သော ဘဝကိုလည်း ထူထောင်နိုင်မည် ဖြစ်သည်။

မှီငြမ်း ။ အခြေပြုသင်္ဂြိုဟ်၊ ၆၀။ ကိုယ်ကျင့်အဘိဓမ္မာ၊ ၈၁။ အဘိဓမ္မာ မြတ်ဒေသနာ၊ ၂၉၇။ တက္ကသိုလ်အဘိဓမ္မာ၊ ၁၁၈။ သင်္ဂဟ၊ ၂၀။

## သင်ခန်းစာ (၃၈)
## ခန္ဓသုတ် ပရိတ်တော်



အခါတစ်ပါး၌ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်ရဟန်းတစ်ပါး မြွေကိုက်ခံရ၍ အသက်ဆုံးရှုံးခဲ့သည်။ ထိုအကြောင်းကို ရဟန်းများက မြတ်စွာဘုရားအား လျှောက်ထားကြရာ မြတ်စွာဘုရားက –

''ရဟန်းတို့ ... ထိုရဟန်းသည် ဝိရူပက္ခ မြွေမင်းမျိုး၊ ဧရာပထ မြွေမင်းမျိုး၊ ဆဗျာပုတ္တ မြွေမင်းမျိုး၊ ကဏှာဂေါတမမြွေမင်းမျိုး ဟူသော မြွေမင်းလေးမျိုးတို့ကို မေတ္တာမပို့သ၍သာ မြွေကိုက်ခံရပြီး အသက် ဆုံးရှုံးခဲ့ရသည်။ အကယ်၍ မြွေမင်းလေးမျိုးတို့ကို မေတ္တာပို့သခဲ့ပါက မြွေကိုက်ခံရပြီး အသက်ဆုံးရှုံးလိမ့်မည် မဟုတ်။ ရဟန်းတို့ ... မိမိကိုယ်ကို လုံခြုံစေဖို့၊ မိမိကိုယ်ကို စောင့်ရှောက်ဖို့၊ မိမိ၏ အရံအတား ဖြစ်ဖို့ ဤမြွေမင်းလေးမျိုးအား မေတ္တာများများ ပွားများကြ''ဟု မိန့်တော်မူကာ ခန္ဓသုတ် ပရိတ်တော်မြတ်ကို ဟောကြား ချီးမြှင့်တော်မူခဲ့သည်။

ခန္ဓသုတ် ပရိတ်တော်သည် ပရိတ်ကြီး (၁၁) သုတ်တွင် လေးသုတ်မြောက် ဖြစ်သည်။ ထို ခန္ဓသုတ် ပရိတ်တော်၌ အပိုင်းနှစ်ပိုင်း ရှိသည်။ ၎င်းတို့မှာ 'ပရိတ်မွမ်း၊ ပရိတ်ပျိုးပိုင်း'နှင့် 'သုတ်တော်အပိုင်း'တို့ ဖြစ်သည်။ ထိုနှစ်မျိုးအနက် 'ပရိတ်မွမ်း၊ ပရိတ်ပျိုးပိုင်း'မှာ ဘုရားဟောမဟုတ်ပါ။ ရှေးဆရာတော်ကြီးများ စီစဉ်ရေးသားထားသော စကားသာဖြစ်သည်။ ခန္ဓသုတ်ပရိတ်တော်၏ အစွမ်းသတ္တိ အဘယ်မျှအထိရှိသည်ကို အမွှမ်းတင်ဖော်ကျူး၍ ရေးသားထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ပရိတ်ရွတ်ရန် စကားချီသော ပရိတ်ပျိုးစကားသာဖြစ်သည်။ ထို 'ပရိတ်မွမ်း၊ ပရိတ်ပျိုး'စကားရပ်မှာ

'သဗ္ဗာသီဝိသဇာတီနံ'မှစ၍ 'ပရိတ္တံ တံ ဘဏာမ ဟေ'တိုင်အောင်သာ ဖြစ်သည်။ အဓိပ္ပာယ်မှာ ''ခန္ဓသုတ် ပရိတ်တော်သည် နတ်မန္တန် နတ်ဆေးဝါးသဖွယ် အစွမ်းထက်လှသည်ဖြစ်ရာ ပြင်းထန်သော မြွေဆိပ်ကိုပင် ပြယ်စေနိုင်သည်။ အခြားဘေးဆိုး ရန်ဆိုး အန္တရာယ်ဆိုးများမှလည်း ကင်းဝေးစေနိုင်သည်။ ထိုကဲ့သို့အစွမ်းသတ္တိကြီးမားလှသောခန္ဓသုတ်ပရိတ်တော်ကိုငါတို့သေချာကျနစွာအလေးအနက်ရွတ်ဖတ်ကြကုန်စို့''ဟု ဖြစ်သည်။ ဒုတိယပိုင်းမှာ ခန္ဓသုတ် ပရိတ်တော် ဘုရားဟောအပိုင်း ဖြစ်သည်။ ထိုအပိုင်းမှာ 'ဝိရူပက္ခေဟိ မေ မေတ္တံ'မှ စ၍ 'နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ'အထိ ဖြစ်သည်။

ခန္ဓသုတ် ပရိတ်တော်ရွတ်ဖတ်ပူဇော်ရာတွင် သတ္တဝါများအပေါ်တွင် မေတ္တာထားပြီး ယုံကြည်စွာ အမြဲပွားများရွတ်ဆို နာကြားပါက (က) မြွေဆိပ် ပြယ်စေနိုင်ခြင်း၊ (ခ) အခြားအန္တရာယ်များကို ကင်းဝေးစေနိုင်ခြင်းဟူသော အကျိုးနှစ်မျိုးကို ရရှိနိုင်သည်။ ဤနှစ်မျိုးအနက် မြွေဆိပ် ပြယ်စေနိုင်သည်ဟု ဆိုထားခြင်းမှာ အမြွက်မျှ ဆိုထားသောစကား ဖြစ်သည်။ အမှန်တကယ်မှာ ခန္ဓသုတ်ပရိတ်တော်က မြွေဆိပ်ကိုသာမက အဆိပ်ရှိသော သတ္တဝါအားလုံး၏ အဆိပ်မှန်သမျှကို ပြယ်ပျောက် ကင်းဝေးစေနိုင်ပါသည်။

| ခန္ဓသုတ်ပါဠိတော် | ခန္ဓသုတ် မြန်မာပြန် |
|---|---|
| ၁။ သဗ္ဗာသီဝိသဇာတီနံ၊<br>ဒိဗ္ဗမန္တာ ဂဒံ ဝိယ။<br>ယံ နာသေတိ ဝိသံ ဃောရံ၊<br>သေသဉ္စာပိ ပရိဿယံ။ | ၁ – ၂။ အို သူတော်ကောင်း အပေါင်းတို့ ... ခန္ဓသုတ်<br>ပရိတ်တော်သည် နတ်ဆေးဝါး နတ်မန္တရားသဖွယ်<br>အစွမ်းထက်လှသည်။ အဆိပ်ဘေး၊ ခြသေ့်၊ သစ်၊<br>ကျား စသော သားရဲဘေး၊ရောဂါဝေဒနာ<br>အစရှိသော ဗျာဓိဘေးတို့ကို ကင်းဝေးပပျောက်<br>စေနိုင်သည်။ ထိုခန္ဓသုတ်ပရိတ်တော်ကို<br>သေချာကျန ရွတ်ဆိုကြပါကုန်စို့။ |
| ၂။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊<br>သဗ္ဗဒါ သဗ္ဗပါဏိနံ။<br>သဗ္ဗသောပိ နိဝါရေတိ၊<br>ပရိတ္တံ တံ ဘဏာမ ဟေ။ | |
| ၃။ ဝိရူပက္ခေဟိ မေ မေတ္တံ၊<br>မေတ္တံ ဧရာပထေဟိ မေ။<br>ဆဗျာပုတ္တေဟိ မေ မေတ္တံ၊<br>မေတ္တံ ကဏှာဂေါတမကေဟိ စ။ | ၃။ ဝိရူပက္ခ မြွေမင်းမျိုးတွေ ချမ်းသာကြပါစေ။<br>ဧရာပထ မြွေမင်းမျိုးတွေ ချမ်းသာကြပါစေ။<br>ဆဗျာပုတ္တ မြွေမင်းမျိုးတွေ ချမ်းသာကြပါစေ။<br>ကဏှာဂေါတမ မြွေမင်းမျိုးတွေ ချမ်းသာကြပါစေ။ |
| ၄။ အပါဒကေဟိ မေ မေတ္တံ၊<br>မေတ္တံ ဒွိပါဒကေဟိ မေ။<br>စတုပ္ပဒေဟိ မေ မေတ္တံ၊<br>မေတ္တံ ဗဟုပ္ပဒေဟိ မေ။ | ၄။ ခြေမရှိသော သတ္တဝါတွေ ချမ်းသာကြပါစေ။<br>ခြေနှစ်ချောင်းရှိသော သတ္တဝါတွေ ချမ်းသာကြပါစေ။<br>ခြေလေးချောင်းရှိသော သတ္တဝါတွေ ချမ်းသာကြပါစေ။<br>ခြေများစွာရှိသော သတ္တဝါတွေ ချမ်းသာကြပါစေ။ |

| | |
|---|---|
| ၅။ မာ မံ အပါဒကော ဟိံသိ၊<br>မာမံ ဟိံသိ ဒွိပါဒကော။<br>မာ မံ စတုပ္ပဒေါ ဟိံသိ၊<br>မာ မံ ဟိံသိ ဗဟုပ္ပဒေါ။ | ၅။ ခြေမရှိ သတ္တဝါတွေ၊ ခြေနှစ်ချောင်းရှိ သတ္တဝါတွေ၊<br>ခြေလေးချောင်းရှိသော သတ္တဝါတွေ၊ ခြေများစွာရှိ<br>သတ္တဝါတွေ ငါ့ကို မညှဉ်းဆဲ မနှိပ်စက်ဘဲ<br>မေတ္တာထားနိုင်ကြပါစေ။ |
| ၆။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊<br>သဗ္ဗေ ဘူတာ စ ကေဝလာ။<br>သဗ္ဗေ ဘဒြာနိ ပဿန္တု၊<br>မာ ကဉ္စိ ပါပ မာဂမာ။ | ၆။ သက်ရှိသတ္တဝါတွေ အားလုံး အာရုံကောင်းကို<br>မြင်ကြပါစေ။<br>မကောင်းအာရုံ အဖုံဖုံမှ ကင်းဝေးကြပါစေ။ |
| ၇။ အပ္ပမာဏော ဗုဒ္ဓေါ၊<br>အပ္ပမာဏော ဓမ္မော။<br>အပ္ပမာဏော သံဃော၊<br>ပမာဏဝန္တာနိ သရီသပါနိ။<br>အဟိ ဝိစ္ဆိကာ သတပဒီ၊<br>ဥဏ္ဏာနာဘီ သရဗူ မူသိကာ။ | ၇။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏<br>ဂုဏ်တော်တို့သည် အတိုင်းအတာပမာဏ မရှိကြ<br>ကုန်၊ ကြီးမားများပြားလှကုန်၏။ မြွေ၊ ကင်းမြီး<br>ကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ တက်တူ၊ ကြွက်<br>စသော သတ္တဝါတို့သည် အတိုင်းအတာ ပမာဏ<br>ရှိကြကုန်၏။ မကြီးမား မများပြားလှကုန်။ |
| ၈။ ကတာ မေ ရက္ခာ ကတံ မေ ပရိတ္တံ၊<br>ပဋိက္ကမန္တု ဘူတာနိ။<br>သောဟံ နမော ဘဂဝတော၊<br>နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။ | ၈။ အကျွန်ုပ်သည် အစောင့်အရှောက် အရံအတားကို<br>ပြုထားပြီးဖြစ်၍ တစ္ဆေ၊ မြေဘုတ်၊ နတ်ဘီလူး၊ နတ်<br>မိစ္ဆာများ အဝေးသို့ ဖယ်ရှားကြကုန်။ အကျွန်ုပ်<br>သည် မြတ်စွာဘုရားအား ရှိခိုးပါ၏။ အကျွန်ုပ်<br>သည် မြတ်စွာဘုရားခုနစ်ဆူတို့အား ရှိခိုးပါ၏။ |

မှီငြမ်း။ အံ၊ ၁၊ ၃၈၄။ ဝိ၊ ၄၊ ၂၄၅။ ဇာ၊ ၅၊ ၂၊ ၁၃၂။ သီရိမင်္ဂလာပရိတ်တော်၊ ၁၀၀။



# သင်ခန်းစာ (၃၉)
# ဓမ္မစကြာတရားတော်



မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မဟာဗောဓိမှ ဗာရာဏသီမြို့ အနီးရှိ မိဂဒါဝုန်တောအုပ်သို့ ကြွတော်မူခဲ့သည်။ မိဂဒါဝုန်တောအုပ်တွင် ပဉ္စဝဂ္ဂီငါးဦးတို့ ရှိကြသည်။ ပဉ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရား ဘုရားအဖြစ်သို့ မရောက်မီ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေစဉ် ဝတ်ကြီးဝတ်ငယ် ပြုလုပ်ပေးခဲ့ကြသည်။ မိဂဒါဝုန်တောသို့ မြတ်စွာဘုရား ကြွတော်မူလာခြင်းမှာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားတော်မူရန် ဖြစ်သည်။

အချိန်အားဖြင့် ဝါဆိုလပြည့်နေ့ ညနေချမ်းအချိန်ဖြစ်ပြီး အနောက်ဘက် မိုးကုတ်စက်ဝိုင်းတွင် ဝင်လုဆဲဖြစ်သော နေဝန်းကြီးနှင့် အရှေ့ဘက် ကောင်းကင်ယံတွင် ထွက်ပေါ်စပြုလာသော လဝန်းကြီးတို့ဖြင့် လောကတစ်ခွင်သည် သာယာလှပနေ၏။ ထိုအချိန်တွင် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား 'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ' အစရှိသော ဓမ္မစကြာတရားတော် (ဓမ္မစက္က ပဝတ္တနသုတ်) ကို စတင်ဟောကြားတော်မူသည်။

မြတ်စွာဘုရားသည် တရားဦးဓမ္မစကြာ ဒေသနာတော်တွင် (၁) ရှောင်ကြဉ်ရမည့် အစွန်း နှစ်ဘက်၊ (၂) လိုက်နာကျင့်သုံးဖွယ် အလယ်အလတ်လမ်းစဉ်နှင့် (၃) ထိုးထွင်းသိမြင်ဖွယ် သစ္စာလေးပါး တရားတို့ကို ရှင်းလင်းပြဆို ဟောကြားတော်မူသည်။

### (၁) ရှောင်ကြဉ်ရမည့် အစွန်းနှစ်ဘက်

ရှောင်ကြဉ်ရမည့် အစွန်းနှစ်ဘက်ဟူသည် အာရုံငါးပါးတို့ကို အလွန်အကြူး ခံစားခြင်းနှင့် ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းတို့ ဖြစ်သည်။ အာရုံငါးပါးတို့ကို အလွန်အကြူး ခံစားခြင်းသည် ကိလေသာကို တိုးပွားစေပြီး အသိဉာဏ်ကိုလည်း မှေးမှိန်စေသည်။ အာရုံငါးပါး ခံစားခြင်း၌ ရောင့်ရဲတင်းတိမ်မှု မရှိနိုင်သောကြောင့် ဒုက္ခသာလျှင် ဖြစ်ရသည်။ သို့ဖြစ်၍ အာရုံငါးပါးကို အလွန်အကြူး ခံစားခြင်း၏ အပြစ်ကို သိရှိနားလည်ပြီး ထိုအစွန်းကို ရှောင်ကြဉ်ရန် ဟောကြားတော်မူသည်။

ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းသည် ရုပ်ခန္ဓာအတွင်း၌ ကိလေသာများ နည်းပါးစေရန် ရည်ရွယ်ချက်ဖြင့် ကျင့်သောအကျင့် ဖြစ်သည်။ ခန္ဓာကိုယ်ကို ဧရစိမ်ခြင်း၊ နေလှန်းခြင်း၊ မီးလှုံခြင်း၊ ဆူးခက်ဖြင့်ရိုက်ခြင်း စသောအကျင့်တို့ ဖြစ်သည်။ သို့သော် ထိုအကျင့်များသည် ခန္ဓာကိုယ်ကို ညှဉ်းဆဲနှိပ်စက်ခြင်းသာ ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းများ မဟုတ်ပေ။ သို့ဖြစ်၍ ထိုအစွန်းကိုလည်း ရှောင်ကြဉ်ရန် ဟောကြားတော်မူသည်။

### (၂) လိုက်နာကျင့်သုံးဖွယ် အလယ်အလတ်လမ်းစဉ်

လိုက်နာကျင့်သုံးဖွယ် အလယ်အလတ် လမ်းစဉ်အဖြစ် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို မြတ်စွာဘုရား ဟောကြားတော်မူသည်။ ထိုရှစ်ပါးသည် နိဗ္ဗာန်သို့ ဦးတည်သော သူတော်ကောင်းတို့၏ လျှောက်လှမ်းရာ လမ်းစဉ်ပင် ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးမှာ (၁) သမ္မာဒိဋ္ဌိ – မှန်သော အမြင်၊ (၂) သမ္မာသင်္ကပ္ပ – မှန်သော အကြံ၊ (၃) သမ္မာဝါစာ – မှန်သော စကား၊ (၄) သမ္မာကမ္မန္တ– မှန်သော အလုပ်၊ (၅) သမ္မာအာဇီဝ – မှန်သော အသက်မွေးမှု၊ (၆) သမ္မာဝါယာမ – မှန်သော ကြိုးစားအားထုတ်မှု၊ (၇) သမ္မာသတိ – မှန်သော သတိ၊ (၈) သမ္မာသမာဓိ – မှန်သော တည်ကြည် စူးစိုက်မှုတို့ပင် ဖြစ်သည်။ ထိုမဂ္ဂင်ရှစ်ပါး အကျင့်တရား လမ်းစဉ်သည် အသိဉာဏ်ပညာကို တိုးပွားစေပြီး ကိလေသာတို့ကိုလည်း အကြွင်းမရှိ ပယ်သတ်ပေးနိုင်သည်။

### (၃) ထိုးထွင်းသိမြင်ဖွယ် သစ္စာလေးပါး

မြတ်စွာဘုရားသည် ရှောင်ကြဉ်ရမည့် အစွန်းနှစ်ပါးနှင့် လိုက်နာကျင့်သုံးဖွယ် မဂ္ဂင်ရှစ်ပါး အလယ်အလတ်လမ်းစဉ်ကို ဟောကြားတော်မူပြီး ထိုးထွင်းသိမြင်ဖွယ် သစ္စာလေးပါး တရားတော်ကို ဆက်လက်၍ ဟောတော်မူသည်။ သစ္စာလေးပါးဆိုသည်မှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့ ဖြစ်သည်။

ရုပ်နာမ်တရားတို့သည် မတည်မြဲဘဲ အမြဲ ဖောက်ပြန်နေကြသည်။ ရုပ်နာမ်တရားတို့ကို ပိုင်ဆိုင်နေသမျှ ကာလပတ်လုံး ဆင်းရဲနေရမည်သာ ဖြစ်သည်။ ထိုရုပ်နာမ်တရားတို့သည် ဆင်းရဲသော တရားဖြစ်၍ ဒုက္ခသစ္စာ ဖြစ်သည်။ ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေတတ်သော ရုပ်နာမ်တရားတို့ကို တပ်မက်သည့် တဏှာလောဘသည် သမုဒယသစ္စာ ဖြစ်သည်။ တဏှာလောဘကို ချုပ်ငြိမ်းစေ၍ ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ခြင်းသည် နိရောဓသစ္စာ ဖြစ်သည်။ နိရောဓသစ္စာသို့ ရောက်စေတတ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားလမ်းစဉ်သည် မဂ္ဂသစ္စာ ဖြစ်သည်။

ထိုသို့ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့တွင် အရှင်ကောဏ္ဍညသည် အရိယာနွယ်ဝင် သောတာပန် ဖြစ်သွားခဲ့သည်။ ထို့နောက် အရှင်ကောဏ္ဍညသည် မြတ်စွာဘုရား အထံတော်မှ 'ဧဟိ ဘိက္ခု' ရဟန်းအဖြစ်ကို ရရှိပြီး ဗုဒ္ဓသာသနာတော်တွင် ပထမဦးဆုံး ရဟန်းဖြစ်ခွင့်ရသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူခဲ့သည်။

မှီငြမ်း ။ မဟာဝဂ်ပါဠိတော် မြန်မာပြန်၊ ၁၅။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော်၊ ၄၃။



## သင်ခန်းစာ (၄၀)
## ဓမ္မစက္ကပဝတ္တနသုတ်

၁။ [ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊ ဣသိပတနနာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။

၂။ သဟမ္ပတိ နာမကေန၊ မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။

၃။ နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။]

၄။ ဧဝံ မေ သုတံ – ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

၅။ ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၆။ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ –

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၇။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

၈။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ – ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

၉။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

၁၀။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ– သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၁၁။ ‘ဣဒံ ဒုက္ခံ အရိယသစ္စ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၂။ ‘တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၃။ ‘တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၄။ ‘ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၅။ ‘တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၆။ ‘တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၇။ ‘ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၈။ ‘တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၉။ ‘တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၀။ ‘ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၁။ ‘တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၂။ ‘တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ’န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၃။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ ‘အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ’တိ ပစ္စညာသိံ။

၂၄။ ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ ‘အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ’တိ ပစ္စညာသိံ။

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

၂၅။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ‘ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ’န္တိ။

၂၆။ ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

၂၇။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

၂၈။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ‘ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ’န္တိ။

၂၉။ ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

အယဉ္စ ဒသသဟဿီလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

၃၀။ အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ ‘အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော’တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ ‘အညာသိ ကောဏ္ဍညော’တွေဝနာမံ အဟောသိ။

၃၁။ အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ ‘လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ’န္တိ။

‘ဧဟိ ဘိက္ခူ’တိ ဘဂဝါ အဝေါစ ‘သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ’တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

**ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ**

မှီငြမ်း ။ သီရိမင်္ဂလာပရိတ်တော်၊ ၈၄။ ဝိ၊ ၃၊ ၁၄။

## ဓမ္မစကြာဘုရားရှိခိုး

၁။ ဇာတိစသည် ဒုက္ခပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
ဒုက္ခဆိုတာ သိစရာပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
ဒုက္ခသိကာ ပြီးပြီပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
ဝေခွဲသိထ၊ ဉာဏ်တော်က၊ ဓမ္မစကြာ – တွင်။
အဲဒါကြောင့် ... ထိုဉာဏ်မှန်းဆ ဗုဒ္ဓ ဦးတော်တင်။

၂။ ဆင်းရဲကြောင်းမှာ တဏှာပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
တဏှာဆိုတာ ပယ်စရာပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
တဏှာပယ်ကာ ပြီးပြီပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
ဝေခွဲသိထ၊ ဉာဏ်တော်က၊ ဓမ္မစကြာ – တွင်။
အဲဒါကြောင့် ... ထိုဉာဏ်မှန်းဆ ဗုဒ္ဓ ဦးတော်တင်။

၃။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
မျက်မှောက်ပြုစရာ နိဗ္ဗာန်ပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
မျက်မှောက်ပြုကာ ပြီးပြီပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
ဝေခွဲသိထ၊ ဉာဏ်တော်က၊ ဓမ္မစကြာ – တွင်။
အဲဒါကြောင့် ... ထိုဉာဏ်မှန်းဆ ဗုဒ္ဓ ဦးတော်တင်။

၄။ နိဗ္ဗာန်ပို့တာ မဂ္ဂင်ပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
မဂ္ဂင်ဆိုတာ ပွားစရာပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
မဂ္ဂင်ပွားကာ ပြီးပြီပဲ – လို့၊ ဝေခွဲသိတဲ့ ဘုရားရှင်။
ဝေခွဲသိထ၊ ဉာဏ်တော်က၊ ဓမ္မစကြာ – တွင်။
အဲဒါကြောင့် ... ထိုဉာဏ်မှန်းဆ ဗုဒ္ဓ ဦးတော်တင်။

(အရှင်သာသန)

# ကိုးကားကျမ်းများ

## ပါဠိတော်ကျမ်းများ

| စာအုပ်အမည် | ပုံနှိပ်တိုက် | ခုနှစ် |
|---|---|---|
| ၁။ အပဒါနပါဠိ (ဒုတိယော ဘာဂေါ) | သာသနာရေးဝန်ကြီးဌာန | ၁၉၉၉ |
| ၂။ အင်္ဂုတ္တရပါဠိ (ပဌမော ဘာဂေါ) | ״ | ၁၉၆၀ |
| ၃။ အင်္ဂုတ္တရပါဠိ (တတိယော ဘာဂေါ) | ״ | ၁၉၉၇ |
| ၄။ စူဠဝဂ္ဂပါဠိ | ״ | ၂၀၁၂ |
| ၅။ မဟာဝဂ္ဂပါဠိ | ״ | ၂၀၁၂ |
| ၆။ သဂါထာဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ | ״ | ၁၉၉၉ |

## အဋ္ဌကထာကျမ်းများ

| စာအုပ်အမည် | ကျမ်းပြုပုဂ္ဂိုလ် | ပုံနှိပ်တိုက် | ခုနှစ် |
|---|---|---|---|
| ၁။ အင်္ဂုတ္တရအဋ္ဌကထာ(ပဌမော ဘာဂေါ) | အရှင်မဟာဗုဒ္ဓဃောသ | သာသနာရေးဝန်ကြီးဌာန | ၂၀၀၃ |
| ၂။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ | အရှင်အနုရုဒ္ဓါမထေရ် | ဣန္ဒာသယပုံနှိပ်တိုက် | ၂၀၀၆ |
| ၃။ ခုဒ္ဒကပါဌအဋ္ဌကထာ | အရှင်မဟာဗုဒ္ဓဃောသ | သာသနာရေးဝန်ကြီးဌာန | ၁၉၅၀ |
| ၄။ ဇာတကအဋ္ဌကထာ (ပဌမော ဘာဂေါ) | ״ | ״ | ၂၀၀၁ |
| ၅။ ဇာတကအဋ္ဌကထာ (ဒုတိယော ဘာဂေါ) | ״ | ״ | ၁၉၅၉ |
| ၆။ ဓမ္မပဒအဋ္ဌကထာ (ဒုတိယော ဘာဂေါ) | ״ | ״ | ၂၀၀၂ |
| ၇။ နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ | ״ | ״ | ၂၀၀၄ |
| ၈။ ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပဌမော ဘာဂေါ) | ״ | ״ | ၂၀၀၄ |
| ၉။ သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ | ״ | ״ | ၂၀၀၄ |

## ဋီကာကျမ်း

| စာအုပ်အမည် | ကျမ်းပြုပုဂ္ဂိုလ် | ပုံနှိပ်တိုက် | ခုနှစ် |
|---|---|---|---|
| ၁။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပဌမော ဘာဂေါ) | အရှင်ဓမ္မပါလ | သာသနာရေးဝန်ကြီးဌာန | ၁၉၆၀ |

## ပါဠိတော်မြန်မာပြန်ကျမ်းများ

| စာအုပ်အမည် | ပုံနှိပ်တိုက် | ခုနှစ် |
|---|---|---|
| ၁။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ဒုတိယတွဲ | သာသနာရေးဝန်ကြီးဌာန | ၂၀၁၃ |
| ၂။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ တတိယတွဲ | ״ | ၂၀၁၃ |

| | | |
|---|---|---|
| ၃။ ထေရဂါထာပါဠိတော်နှင့် ထေရီဂါထာပါဠိတော် မြန်မာပြန် | ॥ | ၂၀၁၃ |
| ၄။ ပါထိကဝဂ်ပါဠိတော် မြန်မာပြန် | ॥ | ၁၉၉၇ |
| ၅။ မဟာဝဂ်ပါဠိတော် မြန်မာပြန် | ॥ | ၂၀၁၃ |
| ၆။ မူလပဏ္ဏာသပါဠိတော် မြန်မာပြန် | ॥ | ၂၀၁၃ |
| ၇။ သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂသံယုတ္တပါဠိတော် မြန်မာပြန် | ॥ | ၂၀၁၃ |

## အဋ္ဌကထာမြန်မာပြန်ကျမ်းများ

| စာအုပ်အမည် | ပုံနှိပ်တိုက် | ခုနှစ် |
|---|---|---|
| ၁။ ဓမ္မပဒအဋ္ဌကထာ၊ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု (ဒု+တ+စ တွဲ) | သာသနာရေးဝန်ကြီးဌာန | ၂၀၁၂ |

## အထွေထွေကျမ်းများ

| စာအုပ်အမည် | ကျမ်းပြုပုဂ္ဂိုလ် | ပုံနှိပ်တိုက် | ခုနှစ် |
|---|---|---|---|
| ၁။ အခြေပြုပဋ္ဌာန်းတရားတော် | အရှင်ဇနကာဘိဝံသ | စွယ်တော်ပုံနှိပ်တိုက် | ၂၀၀၆ |
| ၂။ အခြေပြုသင်္ဂြိုဟ် | ॥ | နယူးဘားမားပုံနှိပ်တိုက် | ၂၀၀၂ |
| ၃။ အနာဂတ်သာသနာရေး | ॥ | ॥ | ၂၀၀၃ |
| ၄။ အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု) | ဒေါက်တာနန္ဒမာလာဘိဝံသ | အောင်ဇမ္ဗူပုံနှိပ်လုပ်ငန်း | ၂၀၁၀ |
| ၅။ အလှူဒါနရေစက်ချ | ယောဆရာတော် | ဂုဏ်သီရိပုံနှိပ်တိုက် | ၂၀၀၈ |
| ၆။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် | တက္ကသိုလ် စိန်တင် | ဝင်းလိုက်ပုံနှိပ်တိုက် | ၂၀၀၁ |
| ၇။ ကိုယ်ကျင့်အဘိဓမ္မာ | အရှင်ဇနကာဘိဝံသ | နယူးဘားမားပုံနှိပ်တိုက် | ၂၀၀၆ |
| ၈။ ဆယ်စောင်တွဲ | | ဣစ္ဆာသယပုံနှိပ်တိုက် | ၂၀၁၀ |
| ၉။ ညီတော်အာနန္ဒာနှင့်ဓတဒဂ်ရ ပုဂ္ဂိုလ်ထူးများ | မင်းယုဝေ | ကာလာဇုန်ပုံနှိပ်တိုက် | ၂၀၁၃ |
| ၁၀။ တက္ကသိုလ် အဘိဓမ္မာ | ဒေါက်တာမင်းတင်မွန် | ရတနာမင်းစာပေ | ၂၀၀၅ |
| ၁၁။ တစ်ဘဝသာသနာ | အရှင်ဇနကာဘိဝံသ | နယူးဘားမားပုံနှိပ်တိုက် | ၂၀၀၃ |
| ၁၂။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ်တရားတော် | အရှင်ဇနကာဘိဝံသ | စွယ်တော်ပုံနှိပ်တိုက် | ၂၀၀၆ |
| ၁၃။ နံနက်ခင်းသြဝါဒများ | အရှင်ဇနကာဘိဝံသ | နယူးဘားမားပုံနှိပ်တိုက် | ၁၃၆၅ |
| ၁၄။ နီတိကျမ်းကျော် ဒွေနှစ်ဖော် | သီရိပျံချီ ဦးသာမြတ် | စိတ်ကူးချိုချိုပုံနှိပ်တိုက် | ၂၀၁၆ |
| ၁၅။ ပါဠိတော်မြန်မာပြန်ကျမ်းများ (ကျမ်းဦးမှတ်ဖွယ်) | | သာသနာရေးဝန်ကြီးဌာန | ၁၉၉၇ |
| ၁၆။ ပုံတော်စုံငါးရာငါးဆယ်ဇာတ်ဝတ္ထု (ပ+ဒု) | ညောင်ကန်ဆရာတော် | သိန်းထွန်းအော့ဖ်ဆက် | ၂၀၀၅ |

| | | | |
|---|---|---|---|
| ၁၇။ ပိဋကတ်အနှစ်ချုပ်၊ ဒီဃနိကာယ် | ဓမ္မာစရိယ ဦးမောင်မောင်လေး | တောက်တောက်ဝင်း ပုံနှိပ်တိုက် | ၂၀၀၈ |
| ၁၈။ ဗမာ့ဦးသန့် | အထောက်တော် လှအောင် | ရာပြည့်အော့ဖ်ဆက် | ၂၀၁၀ |
| ၁၉။ ဗုဒ္ဓဘာသာသင်ခန်းစာ | အရှင်ဇနကာဘိဝံသ | နယူးဘားမား ပုံနှိပ်တိုက် | ၂၀၀၆ |
| ၂၀။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး | မောင်အံ့ (မဟာဝိဇ္ဇာ၊ ဘုံဘော) | စာပေလောကပုံနှိပ်တိုက် | ၂၀၁၀ |
| ၂၁။ ဘိက္ခုနီသာသနာနှင့် သီလရှင်သမိုင်း | ရဝေထွန်း | ပါရမီစာပေ | ၁၉၉၈ |
| ၂၂။ ဘုရားဥပဒေတော်ကြီး | အရှင်ဇနကာဘိဝံသ | စွယ်တော်ပုံနှိပ်တိုက် | ၂၀၀၂ |
| ၂၃။ မဟာဗုဒ္ဓဝင်၊ ဒု–တွဲ | ဦးဝိစိတ္တသာရာဘိဝံသ | သာသနာရေးဝန်ကြီးဌာန | ၁၉၇၂ |
| ၂၄။ မဟာဗုဒ္ဓဝင်၊ တ–တွဲ | ။ | ။ | ၁၉၇၀ |
| ၂၅။ မဟာဗုဒ္ဓဝင်၊ စ–တွဲ | ။ | ။ | ၁၉၇၁ |
| ၂၆။ မဟာဗုဒ္ဓဝင်၊ ဆ–တွဲ၊ ဒု–ပိုင်း | ။ | ။ | ၂၀၀၂ |
| ၂၇။ မင်္ဂလသုတ်ပျို့ဋီကာ | အရှင်ပဏ္ဍိတာဘိဝံသ | စိန်ရွှေပုံနှိပ်တိုက် | ၂၀၀၃ |
| ၂၈။ မင်္ဂလာနိဒါန်း | မောင်အံ့ | သာသနာရေးဝန်ကြီးဌာန | ၁၉၉၅ |
| ၂၉။ မင်္ဂလာ့အမြုတေ | ဦးစန္ဒဇောတိ | ။ | ၂၀၀၇ |
| ၃၀။ မိုးပေါ်ကရေ မြေပေါ်ကတော | ကိုရင်လှ | ဖူဂျီယာမပုံနှိပ်တိုက် | ၂၀၁၇ |
| ၃၁။ မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၇ | | စာပေဗိမာန်ပုံနှိပ်တိုက် | ၂၀၁၂ |
| ၃၂။ မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၁၁ | | ။ | ၁၉၇၀ |
| ၃၃။ ရတနာ့ဂုဏ်ရည်၊ | အရှင်ဇနကာဘိဝံသ | နယူးဘားမား ပုံနှိပ်တိုက် | ၂၀၀၆ |
| ၃၄။ လူတိုင်းအတွက် ပိဋကတ်သုံးပုံ | ဦးမောင်မောင်စိုးတင့် | ရွှေပြည့်စုံပုံနှိပ်တိုက် | ၂၀၀၂ |
| ၃၅။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန် | ဒေါက်တာနန္ဒမာလာဘိဝံသ | စိန်ရွှေပုံနှိပ်တိုက် | ၂၀၁၀ |
| ၃၆။ လောကနီတိ | သုခ | ပါရမီစာပေ | ၂၀၀၇ |
| ၃၇။ သမိုင်းထဲမှ မြောက်ဦးဘုရား စေတီပုထိုးများနှင့် ဧည့်လမ်းညွှန် | များအောင် | သိန်းထိုက်ရတနာ ပုံနှိပ်တိုက် | ၂၀၀၅ |
| ၃၈။ သပြေကန် ပရိတ်ကြီးနိဿယသစ် | အရှင်ဝါသေဋ္ဌာဘိဝံသ | ရွှေခြင်္သေ့ပုံနှိပ်တိုက် | ၂၀၁၁ |
| ၃၉။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ | ဓမ္မာစရိယဦးဌေးလှိုင် | ပညာ့ဗိမာန်ပုံနှိပ်တိုက် | ၁၉၈၁ |
| ၄၀။ သီရိမင်္ဂလာပရိတ်တော် | | သာသနာရေးဝန်ကြီးဌာန | ၂၀၁၆ |

## Websites

၁။ https://www.facebook.com/DhammaSchoolFoundation/posts/1965913813424301

၂။ https://en.wikipedia.org/wiki/B._R._Ambedkar

## အိမ်ပြန်မယ်

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ဘုရားဝတ်ပြုကြစို့ကွယ် ... ။
ဘုန်းဘုန်း (ဆရာလေး) ကိုလည်း ကန်တော့မယ် ... ။
ဆရာမကိုလည်း ကန်တော့မယ် ... နှုတ်ဆက်ကြစို့ကွယ် ... ။

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ပစ္စည်းတွေလည်း သိမ်းစို့ကွယ် ... ။
ဟိုဟိုဒီဒီလည်း မသွားဘူးကွယ် ... ရန်လည်းမဖြစ်ဘူးကွယ် ...။
အိမ်ကို အရောက်ပြန်မယ် ... ။

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... သူငယ်ချင်းတွေလည်း နှုတ်ဆက်မယ် ... ။
ကျောင်းလည်း မပျက်ဘူးကွယ် ... နောက်တစ်ပတ်တွေ့ကြမယ် ... ။
တာ့တာ တာ့တာကွယ် ... အို ... တာ့တာ တာ့တာကွယ် ... ။ ။

